

www.burmeseclassic.com
စီစဉ်သည်
TWO CATS PUBLICATION
မချစ်ဘူး
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

'သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိတယ်လို့ မင်းပြောတာကို ငါတို့ ၈ တန်းကတည်းက သိခဲ့ကြတာပဲ၊ ရုပ်ဝတ္ထုအနေနဲ့ ဆိုရင်တော့ ငါ ဘာမှငြင်းစရာရှိဘူး။ ဒါပေမယ့် မင်းအခုပြောနေတာက စိတ်ပိုင်းဆိုင်ရာကို ပြောနေတာပဲ စိုးမောင်...၊ အဲဒါကိုတော့ ငါ လက်မခံဘူး'

'မေတ္တာရဲ့သဘောက အသွားအပြန်ရှိတယ် မဟုတ်လား၊ ငါက အခုခေမာ့ကို မေတ္တာထားတယ်ကွာ၊ ချစ်တယ်ဆိုကြပါစို့။ အဲဒီ ငါ့အချစ် ငါ့မေတ္တာဟာ သူ့အပေါ်မှာ သက်ရောက်မှုတစ်ခုရှိပြီး ငါ့ကို တစ်ခုခုတော့ တုန့်ပြန်မှာပဲ'

စိုးမောင်စကားကိုကြားတော့ ခိုင်မင်းက ပြုံးသည်။ ပြီးတော့ အရှေ့မှာရှိသည့် လက်ဖက်ရည်ခွက်ကို လက်စသတ်လိုက်သည်။ ကျန်သူငယ်ချင်းတွေက ခိုင်မင်း ဘာပြောမလဲဆိုတာ စိတ်ဝင်စားနေကြသည်။

သူတို့ သူငယ်ချင်း ခြောက်ယောက်ထဲတွင် စာအဖတ်ဆုံး စိုးမောင်နှင့် ခိုင်မင်းတို့ မထင်မှတ်ဘဲ စကားရည်လုပွဲကလေး ဖြစ်သွားသဖြင့်ဘေးက သူငယ်ချင်းတွေက ဝင်မပြောဘဲ စိတ်ဝင်တစား စောင့်ကြည့်နေခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် မင်းဆိုလိုတာက မင်းက ခေမာ့ကို ချစ်ခြင်းမေတ္တာသက်ရောက်တော့ ခေမာကလည်း မင်းကို ချစ်ခြင်းမေတ္တာပဲ တန်ပြန်သက်ရောက်ရမယ်ပေါ့'

'အေး... ဟုတ်တယ်'

'သက်ရောက်မှုနဲ့ တန်ပြန်သက်ရောက်မှု သီအိုရီက အရာဝတ္ထုတွေနဲ့ပဲ ဆိုင်တယ်။ ခံစားချက်နဲ့ မဆိုင်ဘူး စိုးမောင်။ ကဲ... မြတ်စွာဘုရားနဲ့ ဒေဝဒတ်ကိုပဲကြည့် ဒေဝဒတ်က မြတ်စွာဘုရားကို မုန်းတယ်၊ မင်းပြောသလိုဆို မြတ်စွာဘုရားကလည်း ဒေဝဒတ်ကို မုန်းရမလို ဖြစ်နေတာပေါ့။ ဒါပေမဲ့ မြတ်စွာဘုရားက ဒေဝဒတ်ကို မမုန်းဘူး မေတ္တာပဲထားတယ်'

'အင်း... နင်တို့နှစ်ယောက် ငြင်းနေတာကလည်း ဘုရားတောင်ပါလာပြီနော်'

နီးက မေးထောက်နားထောင်နေရာမှ ဝင်ပြောသည်။ နီး၏နာမည်အရင်းက မေမြတ်နိုးဖြစ်သည်။ သူက သူ့ကိုယ်သူ 'နိုးက' 'နိုးက'ဟု သုံးတတ်သဖြင့် သူ့နာမည် နီး ဖြစ်သွားခြင်းဖြစ်သည်။

'ဟုတ်တယ်လေ၊ ဒေဝဒတ်အပေါ်ကို မြတ်စွာဘုရားထားတဲ့ မေတ္တာကို ဒေဝဒတ်မြေမြိုတော့ တန်ပြန်သက်ရောက်မှုအနေနဲ့ ရတာပဲ မဟုတ်လား၊ ဒေဝဒတ်က မြတ်စွာဘုရားကို အုလိုက်အသည်းလိုက်ကန်တော့ပြီး မေတ္တာထားသွားတယ်မဟုတ်လား။ ဒါကြောင့် မေတ္တာဟာ သက်ရောက်မှုဖြစ်ပြီး တန်ပြန် ကဲရောက်မှုလည်းရှိရမယ်လို့ ငါပြောတာ'

'ဒေဝဒတ်က သူအရှုံးကြီးရှုံးမှန်းသိတော့မှ မြတ်စွာဘုရားရဲ့ မေတ္တာတော် ကရုဏာတော်ကို သိသွားရှာတယ်လေ။ အဲဒီတော့ မင်းခေမာက ယောကျ်ားရ ကလေးလည်းသုံးယောက်လောက် ရပြီးတော့မှ မင်းကို အူလိုက်အသည်းလိုက် ချစ်ပါတယ်ဆိုရင် မင်း သူ့မေတ္တာကို လက်ခံဦးမှာလား'

ခိုင်မင်းစကားကြောင့် သူငယ်ချင်းတွေက ပြုံးသူပြုံး ရယ်သူရယ်ဖြစ်ကုန်ကြသည်။

'ငါဆိုလိုတာက မေတ္တာဟာ အသွားအပြန်ရှိတယ်ဆိုတာ ဟုတ်ပါတယ်၊ ဒါပေမယ့် မင်းက သက်ရောက်မှုရှိတိုင်း တစ်ဖက်က တန်ပြန်သက်ရောက်ရမယ်ဆိုတာတော့ မဟုတ်ဘူးဆိုတာပါပဲ'





စိုးမောင်က စိတ်ပျက်လက်ပျက် အမူအယာဖြင့် ခေါင်းကိုရမ်းနေသည်။

'ခိုင်မင်းပြောတာ ငါလက်ခံတယ် စိုးမောင်၊ ငါ့ကို ရပ်ကွက်ထဲက ကောင်လေးတစ်ယောက်က အသေအလဲကြိုက်ဖူးတယ်။ သူ ငါ့ကို ချစ်တယ်ဆိုတာကို ငါ သံသယမဖြစ်ပါဘူး။ ယုံပါတယ်၊ ဒါပေမယ့် ငါ သူ့ကို ဘယ်လိုမှ ပြန်ချစ်လို့ကိုမရတာ ကဲ...'

'ကဲမနေကြနဲ့၊ ငါတို့ canteen ဆင်းတာ တော်တော်ကြာသွားပြီ M.D က လူသစ်ဆိုတာတော့ လက်စွမ်းက ပြချင်နေတာ၊ တော်ကြာ Report ရေးတင်နေရဦးမယ် လစ်ကြစို့'

'နေစမ်းပါဦး ချစ်ဖွေးရာ မင်းက နေရာတကာ လိုက်စိတ်ပူနေတာပဲ M.D အသစ်ဆိုတော့ သူက ငါတို့ကို ဖားရမှာကွ၊ ဘယ်ကောင်က ဘာဆိုတာ သူသိသေးတာမဟုတ်ဘူး။ ဒီမှာ အရှုံးအနိုင်ကိစ္စက ရှိသေးတယ်လေ သုံးမိနစ်ပဲစောင့်'

လှဝင်းစကားကြောင့် ချစ်ဖွေးငြိမ်သွားသည်။

'ကဲ... ဒါဆို ဘယ်သူကနိုင်တာလဲ'

'ဟဲ့... ခိုင်မင်းနိုင်တာပေါ့ဟဲ့၊ ခိုင်မင်းပြောတဲ့စကားကို စိုးမောင်က ပြန်မှ မပြောနိုင်တော့တာ။ အဲဒီတော့ ဒီဝိုင်းရဲ့ မုပိုင်ရှင်ဟာ ကိုကိုစိုးမောင်ပါတဲ့ရှင်'

စိုးမောင် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကိုငုံ၍ ကုတ်သည်။ ပြီးတော့ ခေါင်းကိုလည်း ခါရမ်းလိုက်သေး၏။

'ငါရှင်းမှာပါ၊ ဒါပေမယ့် ဒီကိစ္စကိုတော့ ငါက အရှုံးပေးသွားတာ မဟုတ်ဘူးနော် နောင်ကြုံတော့ စမ်းကြည့်ကြသေးတာပေါ့'

ထို့နောက် သူတို့ Company သို့ ပျော်ရွှင်စွာ ပြန်လာကြသည်။ သူတို့ Company ရှိသော တာဝါသည် ဆယ့်လေးထပ်မြင့်ပြီး အခန်းနှစ်ဆယ့်ရှစ်ခန်းရှိသည်။ သူတို့ Company က လေးထပ်တွင်ရှိသည်။

သူတို့ Company ကို လွယ်လွယ်ခေါ်လျှင် အကျိုးဆောင် Company ဟု ခေါ်၍ရမည်ထင်သည်။ မန္တလေးကမှာသော ပစ္စည်းများကို သွားပို့ပေးရသည်။ မော်လမြိုင်မှ ပစ္စည်းကို ရန်ကုန်က လိုချင်သေးအခါ မော်လမြိုင်အထိ သွားယူပေးရသည်။ သူတို့ Company မှာ ကုန်တင်



www.burmeseclassic.com

www.burmeseclassic.com



ကားကြီး ၃၀ ရှိသည်။ ယာဉ်မောင်းနှင့် အကူတစ်ယောက်နှင့်ဆိုလျှင် အယောက် ၆၀ ရှိသည်။

ထိုလူအယောက် ၆၀ ကတော့ ဒီမှာမရှိပါ။ ကားကြီးများထားသော မြို့အစွန်က ဂိုထောင်တွင်သာ ရှိပါသည်။ ခိုင်မင်းတို့အလုပ်က နယ်မှနေ၍ 'ဘာပစ္စည်းကို ဘယ်အရောက်ပို့ချင်ပါတယ်' ဟုဆိုလျှင် ပွဲရုံနှင့် ဆက်သွယ်၊ ကားအစင်း ၃၀ ထဲက သင့်တော်သော ကားတစ်စင်းကို ရွေးပြီး သတ်မှတ်ရက်အတွင်း သတ်မှတ်နေရာကို ပို့ပေးရသော အကျိုးဆောင် Company သာ ဖြစ်ပါသည်။

အခြား Company တွေဖြစ်သော အလှကုန်ပစ္စည်း၊ ယိုးဒယားပလတ်စတစ်ပစ္စည်း၊ လျှပ်စစ်နှင့်ပတ်သက်သော ပစ္စည်း စသော Company တွေလည်း ရှိသေးရာ မနက်ပိုင်းဆိုလျှင် Company မှ မမများသည် ဝတ်စုံအရောင်အသွေးမျိုးစုံနှင့် ကော်ရစ်တာတစ်လျှောက် ဒီဘက်မှ ဟိုဘက် ဟိုဘက်မှ ဒီဘက် လမ်းသလားကြရာ ပျော်စရာကြီးကို ဖြစ်နေတော့သည်။

တချို့ကလည်း File ကိုကိုင်၍ အပြေးအလွှား၊ တချို့ကလည်း Hand Phone ကိုကိုင်ရင်း ပြောရင်း ခပ်သုတ်သုတ်သွား စသည်ဖြင့် ထမင်းစားချိန်မတိုင်မီအထိ အလုပ်ရှုပ်ကြလေသည်။

ကိုယ့်အခန်းကို ကိုယ်ပြန်ရောက်၍ ခိုင်မင်း နယ်အမှာစာတွေ ရေးနေတုန်းမှာ No ရောက်လာသည်။ လက်ထဲမှာ စတီးလ်ထမင်းချိုင့် အဆင့်ကလေးတစ်ဆင့် ကိုင်၍ထား၏။

'ဘာကိစ္စလဲ... နိုး'

'နင်ကြိုက်တတ်တဲ့ဟင်း... ချက်လို့လာပေးတာ'

'ဘာဟင်းလဲ'

'ဘဲဥချဉ်ဟင်း'

ခိုင်မင်း ဘောလ်ပင်ကို ပစ်ချပြီး မတ်တတ်ထရပ်၍ နိုး၏ လက်ထဲမှ ထမင်းချိုင့်ကို ယူ၍ကြည့်သည်။ စတီးလ်ထမင်းချိုင့်ကလေးထဲတွင် ဘဲဥ သုံးခြမ်းသည် မှောက်နေ၏။

'ဟင်... သုံးခြမ်းတည်းဆိုတော့ နင်နဲ့ငါ ဘယ်လိုစားမှာလဲဟ'

'အမလေး ကိုယ်တော် တပည့်တော်မက ကိုယ်တော့်အတွက် သီးသန့်





ချက်လာတာပါ။ တပည့်တော်မအတွက်က သပ်သပ်ချက်ပြီးသားပါ'

သူ့ကို ရွဲ့ပြောနေသော မြတ်နိုးကို စေ့စေ့ကြည့်မိတော့ မြတ်နိုးလည်း ချောတာပဲဟု စိတ်ထဲမှာ တွေးမိသွားသည်။ ပြီးတော့... သက်ပြင်းကို ချလိုက်သည်။

'ဟိုကောင်တွေစလည်း စချင်စရာပဲ နိုး၊ နင် ငါ့ကို အဲဒီလောက် ဂရုမစိုက်ပါနဲ့ဟာ'

'အမလေး... ရှင့်မှာ စေ့စပ်ထားပြီးသား ကတော်လောင်းရှိတယ်ဆိုတာ အားလုံးသိပြီးသားပါ။ ငါက နင့်ကို စေတနာနဲ့ ဂရုစိုက်တာ ဘယ်သူ့ကို ကြောက်နေရဦးမှာလဲ၊ နင်ကိုယ်တိုင်က ငါ့စေတနာကို အဲဒီလိုထင်နေတာ ငါ သိပ်ဝမ်းနည်းတာပဲ ခိုင်မင်း'

'ငါက နင့်အတွက်ပြောတာပါ နိုးရာ ငါ နင့်ကို ခင်တယ်ချစ်တယ်ဆိုတာကို သူတို့လည်း သိနေတာပဲ၊ ထမင်းစားချိန်ကျရင် ဟိုကောင်တွေနဲ့ ရော... နင်နဲ့ငါပါ အတူတူစားကြတာပေါ့ ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

'စပါယ်ရုံ' ဆိုသော မိန်းကလေးကို လှသည်ဟုပြောလျှင် မပြည့်စုံ၊ ချောသည်ဟု ပြောလျှင်လည်း ထို့ထက်မက၊ ကျက်သရေရှိသည်ဟု ပြောပြန်လျှင်လည်း လိုရင်းအဓိပ္ပာယ်က အပြည့်အစုံပါမလာနိုင်ပါ။

ထို့ကြောင့် 'စပါယ်ရုံ'သည် ထိုအချက်သုံးချက်စလုံးနှင့် အကျုံးဝင်နေသဖြင့် သူ့အလှကို ဘယ်လိုစကားလုံးမျိုးနှင့်မှ ဖွဲ့၍မရ၊ ဘယ်ဝေါဟာရနှင့်မှ တစ်ခါတည်း အကုန်ပါရန် အားထုတ်၍မရ၊ 'စပါယ်ရုံလှသည်' ဆိုသောစကားကို ပြော၍ မချင့်မရဲနှင့် ရင်ခုန်ကြသော ယောကျ်ားများအတွက် စပါယ်ရုံသည် မှန်မှန်ကြီးကို လှပေးနေရလေသည်။

'စပါယ်ရုံ' ဆိုသော နာမည်သည် အနည်းငယ်ထူးဆန်းကောင်း ထူးဆန်းလိမ့်မည်။ မြန်မာမိန်းကလေးများနာမည်တွင် စပါယ် ဆိုသော အမည်ပါလျှင် ထို စပါယ်ကိုသာ အစွဲပြု ခေါ်လေ့ရှိသည်။ ဥပမာ စပါယ်ညို၊ စပါယ်လွင်၊ စပါယ်အေး၊ စပါယ်အောင်........စသော နာမည်ရှိသူများကို 'စပါယ်'ဟုသာ ခေါ်တတ်ကြသည်။

စပါယ်ရုံကတော့ အဲဒီလိုမဟုတ်ပါ။





သူ့ကိုယ်သူ ရုံ ဟုသာသုံးသည်။ အိမ်မှာတော့ 'ရုံလေး' ဟု မိဘဆွေမျိုးများက ခေါ်ကြသည်။ သူ့ 'ရုံ'မှာ တောထဲက 'ယုန်' မဟုတ်ပါ။ စပါယ်ပန်းတွေ အများကြီးပွင့်နေသော စပါယ်ရုံသာဖြစ်ပါသည်။

ဒီနေ့တော့ ရုံလေးသည် အိမ်မှ အေးအေးဆေးဆေးပင် ထွက်ခဲ့သည်။ ရုံလေးသည် Company က ဖယ်ရီကားကို မစီးပါ။ တစ်ခါတစ်လေ ကိုယ်က ၃း၃၀ လောက်မှာ အလုပ်ပြီးနေပေမယ့် ဖယ်ရီကားက ငါးနာရီမှ ထွက်သောကြောင့် စောင့်နေရတတ်သည်။ တစ်ခါတစ်လေ ကိုယ်က အောက်ခံမိတ်ကပ်ပဲ လိမ်းရသေးသည် ဖယ်ရီကားက အိမ်ရှေ့ရောက်နေပြီဆိုတော့ ရုံလေးနှင့် ဖယ်ရီကားသည် သဟဇာတမဖြစ်သောကြောင့် မစီးခြင်းဖြစ်သည်။

လမ်းမကြီးဘက်ကို ချိုးကွေ့လိုက်သည့်အချိန်မှာပင် လမ်းမထိပ် ညာဘက်တွင် ရပ်ထားသော ကားလေးတစ်စင်းက ရုံလေးလမ်းလျှောက်သလောက်အရှိန်ဖြင့် ဘီးလိမ့်ရုံကလေးမောင်း၍ လိုက်လာသည်။ ရုံလေး မကြည့်ဘဲသိပါသည်။ ဒီကားသည် အာကာဆန်း၏ ကားဖြစ်သည်။

ခဏကြာတော့ ကားက ရုံလေးကိုကျော်ပြီး ရပ်သွားသည်။

ကားပေါ်မှ အာကာဆန်းက ပန်းစည်းကြီးကိုကိုင်၍ ဆင်းလာသည်။

အာကာဆန်း၏ တပည့်က ဒရိုင်ဘာနေရာကိုပြောင်းယူ၍ ကားကို ဖြေးဖြေးသာ မောင်းလာသည်။ အာကာဆန်းက ပန်းစည်းကြီးကိုကိုင်ပြီး ပြုံးထား သောမျက်နှာဖြင့် ရုံလေးလျှောက်နေသော ပလက်ဖောင်းပေါ်မှာ ရပ်၍နေသည်။

ရုံလေး နေရာပြောင်းပြီးသွားဖို့ စိတ်မကူးပါ။ သွားနေကျ လျှောက်နေကျအတိုင်းပဲ လျှောက်လာခဲ့ပါသည်။ အနားရောက်တော့ အာကာဆန်းက ကပ်၍လိုက်လာသည်။ အာကာဆန်း၏ မိဘများက ချမ်းသာကြပါသည်။ အာကာဆန်းပုံက ဗိုက်ကပူနေသည်။ လည်ဂုတ်ကတိုသည်။ မျက်နှာက ဖေ့သွပ်သွပ်မျက်နှာမျိုးဖြစ်ပြီး ခန္ဓာကိုယ်ထက်စာလျှင် ခေါင်းက သေးနေသည်။

ချစ်စရာ ကြင်နာစရာဟူ၍ တစ်နေရာမှမရှိသော လူမျိုးဖြစ်သည်။

'ရုံလေး ကျွန်တော့်ပန်းစည်းလေးကိုတော့ လက်ခံပေးပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ရုံလေးက ဘာမှမပြောဘဲ ဆက်လျှောက်လာသည်။ အာကာဆန်းကလည်း နောက်မှလိုက်လာပြီး ပန်းစည်းကြီးကို အတင်းထိုးထိုးပေးနေ၏။ ရုံလေး အသာငုံ့ကြည့်တော့ ပန်းစည်းက နှင်းဆီပန်းစည်းကြီး ဖြစ်နေသည်။

ပန်းစည်းကြီးထဲတွင် နှင်းဆီအနီရောင်၊ အဝါဖျော့ရောင်၊ အဖြူရောင် အရောင်သုံးမျိုးကို တစ်ကန့်စီ တစ်ကန့်စီခွဲပြီး စည်း၍ထားသည်။ ပန်းပွင့်ကြီးတွေကလည်း ငွားငွားစွင့်စွင့် အပွင့်ကြီးတွေဖြစ်သည်။ ရုံလေးတစ်ချက်စဉ်းစားသည်။ သူငယ်ချင်းတွေထဲတွင် ကေသီသည် နှင်းဆီပန်းအကြိုက်ဆုံးဖြစ်သည်။ ဒီနှင်းဆီပန်းတွေယူသွားပြီး ကေသီကို ပေးလိုက်လျှင်တော့ ကေသီ အလွန်ပျော်ပြီး နှလုံးသွေးတွေ ဘာတွေတောင် ရပ်သွားနိုင်သည်။

ဒါပေမယ့် ဒီနှင်းဆီပန်းကိုယူလိုက်လျှင် အာကာဆန်းက ဒီထက်ကဲလာတော့မည်။ အဲဒီတော့ ဘယ်လိုလုပ်ရရင်ကောင်းမလဲ။ ဒီလိုစဉ်းစားရင်း ရှေ့ကိုကြည့်လိုက်တော့ နောက်ထပ် ခြေလှမ်းနှစ်ဆယ်လောက်မှာ ပလက်ဖောင်းအုတ်ချပ်တစ်ချပ် လပ်နေတာကို တွေ့ရ၏။

ရုံလေး လျှောက်လာသောပလက်ဖောင်းမှာ အုတ်ပြား ၃ ပြားတန်းဖြစ်ပြီး ရုံလေးက အလယ်မှလျှောက်၍ အာကာဆန်းက ရုံလေး၏ ဘယ်ဘက်မှ လျှောက်သည်။ ပလက်ဖောင်းခင်းကျောက်ပြားလပ်နေသော ဘက်မှာ အာကာဆန်းလျှောက်နေသော ဘက်ဖြစ်၏။

'ရှင် ဒီပန်းစည်းကို ဘယ်ကဝယ်တာလဲ'

'… ….ပလာဇာကပါရုံလေး၊ ရုံလေးကြိုက်လို့လားဟင် ကြိုက်ရင် ကျွန်တော် နေ့တိုင်းဝယ်ပေးပါ့မယ်'

ရေမြောင်းကျောက်ပြားလပ်နှင့် လေးငါးလှမ်းသာ လိုတော့သည်။

'ကျွန်မ ဒီပန်းစည်းကိုယူရင် ရှင်ပြန်မလား'

'ဟာ… ရုံလေးယူမယ်ဆိုရင် ကျွန်တော် ပြန်ရကျိုးနပ်ပြီပေါ့ဗျာ၊ ရော့…'

ရုံလေးက ပန်းစည်းကိုယူလိုက်သည်။ ပြီးနောက် '**အား**' ဆိုသော အသံနက်ကြီးတစ်ခု နောက်မှာ ကျန်ရစ်ခဲ့လေသည်။

ရုံလေး၏ စကားဆုံးတော့ သူငယ်ချင်းတွေအားလုံး ဝိုင်းရယ်ကြသည်။ ကေသီက ပန်းစည်းကြီးရသွားသဖြင့် အူမြူးပြီး ဝမ်းသာ၍နေသည်။ ဥမ္မာနှင့် ဖြူဖြူ့ကိုလည်း ခွဲဝေပေးပါသည်။





'ဖိုးဝရုပ်ပေါ့ သနားပါတယ်ဟာ၊ မြောင်းထဲ ရိုးရိုးကျွံကျရင် တော်သေးတယ်၊ ခြေသလုံးရိုးနဲ့ အုတ်ဘောင်နဲ့ တိုက်မိလို့ကတော့ ကြေကွဲပြီ'

'မင်းက သနားနေလို့လား ကေသီ'

'သြော်… ကိုယ့်ပန်းသခင်ပဲဟာ၊ ဒဏ်ရာအနာတရဖြစ်သွားရင် ဘယ်စိတ်ကောင်းပါ့မလဲ'

ကေသီက ပန်းစည်းကိုရင်ဘတ်တွင်ကပ်ပြီး ခေါင်းကိုမော့၍ ဆုတောင်းသလို ပြောသဖြင့် ရယ်ရသေးသည်။

'ညနေ မှတ်တိုင်ကစောင့်တဲ့ပုဂ္ဂိုလ်ကိုရော မင်းဘယ်လိုလုပ်မလဲရုံလေး'

'ငါလည်း စိတ်ညစ်တယ် ဖြူဖြူရာ၊ ပုံစံအမျိုးမျိုးနဲ့ လူအမျိုးမျိုးက ငါ့ကို စကားလိုက်ပြောတာ ခံရတာ ဝဋ်ဒုက္ခတစ်မျိုးပဲဟာ၊ ဘယ်နေရာသွားသွား မလွတ်လပ်ဘူး၊ အလုပ်လုပ်တော့လည်း နင်တို့သိတဲ့အတိုင်းပဲ'

'ဘာလဲ… အဖွဲ့စုမှူးပေါက်စလေးကို ပြောတာလား'

ဥမ္မာ့အမေးကို ရုံလေးက ပြန်မဖြေဘဲ စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကိုခါသည်။

'သူကတော့ မဆိုးရှာပါဘူးဟယ်၊ နင့်အပေါ်မှာ ရည်ရည်မွန်မွန် ရှိရှာပါတယ်။ နင် ဣန္ဒြေပျက်အောင်လည်း မလုပ်ရှာပါဘူး'

'နင်တို့ ဘာသိလို့လဲ၊ သူ ငါ့ကို ပြောတဲ့စကားဆယ်လုံးမှာ ကိုးလုံးက ရိသဲ့သဲ့စကားတွေချည်းပဲ'

'နင် ရည်းစားတစ်ယောက်လောက်ထားလိုက်ပါလား ရုံလေး၊ ဒါဆို နင့်ကို လိုက်နေတဲ့လူတွေရဲ့ရန်က အေးသွားတာပေါ့'

'အမလေး မယ်မင်းကြီးမကေသီ၊ အဲဒီလိုမထားချင်လို့ ဒီလောက်ရှောင်နေတာပေါ့၊ ရုံလေးက ရည်းစားမထားချင်ဘူး။ ချစ်သူရရင်တော့ လိုချင်တယ် ဒါပေမယ့် ခုချိန်ထိ ရုံလေးကိုလိုက်ကြတဲ့သူတွေထဲမှာ တစ်ယောက်မှ ချစ်သူမတွေ့ဘူး၊ ပြီးတော့ ငါ့ကိုလိုက်ပြီး ချစ်တယ် ချစ်တယ်ပြောနေကြတဲ့ လူတွေကိုလည်း ငါသနားတယ်'

'ဘာဖြစ်လို့လဲ၊ မင်းရင်ထဲကို သူတို့ တစ်ယောက်မှဝင်မလာလို့လား'

'အဲဒါလည်းပါတယ်၊ ငါတပ်ယောက်မှ စိတ်မဝင်စားဘူး၊ ပြီးတော့ အိမ်ထောင်ရေးနဲ့ ပတ်သက်လာရင် အိမ်က စီစဉ်တဲ့အတိုင်း လိုက်နာဖို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို ငါ ကတိပေးထားပြီးပြီ’

‘အင်း… စပါယ်ရုံ စပါယ်ရုံ မင်းလို သိပ်ချောသိပ်လှတဲ့မိန်းကလေး တစ်ယောက် ရည်းစားမရှိဘဲ အိမ်ကပေးစားတဲ့လူကို ချောက်ကပ်ကပ်ကြီး ယူရမှာ နမြောစရာကောင်းလိုက်တာကွာ’

■





ခင်မိုးသစ်သည် သူ့ကားလေးကို အရှိန်မလျှော့ဘဲ အပေါက်ဝသို့ လမ်းပေါ်မှကွေ့ဝင်လိုက်သည့်အတွက် တာဝါတံခါးပေါက်မှ ထွက်လာသော မိန်းကလေးနှစ်ယောက်နှင့် ကပ်ပြီးလွတ်သွားသည်။ မိန်းကလေးနှစ်ယောက် အနက် တစ်ယောက်မှာ လန့်ပြီး စူးစူးဝါးဝါးအော်လိုက်သဖြင့် ခင်မိုးသစ် လည်း ကားကို ရပ်၍ ကမန်းကတမ်း ဆင်းရသည်။

‘တောင်းပန်ပါတယ်ရှင် ကျွန်မအမှားပါ ဘာဖြစ်သွားသေးလဲဟင်’

ခုနက စူးစူးဝါးဝါးအော်ဟန်တူနေသော မိန်းကလေးမှာ နံဘေးတွင် ရပ်နေသော သူ့သူငယ်ချင်း၏ လက်မောင်းကို တစ်ဘက်ကကိုင်ပြီး ပခုန်း ပေါ်သို့ မျက်နှာအပ်ထားသည်။ ကျန်လက်တစ်ဖက်က ရင်ဘတ်ကို ဖိ၍ထား၏။

ထိုသူငယ်ချင်းမှာ ခင်မိုးသစ် မေးသည်ကို ဘာမှပြန်မဖြေဘဲ ခင်မိုးသစ် ကိုသာ စူးစူးရဲရဲ စိုက်ကြည့်နေသည်။

‘ကျွန်မ တောင်းပန်ပါတယ်၊ ကားက ဘရိတ်နည်းနည်းကြောင်ချင် နေလို့ပါ’

‘ကျွန်မ သူငယ်ချင်းမှာ နှလုံးရောဂါရှိတယ်၊ သူ ဘာမှဖြစ်မသွားတာ မင်းကံကောင်းတယ်လို့ မှတ်ပါ’



www.burmeseclassic.com

www.burmeseclassic.com



ခင်မိုးသစ်လည်း ဘာပြန်ပြောရမှန်းမသိ ခေါင်းကိုသာ ညိတ်ပြီးရင်း ညိတ်နေမိသည်။

ရုံလေးနှင့် ဉမ္မာတို့ ရခိုင်မုန့်တီထွက်သောက်ကြရင်း ဂိတ်ဝတွင်ဖြစ်သွားသော ပြဿနာဖြစ်သည်။ တံခါးစောင့်ဝန်ထမ်းကလည်း ရောက်လာ၏။

'ခင်ဗျားလုပ်ပုံက မဟုတ်သေးဘူးဗျာ၊ ခင်ဗျား ဒီလိုသာကြပ်ကြပ်မောင်း ရေဝေးကို ရောက်သွားလိမ့်မယ်သိလား'

'ဟုတ်ကဲ့... ကျွန်မလည်း တောင်းပန်နေပါတယ်'

ရုံလေးက ခင်မိုးသစ်ကို ဒေါသမျက်ဝန်းဖြင့် စူးစူးရဲရဲသာ စိုက်ကြည့်နေသည်။ ကြာတော့မှ ထိုမျက်ဝန်းကို ခင်မိုးသစ်မျက်နှ မှခွာ၍ ဉမ္မာကို မေးသည်။

'အခန်းမှာပဲ ပြန်နားလိုက်မလားဉမ္မာ... '

'အေးကွာ... အခန်းကိုပဲ ပြန်တော့မယ်'

ပြန်လှည့်အထွက်တွင် ရုံလေးက ခင်မိုးသစ်ကို စူးရဲစွာ တစ်ချက်ကြည့်သွားသေးသည်။ ပြီးတော့မှ သူ့သူငယ်ချင်းကို ဖေးမတွဲ၍ ဘာဝါဘက်သို့ ပြန်သွားသည်။

'ခင်ဗျား ကားပါကင်သွားထိုးတော့၊ ခင်ဗျားမှာ ကားမောင်းလိုင်စင်ရော ရှိရဲ့လား'

ခင်မိုးသစ် ဒေါသထောင်းခနဲထွက်သွားသည်။ စူးစူးရဲရဲ သုံးကြိမ်အကြည့်ခံလိုက်ရသော ဒေါသသည် တံခါးစောင့်ပေါ်သို့ ကျသွားသည်။

'အဲဒါ ရှင့်ကိစ္စမဟုတ်ပါဘူး။ ရှင့်ကိုလည်း သတိပေးရဦးမယ် နောက်တစ်ခါ တံခါးတစ်ချပ်တည်းဖွင့်မထားပါနဲ့ နှစ်ချပ်စလုံး ဖွင့်ထားပါ ဒါပဲ'

ပြောပြီးသည်နှင့် ခင်မိုးသစ်သည် ကားကလေးကို ကျွမ်းကျင်စွာ Parking ထိုးပြီး ဓာတ်လှေကားဖြင့် ခိုင်မင်းတို့ Company သို့ တက်လာသည်အထိ သူ့ကိုကြည့်သွားသော မျက်လုံးကို ပြန်မြင်နေသေးသည်။ ခင်မိုးသစ်ဆိုသော မိန်းမတစ်ယောက်ဘဝမှာ ဒီလိုအကြည့်မျိုး တစ်ခါမှ အကြည့်မခံရခဲ့ဘူးပါ။

ဓာတ်လှေကားထဲကထွက်ပြီး ခိုင်မင်းတို့ Company ထဲကိုရောက်တော့ 'ဟာ... မိသစ်လာတယ်ဟေ့၊ မိသစ်' ဆိုပြီး အားလုံးက ပျော်ပျော်





ရွှင်ရွှင် နှုတ်ဆက်တော့မှပင် ထိုမျက်ဝန်းကိစ္စကို မေ့သွားတော့သည်။

'မိသစ်တို့ ပျောက်ချက်သားကောင်းလှချည်လား'

'ဟုတ်တယ်... မအားလို့ ကိုချစ်ဖွေး'

'မမလာ ဒီမှာထိုင်'

No က ခုံတစ်လုံးကို ရွှေ့ဖို့လုပ်သည်။

'ရပါတယ် No ရဲ့ မိသစ်ဘာသာ ရွှေ့ပါ့မယ်'

'ကျွန်တော်က မေးပါတယ် မိသစ်မလာတာကြာပြီ ဘာဖြစ်နေလဲ မသိဘူးဆိုတော့ ဒီကောင်က မိသစ် တမီးလ်သူပုန်တွေဆီ ဈေးသွားရောင်းတယ်တဲ့'

အားလုံးရယ်မောကြသည်။ သူတို့အားလုံး မိသစ်ကို ဝိုင်းစနေခြင်းဖြစ်ပါသည်။ မိသစ်ကလည်း ဒီလို အစခံရတာကို ပျော်ပါသည်။

'ဝင်သွားလေ မိသစ်၊ ဟိုကောင် အထဲမှာ မြေပုံတစ်ချပ်နဲ့ အလုပ်ရှုပ်နေတယ်'

'အံမယ်... ဘာဖြစ်လို့ဝင်ရမှာလဲ၊ မိသစ်ရောက်တာ သူသိသားပဲ၊ တွေ့ချင်ရင် ထွက်တွေ့ပေါ့'

'ကဲ... ပြိုင်ပွဲကစပါပြီ ထွက်တွေ့တဲ့ဘက်မှာနေမလား ဝင်တွေ့တဲ့ဘက်မှာနေမလား'

'No က ထွက်တွေ့ရမယ်ဆိုတဲ့ ဘက်မှာရှိတယ်'

No က တက်တက်ကြွကြွပြောသည်။

'အေး... ငါလည်း No လိုပဲ ထွက်တွေ့တဲ့ဘက်မှာရှိတယ်'

လှဝင်းကလည်း အင်္ကျီလက်တွေဘာတွေပင့်ပြီး ပြောသည်။

'ဒါဆို ချစ်ဖွေးနဲ့ ငါနဲ့က ဝင်တွေ့တဲ့ဘက်မှာပေါ့၊ လောင်းကြေးက ညနေ လက်ဖက်ရည်နဲ့ မုန့်နော်'

'စိန်လိုက် စိုးမောင်ရေ... အချိန်ရော မပါဘူးလား'

'နာရီဝက်အတွင်းကွာ၊ အခုကစမယ် ကျေနပ်လား'

'အေး... ကျေနပ်တယ် စိုးမောင်၊ Ok အားပေးအားမြှောက်လည်း မလုပ်ရဘူးနော်'

ကြားထဲက နေရင်းထိုင်ရင်း ဒုက္ခရောက်သူမှာ ခင်မိုးသစ်ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



မိသစ်ဖြစ်၏။ မိသစ်က ခိုင်မင်းဆီကို လွမ်းလို့လာတာမဟုတ်။ သတိရ၍ လာတာမဟုတ်၊ သွားစရာရှိ၍ လာခေါ်ခြင်းဖြစ်သည်။ သွားစရာက မွေးနေ့ပွဲတစ်ပွဲဖြစ်၏။ သူတို့ငယ်သူငယ်ချင်း 'ကြည်လဲ့ဝေ'၏ မွေးနေ့ဖြစ်သည်။

သူဝင်သွားလျှင် တစ်ဘက်က နိုင်ပြီး တစ်ဘက်ကရှုံးတော့မည်။ ဒီအတိုင်းထိုင်နေလို့ ခိုင်မင်းက ထွက်မလာလျှင်လည်း မွေးနေ့ပွဲက နောက်ကျမည်။ မွေးနေ့ပွဲရှိသည်ဆိုတာကို ခိုင်မင်းက မသိ၊ 'ကြည်လဲ့ဝေ'က သူ့ဆီကို ဖိတ်စာတစ်စောင်နှင့် လူနှစ်ယောက်ကို ဖိတ်သွားခြင်းဖြစ်သည်။

'မိသစ်လာတဲ့ကိစ္စက အရေးကြီးလား'

'ဟော့ကောင်ချစ်ဖွေး အားပေးအားမြှောက် စကားမပြောရဘူးလို့ပြောထားတယ်နော်'

လှဝင်းစကားကြောင့် ချစ်ဖွေး ဇက်ပုသွား၏။

'ရှစ်မိနစ်ရှိသွားပြီ'

'No အဲဒါ နင်ပြောစရာမလိုဘူး။ အချိန်ကို အဲဒီလိုပြောနေတာလည်း နိမိတ်ပြနေတာပဲ'

အင်း... ပြိုင်ပွဲက တော်တော်ပြင်းထန်နေပြီဟု မိသစ်တွေးမိသည်။ သူ ဘာလုပ်ရမယ်ဆိုတာ မဆုံးဖြတ်တတ်တော့ပေ။

ထိုစဉ်မှာပင် ခိုင်မင်းထွက်လာသည်။

လှဝင်းနှင့် No တို့က လက်ခုပ်လက်ဝါးတီးပြီး ခုန်ပေါက်နေကြသည်ကို ခိုင်မင်းက နားမလည်ဘဲ မျက်မှောင်ကျုတ်ကြည့်ရင်း 'လာလေ နင်တို့အထဲကို ဒီမှာဘာလုပ်နေတာလဲ' ဟု ပြောရာ စိုးမောင်နှင့် ချစ်ဖွေးတို့အော်ကြ ပျော်ကြပြန်၏။

'ဒီကောင်တွေ ဘာဖြစ်နေတာလဲ'

မိသစ်က ရှင်းပြလိုက်တော့ ခိုင်မင်းက ပြုံးပြုံးကြီးနှင့် 'တော်တော်ရူးတဲ့ကောင်တွေ'ဟု ပြောသည်။ ပြီးတော့ ဓာတ်ဘူးထဲက ကော်ဖီတစ်ခွက်ကို မိသစ်အတွက် ငှဲ့ပေးသည်။

'အလုပ်က မပြီးသေးဘူးလား'

'နည်းနည်းကြာဦးမှာ... '

'နောက်နေ့မှဆက်လုပ်လို့မရဘူးလား၊ ဒီမှာ သွားစရာရှိလို့ လာခေါ်တာ'





'အခု ငါမရှိရင် အစီး ၃၀ သောကားတွေ ဘယ်ကိုသွားရမှန်းမသိတော့ပဲ လမ်းမှာ ရှုပ်ထွေးကုန်မှာပေါ့၊ နင့်ကိစ္စက ဘယ်လောက်အရေးကြီးလို့လဲ'

'ကြည်လဲ့ဝေ မွေးနေ့ဖိတ်ထားလို့ မသွားလို့မှ မကောင်းတာ'

'ကြည်လဲ့ဝေ ငါ့ကိုမှမဖိတ်တာ ဘာဖြစ်လို့သွားရမှာလဲ'

မိသစ်က ဖိတ်စာကို ထုတ်ပြသည်။ ခိုင်မင်း ဖိတ်စာပေါ်က နာမည်ရေးသားတာကိုကြည့်ပြီး စုတ်သပ်၏။ ပြီးတော့ ခေါင်းကိုရမ်းသည်။

'ဒါမျိုးတွေက လင်မယားမှဖိတ်တာဟ၊ ဒီ ကောင်မလေးက ဘာမသိညာမသိနဲ့'

'သူ နင့်ဆီမလာနိုင်လို့ တစ်စောင်တည်းနဲ့ ပြီးအောင်ဖိတ်တဲ့သဘောနေမှာပေါ့၊ ငယ်သူငယ်ချင်းတွေပဲဟာ သူကပ်စေးနည်းတာ နင်လည်းသိသားနဲ့၊ မသွားလို့ တော့မကောင်းဘူး၊ နင်လိုက်မယ် မဟုတ်လား'

'အင်း... '

ခိုင်မင်း ခရီးစဉ်ဆွဲစာအုပ်၊ မြန်မာနိုင်ငံမြေပုံနှင့် ထွက်လာပြီး No ကိုခေါ်၍ သူ့အလုပ်များကို ဆက်လုပ်ရန် တာဝန်ပေးသည်။

'အခု ငါတို့ကိစ္စက ရန်ကုန်၊ မန္တလေးအတွက်ကား ၃ စင်းထွက်လာအောင် လုပ်ရမှာ No ရာ၊ ဒီတော့ လားရှိုးက တစ်စင်းကို နောင်ချိုကိုဝင်ခိုင်းမယ်၊ မန္တလေးက တစ်စင်းကို ရန်ကုန်တိုက်ရိုက်မဆင်းဘဲ မြင်းခြံကိုဝင်ပြီးရင် ပျော်ဘွယ်ကိုဝင်။ ဒါဆို ငါတို့ကားတစ်စင်းထွက်လာမယ်၊ ပြီးတော့ ပျဉ်းမနားက တစ်စင်းကို ဖြူးဝင်ခိုင်းပြီး အဲဒီက ကုန်တင်ပြီးမှ ရန်ကုန်ကိုဝင်မယ်။ နင်မှတ်မိတယ်နော် No'

'မှတ်မိပါတယ် ခိုင်မင်းရယ်'

'အေး... အဲဒီခရီးစဉ်ကို မှတ်တမ်းရေးပြီး ခရီးစဉ်စာအုပ်ထဲထည့်၊ အခုစွဲထားတဲ့ ခရီးစဉ်တွေအတိုင်း ရုံးချုပ်ကို သတင်းပို့၊ ငါ စိတ်ချမယ်နော် No၊ ငါ ဒီမှာ မိသစ်နဲ့ သွားစရာတစ်ခုရှိလို့'

'အေးပါ နင်သွားစရာရှိတာကို စိတ်ဖြောင့်ဖြောင့်နဲ့ သွားစမ်းပါ'

'ကျေးဇူးပါပဲ No ရယ်၊ ဒီမွေးနေ့ပွဲက ငယ်သူငယ်ချင်းအရေးကြီးရဲ့ မွေးနေ့မို့ မသွားမဖြစ်လို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ရပါတယ် မမ'

ခိုင်မင်းနှင့် မိသစ်တို့ စိုးမောင်တို့ကို နှုတ်ဆက်ပြီး ထွက်သွားကြသည်။ No ကတော့ မြေပုံတစ်ချပ် ခရီးစဉ်စာအုပ်တစ်အုပ်ဖြင့် ကျန်ခဲ့၏။

'အင်း... အချစ်ဆိုတာ တော်တော်ကြောက်ဖို့ကောင်းတယ်နော်၊ လှဝင်း ငါတော့ No ကို သနားတယ်ကွာ'

'သူ့မှာ မျှော်လင့်ချက်မရှိဘူး။ ဒါပေမယ့် သူက ဒီလိုနေနေရတာကို ကျေနပ်နေတော့ ဘာတတ်နိုင်မှာလဲ'

'ခိုင်မင်းက တည်တည်ကြည်ကြည်မို့ တော်ပါသေးတယ်ကွာ၊ ဒါပေမဲ့ အခုလို ကိစ္စမျိုးကျတော့ ခိုင်မင်း ဒီလိုမလုပ်သင့်ဘူးလို့ ငါထင်တယ်၊ မင်းကိုပဲဖြစ်ဖြစ် ငါတို့ကိုပဲဖြစ်ဖြစ် ခိုင်းသင့်တာပေါ့၊ အခုတော့ No ကို ခိုင်းတာ ရက်စက်ရာမကျဘူးလား'

ချစ်ဖွေးစကားကြောင့် စိုးမောင်က ခေါင်းကိုခါသည်။

'မင်းတော်တော်တုံးတဲ့ကောင်ပဲ ချစ်ဖွေး၊ ဟိုကောင်က တမင် မနာနာအောင်လုပ်သွားတာ သိရဲ့လား'

'သြော်... ဟုတ်ပြီ... ဒီလိုကိုး၊ ဒါပေမယ့် ငါကတော့ ဝိုင်းကူတဲ့အနေနဲ့ မြေပုံသွားဖတ်ပေးလိုက်ဦးမယ်ကွာ'

ကား parking ရှိရာသို့ လျှောက်လာနေရင်းက အမှတ်မဲ့ မိသစ် ခုနက သူ့ကိုကြည့်သွားသော မိန်းကလေးကို တွေ့လိုက်သည်။ ထိုမိန်းကလေးကတော့ သူတို့ကို မြင်ဟန်မတူပါ။

'ခိုင်မင်း... ခိုင်မင်း နင်... ဟိုကောင်မလေးကိုသိလား'

'ဘယ်ကောင်မလေးကို... '

'ဟိုမှာ... ဟိုမှာ... အဲဒီကောင်မလေး'

မိသစ်က ကမန်းကတမ်းပြသော်လည်း ခိုင်မင်းကြည့်သည့်အချိန်တွင် နောက်ကျောကိုသာ မြင်ရတော့၏။

'ဘာလဲဟ နင့်ဟာကလည်း အရေးတကြီး အူကြောင်ကြောင်နဲ့'

'အူကြောင်ကြောင်မဟုတ်ပါဘူး ကားပေါ်ကျမှ နင့်ကိုပြောပြမယ်'

မိသစ်က ကားမောင်းရင်း ဖြစ်ခဲ့သမျှကို ပြောပြသည်။

'ဒါဆို နင်မှားတာပဲ'





'အေးလေ... အဲဒီအတွက် ငါက တောင်းပန်တာပဲ၊ သူ ငါ့ကိုကြည့်ပုံက တော်တော်လေးရိုင်းတယ်ဟာ၊ ငါက အဲ့ဒါကိုမကျေနပ်တာ။ အဲဒီလို အကြည့်ခံလိုက်ရတာကို မကြိုက်တာ'

'ထားလိုက်စမ်းပါဟာ အရေးမကြီးတဲ့ကိစ္စတွေပါ'

'နင်ကပြောလိုက်ရင် ဒါပဲ၊ နင့်မှာ အရေးကြီးတဲ့ကိစ္စဆိုတာရော ရှိသေးရဲ့လား ခိုင်မင်း'

'ဟုတ်တယ် ငါ့မှာ အရေးကြီးတဲ့ကိစ္စ ဘာမှကိုမရှိဘူး'

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

ကောင်းကင်တွင် တိမ်မျှင်တိမ်စ ဘာမှမရှိ။

နေမင်းတစ်စင်းသာရှိသည်။ နွေ၏ အပူသည် လူသားတိုင်း၏ အရည်ပြားအောက်ရှိ ချွေးဂလင်းအတွင်းမှ ချွေးများကို ကန်ထုတ်ပစ်သည်။ သစ်ရွက်များလည်း လျောရိလျောရဲ ခေါင်းငိုက်စိုက်ကျကြကုန်၏။

ကြံရည်ဆိုင်မှာ ကြံရည်လှည့်သည့် ဘီးတွင် တပ်ထားသော ခြူသံမှ 'ဂလုံ... ဂလုံ... ဂလုံ'ဟူသော အသံကိုသာ အဆက်မပြတ် ကြားနေရသည်။ အရေးထဲ နိုင်မင်းတို့တာဝါက Air.Con ပျက်နေသဖြင့် ရုံးခန်းမှာ မနေနိုင်။ အပြင်ထွက်ပြီး လက်ဖက်ရည်ဆိုင်ထိုင်ပြီး ကြံရည်သောက်ကြရသည်။

'ဖြစ်နိုင်ရင် ကလင့်အိုဒ် ကားတွေထဲကလို ရေခဲလုံးကြီးထဲ ဝင်စိမ်နေလိုက်ချင်တယ်ကွာ၊ ပူလိုက်တဲ့နွေ'

'အေးကွာ... ဒီနှစ်ပိုပူတယ်ကွ'

'အဲဒီစကားက နွေရာသီရောက်တိုင်း လူတွေပြောနေကြစကားပါလှဝင်းရာ၊ နောင်နှစ်ကျတော့လည်း ဒီနှစ်ထက်ပိုပူတယ်လို့ ပြောကြဦးမှာပါ'





'Aircon ပျက်တော့ ပိုဆိုးတာပေါ့ကွာ'

'ကိုယ်တစ်ယောက်တည်း ခံရတာမှမဟုတ်ဘဲ၊ အားလုံးခံရတဲ့ကိစ္စကို ငြီးမနေစမ်းပါနဲ့ကွာ'

သူတို့ စကားဝိုင်းရပ်သွားသည်။ ရာသီဥတုပူ၍လားမသိ စကားသိပ်မပြောချင် မြန်မြန်အချိန်ကုန်ပြီး နေဝင်သွားလျှင် အပူသက်သာသွားမည်ဟု လှဝင်းထင်သည်။ ထိုစဉ်မှာပင်...

'ဟာ... ဟော့ကောင်တွေ ဟိုမှာ... ဟိုမှာ... တွေ့လား'

'ရေခဲ့တုံးကြီးလားဟင်'

'ခွီးပဲ၊ ငါပြတာက ရုံလေးကို ဘဲတစ်ဖွေလိုက်အာနေတာကိုပြတာ မတွေ့ဘူးလားဟ'

အခြေအနေက တော်တော်ဆိုးပါသည်။

ထိုပုဂ္ဂိုလ်က ရုံလေးကိုကပ်ပြီး လိုက်လာပြီး စကားတွေပြောနေသည်။ ကပ်သည်မှ တစ်ခါတစ်ရံ ရုံလေးပခုန်းနှင့် သူ့ပခုံးပင် ထိထိ၍သွားလောက်အောင်ကို ကပ်၍ထားသည်။

ပုံမှန်လမ်းသွားနေရာမှ ရုံလေးက ဆတ်ခနဲရပ်လိုက်သည်။ ထိုပုဂ္ဂိုလ်ကလည်း ရပ်သည်။ နိုင်မင်းတို့အုပ်စုက ဘာတွေဆက်ဖြစ်ကြမလဲဆိုတာကို စိတ်ဝင်တစားစောင့်၍ ကြည့်နေကြသည်။

ရုံလေးက ထိုပုဂ္ဂိုလ်ကို ဘာမှမလုပ်ပါဘူး။ သူ့စလင်းဘက်(ခ)ထဲမှ ထီးတစ်ချောင်းကိုထုတ်၍ ဆောင်းလိုက်ခြင်းသာ ဖြစ်ပါသည်။ ထိုထီးအရွက်၏ နေရာသည် ရုံလေးပိုင်ဆိုင်သောနေရာဖြစ်သွားပြီ။

ဟိုပုဂ္ဂိုလ် ထီးထဲဝင်ပြီး စကားပြော၍မရတော့၊ ထီးရွက်အပြင်ကသာ စကားပြော၍ရတော့သည်။

'ကောင်းလိုက်တဲ့ပညာပေးကွာ... '

'အဲဒါကြောင့် ပြောတာပေါ့ ချစ်ဖွေးရ မိန်းကလေးတွေမှာ သူတို့အမေတွေ ဆရာတွေ သင်မပေးဘဲနဲ့ တတ်တဲ့ပညာတွေ အများကြီးရှိတယ်ဆိုတာ၊ မင်းနမလေးတွေဆိုရင်လေ'

'ဟော့ကောင်တော်ကွာ လှဝင်း မင်း ငါ့ညီမတွေဘက် လှည့်မလာနဲ့'

ရုံလေးက နိုင်မင်းတို့ထိုင်နေသော Canteen ရှေ့မှာပဲ ဖြတ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



သွားပါသည်။ ဆိုင်ထဲက ယောကျ်ားလေးတွေအားလုံး အသက်မရှုကြေး ရုံလေးကို လိုက်ကြည့်ကြ၏။ သူတို့ ဆိုင်ရှေ့ကိုရောက်တော့ ခိုင်မင်း ပင်တစ်ချက်ကြည့်လိုက်မိသေးသည်။ သူတို့ဆိုင်ကို လွန်သွားမှ ဘာရယ် မဟုတ် ရုံလေးကို လှမ်းကြည့်လိုက်တော့မှ ခိုင်မင်းအာရုံထဲမှာ မိသစ်မေး သွားတာကို သတိရသည်။

မိသစ်မေးတုန်းက နောက်ကျောကိုသာ မြင်လိုက်ရသည်။ အခု နောက် ကျောကိုမြင်ရတော့မှ မှတ်မိ၏။

'ဟော့ကောင် စိုးမောင် မင်းသူ့ကိုသိလား၊ ဘယ် Company ကလည်း သူ့နာမည်ဘယ်သူလဲ'

'ဟ… ဟ… ဖြည်းဖြည်းမေးပါကွာ'

စိုးမောင်ကိုမေးရင်း နောက်ကျောကို တစ်ခါထပ်ကြည့်လိုက်တော့မှ သူမှ သူအစစ်ဆိုတာ ယေချာသည်။

'မင်းက တစ်ခါတည်း စိတ်ဝင်စားသွားပြီလား၊ ငါ မိသစ်နဲ့ ပြန်တိုင် ပြောမှာနော်'

ချစ်ဖွေးက ရယ်ကျဲကျဲဖြင့် သူ့ကို သတိပေးသည်။

'မဟုတ်ပါဘူးကွာ သူ့ကို မိသစ်ကိုယ်တိုင်က သိချင်နေတာပါ'

ခိုင်မင်းက မိသစ်တို့ဖြစ်ခဲ့တာတွေကို ပြောပြတော့မှ သူငယ်ချင်းတွေ ဇာတ်ရည်လည်သွားကြ၏။ စိုးမောင်က ခေါင်းကိုညိတ်ရင်း ဆရာကြီး အထာနှင့် ပြောသည်။

'နေစမ်းပါဦး သူ့အကြောင်းကိုသိတော့ မိသစ်က ဘာလုပ်မှာမို့လို့လဲ'

'ဒါတော့ ငါလည်း ဘယ်သိမလဲ၊ ငါ့ကို တာဝါတစ်ခုတည်းမှာနေပြီး မသိရကောင်းလားလို့တောင် ကောသွားသေးတယ်'

'စပါယ်ရုံအကြောင်းက သိပ်ထွေထွေထူးထူးမရှိပါဘူး။ သူ့နာမည် အရင်းက စပါယ်ရုံ၊ ဒါပေမဲ့ သူ့ကို စပါယ်လို့ခေါ်တဲ့လူ ဆို အရမ်းမုန်းတယ်၊ သူ့ကိုယ်သူ ရုံလေးလို့ သုံးတယ်၊ လှတာကတော့ မင်းမြင်တဲ့အတိုင်းပဲ၊ ယောကျ်ားလေးတိုင်းက သူ့ကို ချစ်ချင်ကြတယ်၊ ဒါပေမယ့် သူက ဘယ်သူ့ ကိုမှ ပြန်မချစ်ဘူး ဒါပါပဲ'

'စိုးဝင်း ယောကျ်ားလေးတိုင်းကဆိုတဲ့ စကားကို ဖြုတ်လိုက်ကွာ၊





သူ့ကိုမချစ်တဲ့ယောကျ်ားလေး ရှိနိုင်တာပဲ'

'အာ… သွားမလုပ်နဲ့ ခိုင်မင်း ယောကျ်ားလေးတိုင်းက သူ့ကို ချစ်ချင် ကြတဲ့လူတွေချည်းပဲ လိုက်ပြောရဲတဲ့လူနဲ့ မပြောရဲတဲ့သူ ဒါပဲကွာတယ်'

ခိုင်မင်း ဘာမှမပြောတော့ပါ။ ဒီကိစ္စတွေက သူနဲ့လည်း မဆိုင်ပါ။ ဒါပေမယ့် မိန်းကလေးတစ်ယောက်ကို ရှိရှိသမျှ ယောကျ်ားတွေက အားလုံး ဝိုင်းကြိုက်နေကြတယ်ဆိုတာကိုတော့ သူ လက်မခံ၊ ယုံလည်းမယုံကြည်ပါ။

'ရုံလေးက သူ့ကိုလိုက်တဲ့သူတွေကို ရိုင်းရိုင်းစိုင်းစိုင်းတော့ မပြော ပါဘူး၊ သနားကြည့်နဲ့ကြည့်တတ်တယ်၊ သူ့သူငယ်ချင်းတွေကတော့ အဲဒီ ငတိကို လုံးဝချမ်းသာပေးမှာမဟုတ်ဘူး။ အပြတ်နှာတာချည်းပဲ၊ ရှင်းရှင်း ပြောရင်ကွာ တော်ရုံလူကို သူနဲ့ မတန်ဘူးလို့ သဘောထားတာမျိုးပဲ'

'ဟ… မိန်းမတစ်ယောက်လှတာက အဲဒီလောက် အခွင့်အရေးရလို့ လား'

'အေး… အဲဒါတော့ ငါမသိဘူး။ သိချင်ရင် ချစ်ဖွေးကို မေးကြည့်'

'ဘာလဲ… ချစ်ဖွေးနဲ့ သူနဲ့ ရင်းနှီးလို့လား'

'မဟုတ်ဘူး ချစ်ဖွေးက ရုံလေးကို တစ်ပတ်လောက်လိုက်ဖူးလို့'

စိုးမောင်စကားကြောင့် ချစ်ဖွေးကို လှမ်းကြည့်တော့ စပ်ဖြဲဖြဲလုပ်နေသော ချစ်ဖွေးကို တွေ့ရသည်။

'အလကားပါကွာ… ကံစမ်းမဲနှိုက်တဲ့သဘောပါပဲ၊ သူ့ကို လိုက်ကြတဲ့ လူတွေများတော့ အဲဒီထဲမှာ ငါလည်းယောင်ပြီးပါသွားတာပါ။ ငါလိုကောင် တွေ အများကြီးပဲကွ၊ သူက သူ့ကိုလိုက်တဲ့ယောကျ်ားလေးတွေကို ရိုင်းရိုင်း ကြီးမတုန့်ပြန်ဘူး၊ သနားကြည့်ကလေးပဲ ကြည့်တာ။ အဲဒီတော့ သတ္တိ နည်းနည်းရှိတဲ့ကောင်တွေက ရမလားဆိုပြီး လိုက်တာပေါ့'

ခိုင်မင်း သက်ပြင်းကို ချသည်။ ဒီပုံစံအတိုင်းဆိုလျှင် ဒီကောင်မလေး ကတော့ မလွယ်ဘူးဟုလည်း တွေးမိ၏။ ခေါင်းကိုလည်း ခါမိ၏။

'ဘာလဲ ခိုင်မင်း မင်းကရော နည်းနည်းစမ်းကြည့်ချင်လို့လား'

'ဟာကွာ… ဘာဆိုင်လို့လဲ၊ ငါက သူ့အကြောင်းကို မိသစ်နဲ့ ပြောမှာ ဖြစ်ပြီးမှသိရတာ၊ အရင်တုန်းက ဒီလူရှိနေတာ သိတောင်မသိဘူး'

'ဒါဆို မင်းက ဘာဖြစ်လို့ ဘွေတွေကြီးဖြစ်သွားရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



လှဝင်းကမေးသည်။ သူ အမူအရာပြောင်းသွားတာကို သူပင် သတိမထားမိလိုက်။

'ငါ… ဒီကောင်မလေးအတွက် ရင်လေးလို့ပါ'

'မင်းမှားနေပြီ ခိုင်မင်း မင်း ရင်လေးရမှာ သူမဟုတ်ဘူး ယောကျ်ားလေးတွေအတွက် ရင်လေးရမှာ။ သူ့ကြောင့် အလုပ်ပြုတ်တဲ့ယောကျ်ားလေး နှစ်ယောက်ရှိပြီ'

'မိန်းကလေးတစ်ယောက်က လှလွန်းသွားရင် အန္တရာယ်ရှိတယ်ကွ၊ အမ္ဘပါလီအကြောင်း မင်းသိတယ်မဟုတ်လား။ လှလွန်းတော့ ဟိုမင်းသားကလိုချင် ဒီမင်းသားကလိုချင်၊ ဟိုတိုင်းပြည်ကလိုချင် ဒီတိုင်းပြည်ကလိုချင်နဲ့ စစ်ဖြစ်မှာစိုးရတော့ အားလုံးအဆင်ပြေရအောင် ပြည့်တန်ဆာလုပ်ပစ်လိုက်ရတယ်မဟုတ်လား'

'ခိုင်မင်း… နင်ကလည်းဟယ် ဘာတွေလျှောက်ပြောနေတာလဲ'

'ငါ့ပါးစပ်ထဲရှိတာကို ပြောနေတာမဟုတ်ဘူး။ ရာဇဝင်ထဲမှာပါတဲ့အတိုင်း ပြောနေတာ'

Noက နှုတ်ခမ်းတွေကို ဆွဲဆန့်ပြီး ခိုင်မင်းကို မျက်စောင်းထိုးသည်။ ထိုမျက်စောင်းကို ခိုင်မင်းက မမြင်ချင်ယောင် ဆောင်နေလိုက်၏။

'စပါယ်ရှံလှတယ်ဆိုတာကိုရော မင်းလက်ခံတယ်မဟုတ်လား'

'လက်ခံပါတယ်၊ ဒါ ငြင်းစရာမှမဟုတ်တာ'

'ဒါဆို စပါယ်ရှံနဲ့ မိသစ် ဘယ်သူက ပိုလှလဲ'

စိုးဝင်းအမေးစကားကြောင့် ခိုင်မင်းက ပြုံးသည်။ ပြီးတော့ ချောင်ပိတ်ဖမ်းသောမေးခွန်းကို ဖော်၍ လှည့်ထွက်သွားတတ်သောဉာဉ် သူ့မှာမရှိ။ ဒီတော့ အမှန်ကိုပဲဖြေရမည်။

'စပါယ်ရှံက ပိုလှတယ်၊ ဒါပေမယ့် စပါယ်ရှံနဲ့ ငါ့ကြားမှာ ဘာမှသက်ရောက်မှုမရှိဘူး။ ဘာခံစားချက်မှလည်း မရှိဘူး။ ငါနဲ့ မိသစ်နဲ့ကြားမှာတော့ သံယောဇဉ်တွေ ခံစားချက်တွေ အများကြီး ဒီတော့ အလှမှာကတော့ စပါယ်ရှံကနိုင်တယ်၊ ခံစားချက်မှာတော့ မိသစ်ကနိုင်တယ် အဲဒါ ငါ့အဖြေပဲ'

■





ခိုင်မင်း သူ့အခန်းထဲမှာ အေးအေးလူလူပင် လှဲလျက်ရှိသည်။ အိပ်ချင်၍တော့မဟုတ်။ ဘာမှလုပ်စရာမရှိသောကြောင့် ဖြစ်သည်။ သူတို့ Company က ငါးရက်ဆင်းတစ်ရက်နားဖြစ်သည်။ Company က ပိတ်ခြင်းမဟုတ် သူ့နေရာတွင် အခြားတစ်ယောက်က တာဝန်ယူနေခြင်းသာ ဖြစ်သည်။

ဒီနေ့သည် ခိုင်မင်းတို့အဖွဲ့ အနားရသောနေ့ဖြစ်သည်။

ပထမ မိသစ်ဆီသွားမလားဟု စဉ်းစားမိသေးသည်။ သို့သော် သွားရမှာက တစ်ယောက်တည်း ပျင်းစရာ၊ ပြီးတော့ မိသစ်က အိမ်မှာရှိ မရှိမသေချာ။ phone လှမ်းဆက်မေးလို့ အိမ်မှာဆိုရင် သူ ကျိန်းသေသွားရတော့မည်။ သူနေသည့် သဃ်န်းကျွန်းနှင့် ၈ မိုင်ခွဲ ခရီးကို သူသွားရဖို့ ဝန်လေးနေခြင်းသာ ဖြစ်သည်။

ဒါနဲ့ ဘောလုံးဂျာနယ်တစ်စောင် ဝယ်ဖတ်လိုက်ရာ အရက်သုံးပုလင်းလောက် သောက်လိုက်ရသလို မူးနောက်သွားသဖြင့် အိပ်ရာထဲမှာ လှဲနေခြင်းဖြစ်သည်။

'ကိုလေး… ကြီးမေက ခဏလောက်လာပါဦးတဲ့'

ခိုင်မင်း သက်ပြင်းချပြီး အိပ်ရာကနေ ထသည်။ သူ့အမေမပြောမည့်



www.burmeseclassic.com

www.burmeseclassic.com



စကားကို သူရိပ်မိပါသည်။ ထိုစကားသည် မိသစ်နှင့် ပတ်သက်သော စကားသာ ဖြစ်ရမည်။ ဒါဆိုရင် သူ ဘာပြန်ပြောရမလဲ။ စဉ်းစားတော့ လည်း ဘာမှပြန်ပြောစရာမရှိပါ။ ဒါပေမယ့် သွားတော့နားထောင်ရဦးမည် ဖြစ်သည်။

'မိန်းကလေးရှင်ဆိုတာ ဒီလိုပဲပေါ့သားရယ် သူတို့ဘက်က လောတာ မဟုတ်ပေမယ့် စိတ်ချလက်ချဖြစ်စေချင်တာပေါ့။ သားကို စိတ်မချလို့လည်း မဟုတ်ဘူး။ မိသစ်ကို စိတ်မချလို့လည်း မဟုတ်ဘူး။ လုပ်ရမယ့် ကိစ္စ တစ်ခုကို စိတ်အေးလက်အေးနဲ့လုပ်တဲ့ သဘောပါပဲ။ သားနဲ့ မိသစ်က အဆင်ပြေတယ်မဟုတ်လား'

'အာ… မေမေကလည်း မိသစ်နဲ့ ကျွန်တော်က ငယ်ငယ်ကတည်းက ဘာပြဿနာမှ မတက်ခဲ့ဖူးဘူး။ မိသစ်က မေမေ့ကို ဘာတွေပြောလို့လဲ'

'ဘာမှမပြောပါဘူး။ သားက သူနဲ့ပတ်သက်ရင် အေးစက်စက်ဖြစ်နေ လို့ မေမေက မှန်းပြီးမေးတာပါ'

'ဘာမှမဖြစ်ပါဘူး'

ဒေါ်ခင်ထား ခေါင်းကိုညိတ်ရင်း ပြုံးသည်။

ပြီးတော့ ခိုင်မင်းပခုန်းပေါ်သို့ လက်ကိုတင်၍ ပြုံးရင်းပြောသည်။

'မေမေရော ဖေဖေပါ မြေးချီချင်နေပြီသား…'

●





## အခန်း (၄)

ခိုင်မင်းသည် လောကကြီးကို အံ့သြလျက်ရှိသည်။

လောကကြီးသည် အချိန်တန်လျှင် နေထွက်ပြီး အချိန်တန်လျှင် လ ထွက်သော သဘာဝတရားနှင့် လူတွေကို ကျေနပ်အောင်ထားသည်။ နေ ထွက်လိုက် လထွက်လိုက် အဖန်ဖန်တလဲလဲ ရှိနေသော်လည်း လူတွေ အားလုံးသည် အံ့သြစရာကောင်းလောက်အောင်ပင် ငြီးငွေ့ခြင်းမဖြစ်ကြ။ နေကထွက်မြဲ လကထွက်မြဲဖြစ်သော်လည်း အကြောင်းအရာက ဒီနေ့နှင့် နောက်တစ်နေ့ကို မတူအောင်လုပ်ထားသောကြောင့်သာ ဖြစ်သည်။

သူ အခု ခင်မိုးသစ်ကို လက်ထပ်ရတော့မည်။

အမေ့ပြောစကားအရဆိုလျှင်တော့ ရှေ့လထဲက ရက်ကောင်းရက်မြတ် တစ်ရက်တွင် လက်ထပ်ကြမည်ဖြစ်သည်။ ထိုသို့ လက်ထပ်ခြင်းအတွက် သူ့မှာ စဉ်းစားစရာတွေ ပါလာသည်။ ရှိလာသည်။

ပထမဦးဆုံး စဉ်းစားရမှာက အချစ် ဆိုတာဘာလဲ ဆိုတာ ဖြစ်သည်။

အချစ်ဆိုသည်မှာ အာသာဆန္ဒပြင်းပြသော တွေ့ထိမှုတစ်မျိုးဖြစ်နိုင် သလား၊ ဒါဆိုလျှင်တော့ သူနှင့် မိသစ်အကြားမှာ ထိုစိတ်မျိုးမရှိဟု ဆို



www.burmeseclassic.com

www.burmeseclassic.com



ရမည်ဖြစ်သည်။ သူ မိသစ်ကို ချစ်သလား။ ထိုမေးခွန်းမှာ တော်တော် ဖြေရခက်သော မေးခွန်းဖြစ်သည်။

သူနှင့်မိသစ်သည် သူငယ်တန်းမှစ၍ ဘွဲ့ရသည်အထိ တောက်လျှောက် ခင်လာခဲ့သော သူငယ်ချင်းနှစ်ယောက်ဖြစ်သည်။ ဒုတိယနှစ်အရောက်မှာ အိမ်က ကျောင်းပြီးလျှင် ပေးစားမည်ဟု ပြောတော့လည်း သူတို့နှစ်ယောက် မအံ့သြ၊ ဆက်ဆံရေးက သမီးရည်းစားဆက်ဆံရေးဘက်သို့လည်း မရောက် အရင်တုန်းကလိုပဲ ဆက်ဆံကြသည်။

ကျောင်းမှာတုန်းကရော အခုအလုပ်မှာပါ ခင်ကြသော သူငယ်ချင်း တွေတိုင်းက သူ့ကို ချစ်သူရည်းစားရှိသလားဟု မေးတိုင်း သူက မရှိဘူး ဟုသာ ဖြေလေ့ရှိသည်။ မိသစ်ကို ချစ်သူရည်းစားဟု သူ့စိတ်ထဲတွင် သဘောထား၍မရပါ။

'မဟုတ်သေးပါဘူးကွာ၊ မင်းရုပ်မင်းရည်နဲ့ ရှာရင်ရတာပေါ့'

'အေးလေ... ရှာရင်တော့ ရချင်ရမှာပေါ့'

'မင်းဘဝကို ကြည့်ရတာ ပျင်းစရာကောင်းလိုက်တာကွာ'

'ငါကတော့ နေပျော်ပါတယ်'

'မဟုတ်သေးဘူးကွ၊ လူတစ်ယောက်ဖြစ်လာရင် ကိုယ်ကအရင်လည်း ချစ်တတ်ရမယ်၊ ကိုယ့်ကိုလည်း ချစ်တာခံဖူးရမယ်။ ကိုယ်က မုန်းတတ် ရသလို ကိုယ့်ကို မုန်းတဲ့လူလည်းရှိရမယ်။ ငါတို့ အခု မင်းကိုကြည့်ရတာ မင်းဟာ ခံစားမှုမဲ့နေတယ်၊ အဲဒါ မကောင်းဘူးကွ'

သူငယ်ချင်းများပြောသော စကားကို သူပြန်ကြားယောင်သည်။

အဲဒါ မကောင်းဘူးဆိုတာ ဘာမကောင်းဟာလဲဆိုတာ သူစဉ်းစား၍ မရ၊ အခု အလုပ်ခွင်ကိုဝင်တော့ No က သူ့ကို တစ်ဖက်သတ်ချစ်နေသည် ဟု သူငယ်ချင်းတွေက ဆိုသည်။ No သည် သူ့ကို ဂရုစိုက်သည်။ သူ ပြောသည့်စကားကို နားထောင်သည်။ သူ့ကို ကူညီသည်။ သူ ဘယ်သူနှင့် ဘာကိစ္စကိုငြင်းငြင်း No က သူ့ဘက်မှာ အမြဲရှိသည်။ သူ ဘာဟင်းကို ကြိုက်သည် ဘာမုန့်ကိုကြိုက်သည်ဆိုတာကို သိသည်။

ဒီအပြုအမူတွေဟာ 'အချစ်လား'

ဒါဆိုလျှင်တော့ သူသည် အချစ်ခံဖူးပြီဖြစ်သည်ဟု ပြော၍ရပါသည်။





ခိုင်မင်း ကော်ရစ်တာထောင့်ချိုးကို ချိုးလိုက်ပြီး လက်ထဲက ပီကေစက္ကူ ကို အမှိုက်ပုံးထဲထည့်ရင်း သူ့အတွေးကို ပြန်ဆက်သည်။

မိသစ်က သူနှင့် လက်ထပ်ရမည်ဆိုတာကို မငြင်းသော်လည်း သူ့ကို ချစ်ရဲ့လား။ သူတို့နှစ်ယောက် ဆက်ဆံရေးသည် ယခုထိ သူငယ်ချင်း သဘာဝဆက်ဆံရေးထက်မပိုခဲ့။ မိသစ်က သူ့လက်မောင်းကိုကိုင်ပြီး လမ်း လျှောက်တာလောက်ကို ထည့်မပြောနှင့်၊ ဆယ်တန်းကျောင်းသားကတည်း က မိသစ်က တစ်ခါတရံ သူ့လက်မောင်းကိုကိုင်၍ လမ်းလျှောက်နေကြ ဖြစ်သည်။

တတိယနှစ်အရောက်မှာ ကျောင်းပြီးလျှင် မိသစ်နှင့် သူ့ကို လက်ထပ် ပေးမည်ဟု အိမ်ကပြောသောအခါ သူ ဘာမှမအံ့သြခဲ့။ ငြင်းလည်းမငြင်းခဲ့ ဝမ်းလည်းမသာခဲ့ပါ။ နောက်တစ်နေ့ ကျောင်းကိုရောက်တော့ မိသစ်နှင့် ယက်ဖက်ရည်ဆိုင်ထိုင်ကြသည်။

သူက ထုံးစံအတိုင်း လက်ဖက်ရည်ချိုကျ မိသစ်က ကော်ဖီ။

ပြီးတော့ မိသစ်က အိမ်ကယူလာသော သကြားဖြူးထားသည့် ပေါင်မုန့် ကြက်ဥကြော်ဘူးကလေးကိုဖွင့်ပေးသည်။ ပြီးတော့ သူ့ကော်ဖီကိုသောက် ရင်း အေးအေးလူလူပင် မေးသည်။

'ခိုင်မင်း နင့်ကို အန်တီက ဘာပြောသေးလဲ'

'အမေက... ငါ့ကို... '

သူ ရုတ်တရက် စဉ်းစား၍မရ။ သူ့အမေက သူ့ကို ဘာပြောရမည် နည်း။ (သူသည် တစ်ခါတစ်ရံ ထိုသို့ ကြောင်တတ်သည်။)

မိသစ်က ပထမပြုံးပြီး နောက် အားရပါးရရယ်သည်။

'ခိုင်မင်း နင်ဟာလေ တစ်ခါတစ်လေ သိပ်လည်တာပဲ၊ အူတာလည်း ဖြစ်ချင်ဖြစ်မှာပါ။ အန်တီက နင်နဲ့ ငါ့ကိစ္စ ဘာပြောလဲလို့ မေးတာ'

'သြော်... ဒါတော့ ပြောတာပေါ့ဟ၊ ကျောင်းပြီးရင် နင်နဲ့ ငါ့ကို ပေးစားမယ်တဲ့'

'အဲဒီတော့... '

'ပေးစားပေါ့လို့ပဲ ငါက ပြောလိုက်တာပေါ့'

သူတို့နှစ်ယောက် အားရပါးရ ရယ်လိုက်ကြသည်။ မိသစ်သည် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



နေ့တုန်းက နည်းနည်းမြူးနေသည်ဟု သူထင်သည်။

'ငါ့ကိုလည်း မေးတယ်ဟ၊ နင့်ကိုတော့ ပြောတာပေါ့လေ။ ငါကျတော့ အမေးခံရတာ၊ ငါက မိန်းကလေးဖြစ်နေတာကိုးဟ'

'ဘာမေးတာလဲ'

'ပထမမေးတာက ရည်းစားတွေဘာတွေရှိလားတဲ့။ မရှိဘူးဆိုတော့ နိုင်မင်းနဲ့ အိမ်ထောင်ချပေးမယ်ဆိုရင် လက်ခံမလားတဲ့'

'အဲဒီတော့...

'အမေတို့ စိတ်ချမ်းသာသလိုလုပ်ပါလို့ သူတို့ကိုပဲ ပြန်လွှဲချလိုက်တယ်လေဟာ'

သူတို့နှစ်ယောက် ရယ်ကြပြန်သည်။

နောက်တစ်နေ့မှာ မိသစ်သူငယ်ချင်းတွေက အတင်းမုန့်ကျွေးခိုင်းသဖြင့် သူကျွေးလိုက်ရပါသည်။ မိသစ်နှင့် သူသည် သူငယ်ချင်းဘဝမှ တန်း၍ လက်ထပ်ရမည့်အဖြစ်သို့ ရောက်သွားခြင်းဖြစ်သည်။ ဒီလိုရောက်သွားတော့လည်း သူတို့နှစ်ယောက်ဆက်ဆံရေးသည် အရင်တုန်းကအတိုင်းသာ ဖြစ်သည်။

အခြားချစ်သူတွေလို ခုံပြာတန်းမှာ ယှဉ်တွဲပြီး မထိုင်ပါ။ ဘွဲ့နှင်းသဘင်နံဘေးက ပန်းခြံထဲမှာ တစ်ယောက်နှင့်တစ်ယောက် တင်းတင်းကြပ်ကြပ်ဖက်မထားခဲ့ကြပါ။ အဓိပတိလမ်းပေါ်မှာ လက်ချင်းဆုပ်ပြီး လမ်းမလျှောက်ခဲ့ကြပါ။ နဖူးကလေးကို မနမ်းခဲ့ဘူးပါ။ ပါးကလေးကို မနမ်းခဲ့ဘူးပါ။ ငါတို့ တစ်ချိန်ကျလျှင် လက်ထပ်ရမည်ဆိုသော အသိကလွဲ၍ ကျန်သောဆက်ဆံရေးတွေအားလုံးက သူငယ်ချင်းဘဝအတိုင်းဖြစ်သည်။

ခင်မိုးသစ်ဆိုသော မိသစ်ကရော သူ့ကို ချစ်ရဲ့လား။

ဒါကို သူတစ်ခါမှမမေးခဲ့ဘူးပါ။ ဒီတစ်ခါတွေ့ရင်တော့ အေးအေးဆေးဆေးမေးရဦးမည်ဟု သူ စိတ်ထဲမှာ မှတ်ထားလိုက်သည်။ ဘယ်အချိန်မှာ ဒီမေးခွန်းကို မေးရမလဲဆိုတော့ သူကရော မိသစ်ကို ချစ်သလား မချစ်ဘူးလားဆိုတာကို အသေအချာ အဖြေသိသောအချိန်ကျမှ မေးရမည်ဖြစ်သည်။

ရုံလေး တော်တော်စိတ်ညစ်နေပြီဖြစ်သည်။





သူ့နံဘေးက တေးသည် ဝင်းတံခါးဝကတည်းက သူ့နောက်ကလိုက်လာသည်မှာ အခု ကော်ရစ်တာတစ်လျှောက်လုံးဖြစ်သည်။ ဓာတ်လှေကားပေါ်မှာလည်း သူ့နံဘေးတွင်သာရပ်သည်။ ရုံလေးငဲ့ကြည့်တော့ ဂရုမစိုက်သလိုသာလုပ်နေသည်။ ပြီးတော့ သူ့ဘာသာပြုံးလိုက် ခေါင်းကိုခါလိုက်လည်း လုပ်နေသေး၏။ စိတ်မှန့်သေးရဲ့လားဟု မေးရအောင်ကလည်း ဝတ်စားထားတာက သန့်သန့်ကလေးဖြစ်သည်။

အခုလည်း ကော်ရစ်တာတစ်လျှောက်လုံး နံဘေးနားက ကပ်လိုက်နေပြီး ဘာစကားတစ်ခွန်းမှမပြော၊ သူကမပြောတော့ ကိုယ်ကပဲ စပြောရတော့မလို ဖြစ်နေသည်။ ရုံလေးဘဝမှာ ဘယ်ယောကျ်ားလေးကိုမှ ကိုယ်ကစ၍ စကားမပြောခဲ့ဘူးချေ။ ပြောစရာလည်းမလိုဟု ယူဆထားသည်။ အခုတော့ ဒီအစဉ်အလာကို ဖျက်ရတော့မလို ဖြစ်နေသည်။

မျက်နှာချင်းဆိုင်မှ လျှောက်လာသူတစ်ချို့က တအံ့တဩ ကြည့်သွားကြသည်။ တချို့က ပြုံးကြသည်။ ထိုသတင်းက သူ့ရဲဘော်သုံးယောက်ထံသို့ ဘယ်လိုနည်းနှင့် အမြန်ရောက်သွားသည်မသိ သူ့ထံသို့ ချက်ချင်းရောက်လာသည်။ သူတို့လေးယောက်နှုတ်ခမ်းမှာ စကားလုံး တစ်သန်းစီလောက်ပါကြောင်း နိုင်မင်းမသိပါ။ နိုင်မင်းက ရုံလေးနှင့် တွဲလျှောက်လာမိတာကိုပင်မသိ သူကအတွေးက မိသစ်ကို ချစ်မချစ်နှင့် ပြီးခဲ့သော ဖြစ်ရပ်တွေထံသို့သာ ရောက်နေသောကြောင့်ဖြစ်ပါသည်။

'ရုံလေး မင်း တေမိမင်းနဲ့ တွေ့နေတာလား'

ဥမ္မာကမေးသည်။ ကေသီကဖြေ၏။

'မဟုတ်ဘူး ရာထူးတွေဘာတွေတက်အောင် ဗေဒင်သွားမေးတော့ ဝဇီပိတ်ကျင့်ပြီးနေရမယ် ဆိုလို့ထင်ပါရဲ့'

'မဟုတ်ပါဘူးဟာ ရုံလေးနဲ့ အတူတွဲလျှောက်တော့ လူတွေက သူ့ကိုကြည့်တာပေါ့၊ ပြီးတော့ ရုံလေးနဲ့သူ ဘာညာပေါ့ဟာ အဲဒါဖြစ်လိမ့်မယ်'

နံဘေးက ဒီလိုဆူဆူညံညံစကားတွေကြားတော့မှပင် နိုင်မင်း စိတ်က ပစ္စုပ္ပန်ထဲ ပြန်ရောက်လာသည်။ သူလမ်းလျှောက်တာရပ်လိုက်တော့ သူ့နံဘေးက မိန်းကလေး လေးယောက်ကလည်း ရပ်လိုက်ကြသည်။

'ရှင်ပြောချင်တာရှိရင်ပြော ဘေးကနေ ဘာမှမပြောဘဲ ကပ်လိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာကတော့ မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာကို ငဲ့ဦးမှပေါ့'

'ကျွန်တော်က ဘာပြောရမှာလဲ'

'ဒါဆိုရင် ဘာဖြစ်လို့ ကျွန်မတို့သူငယ်ချင်း ရုံလေးဘေးမှာ ကပ်ပြီး လိုက်နေရတာလဲ'

ဒီတော့မှ ခိုင်မင်းသတိထားမိပြီး ကောင်မလေးတွေ လေးယောက်ကို ကြည့်တော့ စိုးမောင်တို့ပြောသည့် ရုံလေးဆိုတာကို တွေ့ရသည်။ 'ရုံလေး က သူ့ကိုလိုက်တဲ့သူတွေကို ရိုင်းရိုင်းစိုင်းစိုင်းမဆက်ဆံပါဘူး။ သနားကြည့် ကလေးပဲကြည့်တာ' ဆိုသော စိုးမောင်တို့စကားသံကို ပြန်ကြားသည်။ အခု ရုံလေးကိုကြည့်လိုက်တော့ ရုံလေးနှုတ်ခမ်းနှင့် မျက်ဝန်းတွေက သူ့ကို သနားကြည့်ကြည့်နေကြသည်။

'ကျွန်တော် ဘာမှမသိပါဘူးဗျာ။ ဘာမှလည်း မလုပ်ဘူး'

'ရှင်က ယောက်ျားလေးဖြစ်ပြီး ကြောင်လိမ်တာပဲ။ ပြောချင်တာကို ပြောပါဆိုတော့လည်း ရှင်မပြောရဲဘူး'

'ကျွန်တော့်မှာ ပြောစရာ ဘာမှမရှိတာ'

'ဒါဆို ရှင်က ဘေးနားကကပ်ပြီး လျှောက်တဲ့ဇိမ်ကလေးပဲ လိုချင် တာပေါ့ဟုတ်လား'

'ခင်ဗျားတို့ အခု ဘာတွေပြောနေမှန်းတောင် ကျွန်တော်မသိဘူးဗျာ'

'ကဲ... လာပါဖြူဖြူရယ် ပြောမနေပါနဲ့တော့ သွားကြရအောင်ပါ'

ရုံလေးက ခိုင်မင်းကို သနားကြည့်လေးကြည့်ပြီး လှည့်ထွက်သွား တော့ ကျန်သူငယ်ချင်းတွေကပါ လိုက်ပါသွားကြသည်။

သူနှင့် စပါယ်ရုံ ဘာတွေဖြစ်သွားကြသည် ဆိုတာကိုပင် သူမသိလိုက် ပါ။

■





'ငါတို့ကတော့ မဖြစ်သင့်ဘူးလို့ ထင်တယ်ခိုင်မင်း၊ မင်းမှာ စေ့စပ် ထားတဲ့သူလည်းရှိတယ်။ အဲဒီလူကလည်း သူစိမ်းလည်းမဟုတ်ဘူး။ ငယ် သူငယ်ချင်း၊ မင်း... ရုံလေးအကြောင်းလိုက်မေးနေကတည်းက ငါမသင်္ကာ တာ မေးတော့ မိသစ်က သိချင်လို့ပါလို့ မင်း ငါတို့ကို ဖြေတယ်။ မင်း ရုံလေးကို စိတ်မဝင်စားသင့်ဘူးကွာ'

'မင်းတို့က ငါပြောတာကို မယုံတာတော့ ငါလည်း မတတ်နိုင်ဘူး။ ရုံလေးအကြောင်းကို မိသစ်က မေးတယ်ဆိုတာ ဟုတ်မဟုတ်ကို မိသစ်လာရင် မင်းတို့ မေးကြည့်ကြ'

သူငယ်ချင်းများ ခေါင်းကုတ်သူကကုတ် ခေါင်းရမ်းသူကရမ်း ဖြစ် ကုန်ကြသည်။ နီးကတော့ မျက်ဝန်းတွေကို အဝေးသို့ငေးရင်း စဉ်းစားနေပုံ ရသည်။

'ငါ ခိုင်မင်းပြောတာကို လက်ခံနိုင်တယ်။ တစ်ခါတစ်လေ လူဟာ အတွေးထဲကို စိတ်လုံးဝရောက်သွားရင် ပတ်ဝန်းကျင်ကို သတိမထားမိတတ် ဘူးဟ၊ ငါဆို ကားမှတ်တိုင်ကနေ အိမ်ကို လမ်းလျှောက်ရင်း တွေးချင်တာ တွေးတဲ့အခါမျိုးမှာ ငါ့အိမ်ကို သုံးလေးခါလောက် ကျော်သွားဖူးတယ်။ သတိလွတ်သွားတဲ့သဘောမျိုးပေါ့ဟာ'



www.burmeseclassic.com

www.burmeseclassic.com



'နီး နင်က ခိုင်မင်းဘာပဲလုပ်လုပ် မှန်တယ်၊ ဖြစ်နိုင်တယ်ပဲ ထင်နေတာ။ နင့်အိမ်ကိုကျော်သွားတာက အလွန်ဆုံး သုံးလေးအိမ်ပေါ့၊ အခု ဒီကောင်ရုံလေးဘေးကနေ ကပ်လိုက်လာတာ အဝင်ပေါက်ဝကတည်းကလို့ ရုံလေးကပြောတယ်ဆိုတာ သူ့တို့ Company က ငါ့သူငယ်ချင်းက ပြန်ပြောတယ်... ကဲ'

ချစ်ဖွေးစကားဆုံးတော့ နီးလည်း ပါးစပ်ပိတ်သွားသည်။ ကျန်သူငယ်ချင်းတွေကလည်း ပြောစရာစကားအဆက်မရှိတော့သလို ဖြစ်ကုန်ကြသည်။ ခိုင်မင်းမျက်နှာပေါ်မှာတော့ စိတ်ညစ်ခြင်းနှင့် ခံပြင်းခြင်းတို့ ရောနေသော ပုံစံကိုတွေ့ရသည်။

'ရုံလေးကို မင်း စိတ်ဝင်စားနေတာ ငါတို့ အပြစ်မပြောပါဘူး။ အပျော်သဘောနဲ့ ဆိုရင်ပေါ့ကွာ။ ချစ်ဖွေးတောင်မှ လိုက်ဖူးသေးတာပဲ။ ဘယ်ယောက်ျားလေးပဲဖြဲဖြစ် ရုံလေးနဲ့ ချစ်သူအဆင့်မရောက်တောင်မှ သူငယ်ချင်းအဖြစ်လောက်တော့ လိုချင်ကြတဲ့သူချည်းပဲ။ ပြီးတော့... ရုံလေးကိုလိုက်တဲ့သူတွေအားလုံး ရုံးအပြင်မှာ လိုက်တဲ့သူချည်းပဲ ရုံးထဲမှာတော့ မလိုက်ကြဘူး။ မင်းတစ်ယောက်တည်းပဲ'

'စိုးမောင် ငါ သူ့ကိုမလိုက်ဘူး။ အဲဒီစကားထက်လည်း ငါပိုပြီး ဘာမှမပြောနိုင်ဘူး။ မင်းတို့ မိသစ်ကို ပြောချင်လည်းသွားပြော။ ငါ ဂရုမစိုက်ဘူး။ အေး... ငါ သူ့ကိုမလိုက်ဘူးဆိုတဲ့စကားကို နောက်ထပ်မပြောချင်တော့ဘူး ဒါပဲ'

ခိုင်မင်း သူငယ်ချင်းတွေဆီမှထပြီး သူ့အလုပ်စားပွဲသို့ သူပြန်ထိုင်သည်။ ပြီးတော့ နယ်ပွဲရုံတွေနှင့် phone လိုင်းချိတ်သည်။ ပစ္စည်းရောက်မရောက် မေးသည်။ ကားဆရာနှင့် အပြန်ဝင်ရမည့် မြို့နှင့်တင်ရမည့် ပစ္စည်းစာရင်းကို ပြောသည်။ ခဏကြာတော့ နီးနှင့် စိုးမောင်တို့အဖွဲ့လည်း ကိုယ့်အလုပ်ကိုယ်လုပ်ဖို့ လူစုခွဲလိုက်ကြသည်။

ခဏကြာတော့ ရန်ကုန်မှ ကုန်ပစ္စည်းအမှာစာရင်းများကို နီးက လာပေးသည်။ နီးသည် စာရင်းစာရွက်ကို ခိုင်မင်းလက်ခံပြီးသည့်တိုင် ခိုင်မင်းအနားတွင် ရပ်နေဆဲသာဖြစ်သည်။

'ခိုင်မင်း... '





'ပြော... '

'သူတို့ နင့်ကိုဘာပဲပြောပြော ငါ နင်ပြောတာကို ယုံတယ် ခိုင်မင်း'

နီးစကားကြောင့် ခိုင်မင်း လုပ်လက်စအလုပ်ကိုရပ်ပြီး နီးကိုကြည့်သည်။ နီး၏ မျက်ဝန်းများတွင် သူ့အပေါ်နားလည်သော ကြင်နာသော ယုံကြည်သော အဓိပ္ပာယ်ရှိသည့်အကြည့်များကို တွေ့ရသည်။

'နင် ငါ့ကို ယုံကြည်ပေးတဲ့အတွက် ကျေးဇူးပါပဲနီးရာ ဒါနဲ့ နေပါဦး ရုံလေးအကြောင်း နင်သိသမျှ ငါ့ကို ပြောပြစမ်းပါ'

'လုပ်ပြန်ပြီ ခိုင်မင်းရာ နင်သူ့ကို မလိုက်ဘူး၊ သူနဲ့ ဘာမှမပတ်သတ်ဘူးဆိုရင် ဘာဖြစ်လို့ သိချင်နေရတာလဲ'

'အေး... ငါနဲ့ဘာမှမပတ်သက်ဘဲနဲ့ ပြဿနာတက်နေလို့ သူ့အကြောင်းကို သိထားချင်တာပေါ့ဟ။ ကဲပါနီးရာ သူ့အကြောင်းကို နင်သိသလောက် ပြောပြစမ်းပါ'

နီးက သက်ပြင်းကိုချသည်။ ပြီးတော့ ကိုယ်ဟန်အနေအထားကို ပြင်ပြီး ခိုင်မင်းကိုကြည့်သည်။ ခိုင်မင်းပုံစံက စိတ်အားထက်ထက်သန်သန်နှင့် စိတ်ဝင်တစားနားထောင်နေသည့် ပုံစံမျိုးဟု နီးထင်သည်။

'သူ့နာမည်ကိုတော့ နင်သိပြီးပြီပေါ့ဟာ၊ သူက တစ်ဦးတည်းသော သမီး၊ စာတော်တယ် အင်ဂျင်နီယာတွဲ့ကို E.P နဲ့ ကျောင်းပြီးထားတယ်။ သူ့မိဘတွေက လျှပ်စစ်နဲ့ ပတ်သက်တဲ့ပစ္စည်းတွေ အကြီးအကျယ်ရောင်းတယ်။ ရောင်းလို့လည်းကောင်းတယ်၊ အဲဒီတော့ သူတို့ယူနေကျ လျှပ်စစ်ပစ္စည်း Company မှာပဲ ရုံလေးကို သွင်းပေးလိုက်တယ်။ ရုံလေးကလည်း E.P နဲ့ ကျောင်းပြီးထားတာဆိုတော့ Ok ပေါ့'

ခိုင်မင်းက ခေါင်းကိုညိတ်သည်။ ပြီးတော့ နီးကို မကြည့်ဘဲ သူ့ကိုယ်သူပြောသလိုမျိုးပြောသည်။

'ရိုးရိုးသားသားမိသားစုပါပဲ ဘာမှ ထူးထူးခြားခြား မရှိပါဘူး'

'နင့်အတွက် အရေးအကြီးဆုံး စကားတစ်ခွန်းကျန်သေးတယ်။ ခိုင်မင်း အဲဒီစကားကို ငါပြောမှဖြစ်မယ်'

'အရေးကြီးဆုံးစကား... ပြောလေ... ဘာလဲ'

'ရုံလေးမှာ စေ့စပ်ထားတဲ့သူရှိတယ် အဲဒါပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါက ငါ့အတွက် ဘာဖြစ်လို့ အရေးကြီးရမှာလဲနိုး၊ နင်က ငါ ပြောတာကို ယုံတယ်လည်းပြောသေးတယ် ရုံလေးမှာ စေ့စပ်ထားတဲ့သူ ရှိတယ်ဆိုတာကို ငါ့အတွက် အရေးအကြီးဆုံး စကားလို့လည်း ပြောသေး တယ် ငါ နင့်ကို ဘယ်လိုသတ်မှတ်ရမှာလည်း နိုး'

'နင်က သိသလောက်ပြောဆိုလို့ ပြောတာပါ'

'အေးလေပြောပေါ့၊ ရုံလေးမှာ စေ့စပ်ထားတဲ့သူရှိတယ်ဆိုရင် ပြီးတာပဲ၊ ငါ့အတွက် အရေးကြီးဆုံးစကားတို့ဘာတို့ ပါလာတော့ မထူးပါဘူး နင်လည်း ဟိုကောင်တွေနဲ့ တစ်ဂိုဏ်းတည်းပါပဲ'

ခိုင်မင်း၏ ဒေါသသံကြောင့် နိုး တော်တော် စိတ်မကောင်းဖြစ်သွားပုံ ရသည်။

'သူတို့ နင့်အပေါ်မှာ နားလည်တာနဲ့ ငါ နင့်အပေါ်မှာ နားလည်တာ ချင်း မတူဘူးဆိုတာကိုတော့ နင်သိမှာပါ ခိုင်မင်းရယ်၊ ငါက အဲဒီလို နားလည်မှုမျိုးနဲ့ နင့်ကို သတိပေးတာပါ၊ ငါ နင့်ကို မိသစ်နဲ့ပဲ သဘောတူ တယ်ခိုင်မင်း၊ ငါသတိပေးတဲ့စကားက နင့်ကို စော်ကားရာရောက်တယ်ဆို ရင် ငါတောင်းပန်ပါတယ်ဟာ'

ခိုင်မင်း နိုးကိုကြည့်နေရာမှ မျက်နှာကို လွှဲလိုက်သည်။ ပြီးတော့ ခေါင်းကိုကုတ်သည်။ ဘာမျှမဟုတ်ဘဲနှင့် ဒီမိန်းမသည် သူတို့ကို တော်တော် ဒုက္ခပေးနေသည်။

'အေးပါဟာ... တောင်းပန်မနေပါနဲ့ ငါလည်း နင်ပြောတာကို ကြား လိုက်ရတော့ ရုတ်တရက် ဒေါသဖြစ်သွားလို့ပါ။ ရော့... အဲဒီပွဲရုံတွေကို Phone ဆက်ထား။ စာရွက်မှာပါတဲ့အချိန်မှာ ကားတွေဝင်မယ်လို့'

နိုးထွက်သွားတော့ ခိုင်မင်း ခုံပေါ်မှာ ခြေပစ်လက်ပစ် ကျန်ရစ်ခဲ့သည်။ ရုံလေးဆိုသော မိန်းကလေးကို ရှိမှန်းပင် သူမသိခဲ့။ မိသစ်ကပြမှ နောက် ကျောကို သူမြင်ခဲ့ရသည်။ ရုံလေးက သိပ်မာနကြီးတာ။ ဘယ်ယောကျ်ား လေးကိုမှ ဂရုစိုက်တာမဟုတ်ဘူး။ သူ့ကိုလိုက်တဲ့ လူတွေကို ရုံလေးက သနားတဲ့အကြည့်ပဲ ကြည့်တတ်တာပါ။ ရှင်းရှင်းပြောရရင်တော့ကွာ တော်ရုံ လူကို သူနဲ့မတန်ဘူးလို့ သဘောထားတာ။ ဒါဆို ရှင်က ရုံလေးဘေးမှာ ကပ်လျှောက်ရတဲ့ ဗိမ်ပဲလိုချင်တာပေါ့ ဟုတ်လား။ ပြီးတော့ ရုံလေးက





သူ့ကိုကြည့်သွားသော သနားကြည့်မျက်ဝန်းများ။ နံဘေးက သူငယ်ချင်း များ၏ ရိသဲ့သဲ့ပြောင်လှောင်သွားသော အကြည့်များ၊ ရုံလေးမှာ စေ့စပ်ထား တဲ့သူရှိတယ်။ ငါကတော့ နင့်ကို မိသစ်နဲ့ပဲ သဘောတူတယ်။ အမေရော မင်းဖေဖေပါ မြေးချီချင်နေပြီသား။ ရုံလေးကို အပျော်သဘောနဲ့ စိတ်ဝင် စားစရာဆိုရင် ငါတို့ ဘာမှ အပြစ်ပြောစရာမရှိဘူး။

ခိုင်မင်းရှေ့မှာရှိသည့် ဖိုင်တွဲတွေအားလုံးကို လက်နှစ်ဖက်ဖြင့် ခုံပေါ်မှာ သပ်ချပစ်လိုက်သဖြင့် ဖိုင်တွဲတွေကျသံ ဆူညံ၍သွားသည်။

ခိုင်မင်း တစ်ကိုယ်လုံးချွေးတွေရွှဲနေသည်။

ပြဿနာ၏ အစကို သူရှာ၍တွေ့ပါပြီ။ ပြဿနာ၏အစက ရုံလေး ဆိုသော မိန်းမသည် သူ့ကို ယောကျ်ားလေးတိုင်းက ချစ်နေသည်ဟု ထင်နေခြင်းမှ လာပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ဒီနေ့ ရုံးတက်သည့်အခါ ဂျင်းပန့်(န်)စကိုင်းဘလူးရောင်နှင့် တီရှပ်အဝါရောင်ကလေးကို ဝတ်သွားဖို့ ရုံလေး ညကတည်းက စိတ်ကူးထားခဲ့သည်။ စိတ်ကူးထားသည့်အတိုင်း ဝတ်လိုက်တော့ ကျစ်လစ်သွယ်လျသော ရုံလေး၏ ခန္ဓာကိုယ်အချိုးအစားသည် တီရှပ်နှင့် ဂျင်းပန့်(န်)တို့အောက်တွင် ကောက်ကြောင်းများကို နိုင်နင်းသော ပန်းချီဆရာတစ်ယောက် ဆွဲထားသလို သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ် ရှိကြ၏။

ရုံလေးသည် ကိုယ်လုံးပေါ်မှန်ထဲမှာ သူ့ကိုယ်သူကြည့်ရင်း 'သြော်… ဒါကြောင့်လည်း ငါ့ကို လိုက်ကြိုက်ကြတာကိုး' ဟုတွေးပြီး ပြုံးမိသည်။

အပေါ်ထပ်ကဆင်းပြီး လှေကားရင်းတွင် မေမေနှင့် တန်းတိုးသည်။

'အမလေး ရုံလေး ဘယ်လိုဖြစ်ရတာလဲ၊ ဒီအဝတ်အစားနဲ့ ရုံးတက်မယ်ဟုတ်လား'

မေမေက ရင်ဘတ်ကိုဖိရင်း ပြောသည်။ မေမေသည် ရိုးရိုးကလေးနေတာကို နှစ်သက်သူဖြစ်သည်။

'အာ… မဟုတ်ပါဘူး မေမေရဲ့ Company ကိုရောက်တော့ ယူနီ





ဖောင်းလဲရမှာပေါ့။ ရုံလေး ဒီနေ့ ပေါ့ပေါ့ပါးပါးသွားချင်လို့ပါ။ ပြီးတော့ ဒီအင်္ကျီတွေ ဘောင်းဘီတွေက ဝယ်ထားပြီး ဘယ်မှမသွားရတော့ တစ်ခါမှ မဝတ်ရလို့ ဝတ်တာပါ'

'ဟိုကိုရောက်ရင်တော့ ညည်းဟာတွေကိုလဲပါနော်၊ ညည်းအဖေသိသွားရင် မလွယ်ဘူး'

'စိတ်ချပါ Company ရောက်ရင် သူတို့ပေးတဲ့ ဝတ်စုံကို မလဲလို့ မရဘူးလေ မေမေရဲ့ သွားတော့မယ်နော်'

အပြင်လမ်းမကိုရောက်တော့ သူ့ကို ဝိုင်းငေးနေသော မျက်လုံးများကို တစ်လုံးမှအဆုံမခံဘဲ ရုံလေးသည် ရှေ့တည့်တည့်ကိုသာ ကြည့်ရင်း လျှောက်လာခဲ့သည်။ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းသည် ပေါ့ပါး၍ နေသည်။ သူ့ရင်ခုန်သံသည် သူ့နှလုံးသားကို စည်းချက်လိုက်ပေးနေသည်။

ရုံလေးသည် ပြိုင်မြင်းတစ်ကောင် အသားကျသွားသလို ကြွကြွရွရွကလေး လမ်းလျှောက်၍လာပြီး ကားမှတ်တိုင်တွင်ရပ်သည်။ ကားလာတော့ ကားပေါ်မှာ သူ့ကိုငေးသော မျက်ဝန်းများကို လျစ်လျူရှုထားရင်း ရုံးရောက်လျှင် ဟိုကောင်တွေ ဝိုင်းအော်ကြဦးမှာပဲလို့တွေးရင်း စိတ်ထဲမှာ ကြိတ်၍ ပျော်နေသည်။

ကားပေါ်ကဆင်းတော့ စပါယ်ယာ ပခုန်းကိုကိုင်တာ မခံရအောင် အဒေါ်ကြီးတစ်ယောက်နှင့်ကာ၍ ဆင်းလိုက်ရသည်။ ကားစပါယ်ယာ၏ လက်သည် မလိုအပ်ဘဲလည်း လက်မောင်းကို ဆွဲ၍တင်တတ်သည်။ မလိုအပ်ဘဲလည်း ပခုန်းကိုကိုင်၍ ဆင်းဒိုင်းတတ်သည်။ အောက်ကိုရောက်တော့ ကျောပိုးအိတ်ကို ပြင်၍လွယ်ပြီး လျှောက်လာခဲ့သည်။

ကားမှတ်တိုင်မှ Company ရှိရာသို့ သုံးမိနစ်လမ်းလျှောက်ရသည်။ ဖြစ်နိုင်လျှင် ရုံလေးသည် နာရီဝက်လောက် ဝေးဝေးမှာ Company ကို ရှိစေချင်သည်။ ရုံလေးနှင့် မျက်နှာချင်းဆိုင်မှ လာသူမှန်သမျှ ရုံလေးကို ငေးသွားတတ်ကြပြီး ယောကျ်ားလေးတွေဆိုရင် ရုံလေးကိုကျော်ပြီး နောက်ပြန်လှည့်ကြည့်မှာ သေချာပါသည်ဆိုတာကို တစ်သန်းကြေးတောင် လောင်းလိုက်ချင်သည်။

Company ကို လှမ်းမြင်ရသည့်အချိန်မှာ ရုံလေးနံဘေးသို့ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ကပ်လာသည်။ ဒါမျိုးတွေ အကြိမ်ရေများလွန်းလို့ ရုံလေး ရင်လည်းမခုန်၊ ကြောက်လည်းမကြောက်၊ ရှက်လည်းမရှက်ပါ။

'ခင်ဗျားကို စကားတစ်ခွန်းပြောချင်တယ်'

'.............'

'ခင်ဗျားကို ကျွန်တော်မချစ်ဘူး'

ရုတ်တရက် ရုံလေး အံ့သြသွားသည်။

စကားလိုက်ပြောသူကို ဘယ်တော့မှ လှည့်မကြည့်တတ်သော ရုံလေး လမ်းလျှောက်ရပ်ပြီး လှည့်ကြည့်မိသည်။ မျက်နှာကိုတော့ မြင်ဖူးသလိုလို ရှိသည်။ သို့သော် ဘယ်မှာမြင်ဖူးမှန်းမသိ။

'ဘာပြောတယ်'

'ခင်ဗျားကို ကျွန်တော်မချစ်ဘူး'

စကားဆုံးသည်နှင့် ထိုလူက ချက်ချင်းလှည့်ထွက်သွားသည်။

ရုံလေးလည်း ကြောင်ပြီးကျန်ရစ်ခဲ့၏။

ခိုင်မင်းက ရုံလေးကို ထိုစကားလိုက်ပြောတာကို နှိုးနှင့် စိုးမောင်တို့ နှစ်ယောက် တွေ့လိုက်ကြသည်။

'ဒီကောင်တော့ ဒုက္ခပဲနှိုး ငါတို့ ပြောလို့လည်းမရပါလား၊ နှိုး နှင် နည်းနည်းဝင်ထိန်းစမ်းဟာ'

'သိပ်တော့ စိတ်မပူပါနဲ့ဟာ၊ ရုံလေးက ခိုင်မင်းလို လူမျိုးကို ပြန်မကြိုက်နိုင်ပါဘူး။ သူ့မှာ စေ့စပ်ထားတဲ့သူလည်း ရှိနေတာပဲ'

'ရုံလေး ပြန်ကြိုက်မကြိုက်ကို ပြောနေတာမဟုတ်ဘူး။ မိသစ်သိသွားရင် မကောင်းဘူး။ ငါတို့က သူငယ်ချင်းကောင်းပီသတယ်ဆိုရင် ဒီကောင့်ကို တားသင့်တယ်'

'အေးပါဟာ ငါတို့ တိုင်ပင်ပြီး သူ့ကို သေသေချာချာ မေးမှဖြစ်မယ်'

'တိုင်ပင်တာတွေ ဘာတွေ လုပ်မနေနဲ့၊ ဟိုမှာ ဒီကောင်လာနေပြီ၊ လက်ဖက်ရည်ဆိုင်ထဲခေါ်ပြီး ပူပူနွေးနွေးပဲမေးမယ်... လာ'

စိုးမောင်က သောက်နေကျလက်ဖက်ရည် ၃ ခွက်မှာသည်။ ခိုင်မင်းပုံစံက သာမန်ပင် ဘာမှ ထူးထူးခြားခြားမရှိဟု စိုးမောင်ထင်သည်။ ရုံလေး





ကို လိုက်ပြောတာကို သူတို့မမြင်ဟု စိတ်ချထားပုံပေါ်သည့် ပုံစံမျိုးဖြစ်သည်။ စိုးမောင်က နှိုးကို မျက်စပစ်ပြလိုက်သည်။

'ခိုင်မင်း... နင် ရုံးကိုရောက်နေတာ ကြာပြီလား'

'အေး... ငါ ဒီနေ့ နည်းနည်းစောတယ်၊ ချစ်ဖွေးတို့ မလာကြသေးဘူးလား'

'နင် အစောကြီး ဘာလာလုပ်တာလဲ ခိုင်မင်း'

'ငါ့ ကိုယ်ရေးကိုယ်တာ ကိစ္စလေးတစ်ခုရှိလို့ပေါ့ဟာ'

ခိုင်မင်းက ပြောပြီး လက်ဖက်ရည်ကို ငုံ့သောက်သည်။ ခိုင်မင်း၏ မျက်နှာတွင် မည်သည့် ထူးခြားသော ခံစားချက်မှမရှိဘဲ အရင်နေ့တွေလိုပဲ ပုံမှန်ရှိနေသည်ကို စိုးမောင်က စဉ်းစား၍ မရအောင် ဖြစ်နေသည်။ ဟန်ဆောင်ကောင်းတာပဲလား သူတို့မမြင်နိုင်ဘူးလို့ တစ်ထစ်ချတွက်ထားတာပဲလား။ တစ်ခုခုတော့ ဖြစ်မည်။

'ခိုင်မင်း ငါတို့ ပွင့်ပွင့်လင်းလင်း ပြောကြရအောင်ကွာ'

'ဟင်... အခု ဘယ်သူက ပုန်းလျှိုးကွယ်လျှိုးပြောနေလို့လဲ'

'ကောင်းပြီ မင်း ခုနက ရုံလေးကို လိုက်စကားပြောတာ ငါတို့ နှစ်ယောက်စလုံး တွေ့တယ်ကွာ'

'သြော်... အဲဒါလား... ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်လို့လဲ'

ခိုင်မင်းက အေးဆေးစွာပင် ပြန်ပြောသဖြင့် စိုးမောင်ရော နှိုးပါ တော်တော်ကြောင်သွားသည်။

'ဘာဖြစ်ရမှာလဲကွ မင်းကို ငါတို့ အတန်တန်တားနေတဲ့ကြားက မင်း မလုပ်သင့်တဲ့အလုပ်ကို ဆက်လုပ်နေတာ မင်းမှာ မိသစ်ရှိတယ်လေ'

'ခိုင်မင်းရယ် အရင်လိုပဲ နေစမ်းပါဟယ်၊ ဘာမှမဟုတ်တာလေးနဲ့ ပြဿနာတက်ရင် အားလုံး နစ်နာကုန်လိမ့်မယ်။ ပြီးတော့ ရုံလေးက နင့်ကို မချစ်နိုင်ဘူးဆိုတာ ကျိန်းသေတယ်'

နှိုးစကားကိုကြားတော့ ခိုင်မင်းက ပြုံးမိသည်။ နှိုးသည် သူ့အပေါ်မှာ စေတနာထားသော မိန်းကလေးတစ်ယောက်။ သံယောဇဉ်ပိုသော မိန်းကလေးတစ်ယောက်ဆိုတာကို သူသိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး ငါဘာပြောခဲ့တယ်ဆိုတာကိုရော မင်းတို့က မမေးတော့ဘူးလား'

'ဒါ မေးစရာမှမလိုတာ'

'လိုတာပေါ့ကွ၊ မင်းတို့က အဝေးကနေ ငါ ရုံလေးအနားကပ် လမ်းလျှောက်ပြီး စကားပြောတာပဲသိတာ ဘာစကားပြောတယ်ဆိုတာ ကြားတာမှမဟုတ်တာ'

'ဘာလဲ မင်းက ရုံလေးကို မစွတာအိုဟားမားသမ္မတ ဖြစ်နိုင်မဖြစ်နိုင် သွားမေးတာလား'

စိုးမောင်ထေ့လုံးတွေကို သူ ဘာမှမပြောတော့ဘဲ ပြုံးရုံသာ ပြုံးနေလိုက်သည်။ ထိုအပြုံးကို သူ့အား စိုက်ငေးနေသော နိုးကမြင်သည်။

'ဒါဆိုရင် ရုံလေးကို ဘာပြောခဲ့တာလဲ ခိုင်မင်း'

'ခင်ဗျားကို ကျွန်တော်မချစ်ဘူးလို့ ပြောခဲ့တာ'

နိုးကနဖူးခေါင်းကိုရှုံ့သည်။ စိုးမောင်က စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကိုခါသည်။ စကားဝိုင်းသည် အဓိပ္ပာယ်ရှိရှိ တိတ်ဆိတ်သွား၏။ ခိုင်မင်းက လက်ဖက်ရည်တစ်ငုံကိုသောက်ပြီး အဝေးကိုငေးနေရင်း သူပြောလိုက်သည့် စကားသံဆုံးတော့ ရုံလေး၏ အံ့သြသွားသော မျက်ဝန်းတွေကို ပြန်တွေ့ပြီး ကျေနပ်နေမိသည်။

ယောက်ျားလေးတိုင်းက သူ့ကို ချစ်နေကြသည်ဟု ထင်နေသော မိန်းကလေးတစ်ဦးကို ဒီလိုစကားမျိုး ပြောရတာ အရသာရှိသည်။

'ခိုင်မင်း ငါတို့နဲ့ မင်းက ငယ်ပေါင်းတွေမဟုတ်ဘူး။ ဒီအလုပ်ကို ဝင်ကြတော့မှ တွေ့ကြတာဆိုပေမယ့် ငါတို့ အတူလက်တွဲခဲ့တာ ၂ နှစ်ကျော်ပြီကွာ။ ငါတို့ တစ်ယောက်နဲ့တစ်ယောက် ကူညီကြတယ်။ ဝေဖန်ကြတယ်။ ငြင်းခုန်ကြတယ်။ သတိပေးကြတယ်။ အားပေးကြတယ်။ အခု မင်းလုပ်နေတာတွေက မိသစ်သိသွားရင် ဘာမှမဟုတ်ဘဲ ပြဿနာတစ်ခု ဖြစ်သွားမှာစိုးလို့ပြောနေတာ'

'စိုးမောင် ငါ မင်းတို့ကို ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်ကွာ၊ ရုံလေးက သူ့ကို ယောက်ျားလေးတွေက ပုံစံအမျိုးမျိုးနဲ့ လိုက်ကြတဲ့အပေါ်မှာ သာယာနေတာ။ ယောက်ျားလေးတစ်ယောက်က သူ့ကို ရိုးရိုးပေါင်းရင်တောင်





သူ့ကို ကြိုက်လို့ပဲလို့ သူက ထင်ချင်တာ၊ သူ လမ်းလျှောက်ပုံ စကားပြောပုံ၊ ရယ်မောပုံ သူ့အမူအယာတွေအားလုံးထဲမှာ အဲဒီစိတ်ဓါတ်က ပါလာနေတာ။ အဲဒီတော့ လူ့လောကမှာ သူ့ကို မချစ်တဲ့လူတစ်ယောက်လည်း ရှိသေးတယ်ဆိုတာ သိသွားအောင် ငါလိုက်ပြောတာ ဒါပဲ။ မင်းတို့ ယုံချင်လည်းယုံ မယုံချင်ရင်လည်း ငါမတတ်နိုင်ဘူး'

နိုးက နဖူးကို လက်ဖြင့် ထောက်ထားရင်း ပြောသည်။

'ခိုင်မင်း... နင်ဟာ ငါတို့အုပ်စုထဲမှာ ဉာဏ်အကောင်းဆုံးလူပါ။ ဒါကြောင့်မို့လည်း ငါတို့ကို အုပ်ချုပ်ရတဲ့သူ ဖြစ်နေတာပေါ့။ ငါတို့ အဓိပ္ပာယ်မရှိတဲ့အလုပ်ကို လုပ်မိရင် နင် အမြဲတမ်း ငါတို့ကို ဆုံးမခဲ့တယ်။ နင်ဟာ စိတ်ကူးယဉ်တာကို မကြိုက်ဘူး။ လက်တွေ့ကျတာကိုကြိုက်တယ်။ အခုကျတော့ နင့်စိတ်တွေက ဘာဖြစ်လို့ ပြောင်းလဲသွားတာလဲ။ နင့်မှာ မမသစ်ရှိတယ်။ ဒီရုံလေးဆိုတာက နင့်ကို ဒုက္ခပဲပေးမှာ အချစ်ပေးမှာမဟုတ်ဘူး။ ငါ ပွင့်ပွင့်လင်းလင်းပဲပြောမယ် ရုံလေးက သူ့ကိုလိုက်တဲ့ကောင်တွေကို အရူးလို့ပဲ သဘောထားတာတဲ့၊ နင်တို့ လိုက်ပြီးပြောတဲ့စကားတွေကို အခန်းထဲမှာ ပြန်ပြန်ပြောပြီး ရယ်ကြတယ်တဲ့ကဲ... နင်မရှက်ဘူးလား'

'ဘာလို့ရှက်ရမှာလဲ ငါက သူ့ကို မချစ်ဘူးလို့ ပြောခဲ့တာပဲ'

'တော်ပါတော့ ခိုင်မင်းရာ'

စိုးမောင်က စိတ်ဓာတ်ကျသံနှင့် ပြောရင်း သူတို့ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com



ရုံလေးသည် Computer ရှေ့မှာထိုင်ပြီးသည်အထိ အူကြောင်ကြောင် ဖြစ်၍နေသည်။ သူ့ကို စကားလိုက်ပြောသောသူကို သူ သိသလိုရှိသည်။ သို့သော် ဘယ်မှာသိကြောင်း မမှတ်မိတော့။ ပြောသွားသည့်စကားကလည်း ကြည့်ဦး 'ခင်ဗျားကို ကျွန်တော်မချစ်ဘူးတဲ့' တော်တော်ကြောင်သည့် စကားဖြစ်သည်။ မချစ်ချင်နေပေါ့ ဘာကိစ္စနှင့် သူ့ကို လာပြောနေရသေး သနည်း။

သူ့ပုံစံက လိုက်နှောက်တာ ဘာညာလည်းမဟုတ် ထိုစကားကို လေး လေးနက်နက်အားရပါးရ အရသာရှိရှိ ပြောသွားခြင်းဖြစ်သည်။ သူက ထပ် မေးလို့ ဒုတိယအကြိမ် ပြောတော့မှ ထိုစကားလုံးတွေကို ဝမ်းသာအားရ ပီတိအပြည့်နှင့် ပီပီသသကြီးပြောပြီး လှည့်ထွက်သွားခဲ့သည်။

ရုံလေးသည် အခုမှ ပြန်တွေးရင်း ဒေါသတွေ ဖြစ်လာသည်။

အပြောခံလိုက်ရတုန်းကတော့ ကြောင်နေတာနှင့် ဒေါသဖြစ်ဖို့ သတိ မရလိုက် အခုမှ တွေးလေ ဒေါသဖြစ်လေဖြစ်လာသည်။ 'ဒါ ငါ့ကို တမင်လာစော်ကားသွားတာပဲ'ဟု ထင်လာသည်။ ထိုဒေါသဖြင့် အဲဒီလူ ဘယ်သူလဲဆိုတာကို စဉ်းစားလေလေ စဉ်းစား၍မရလေလေ ဖြစ်နေသည်။

မြင်ဖူးသည် မြင်ဖူးတာမှ သေသေချာချာကို မြင်ဖူးသည်။





Computer တက်တုန်းကလူလား၊ အင်္ဂလိပ်စာတက်တုန်းကလူလား၊ ဒီတာဝါထဲက Company တစ်ခုခုကလူပဲလား၊ ရုံလေးသည် ဒေါသ ကြောင့် နားရွက်ကလေးတွေရဲလာပြီး ချွေးစကလေးတွေ စို့လာသည်။

'ဟိတ်... လက်မြှောက် အပြောခံခဲ့ရတဲ့ ရည်းစားစကားလုံးတွေ အကုန် ထုတ်၊ နှလုံးသားကို အောက်ချလိုက် ဟော့ကောင်ကေသီ သူချထားတဲ့ နှလုံးသားကို သွားသိမ်းလိုက်စမ်း'

ဥမ္မာက လက်ညှိုးနဲ့ လက်မကို သေနတ်ပုံစံလုပ်ချိန်ရင်း စနေကျအတိုင်း စသည်။ ရုံလေးသည် သူငယ်ချင်းများရောက်လာသဖြင့် ရင်ထဲတွင် ဖြစ် နေသော မကျေနပ်စိတ်နှင့် ဒေါသများ တော်တော်လျော့ပါးသွားသည်။

'မင်းက ဂျင်းယန်(န်)ကျတော့လည်း လိုက်သားပဲ။ အေးလေ... လှတဲ့လူ ဆိုတော့ ဂုံနီအိတ်ဖောက်ဝတ်လည်း လိုက်မှာပါပဲ'

'ဟင်... ဒါဆို မင်းတို့ ငါကားပေါ်က ဆင်းလာကတည်းက တွေ့ တာပေါ့'

'အေးပေါ့... ဒီမှာက ကဂျီကကြောင် ဖြူဖြူမောင်က အိမ်က ထမင်းပဲ ပါတယ်။ ဟင်းသွားဝယ်မယ်ဆိုလို့ ဆိုင်မှာသွားဝယ်တာ၊ သူစားချင်တဲ့ ငါးမြင်းက ချက်နေတုန်းမို့ စောင့်နေတုန်း ရုံလေးကားပေါ်က ဆင်းလာ တာ တွေ့သားပဲ၊ ဟိုငတိက ရုံလေးကို လိုက်စကားပြောတာလည်းတွေ့ တယ် ဘာတွေပြောသွားလဲ၊ ဒီတစ်ခါ ပြောတာမြန်တယ်နော့်'

ကေသီ့စကားဆုံးတော့ ရုံလေး ဝမ်းသာသွားသည်။ ဒီလူ့ကို သူငယ် ချင်းတွေက သိနေတယ်ပေါ့။

'ကေသီ ကေသီ... အဲ... အဲဒီကောင်က ဘယ်သူလဲဟင်'

'ဗုဒ္ဓေါ ကိုယ့်ကို ရည်းစားစကားလိုက်ပြောတဲ့လူကို ပြန်မေးနေရသေး လား ရုံလေးရဲ့'

'ငါလည်း အလိုက်ခံရ၊ အပြောခံရတာတွေများတော့ ရောကုန်ပြီဟာ၊ သူ့ကို ငါမြင်ဖူးတယ်။ ဘယ်မှမြင်ဖူးထားမှန်းမသိလို့မေးတာ'

'ဆရာမဂျူးရဲ့ ဝတ္ထုထဲက ဇာတ်ကောင်တွေလိုပဲ အော်လိုက်မယ် 'ဘုရားရေ' သူက မင်းကို စကားတစ်ခွန်းမှမပြောဘဲ ကော်ရစ်တာအထိ လိုက်လာတဲ့ ငတိလေ'



www.burmeseclassic.com

www.burmeseclassic.com



ရုံလေး ဟာထားသောနှုတ်ခမ်းလေးများကို ပြန့်ပင်မစေမိ။ ဟုတ်သားပဲ သူ့ကို ခြံတံခါးဝကတည်းကနေ ကော်ရစ်တာအထိ ဘာစကားမှမပြောဘဲ လိုက်လာတဲ့သူ။

'ဟုတ်ပြီ... ဟုတ်ပြီ... ရုံလေးမှတ်မိပြီ။ ဒါကြောင့် မြင်ဖူးတယ်လို့ ထင်နေတာ အခုမှပဲ ရှင်းသွားတော့တယ်'

'ဒီနေ့ကျတော့လည်း မြန်ပါကလား၊ ဘာတွေပြောသွားလဲ ချစ်တယ် ဆိုတာပဲလား'

ဥမ္မာ့အမေးကို ရုံလေး တော်တော်စဉ်းစားရသည်။

အမှန်အတိုင်းပြောလိုက်လျှင် သူ သိက္ခာကျတော့မည်။ သူပြောမှ ဥမ္မာတို့က သိနိုင်မှာဖြစ်သည့်အတွက် ရည်းစားစကားပြောသည်ဟု ပြော လိုက်လျှင် ဘာပြဿနာမှမရှိ။ ထူးလည်းမထူးဆန်း မယုံစရာလည်းမရှိ ဒါကြောင့် ရုံလေးက ခပ်ပေါ့ပေါ့ပဲ ဖြေသည်။

'ရုံလေးက ဒီလိုပဲ ကြုံနေကျပဲလေ'

'သုံးမိနစ်ပဲစောင့်လို့ မပြောလိုက်ဘူးလား'

ဖြူဖြူမောင့်စကားကြောင့် သူငယ်ချင်းတွေ ခပ်အုပ်အုပ်ရယ်လိုက်ကြ သည်။ ထိုအချိန်မှာပင် သူတို့ M.D ဝင်လာသည်။

'ဒီနေ့ စပါယ်ရုံနဲ့ကေသီ Marketing ကျတယ်၊ လှည်းတန်းနဲ့ အင်း စိန်ဘက်က ဆိုင်တွေ အကုန်ဝင်မယ်၊ စာရင်းကဒ်တွေ လာထုတ်ပါ'

သူတို့ Company က လျှပ်စစ်ပစ္စည်းတွေရောင်းသော ဆိုင်တွေကို ငွေပေးစရာမလိုဘဲ ပစ္စည်းတွေချည်း ချပေးခဲ့ပြီး တစ်လတစ်ကြိမ်ကျမှ ငွေသွားရှင်းရင်း သူတို့လှမ်းမှာထားသော ပစ္စည်းများကို ထပ်ချပေးရသည်။

ကေသီနှင့် ရုံလေးတို့ လက်ဝါးချင်းရိုက်ပြီး လက်သီးချင်း ထုလိုက် ကြသည်။ Marketing ထွက်ရလျှင် သူတို့ အလွန်ပျော်ပါသည်။ ဥမ္မာနှင့် ဖြူဖြူတို့က သူတို့နှစ်ယောက်ကို ဘုကြည့်ကြည့်ကြ၏။

●





## အခန်း (၆)

ခင်မိုးသစ်သည် ဘယ်အရာကိုမဆို အေးဆေးစွာလုပ်တတ်သော မိန်း ကလေးတစ်ယောက်ဖြစ်သည်။ သူ့ဘဝမှာ အရေးတကြီးလုပ်စရာဟူ၍လည်း ဘာမှမရှိ။ မျိုးရိုးစဉ်ဆက်အလိုက် ချမ်းသာသော မိသားစုမှာ မွေးခဲ့ပြီး မောင်နှမနှစ်ဦးတည်းသာရှိသည်။

မွေးချင်းနှစ်ဦးအနက် ခင်မိုးသစ်က အငယ်ဖြစ်ပြီး အစ်ကိုဖြစ်သူက ဂျပန်မှာ အလုပ်သွားလုပ်ရင်း ဂျပန်ရောက် မြန်မာအမျိုးသမီး တစ်ယောက် နှင့်ပင် အိမ်ထောင်ကျပြီး ဂျပန်မှာပင် အခြေစိုက်လိုက်ပြီဖြစ်သည်။

ခင်မိုးသစ်နှင့် နိုင်မင်းတို့သည် တကယ့်ငယ်သူငယ်ချင်းတွေ ဖြစ် ကြသည်။ သူငယ်တန်းတုန်းက တစ်ခန်းတည်းကျသည်။ နောက်နှစ်တွေ မှာ အခန်းတူလိုက်ကွဲလိုက်ရှိသော်လည်း ကျောင်းကတော့ အတူတူပင် ဖြစ်သည်။ ဆယ်တန်းအောင်ကြတော့ မေဂျာတွေကွဲသွားသော်လည်း ရန်ကုန် တက္ကသိုလ်ထဲမှာတော့ အချိန်က အတူတူဖြစ်နေသည်။

တတိယနှစ်အရောက်မှာ သူတို့ကို ပေးစားတော့မည်ဟု လူကြီးချင်း ကတိထားပြီး သူတို့ကိုလည်း ဖွင့်ပြောထားပြီးပြီ။ သူတို့နှစ်ယောက်စလုံး အသက်က ၂၅ နှစ်စီရှိပြီး နိုင်မင်းက ၂ လကြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘူတို့နှစ်ယောက်သည် သူငယ်ချင်းအနှစ် ၂၀ လုပ်ပြီး ရည်းစားသက်တမ်းမရှိပဲ တန်းအိမ်ထောင်ကျရသလိုမျိုး ဖြစ်နေသည်။ ၁၀ တန်းအောင်ပြီး၍ တက္ကသိုလ်စတက်သောကာလကို ချစ်သူကာလဟု ယူလျှင်တော့ရသည်။ သို့သော် အနေအထိုင် အသွားအလာက ဘာမှထူးခြားမှုမရှိ အရင်အတိုင်းပဲ ဖြစ်နေသည်။

ဒါကိုလည်း ခင်မိုးသစ် ရင်ထဲမှာ ဘာမှမရှိ။

အခုတော့ မိသစ်ရင်ထဲမှာ ရှိနေပြီဖြစ်သည်။ လက်ထပ်ကြဖို့က လပိုင်းပဲလိုတော့သည်။ ရက်လည်းရွေးပြီးနေပြီ ဒီလိုအချိန်မျိုးမှာတော့ ခိုင်မင်းသည် သူ့ကို ဂရုစိုက်သင့်ပြီ၊ အလေးထားသင့်ပြီ၊ အိမ်ထောင်ရေးနှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးသင့်ပြီဟု သူထင်သည်။

'state ကျောင်းသားဘဝကတည်းက သူ အေးစက်စက်ထုံပေပေနေတတ်တာကို ငါသိပါတယ်။ ဘယ်သူက ဘာပြောပြော သူလုပ်ချင်တာကိုလုပ်တတ်တဲ့အကျင့် သူ့မှာရှိတယ် ငယ်ငယ်ရဲ့၊ ပြီးတော့ သူက နေတာထိုင်တာ ရိုးတယ်၊ ငါကလည်း စိတ်ကောက်တာတို့၊ မျက်ရည်ကျတာတို့ မလုပ်တတ်တော့ ငါတို့ သမီးရည်းစားဘဝဆိုပါတော့ဟာ အဲဒီမှာလည်း သူငယ်ချင်းဘဝနဲ့ အတူတူပါပဲ'

'မင်းတို့ဇာတ်လမ်းကြီးကလည်း အူလည်လည်ကြီးဟာ၊ အခု လက်ထပ်ဖို့က နှစ်လလောက်ပဲလိုတော့တာဆိုတော့ မိသစ်ဘက်က တစ်ခုခုတော့ တောင်းဆိုသင့်ပြီလို့ ငယ်တော့ထင်တာပဲ။ ပြီးတော့ မင်းလည်း သူနဲ့ သိပ်ခပ်ခွာခွာကြီး မနေသင့်ဘူး။ ဒီခေတ်မိန်းကလေးတွေက မလွယ်ဘူး။ မီးဝေးရင် ချိပ်အေးတယ်တဲ့'

'ကိုယ့်ရွှေဆိုင်ကလည်း အပ်ထားလို့ရတဲ့ လူခွဲမှမရှိတာ'

'သူတို့အလုပ်က ငါးရက်ဆင်းတစ်ရက်နားဆိုတော့ အဲဒီနားတဲ့နေ့ သူ့ကို မင်းဆိုင်ကို ခေါ်ထားကွာ'

'အမလေး ခေါ်ပြီးပြီရှင် ခေါ်ပြီးပြီ ကိုယ်တော်က စာအုပ်ကလေးနဲ့ကြွလာပြီး စာဖတ်တယ်၊ ထမင်းစားချိန်ကျတော့ စားသောက်ခန်းဘက်သွားပြီး ခေါင်းသုပ်နဲ့ ထမင်းစားတယ်၊ လက်ဖက်ရည်မှာသောက်တယ်၊ ပြီးတော့ စာအုပ်ပြန်ဖတ်တယ်၊ ပြီးတော့ ပြောသွားသေးတယ်။ 'မင်းတို့ ရွှေရောင်း





ရတာ ပျင်းစရာကြီးကွာတဲ့၊ ဝယ်တဲ့လူလည်းမရှိဘူး'တဲ့၊ နောက်အပတ်ခေါ်တော့ ပျင်းလို့တဲ့ မလာတော့ဘူး'

မိသစ် မျက်နှာမကောင်းပါ။

ကိုယ်ပိုင်ဆိုင်ရမည့်သူဆိုတော့ ကိုယ့်ကို ဂရုစိုက်စေချင်ပါပြီ။ ယုယုယယနေစေချင်ပါပြီ။ ပျော်ပျော်ရွှင်ရွှင်ရှိစေချင်ပါပြီ။ အိမ်ထောင်ရေးအတွက် အချက်အလက်ကလေးတွေပြောကြ၊ ဆိုကြ၊ စီစဉ်ကြနှင့် နှစ်ဦးသား ဆွေးနွေးသင့်ပါပြီ။ အခုတော့ ခိုင်မင်းသည် သူ့ထံသို့လည်းမလာ phone လည်းမဆက်၊ သူ့အတွက် အေးစက်လွန်းနေသည်။

'သူ့မှာ မင်းအပြင် အခြားသံယောဇဉ်ရှိရမယ့်သူများ ရှိနေမလား'

'အဲဒီလိုတော့ မဟုတ်နိုင်ဘူးထင်ပါတယ် ငယ်ရယ်'

မိသစ်ပြောသောအသံတွင် အားရှိသောအသံမပါဘဲ စိတ်ဓာတ်ကျသံသာပါပါသည်။

'ငယ် အကောင်းဆုံးအကြံတစ်ခုတော့ ပေးမယ်မိသစ်ရာ၊ အဲဒီအကြံမပေးခင် မိသစ်ကို မေးစရာရှိတယ်။ မိသစ်က ကိုခိုင်မင်းကို ချစ်သလားလို့မေးဖူးသလား'

မိသစ် တွေပြီးစဉ်းစားသည်။

ပြီးတော့... ခေါင်းကိုခါ၏။

'အဲဒါဆိုရင် မင်း ကိုခိုင်မင်းကို အဲဒီမေးခွန်းကို မေးရမယ်၊ အဲဒီအဖြေဟာ အရေးကြီးတယ်။ ပြီးတော့ မင်းမေမေကို ဒီအကြောင်း အရိပ်အမြွက်ပြောပြပြီးတော့ ရွှေဆိုင် ခဏထိုင်ခိုင်းပြီး မင်း ကိုခိုင်မင်းရဲ့ အနားမှာရှိဖို့ လိုနေပြီ သူငယ်ချင်း'

'အေးကွာ... ကိုယ်လည်း အကောင်းဆုံးနည်းလမ်းတစ်ခုကိုတော့ ရွေးရတော့မှာပဲ၊ ဒီကိစ္စက အရေးကြီးသွားပြီ။ အရင်တုန်းကတော့ ထားလိုက်တော့ လက်ထပ်တော့မယ့်အချိန်မှာတော့ သူဟာ ငါ့ကို တန်ဖိုးထားတဲ့လူတစ်ယောက် ဖြစ်နေစေချင်တာပါပဲ။ ငါလိုချင်တာ ဒီလောက်ပါပဲ'

■



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ကလေးထဲတွင် love song သီချင်းသံတိုးတိုးကလေးဖွင့်ထားသည်။ ခိုင်မင်းတို့အုပ်စု ထမင်းစားပြီး လက်ဖက်ရည်သောက်နေကြခြင်းဖြစ်သည်။ ဒီနေ့ ကားအစင်း ၃၀ မှာ ၈ စင်းသာ အတွက်စာရင်းရှိသဖြင့် အေးအေးနပ်နေ၍ရသောနေ့ဖြစ်သည်။

ထိုစဉ် ဆိုင်ထဲသို့ ဆူဆူညံညံတစ်အုပ်ဝင်လာသည်။

'ဟဲ့... ဟဲ့... ဒီမှာ ထိုင်ခုံတစ်လုံးယူပေးဦး'

'အသားပေါင်းကျန်သေးလားဟင်'

'ကုန်သွားပြီအစ်မ'

'ပေါက်စီရော... ပေါက်စီ'

'ပဲပေါက်စီပဲရတော့မယ် အစ်မ'

'အမလေး ဒုက္ခပါပဲ အဲဒါကြောင့် နင်တို့ကို ငါပြောတယ် စောစောစောစောလို့ အခုကြည့် နာရီဝက်လောက်နောက်ကျတာနဲ့ နန်းကြီးသုတ်ရော ရရဲ့လား'

'ရတယ်အစ်မ'

'အေး... ဒါဆို တစ်ပွဲပေး၊ ရှောက်သီးအချဉ်နဲ့ပဲ သုတ်ပေးလို့ပြောနော်'

'ငါ့ကို ပေါင်မုန့်ကြက်ဥကြော်တစ်ပွဲနဲ့ ချိုစိမ့်တစ်ခွက်'





'တို့ကို ပဲပလာတာပေး'

ခိုင်မင်းတို့အုပ်စု တော်တော် အာရုံနောက်သွားသည်။

ငြိမ်ငြိမ်တိတ်တိတ်ကလေး နားထောင်နေသော love song ကလေးလည်း ဘယ်ရောက်သွားမှန်းမသိတော့။ ခိုင်မင်း ရေနွေးကောက်ငှဲ့တော့ ရေနွေးက မရှိတော့။

'ဟေ့... ညီလေး ရေနွေးပေးကွာ'

'လာပြီဆရာ'

ခိုင်မင်း ရေနွေးတောင်းသံကြောင့် အဆူညံဆုံးအုပ်စုက လှည့်ကြည့်သည်။ စားပွဲက ကပ်လျက်မို့ ဘာရယ်မဟုတ် အသံလာရာ ကြည့်ကြသည့်သဘောသာ ဖြစ်ပါသည်။

'ဟယ်... ကံထူးရှင်ပါလားဟဲ့'

တစ်ယောက်ကပြောသည်။

'အဲဒါကြောင့် ငါပြောသားပဲ ရုံလေးကိုပါအောင် ခေါ်ပါလို့ ရုံလေးပါရင်ပြီးပြီ။'

နောက်တစ်ယောက်က မကျေမနပ်အသံဖြင့် ခိုင်မင်းကို ကြည့်ရင်းပြောသည်။

'ခေါ်တာပဲဟာ ဟိုဘက်ဆက်ရှင်က များများမမတွေနဲ့ စကားကောင်းနေတော့ သူက ဘယ်လိုက်တော့မှာလဲ'

သူတို့ပြောနေသည့် စကားများကို ခိုင်မင်း တို့ခုံက သဲသဲကွဲကွဲပင်ကြားရပါသည်။

'အဲဒါ ရုံလေးနဲ့တွဲတဲ့ သူငယ်ချင်းသုံးယောက်ပဲ'

နီးက လေသံကိုနှိမ့်၍ သူတို့ကိုပြောသည်။ ခိုင်မင်းက သူ့ကို ဖွဲ့ထားသော သုံးယောက်ကို ဝင်လာကတည်းက သိပါသည်။

'ဟေ့... ကံထူးရှင် မုန့်ဝယ်ကျွေးဖို့ အစီအစဉ်မရှိဘူးလား'

'ဗျာ... '

'တအံ့တသြတွေဘာတွေလုပ်ပြီး မသိချင်ယောင်တွေ ဘာတွေဆောင်မနေနဲ့ ဟိုတစ်နေ့ကလို လိုက်တာကောင်းတာပေါ့၊ ဒီလိုပဲ ဖြစ်သင့်တယ်၊ ကော်ရစ်တာမှာ လိုက်တာကြီးကတော့ ရုပ်ပျက်လွန်းလို့ ဝင်ပြောပေးရတာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဆိုးနဲ့၊ တို့က ခင်တတ်တယ် အဲဒီနေ့က ရုံလေးက စကားပြန်ပြောတာတွေ့တယ်။ ရုံလေးက သူ့ကိုလိုက်တဲ့လူကို စကားပြန်ပြောခဲ့တယ်။ ရှင့်နာမည်ကိုလည်း မသိတော့ ကံထူးရှင်လို့ပဲ ခေါ်ထားတယ်၊ ကြိုက်တယ်မဟုတ်လား'

'ရပါတယ် ကြိုက်သလိုသာခေါ်ပါ'

'နာမည်အရင်းသိရတော့ ပိုကောင်းတာပေါ့'

ခိုင်မင်းက ဘာမှမပြောဘဲ ရယ်နေလိုက်သည်။

ထိုအချိန်တွင် စားစရာများရောက်လာသဖြင့် စကားစပြတ်သွား၏။ ခိုင်မင်းတို့ဆီကိုလည်း ရေခွေးအိုးရောက်လာသည်။ ခိုင်မင်း ရေနွေးငှဲ့နေတုန်း စိုးမောင်က မကျေမနပ်ဖြင့် ပြောသည်။

'ခိုင်မင်း မင်းပြောတော့ မချစ်ဘူးလို့ ပြောခဲ့တာဆို။ အခု သူတို့က အခြေအနေကောင်းတယ်လို့တောင် ပြောနေပါလား'

'ငါ အဲဒီအတိုင်းပဲ ပြောတာပါ။ ဒီတော့ သူက ကြောင်ပြီး ငါ့ကို 'ရှင်ဘာပြောတာလဲ'လို့ မေးတယ်၊ ငါက အဲဒီစကားကိုပဲ ပြောပြီး ထွက်လာတာပဲ အဲဒီကို သူတို့လည်း မင်းတို့လိုပဲ အဝေးကမြင်ပြီး ပြောတာနေမှာပေါ့'

'သူတို့က ရုံလေးကို မမေးဘဲနေမလားကွ'

'အေးလေ... မေးမှာပေါ့၊ ရုံလေးက သူတို့နဲ့ တစ်ဖွဲ့တည်း တစ်တွဲတည်းဟာ ခိုင်မင်း ဒီတစ်ခါတော့ နင်ညာတယ်ဟာ'

ခိုင်မင်း နိုးကို ဘာမှပြန်မပြောဘဲ ရေနွေးကြမ်းကိုသာ မှုတ်ပြီး သောက်နေသည်။ နိုးသည် ခိုင်မင်း၏ ပုံစံအေးစက်စက်ကိုကြည့်ပြီး ကျောကုန်းကို အားရပါးရ လေးငါးဆယ်ချက်လောက် ထုပစ်လိုက်ချင်သည်။ ရေနွေးကြမ်းကို အေးအေးဆေးဆေးသောက်ပြီးတော့မှ ခိုင်မင်းက ပြောသည်။

'ငါမညာပါဘူး ရုံလေးက ညာတာနေမှာပေါ့။ ငါပြောတဲ့စကားတိုင်း ပြန်မပြောဘဲ ရည်းစားစကားပြောတယ်လို့ပဲ ပြောတာနေမှာပေါ့'

'ခိုင်မင်း မင်းဆင်လုံးတွေက ကလေးကလားနိုင်တယ်ကွာ။ မင်းကို ငါတို့က ရုံကလေးကို မလိုက်ရဘူးလို့ မပြောဘူး၊ လိုက်။ အေး... မင်းလိုက်လည်း ရုံလေးက မင်းလောက်ကို ပြန်မကြိုက်ဘူးဆိုတာကို ငါတို့ သိပြီး





သား။ ဒါပေမယ့် မိသစ်က ရှိနေတယ်။ ဒီတာဝါမှာက Company တွေ အများကြီး မိသစ်ကို ငါတို့ လေးယောက်ပဲသိတယ်ဆိုတာ ကျိန်းသေ့ရဲ့လား။ မိသစ်ကို ငါတို့အပြင် သိနေတဲ့လူတစ်ယောက်သာရှိရင် မင်းလုပ်ပုံက လူကြီးတွေပါ မျက်နှာပျက်ရမယ့် ကိန်းကွ'

ခိုင်မင်း တော်တော်စိတ်ပျက်သွားသည့် အမူအယာနှင့် နားရွက်ကို ကုတ်သည်။

'စိုးမောင် မင်းတို့ ဘာဖြစ်လို့ ဒီလောက်စိတ်ဝင်စားနေရတာလဲ'

'နင့်ကို ခင်လို့ သံယောဇဉ်ရှိလို့ပေါ့ဟဲ့'

ခိုင်မင်းက ခေါင်းကို တဆတ်ဆတ်ညိတ်သည်။ ပြီးတော့ စားပွဲထိုးကလေးကိုခေါ်ပြီး စာရွက်တစ်ရွက်တောင်းသည်။ စားပွဲထိုးကလေးက စာရွက်တင်မဟုတ် စာအုပ်တစ်အုပ်လုံး ယူလာပေးသည်။

'စားပြီးကြပြီလား'

ခိုင်မင်းက သုံးယောက်ထဲမှာ အအေးဆုံးဟု သူထင်သော ဖြူဖြူမောင့်ကို လှမ်းမေးတော့ ခေါင်းပြန်ညိတ်ပြတာကို တွေ့သည်။

'ကျွန်တော့်ကို အကူအညီလေးတစ်ခုလောက် ပေးမလား'

'ဘာအကူအညီပေးရမှာလဲ၊ ကူညီဖို့ဆိုရင် တို့က ဝါသနာပါတယ်နော်'

'ရုံလေးကို စာလေးတစ်စောင်လောက် ပေးချင်လို့'

'ဟော့ကောင် ခိုင်မင်း'

'စိုးမောင် မင်းအသာနေစမ်း'

'အကူညီဆိုတာ တစ်ဖက်သတ်ကြီး မကောင်းဘူးလေ။ အပြန်အလှန်ပေါ့ ဒီမှာစားထားတာတွေ ရှင်းရင်ကူညီမယ်'

'အို... ရတာပေါ့၊ ခဏလေးစောင့်'

ခိုင်မင်းက သူ့ကျောပိုးအိတ်ကလေးထဲက အနီရောင် solf pen ကို ထုတ်သည်။ ပြီးတော့ စိုးမောင်ရော နိုးပါမြင်အောင် စာလုံးကြီးကြီးနှင့် ရေးလိုက်သည်။

**ခင်ဗျားကို ကျွန်တော်မချစ်ဘူး**

'ဒါဆိုရင်တော့ မင်းတို့ ယုံလောက်ပြီထင်ပါတယ်၊ ဟုတ်ပြီလား'



www.burmeseclassic.com

www.burmeseclassic.com



'မင်းပြဿနာမရှာပါနဲ့ နိုင်မင်းရာ၊ ငါတို့ယုံပြီပဲ သဘောထားလိုက်ပါ'

'မရတော့ဘူးလေ ငါက ပြောပြီးသွားပြီ။ ကြီးဒေါ်တို့ ဘာထပ်စားကြဦးမလဲ၊ တော်ပြီလား'

'တော်ပြီ... ကျေနပ်ပြီ၊ ရေးလေ... စာကို'

'ရေးပြီးသွားပြီ'

'ဟင်... မြန်လှချည်လား'

'ဒီခေတ်က အနုမြူခေတ်ဗျ၊ မမြန်ရင်ခံသွားရလိမ့်မယ်။ ကတိတစ်ခုတော့ တောင်းချင်တယ်'

'ပြော... ဘာကတိလဲ'

'စာကို လမ်းမှာဖွင့်မဖတ်ပါနဲ့၊ သူဖတ်ပြီးတော့မှ ယူဖတ်ပါ။ ဒီစာကို ရုံလေးအရင်ဖတ်စေချင်တယ်'

'Ok ရတယ်၊ ပေးစာ... '

နိုင်မင်းက စာရွက်ကို တြိဂံပုံလေးဖြစ်အောင် ချိုး၍ပေးလိုက်သည်။ အဆူညံဆုံးအုပ်စုသည် ဆူဆူညံညံပင် ထွက်သွားကြလေသည်။

'နင့်ကိုတော့ ငါတို့ နားမလည်နိုင်တော့ပါဘူး နိုင်မင်းရယ်'

■





'လူအမျိုးမျိုး ပုံစံအမျိုးမျိုးပါပဲ အစ်မရယ်၊ တချို့ကျတော့လည်း ယဉ်ယဉ်ကျေးကျေးပြောရှာပါတယ်၊ သူခံစားရတဲ့ ခံစားချက်တွေကိုပေါ့၊ ပြောပြီးလို့ ကုန်သွားတော့ ဆက်မလိုက်တော့ဘဲ လှည့်ပြန်သွားတာပဲ၊ တချို့ကျတော့လည်း နည်းနည်းကြမ်းတယ်။ အဲဒီလို လူမျိုးကြတော့ ကိုယ်က အရင်ဖိပြီးဟောက်ထားရတယ် မလွယ်ဘူး မမ'

ရုံလေးက စိတ်ပျက်လက်ပျက်အမူအယာဖြင့် ပြောသည်။ ရုံလေးနှင့် စကားပြောနေသူတွေက ဟိုဘက်အိမ်သုတ်ဆေး Company က မမတွေဖြစ်သည်။ စကားပြောသည်ဆိုခြင်းထက် ရုံလေးကို ရည်းစားစကားလိုက်ပြောကြသော ကိစ္စကို Interview နေကြခြင်း ဖြစ်သည်ဆိုလျှင် ပိုမှန်မည်ဖြစ်သည်။

'စ,စခြင်းအလိုက်ခံရတုန်းက ဘယ်လိုနေလဲဟင်'

'အမလေး အဲဒီအကြောင်းတော့ မပြောပါနဲ့တော့ မမရယ်၊ ခြေဖျားလက်ဖျားတွေ အေး၊ ဒူးတွေလည်း တုန်၊ ချွေးတွေလည်း ထွက်၊ အားအရမ်းငယ်ပြီး အရမ်းကြောက်သွားတာ။ လိုက်တဲ့ကောင်လေးက ရုံလေးတို့ရုပ်ကွက်ထဲကပါပဲ'

'အဲဒီတော့ ရုံလေးက ဘယ်လိုလုပ်လိုက်လဲ'



www.burmeseclassic.com

www.burmeseclassic.com



'သူပြောတာတွေလည်း တစ်ခွန်းမှ မကြားပါဘူး မမရယ်၊ ကိုယ်က မွှန်ထူနေတာကိုး။ နောက်ဆုံးမှာ ရုက်စိတ်နဲ့ ကြောက်စိတ်က အမြင့်ဆုံးကို ရောက်လာတော့ သည်းမခံနိုင်တော့ဘဲ နင်ဘယ်လိုဖြစ်နေလဲ ငါပါးရိုက်လိုက်ရမလားလို့ ကြောက်ကြောက်နဲ့ လှည့်အော်တော့ မောင်မင်းကြီးသားက မျက်စေ့ပျက်မျက်နှာပျက်နဲ့ ကြောက်လန့်ပြီး ထွက်ပြေးရော မမရဲ့၊ အဲဒီမှာ ရုံလေးဘဝ ဘာသင်ခန်းစာရလိုက်လည်းဆိုတော့ သူတို့လည်း ရုံလေးကို ကြောက်ကြောက်နဲ့ လိုက်နေတယ်ဆိုတာပဲ'

'ဒါဆို ပထမဦးဆုံးအလိုက်ခံရတာနဲ့ နောက်ပိုင်းအလိုက်ခံရတာတွေမှာ ခံစားချက်တွေ မတူဘူးပေါ့'

'ဒါပေါ့ မမရဲ့ ဘယ်တူတော့မလဲ၊ အခုလို ပါးပါးကလေး ရှောင်တတ်တိမ်းတတ်၊ လိုအပ်တဲ့အချိန်မှာ ဟောက်တတ်ဟိန်းတတ်အောင်က သူတို့ကပဲ သင်ပေးသွားတာလေ'

ရုံလေးစကားကို နားထောင်နေကြသော မမကြီးများက ခေါင်းညိတ်ကြသည်။

'လှလွန်းတော့ ယောက်ျားလေးသူငယ်ချင်း ရှားပါတယ် မမရဲ့၊ ခင်ခင်မင်မင်ပေါင်းပြီး တစ်လလောက်ကြာရင် ရည်းစားစကားပြောရော၊ အဲဒီလိုချည်းပဲ ဖြစ်ဖြစ်နေတော့ ယောက်ျားလေးသူငယ်ချင်းလည်း မထားရဲတော့ဘူး။ ယောက်ျားလေးတွေက မလွယ်ပါဘူး မမရယ်၊ လမ်းမှာတွေ့လို့ ပြုံးပြရင်တောင်မှ ရုံလေးက သူတို့ကို အထာပေးတယ်လို့ ထင်ချင်တာ'

ထိုအချိန်မှာပင် အခန်းထဲသို့ ဥမ္မာတို့အုပ်စု ဝင်လာသည်။

'ဟိတ် လက်မြှောက်၊ အပေးခံထားရတဲ့ ရည်းစားစာတွေ အငုံ့နှံ ထုတ် နှလုံးသားကို အောက်ချထားလိုက်'

ရုံလေးက လျှာကိုထုတ်ပြီး 'ဖလူး' 'ဖလူး' လုပ်ရင်း ပြောင်ပြသည်။

'ပြောင်နေနဲ့ ဆရာမ၊ မင်းအတွက် စာတစ်စောင် လူကြုံပါးတာ ခံခဲ့ရတယ်'

'စာ... ဘယ်သူကပေးတာလဲ'

'ကံထူးရှင်ပေါ့ကွ၊ မနေ့က မင်းကိုလိုက်တဲ့ကောင်လေ၊ canteen





မှာ သွားတော့တော့ သူက စာတစ်စောင်လက်ဆောင်ပါးပါရစေဆိုလို့ တို့ဝိုင်းကိုရှင်းခိုင်းပြီး စာယူလာတာရော'

'သြော်... နင်တို့က ငါ့ကို မနက်ခင်းစာနဲ့ လုပ်စားသွားပြီပေါ့လေ'

'ဒါကတော့ ကံကြမ္မာအတိုင်း ဖြစ်တာပါပဲ။ သူက ငါတို့ကို လမ်းမှာ ဖွင့်မဖတ်နဲ့တဲ့။ မင်းဖတ်ပြီးမှ ငါတို့ကို ဖတ်ရမယ်တဲ့၊၊ ကဲ... အဲဒီတော့ မင်းစဖတ်ပေတော့'

ရုံလေးက စာရွက်ခေါက်လေးကို ဖြည်သည်။ ရုံလေးလက်ထဲကစာကို မမတွေရော ဥမ္မာတို့အုပ်စုပါ စိတ်ဝင်စားစွာ ဝိုင်းကြည့်နေကြသည်။ စာရွက်ဖြည်ပြီးကြည့်လိုက်တော့ စာက တစ်ကြောင်းတည်း။

'ဟယ်... '

ဥမ္မာတို့တစ်ဖွဲ့လုံး သံပြိုင်အံ့သြသွားကြသည်။

မမကြီးတွေလည်း အနားကပ်ဖတ်စရာမလိုပါ။ solf pen ဖြင့် စကားလုံးကြီးကြီးရေးထားသည့်အတွက် အဝေးကကြည့်လျှင်ပင် မြင်နိုင်ပါသည်။

'ခင်ဗျားကို ကျွန်တော်မချစ်ဘူးတဲ့။ တော်သေးတာပေါ့ ညီမရယ် ညီမကို မချစ်တဲ့လူတွေဘာတွေလည်း ရှိသေးလို့။ နို့မို့ဆိုသေရောပေါ့ အဲဒီလူကို ကျေးဇူးတင်သင့်တယ်။ ကဲ... မမတို့လည်း သွားမယ်နော် ရောက်တာကြာနေပြီ။'

မမကြီးသုံးယောက်အုပ်စုထွက်သွားတော့ အခန်းသည် တိတ်ဆိတ်ပြီး ကျန်ရစ်ခဲ့သည်။ ရုံလေးရင်မှာ နိမ့်ချည်မြင့်ချည်ဖြင့် ဒေါသကြောင့် မြန်သောရင်ခုန်သံကို အမီလိုက်နေရသည်။ ထိုစဉ် phone သံမြည်ရာ အားလုံး လန့်သွားကြ၏။ ဖြူဖြူက ကိုင်သည်။ ဆောက်လုပ်ရေးတစ်ခုမှ အိမ်သုတ်ဆေးစုံစမ်းခြင်းဖြစ်သည်။ ဖြူဖြူက ဆေးအမျိုးအစားနှင့် ဈေးနှုန်းတွေကို ရွတ်ပြနေသည်။

'အဲဒီစာကို သူ ဘယ်မှာပေးတာလဲ ဥမ္မာ'

'canteen ထဲမှာ'

'သူတစ်ယောက်တည်းလား'

'မဟုတ်ဘူး' သူ့သူငယ်ချင်းနှစ်ယောက်ပါတယ်၊ တစ်ယောက်က ကောင်မလေး'



www.burmeseclassic.com

www.burmeseclassic.com



ရုံလေးသည်စာကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် စုတ်ဖြဲပစ်လိုက်သည်။

'မင်းဘာမှစိတ်မဆိုးနဲ့ ရုံလေး၊ မင်းကို သူ ပထမဦးဆုံး ဘာစကားမှမပြောဘဲ လိုက်တယ်၊ ဒုတိယ မင်းဂျင်းပန်(န်)ဝတ်တဲ့နေ့က လိုက်တယ် ငါတို့မေးတော့ မင်းက ဒီလိုပါပဲလို့ဖြေတယ်။ မင်းသူ့ကို စကားပြန်ပြောတာလည်းတွေ့တော့ သူပေးတဲ့စာကို ငါတို့ယူလာတာ'

'ငါ့စိတ်ထင်တာတော့ သူ့သူငယ်ချင်းတွေရှေ့မှာ ငါတို့ဝင်ထိုင်တော့ မင်းကို မချစ်ဘူးလို့ရေးရဲမရေးရဲပြောကြရင်းနဲ့ ရေးရဲတယ်ဆိုပြီး ရေးလိုက်တဲ့စာပါကွာ စိတ်ထဲမှာထားမနေပါနဲ့'

'မဟုတ်ဘူး ကေသီ၊ သူငါ့ကို စကားလိုက်ပြောတဲ့နေ့တုန်းက သူငါ့ကို အဲဒီစကားပဲပြောခဲ့တာ၊ 'ခင်ဗျားကို ကျွန်တော်မချစ်ဘူး'တဲ့ အဲဒီစကားကိုပဲ ရုံ့ကို ပြောသွားတာ'

စကားစပြတ်သွားသည်။ ဖြူဖြူက အိမ်သုတ်ဈေးနှုန်းတွေကိုပြောပြီး phone ကိုချရင်း ဝိုင်းထဲဝင်လာသည်။

'မင်းတို့ပြောတာတွေ ဖြူအကုန်ကြားတယ်၊ အဲဒါ ဒီကောင်ဘာလုပ်တာလဲသိလား'

'ရူးထတာနေမှာပေါ့'

ရုံလေးက ဒေါသဖြင့်ပြောသည်။

'မဟုတ်ဘူး၊ မင်း သူ့ကို စိတ်ဝင်စားလာအောင် ဆန့်ကျင်ဘက်နည်းနဲ့ ဝင်လာတာ၊ ဖြူဖွတ်နေတဲ့ စက္ကူတစ်ရွက်ပေါ်မှာ ကျသွားတဲ့ အနက်ရောင်မှင်စက်ဟာ ပိုထင်ရှားသလိုပေါ့၊ ယောကျ်ားလေးတိုင်းက မင်းကို ချစ်တယ်လို့ပြောတဲ့အချိန်မှာ သူက အနက်ရောင်အစက်ကလေးလုပ်ပြီး မင်းကို မချစ်ဘူးလို့လာပြောတာ'

'အေး... ဟုတ်တယ်၊ ဖြူပြောတာဖြစ်နိုင်တယ်၊ ကဲ... အခုပဲကြည့်လေ သူ့အကြောင်းကို တို့ပြောနေရပြီ ရုံလည်း ဒေါသဖြစ်နေရပြီ၊ အရင်လူတွေတုန်းက ဟီးဟီးဟားဟားနဲ့ ပြီးတာပဲ၊ အဲဒီတော့ သူဘာလုပ်လုပ် တို့ဘက်က မတုန်လှုပ်ရင်ပြီးတာပဲ'

ကေသီက ဖြူ့ကို ထောက်ခံရင်း ရုံလေးကို အားပေးသည်။ ဥမ္မာက...





'အလကား စတန့်ထွင်တာပါကွာ... ခံစားမနေနဲ့ မေ့ထားလိုက်'

ဒီတော့မှ ရုံလေးလည်း စိတ်သက်သာရာရသွားသည်။ သမားရိုးကျမဟုတ်ဘဲ ပုံစံခပ်ဆန်းဆန်းတွေနှင့် သူ့ကိုလိုက်တာ ခံခဲ့ရပေါင်းများပါပြီ။ သူသည် ထိုလူမျိုးတွေထဲက တစ်ယောက်သာဖြစ်ရမည်။

'ဥမ္မာပြောသလို အလောင်းအစားလုပ်တာလည်း ဖြစ်နိုင်တယ်၊ ဒါမျိုးက ရုံလေးကြုံနေကျပဲ၊ ရုံလေးကို လိုက်ရဲရင် တစ်ဝိုင်းကျွေးရမယ်တို့ ဘာတို့လေ ပြီးတော့ တစ်ကိုယ်လုံး ဆေးမှင်ကြောင်တွေထိုးပြီး စွပ်ကျယ်အကျႌနဲ့ ဂျင်းဘောင်းဘီအစုတ်ကိုဝတ်ပြီး လိုက်တာလည်း ခံခဲ့ရဘူးတယ်၊ ဒီကောင်က တစ်မျိုးပေါ့လေ'

'သူလည်း တစ်ဝိုင်းစာပဲနေမှာပေါ့'

ဥမ္မာ့စကားကြောင့် အားလုံး ရယ်လိုက်ကြသည်။

'ရုံလေး ခုနက မင်းတို့ကို စိတ်ဆိုးမိတာ တောင်းပန်ပါတယ်ကွာ'

'ရပါတယ်ကွာ သွေးဆူသွားတော့ ဒီကောင့်ထောင်ချောက်ထဲကို ရုံလေး ကျသွားတာပေါ့'

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ရှေ့ဆုံးမှ လှိုင်းကလေးသည် နောက်က လှိုင်းကလေးမမီအောင် အတင်းထွက်ပြေးနေသည်။ နောက်ဘက်က လှိုင်းကလေးကလည်း အတင်းမီအောင်လိုက်နေ၏။ ကမ်းစပ်နားသို့ရောက်တော့ ရှေ့ကလှိုင်းကလေးပျောက်သွားသည်။ နောက်ကလှိုင်းကလေးကလည်း မထူးတော့ပြီမို့ ကမ်းစပ်ထဲသို့ ခုန်ဝင်လိုက်သည်။

ဒီလိုလိုက်တန်းပြေးတန်း ကစားနေသော လှိုင်းတွေနှင့် အင်းလျားကန်ရေပြင်သည် လှုပ၍နေသည်။ ညနေခင်းနေရောင်သည် အင်းလျားကန်ရေပြင်ကို ညင်သာစွာမှေးတင်ထားသည်။

'နင်က ငါ့ကိုရက်စက်တာမဟုတ်ဘူး။ ခိုင်မင်းအေးစက်နေတာ၊ နင်ငါနဲ့ပါတ်သက်တဲ့ ဘာကိစ္စကိုမှ စိတ်မဝင်စားဘူး။ စိတ်လည်းမပူဘူး။ နင်နဲ့ငါ့ကို အိမ်က ပေးစားမယ်ဆိုတာကို နှစ်ဦးသဘောတူပြီးကတည်းက ချစ်သူတွေဖြစ်သွားကြပြီ၊ ဒါပေမယ့် နင့်ဆက်ဆံရေးက ဘာမှထူးခြားမလာခဲ့ဘူး'

မိသစ်ပြောရင်းက အသံတွေတုန်ယင်လာသည်။ မျက်ရည်လည်း ဝဲ၍လာ၏။ ပြောစတုန်းကတော့ သူ့ကိုယ်သူ ငိုမိလိမ့်မည်ဟု မထင်ပါ။ သို့သော် ပြောရင်းပြောရင်းနှင့် မျက်ရည်က ဘယ်ကရောက်လာမှန်းမသိရောက်လာသည်။ ဒီတော့ ငိုဖြစ်သွား၏။





မိသစ်ငိုတာကိုတွေ့တော့ ခိုင်မင်း ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ အင်းလျားကန်ပေါ်မှာက ချစ်သူတွေ ငြိမ်းချမ်းစွာရှိနေသည်။ ကလေးတွေ ပျော်ရွှင်စွာ ကစားနေသည်။ လူကြီးတွေ လမ်းလျှောက်နေသည်။ ဒီလိုနေရာမျိုးမှာ ငိုနေသော မိသစ်ကို သူ ဒေါလည်းကန်သည်။ စိတ်မကောင်းလည်းဖြစ်မိသည်။ ဘာလုပ်ရမှန်းလည်းမသိ ဖြစ်နေသည်။

'မိသစ် မငိုနဲ့လေဟာ ဒါ ငိုစရာလားဟ၊ ငါက နင့်ကို ဘာတွေများလုပ်နေလို့လဲ'

'နင်က ငါ့ကို ဂရုမှမစိုက်ဘဲ'

'ဒုက္ခပါပဲမိသစ်ရာ နင် ဘယ်သူနဲ့တွေ့ပြီး ဘာတွေဖြစ်လာတာလဲ၊ ဘယ်သူတွေက နင့်ကို ဘာတွေမြှောက်ပေးလိုက်ပြန်ပြီလဲ'

'ဘယ်သူမှ မြှောက်မပေးဘူး၊ နင်လုပ်တာကိုပဲ ငါပြောတာ'

'မငိုနဲ့ တိတ်တိတ် အဓိပ္ပာယ်မရှိတာတွေ မလုပ်ပါနဲ့ဟာ'

'ဟုတ်တယ်... နင်လုပ်တာတွေက အဓိပ္ပာယ်ရှိတယ်ပေါ့ ဟုတ်လား'

'ခက်တာပဲဟာ... '

မိသစ်သည် သူ့မျက်ရည်ကျတုန်းက ခိုင်မင်း ခြေမကိုင်မိ လက်မကိုင်မိ ပျာယာခတ်သွားပုံကိုကြည့်ပြီး ဝမ်းသာနေသည်။ ခိုင်မင်းဆီမှာ သူ့ကို ဂရုစိုက်သည့်စိတ်၊ ကြင်နာသည့်စိတ်၊ မြတ်နိုးသည့်စိတ်တွေ ရှိနေသည်ဆိုတာ ထင်ရှားနေသည့်အတွက် ဖြစ်သည်။

'မခက်ပါဘူး နင် ငါ့အပေါ် အေးစက်စက်ကြီးမနေနဲ့ ဒါဆို အဆင်ပြေသွားမှာ'

'အေး... ခက်တာပဲဆိုတာ အဲဒါကိုပဲပြောတာဟ၊ နင်နဲ့ ငါနဲ့က ငယ်ပေါင်းပဲ။ ငါ ဒီလိုပဲနေတတ်တယ်ဆိုတာ နင်သိသားပဲ။ ငါ့ဘဝမှာ အားလုံးအဆင်သင့်ချည်းပဲ ဖြစ်နေတာလည်း ပါချင်ပါမှာပေါ့ဟာ၊ နင် နေစေချင်တာက ဘယ်လိုပုံစံမျိုးလည်း ဟိုးကလို ပုံစံမျိုးလား'

ခိုင်မင်းပြသည့်နေရာက ကမ်းစပ်မှာ ကောင်လေးက ကောင်မလေးကို ဖက်ပြီး သူ့ရင်ခွင်ထဲ ဆွဲသွင်းထားသည်။ ကောင်မလေးကလည်း ကောင်လေးကို ချိုင်းအောက်မှ လျှိုပြီး ပြန်ဖက်ထား၏။

မိသစ်မျက်နှာ ရဲခနဲဖြစ်သွားပြီး ခိုင်မင်းကျောကို အားရပါးရထုသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်မှလဲ 'ငါပြောတာ အဲဒါမဟုတ်ဘူး' 'ငါပြောတာ အဲဒါမဟုတ်ဘူး' ဟုအော်သေး၏။

'အဲဒါကြောင့်ပြောတာပေါ့၊ ငါတို့တွေက ဒီလိုနေစရာမလိုဘူး။ တစ်ယောက်နဲ့တစ်ယောက် ဂရုစိုက်တာတို့၊ အရေးတယူလုပ်တာတို့ မတွေ့ရရင် မနေတတ်တာတို့ ဖြစ်စရာမလိုဘူး။ အဲဒါကို နင်လည်းသိရဲ့သားနဲ့ ဘာဖြစ်လို့ ငိုနေရတာလဲ'

'နင်က ဂရုမစိုက်တော့ ဝမ်းနည်းတာပေါ့။ ခိုင်မင်း... '

'ဘာလဲ'

'ငါ နင့်ကိုမေးစရာရှိတယ် မှန်မှန်ဖြေမလား'

'ငါ... ငါးပါးသီလတော့ ယူမထားဘူး၊ ဒါပေမယ့် ငါ မလိမ်တတ်ဘူး၊ ဘာမေးချင်သလဲမေး'

မိသစ် ခေါင်းကိုငုံ့ပစ်လိုက်ရသည်။ မငုံ့လျှင် သူ့မျက်နှာပေါ်မှာ ရှက်သွေးဖြန်းနေတာကို ခိုင်မင်းတွေ့သွားနိုင်သည်။ ရှက်စိတ်နည်းနည်းကလေးပါးအောင် စောင့်နေရသည်။

'ဟ... ဘာတုန်းဟ၊ မေးမယ်ဆိုပြီးတော့၊ မိသစ်... '

'အေးပါ မေးမှာပေါ့ နေပါဦး နင်ကလည်း ငါစဉ်းစားနေတယ်'

ရင်ခုန်သံနည်းနည်းငြိမ်ပြီး ရှက်စိတ်ကလေး နည်းနည်းပါးသွားတော့မှ မိသစ် ခေါင်းမော့သည်။ ပြီးတော့ မေးသည်။

'ခိုင်မင်း... နင်ငါ့ကို ချစ်ရဲ့လား'

'ဩော်... '

ခိုင်မင်း ဘာမှမပြောဘဲ ရေပြင်ကိုသာ စိုက်ငေးကြည့်နေသည်။ ခိုင်မင်းမျက်နှာ တည်ကြည်စွာဖြင့် တစ်ခုခုကို အသေအချာစဉ်းစားနေပုံရသည်။ လေးလေးနက်နက်တွေးနေပုံရသည်။ အတိတ်ကာလသည် သူ့အသိစိတ်ထဲမှာ ဖျပ်ခနဲ ဖျပ်ခနဲ ဖြတ်ပြေးနေကြသည်။

'နင်နဲ့ငါက ငယ်သူငယ်ချင်းတွေပဲ၊ အဲဒီဘဝမှာ ငါတို့ အများကြီးပျော်ခဲ့ကြဘူးတယ်၊ အရွယ်ရောက်လာတဲ့အထိ မိဘတွေက နင်နဲ့ ငါ့ကို ဒီလိုပဲ စိတ်ချလက်ချ ထားခဲ့ကြတယ်။ ငါတို့မှာ အမှတ်တရတွေရှိတယ်၊ သံယောဇဉ်တွေရှိတယ်။ အကြင်နာတွေရှိတယ်။ နောက်ဆုံးကျတော့ မိဘ





တွေက သဘောတူတယ်၊ ငါ နင့်ကို ချစ်သလား၊ အဲဒါကို ငါတစ်ခါမှ အခုလောက် သေသေချာချာ မတွေးမိဘူး။ အခုတွေးတော့လည်း သေသေချာချာမသိဘူး။ ချစ်တယ်ဆိုတာကလည်း သံယောဇဉ်တို့ ကြင်နာတာတို့ အမှတ်တရဖြစ်တာတို့၊ အပြန်အလှန်နားလည်တာတို့ ဒါတွေပဲ မဟုတ်လား။ ကဲ... ငါကရော မေးပါရစေဦး နင်ကရော ငါ့ကို ချစ်ရဲ့လား'

မိသစ် ခေါင်းငုံ့သွားသည်။ သူ့ ညာဘက်လက်ချောင်းတွေနှင့် ဘယ်ဘက်လက်ချောင်းတွေကို ဆုပ်ကိုင်၍ထားသည်။ ရင်ခုန်သံသည် ပြန်လည်ဆူညံလာသည်။ ပြည်လမ်းပေါ်မှာ မောင်းနေသည့် ကားသံတွေကို မကြားတစ်ချက် ကြားတစ်ချက်ဖြစ်နေသည်။ အမှန်တော့ သူက မေးဖို့လာတာ အခု သူပြန်အမေးခံနေရပြီ ဖြစ်သည်။

မိသစ်သည် တစ်သက်လုံး ပေါင်းလာသော သူငယ်ချင်းကို ပြန်ရှက်နေသည်။ လူမှုရေးနှင့် မည်မျှရင်းနှီးရင်းနှီး အချစ်နှင့်ရင်းနှီးရတာခြင်းမတူဆိုတာကို မိသစ်သိသွားသည်။

'ဟုတ်တယ် ငါနင့်ကိုချစ်တယ်'

မိသစ်သည် ထိုစကားကို ခေါင်းငုံ့ရင်း ပြောခြင်းဖြစ်၏။

'ငါတို့နှစ်ယောက် သူငယ်ချင်းလိုနေခဲ့ကြတဲ့ တစ်လျှောက်လုံးမှာ နေခဲ့ထိုင်ခဲ့လုပ်ခဲ့ကိုင်ခဲ့တာတွေဟာ ချစ်သူတွေလုပ်နေကျအလုပ်တွေပါပဲ၊ နင့်ပါးနဲ့ နဖူးကလေးကို မနမ်းတာတစ်ခုပဲ ကျန်တာပါ'

'ဒါဆို နင်ကလည်း ငါ့ကိုချစ်တယ်ပေါ့'

'ငါတို့ ရင်းနှီးခဲ့ကြတဲ့ ကာလအတွင်းမှာ နင်က ငါ့ကိုချစ်တယ်ဆိုရင် ငါကလည်း နင့်ကို ချစ်တယ်လို့ ယူဆလို့ရပါတယ်'

မိသစ်ခေါင်းမော့သည်။ ခိုင်မင်း၏ လက်ချောင်းများကို ဆုပ်ကိုင်လိုက်သည်။ ပြီးတော့ ခိုင်မင်းပခုံးစွန်းကို သူ့ခေါင်းကလေးနှင့်မှီကာ ကန်ရေပြင်ကိုငေး၍နေသည်။

ခင်မိုးသစ်ဆိုသော မိန်းကလေးတစ်ယောက်သည် ကိုယ်ကလည်းချစ်သော ကိုယ့်ကိုလည်းချစ်သော ချစ်သူတစ်ယောက်ကို ရရှိပြီဟု ယုံခဲ့လေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



'ဗိုလ်ချုပ်ဈေးထဲက အိတ်ရောင်းတဲ့ဆိုင်ဟာ ရွှေယမင်းဆိုတာ အဲဒီဆိုင်မှာ လက်ကိုင်အိတ်အစုံဆုံးပဲ။ အဲဒီဆိုင်က အစ်မကြီးကိုယ်တိုင်က မေးတာ။ ဒီ ဒီဇိုင်း သူတို့ မမြင်ဘူးလို့တဲ့။ ငါက L.A က အစ်မပို့ပေးတာဆိုတော့ သူက မှာချင်တယ်၊ လုပ်မယ်ဆိုရင်တော့ စီးပွားဖြစ်ပဲ လုပ်ချင်တယ်ကွာ သူ့ ၁၀ အိတ်လောက်မှာပေးလို့ ဘာအကျိုးရှိမှာလဲ'

'အေး... မင်းသူ့ကို အဲဒီအတိုင်းမေးလိုက်လေ...'

ကေသီက လက်ဖက်တစ်ဖွန်းကို ကောက်စားရင်းဆိုသည်။ ရုံလေးအစ်မဝမ်းကွဲတစ်ယောက်က L.A မှာရှိရာ ရုံလေးထံသို့ပို့လိုက်သော အိတ်ကိုကြည့်ရန် Company မှအဆင်း ရုံလေးအိမ်သို့ လိုက်လာခြင်းဖြစ်၏။ ထိုအိတ်မျိုးကို ဗိုလ်ချုပ်ဈေးရှိ အိတ်ဆိုင်တစ်ဆိုင်မှ မှာချင်နေကြောင်း ရုံလေးက ရှင်းပြနေခြင်းဖြစ်သည်။ ထိုစဉ် ရုံလေးမေမေ အိမ်ပေါ်ထပ်မှ ဆင်းလာသည်။

'သမီးဆီ စာ ၃ စောင်လာတယ်သမီး'

'စာသုံးစောင် !!!'

'အေး... နေ့လည်လောက်က စာပို့သမား လာပို့သွားတာပဲ၊ မလုံးကို သိမ်းထားလို့ မေမေပြောထားတယ်၊ မလုံးရေ... မလုံးရေ'





'ရှင်...'

'နေ့လည်ကလာတဲ့စာတွေရော'

'မမလေးမှန်တင်ခုံပေါ်မှာ တင်ထားတယ်ကြီးမေ'

'ရတယ်မေမေ သမီးဘာသာ ယူဖတ်ပါ့မယ်၊ ငါ့ဆီ ဘယ်သူကများ စာထည့်တာပါလိမ့်'

'ဟော့... L.A က မင်းအစ်မဝမ်းကွဲဆီကများလားမှ မသိတာ'

'အေးဟ...'

ရုံလေးနှင့် ကေသီတို့နှစ်ယောက် အိပ်ခန်းထဲသို့ ဒရောသောပါး ပြေးဝင်လာကြသည်။ မှန်တင်ခုံပေါ်မှာ စာ ၃ စောင်ကို တွေ့ပါသည်။ သို့သော် ၃ စောင်စလုံး နိုင်ငံခြားကလာတာမဟုတ်။ ပြည်တွင်းစာတွေသာ ဖြစ်သည်။ နှစ်စောင်က လက်ရေးနှင့် လိပ်စာကို ရေးထားပြီး တစ်စောင်က Computer ဖြင့်ရိုက်ထားသည်။

ရုံလေးက Computer နှင့်ရိုက်ထားသော စာကို အရင်ဖွင့်သည်။

ရုံလေးစာရွက်ခေါက်ကို ဖွင့်လိုက်တော့ ပါးစပ်ကြီးပြဲ၍ သွား၏။ စာရွက်တွင် သတင်းစာထဲက စကားလုံးတွေကို ကပ်ကြေးဖြင့်ညှပ်၍ ကော်နှင့်ကပ်ထားသောစာ။ ကပ်ထားသည့်စာက 'ခင်ဗျားကို ကျွန်တော်မချစ်ဘူး' ဟုဖြစ်သည်။ ကေသီလည်း ကြည့်ရင်း မျက်လုံးပြူးသွားသည်။

ဒီကိစ္စကို သူမေ့နေကြပြီ။ ပြီးခဲ့သည့်တစ်ပတ်လုံးလုံး ဒီကိစ္စနှင့် ပတ်သက်၍ ဘာမှထူးခြားတာ မတွေ့ခဲ့ရသဖြင့် သူတို့ထင်သလို စတန့်ထွင်တာဟုပဲ သဘောထားခဲ့ကြသည်။ အခုတော့ ဒီကိစ္စက ပြန်ပေါ်လာပြန်ပြီ။

ရုံလေးဒေါသဖြစ်ပြီး ကျန်သောစာအိတ်နှစ်အိတ်ကိုပါ ဖောက်ကြည့်တော့ နှစ်အိတ်စလုံး လက်ရေးနှင့်ရေးထားသည်က 'ခင်ဗျားကို ကျွန်တော်မချစ်ဘူး' ဆိုသော စာတွေချည်းပဲ ဖြစ်နေသဖြင့် ရုံလေး စာတွေကို ဖြဲပစ်ရန်အလုပ်တွင် ကေသီက ကမန်းကတမ်းတားရသည်။

'ရုံလေး အဲဒီစာတွေကို မဖြဲနဲ့ ပြဿနာရှင်းတဲ့အခါကျရင် ငါတို့ဘက်က သက်သေအဖြစ် ပြလို့ရတယ်။ မဖြဲနဲ့'

ရုံလေး စာတွေကို လုံးခြေပြီး မှန်တင်ခုံပေါ် ပစ်တင်ရင်း ခုတင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်လှဲချလိုက်သည်။

'ဒီကောင်က ဘာဖြစ်လို့ ရုံလေးကို ဒီလောက် ဒုက္ခပေးနေရတာလဲ၊ ဘာကြောင့် စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေရတာလဲ၊ သူနဲ့ ရုံလေး အကြားမှာ ဘာပြဿနာမှလည်း ရှိတာမဟုတ်ပဲနဲ့ကွာ။ မကျေနပ်ဘူး။ ရုံလေး လုံးဝမကျေနပ်ဘူးကွာ'

ထိုအချိန်တွင် ရုံလေး Hand Phone မှ phone သံမြည်သည်။ ကေသီက လှမ်းကြည့်တော့ ရုံလေးမကိုင်ကြောင်း တွေ့ရ၏။

'ကိုင်လိုက် ကေသီရာ ကိုယ့်ကိုမေးရင် အပြင်ခဏသွားတယ် ပြီးမှ ပြန်ဆက်လို့ အရေးကြီးတာဆို မှာခဲ့လို့ ပြောပေးပါ'

'Ok.... Hello!'

'ဪ... ရုံလေးမဟုတ်ပါဘူးရှင်၊ ရုံလေးအပြင်သွားပါတယ်'

'..........'

'ရုံလေးနဲ့တွေ့မှ ပြောလို့ဖြစ်မယ်ဆိုရင်တော့ နောက်နာရီဝက်လောက် နေရင် ပြန်ဆက်လိုက်ပါ။ ဒါမှမဟုတ် မှာစရာရှိရင်လည်းမှာခဲ့ပါ'

'..........'

'ရှင်... ရှင်ဘယ်သူလဲ၊ ဘာဖြစ်လို့ စာရေးလိုက် phone နဲ့ပြောလိုက် လုပ်နေရတာလဲ'

ကေသီ့စကားသံကြောင့် ရုံလေး ခုတင်ပေါ်က 'ဝုန်း' ခနဲထသည်။ ပြီးတော့ ကေသီ့လက်ထဲက phone ကို လုယူပြီး ကြုံးအော်ပြောသည်။

'ရှင် ဘာဖြစ်လို့ လူတစ်ဘက်သားကို လိုက်ပြီးယုတ်မာနေရတာလဲ'

တစ်ဘက်မှ ရယ်သံကိုကြားရသည်။ ပြီးတော့...

'ခင်ဗျားကို ချစ်တယ်လို့ ရိုးရိုးသားသားလိုက်ပြောတဲ့လူတွေကို ခင်ဗျား နှိပ်စက်ခဲ့တဲ့အတွက်ပေါ့၊ မှတ်ထားပါ။ ခင်ဗျားကို ကျွန်တော်... မချစ်ဘူး'

'သေလိုက်... သေလိုက်... သေလိုက်... လဲသေလိုက်'

သို့သော် တစ်ဘက်က phone က သူ့စကားဆုံးတာနှင့် ချသွားပြီ ဖြစ်သည်။ ရုံလေးဒေါသဖြစ်ရင်း သူ့ Hand Phone မှာပေါ်သော နံပါတ် ကို နှိပ်၍ ပြန်ခေါ်သည်။

phone က ဝင်ပါသည်။ တစ်ဘက်ကလည်း ကိုင်ပါသည်။ သို့သော်





phone သည် ဆက်သွယ်ရေးဌာနက ဖွင့်ထားသော အများသုံး phone ဖြစ်၍နေသည်။ ရုံလေး၏ ရင်အစုံသည် ဒေါသစိတ်ကြောင့် နိမ့်ချည်မြင့် ချည်နှင့် မော၍နေသည်။ ခုနက တွေးထားသော ကေသီနှင့်အတူ လမ်း ထိပ်ကဆိုင်မှာ ရှမ်းခေါက်ဆွဲစားဖို့ကိုလည်း မသွားချင်တော့။ ဝယ်လာသည့် DVD ကိုရီးယားကားကိုလည်း မကြည့်ချင်တော့။

'မင်းကို ဘာပြောတာလဲ ကေသီ'

'သူ့ကို ကျွန်တော်မချစ်ဘူးဆိုတာ ပြောပေးပါတဲ့'

'တောက်... ဒီကောင့်ကိစ္စက ဒီမှာတင် ပြီးမှာမဟုတ်ဘူးကေသီ၊ သူ့အကြောင်းကို ရုံလေးအကုန်သိချင်တယ်။ ရုံလေးကို စုံစမ်းပေးစမ်းပါ။ ဒီကောင် ဘာသဘောနဲ့ ရုံ့ကို ဒုက္ခပေးနေရတာလဲဆိုတာကို သိပြီး စာရင်း ရှင်းချင်လို့ကွာ'

'ကိုယ်နားလည်တယ် ရုံလေး၊ ဒါပေမယ့် သိပ်တော့ မလောနဲ့ကွာ၊ မင်း အဲဒီလို ဒေါသထွက်လေ သူက ဝမ်းသာလေပဲ။ မချစ်ဘူးဆိုလည်း နေပေါ့ကွာ အဲဒီလိုပဲ သဘောထားလိုက်'

ကေသီပြန်သွားတော့ ရုံလေးရင်ထဲမှာ တနုံ့နုံ့နှင့် ဖြစ်ကျန်ခဲ့သည်။ သူ့စိတ်ထဲမှာ ဒီကိစ္စကို သာမန်ကိစ္စတစ်ခုဟု သဘောမထားနိုင်တာ သေ ချာသည်။ သူ့ကို မချစ်ဘူးဆိုလျှင်လည်း ရပါသည်။ ဒါပေမယ့် လူကိုယ်တိုင် လိုက်ပြောလိုက်၊ စာပေးပြောလိုက် phone ဆက်ပြောလိုက်ဆိုတာကတော့ လွန်လွန်းပြီထင်သည်။

ထိုအချိန်မှာပင် ရုံလေး phone မြည်သည်။ နံပါတ်ကိုကြည့်တော့ ခုနကနံပါတ်မဟုတ်။ ဒါနှင့် ရုံလေး phone ကို လက်ခံလိုက်သည်။

'Hello'

'ခင်ဗျားကို ကျွန်တော်မချစ်ဘူး'

စကားဆုံးသည်နှင့် ရုံလေး ကြောင်တောင်တောင်နှင့် ကျန်ရစ်ခဲ့သည်။ စိတ်ဆိုးတာလည်းမဟုတ်၊ ဒေါသထွက်တာလည်းမဟုတ်၊ မကျေမနပ်ဖြစ် တာလည်းမဟုတ် သူ့အတွေးထဲမှာရှိသော နှလုံးသားသည် ရုတ်တရက် အေးစက်သွားခြင်းသာ ဖြစ်ပါသည်။

ရုံလေး ဝရံတာကို ထွက်ရပ်သည်။ လူကုံထံတွေနေသည့် ရပ်ကွက်



www.burmeseclassic.com

www.burmeseclassic.com



မို့ ကားတစ်စင်းတလေ အသွားအလာကလွဲ၍ ငြိမ်နေသော သစ်ပင်ကြီးတွေ အလုပ်စိုက်ပင်တွေသာ ရှိသည်။

'ခင်ဗျားကို ကျွန်တော်မချစ်ဘူး'

ရဲလေး နှုတ်မှ တိုးတိုးကလေး ရွတ်ကြည့်သည်။ သူ့ဘဝမှာ မယုံနိုင်လောက်အောင် ကြုံရသော အခက်အခဲတစ်ခုဖြစ်ပါသည်။ သူသည် ဆယ့်ငါးနှစ်ကျော်ကျော်လောက်ကတည်းက ရည်းစားစကားလိုက်အပြောခံခဲ့ရသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ 'ချစ်သည်' ဆိုသော စကားသည် သူ့ထံသို့ ပုံစံအမျိုးမျိုး ပုံသဏ္ဍာန်အမျိုးမျိုးတို့ဖြင့် ရောက်လာခဲ့ဖူးသည်။

၁၀တန်းနှစ်တုန်းက သူ ရည်းစားထားမလို ဖြစ်မိသေးသည်။ အဖြေပေးရမည့်နေ့ကျမှ ချိန်းထားသောနေရာကို သူမသွားဘဲ နေလိုက်သည်။ သူ့ကို အဲဒီလူက နောက်နေ့တွင် ဖြေရှင်းချက်တောင်းသည်။ သူ ဘာမှ ရေရေလည်လည်မပြောနိုင်။ အဲဒီနေ့ရောက်တော့မှ မချစ်တော့လို့ဟုသာ ပြောနိုင်ခဲ့သည်။

အခုတော့ သူ့ကိုအိမ်က စိတ်ချရအောင် စေ့စပ်ထားလိုက်ပြီဖြစ်သည်။ သူနှင့် စေ့စပ်သည့် ကိုဇင်မျိုးက သူ့ထက် ၂ နှစ်ကြီးသည်။ ဂျပန်က TOYOTA ကားတွေထုတ်သော Company မှာ အလုပ်လုပ်တာ ငါးနှစ်ရှိသွားပြီ။ ဂျပန်စကားကို ဂျပန်စစ်စစ်ထက်ပင် ပိုပီအောင် ပြောနိုင်သေးသည်။

ပြီးတော့ ဇင်မျိုးသည် လူချောတစ်ယောက်ဖြစ်သည်။ အသောက်အစားမရှိ။ ဒါပေမယ့် နည်းနည်းတော့ အကဲဆတ်သည်။ သဝန်တိုတတ်သည်။ ဒီတစ်ခေါက်မှာ နောက်ဆုံးအခေါက်ဖြစ်ပြီး ပြန်လာတာနှင့် ဒီမှာပဲ ဆက်လုပ်ကိုင်စားတော့မည်။ ဒါကြောင့်မို့ 'သူ့ကိုမချစ်တာ' အရေးမကြီးပါ။ အဲဒီလို မချစ်ဘူးဆိုတာကို ခဏခဏပြောနေတာကိုပဲ ရဲလေးဒေါသဖြစ်နေရတာ ဖြစ်ပါသည်။

■





နောက်နေ့မှာ ရဲလေး Company ကို အနှောင့်အယှက်ကင်းစွာဖြင့် ရောက်ရှိသည်။ မနေ့က အိမ်ကို စာလာသည့်ကိစ္စနှင့် phone ဆက်သည့်ကိစ္စကတော့ ကေသီပြောထားပြီးသား ဖြစ်သဖြင့် အကုန်သိကုန်ကြပြီ ဖြစ်သည်။

'ထပ်ဆက်သေးလား ရဲလေး'

ကေသီက ဆီး၍မေးသည်။

'မင်းပြန်သွားတော့ တစ်ကြိမ်ဆက်တယ်၊ လမ်းဘေး phone ကပဲ၊ သူပြောနေကျစကားပြောပြီး phone ချသွားတာဒါပဲ'

'အင်း... မယ်မင်းကြီးမ ဒါပဲမလုပ်နဲ့ ဟိုက အိမ်လိပ်စာရော phone နံပါတ်ရော၊ Company ရော အကုန်သိပြီးနေပြီ။ မင်း သူ့အကြောင်း သိတာဘာရှိလဲ'

'အဖြေက ရှင်းပါတယ်၊ သူ့ဆီမှာ အားကိုးရတဲ့ သူငယ်ချင်းတွေရှိပြီး ကိုယ့်ဆီမှာ အားကိုးရတဲ့ သူငယ်ချင်းမရှိလို့ပေါ့'

'ဟယ်... ကြည့်စမ်း ခွေးမလေး သူ့ဘာသာသူဖြစ်ပြီး ကျုပ်တို့ဘက်လာရမ်းတယ်'



www.burmeseclassic.com

www.burmeseclassic.com



ရုံလေး၏ ဖွင့်ပြီးသား ကွန်ပျူတာပေါ်မှာ Message ကို တွေ့လိုက်ရသဖြင့် ရုံလေး ဝမ်းသာသွားသည်။

'ဟယ်... Message က ကိုဖင့်ဆီကလား မသိဘူး'

'ဟုတ်လား... ဖွင့်လိုက်လေဟာ'

ရုံလေး Computer က Message ကိုဖွင့်လိုက်တော့ ဝိုင်းကြည့်နေသည် အကြီးဆုံး Point ဖြင့် 'ခင်ဗျားကို' ဆိုတာပေါ်လာပြီးနောက် 'ကျွန်တော်' ဆိုတာပေါ်ပြီးမှ 'မချစ်ဘူး' ဆိုသော စကားလုံးပေါ်လာသည်။

ထိုသုံးခုပျောက်သည်နှင့် စခရင်အပြည့် 'ခင်ဗျားကို ကျွန်တော် မချစ်ဘူး' ဆိုသော စာတန်းပေါ်လာသည်။ ကြည့်နေသူတွေ အံ့သြကုန်ကြသည်။ ရုံလေးကတော့ ကွန်ပျူတာ ဖန်သားပြင်ပေါ်က စာတန်းတွေကို စိုက်ကြည့်နေခဲ့သည်။

ဒီကိစ္စသည် သူလို ငါလို လွယ်လွယ်နှင့် ဒေါကန်ရုံမျှဖြင့် ပြီးမည့်ကိစ္စတော့မဟုတ်၊ ပြတ်ပြတ်သားသားကို ရှင်းရမည့်ကိစ္စ ဖြစ်သွားပြီ။ ဒီတော့ မာနတွေ အလှတွေခဏ ဘေးချိတ်ထား။ ပြဿနာကိုသာ ဘယ်အစကနေ စလိုက်မလဲဆိုတာ စဉ်းစားရတော့မည်။

'ရုံလေးကတော့ အဲဒီကောင်ဘယ်သူလဲ၊ ဘာဖြစ်လို့ ရုံလေးကို ဒါမျိုးတွေ ရေးပေးနေတာလဲ ဆိုတာ မရရအောင် လိုက်တော့မယ် သူငယ်ချင်း'

'အာ... မင်းကနေစမ်းပါ၊ ငါတို့ စုံစမ်းပါ့မယ်'

'လူဆိုတာက ကိုယ့်အလုပ်ကို ကိုယ်ပထမ စိတ်ဝင်စားကြတာ ကိုယ့်အလုပ်ပြီးမှ တစ်ခြားအလုပ်ကို စိတ်ဝင်စားပေးနိုင်မှာ။ ဒါ သဘာဝလည်း ကျပါတယ်။ ဒီတော့ သူငယ်ချင်းတို့သုံးယောက်လည်း အားတဲ့အချိန်ကလေးတွေမှာ စုံစမ်း ကိုယ်လည်း ကိုယ့်နည်းနဲ့ကိုယ် စုံစမ်းမယ်'

ရုံလေးစကားဆုံးတော့ သူငယ်ချင်းများ မျက်နှာပေါ်မှာ မကျေနပ်သော ပုံစံကို တွေ့ရသည်။ ဥမ္မာက ရုံလေးကို အေးဆေးစွာ ရှင်းပြသည်။

'မင်းပြောသလို ငါတို့ကိုယ်ရေးကိုယ်တာကတော့ အရင်ပေါ့ကွာ၊ မင်းကိုယ်တိုင် မစုံစမ်းစေချင်တာက မင်းကို မချစ်ဘူးလို့ ပြောထားတာ၊ အဲဒါကို မင်းက လိုက်စုံစမ်းနေလို့ မဖြစ်ဘူး။ အဲဒါကြောင့် ပြောတာပါ'

'ဟုတ်တယ် ရုံလေး ချစ်တယ်လို့ပြောတဲ့လူတွေကိုတောင်မှ နင်ဂရု





မစိုက်ခဲ့တာကို မင်းကသွားပြီး 'မချစ်ဘူး' ဆိုတဲ့ကိစ္စကို သွားမေးရင် ဘယ်လိုလုပ်ကောင်းတော့မှာလဲ၊ သဘာဝလည်းမကျဘူး'

'ငါတို့တောင်မှ ကိုယ်တိုင်စုံစမ်းမှာမဟုတ်ဘူး။ ငါတို့နဲ့လည်းသိ သူတို့နဲ့လည်းသိတဲ့။ ငါတို့သူငယ်ချင်းက တစ်ဆင့် စုံစမ်းမှာ ချဉ်းကပ်ဖို့ အလွယ်ဆုံးလူကတော့ မြတ်နိုးပေါ့ဟာ'

'ဘာဖြစ်လို့လဲ'

'မြတ်နိုးက ခိုင်မင်းကို တစ်ဖက်သတ်စိတ်ဝင်စားနေတယ်လို့ ငါသတင်းကြားတယ်၊ မြတ်နိုးနဲ့ ဖယ်ရီအတူတူစီးတဲ့ ရီရီဆွေဆိုတာ ငါနဲ့သိတယ်။ သူကတစ်ဆင့် ငါတို့ စုံစမ်းပေးမယ်။ မင်းဘာမှမလုပ်နဲ့ဦး ရုံလေး'

'ငါနဲ့ ဖြူဖြူကလည်း တို့နည်းနဲ့တို့ စုံစမ်းပေးမယ်လေ။ ဟုတ်ပြီလား'

ကေသီစကားကို ထောက်ခံသည့်အနေနှင့် ဖြူဖြူက ခေါင်းညိတ်သည်။ ရုံလေးသည် လောလောဆယ်တော့ သူငယ်ချင်းတွေ စကားကို နားထောင်တာ အကောင်းဆုံးဟု ယူဆလိုက်၏။

'ကောင်းပြီလေ... သူ့လူမှုရေးတွေ မသိချင်ဘူး၊ ရုံလေးသိချင်တာက ဘာဖြစ်လို့ ဒီလိုလုပ်တယ်ဆိုတာပဲ သိချင်တာ၊ အဲဒါ အဓိကပဲ'

'အေးပါ... ငါတို့ နားလည်ပါတယ်'

အဲဒီနေ့က သူငယ်ချင်းတွေ တာဝန်ခွဲနေကြသည်။ သူတို့အုပ်စု ဖြစ်နေပုံက စုံထောက်ဇာတ်လမ်းကလေးတစ်ခုလို ဖြစ်နေသည်။

နောက်နေ့ Computer ဖွင့်လိုက်သည်နှင့် 'ခင်ဗျားကို......' စာလာ၍ ဖောက်ဖတ်လိုက်သည်နှင့် 'ခင်ဗျားကို.......' 'phone ကိုင်လိုက်သည်နှင့် 'ခင်ဗျားကို.........'

ကြာတော့ ရုံလေး ပေါက်ကွဲလာသည်။

ဒီကောင့် Company ကိုလည်းသိပြီ။ ဒီကောင့်နာမည်ကိုလည်း သိနေပြီ။ စုံစမ်းတာတွေ ဘာတွေမလုပ်တော့ဘဲ မျက်နှာချင်းဆိုင် စာရင်းရှင်းပစ်လိုက်ချင်သည်။

'မလုပ်နဲ့ ရုံလေး၊ မင်း အဲဒီလို ပွဲသွားကြမ်းရင် ရှုပ်ကုန်လိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



တို့လူက မြတ်နိုးဆီက သတင်းတွေ မှန်မှန်ရနေတာပဲ၊ မင်းစိတ်ကို ခဏ ထိန်းစမ်းပါ'

'ရုံလေးမှာ သည်းခံနိုင်တဲ့ စွမ်းအားသိပ်မရှိတော့ဘူးနော်၊ ဉမ္မာတို့ သူ့ကို သွားတွေ့ပြီး မလုပ်ဖို့တားပေးပါလား'

'အဲဒီကိစ္စကို ကောသီနဲ့ တိုင်ပင်နေတယ်။ မင်းတို့ပြဿနာက တက်နေကျ ပြဿနာမျိုးမဟုတ်တော့ အခြေအနေတွေအရ ချင့်ချိန်ပြီးတော့မှ တို့လည်း ကြားကဝင်ရတာ တော်တော်လေးသတိထားနေရတယ်'

ရုံလေး ခေါင်းညိတ်ပြီး ဝန်ခံလိုက်သည်။

အမှန်တော့ ဒီလိုကိစ္စမျိုးတွေက ကြားလူတွေ ဝင်လို့မကောင်း ကားယ ကံရှင်နှစ်ယောက် ဆုံပြီးရှင်းတာ အကောင်းဆုံးဟု ရုံလေးထင်သည်။ သို့သော်လည်း သူငယ်ချင်းတွေစကားကို ဒုတိယအကြိမ် နားထောင်လိုက်ပါဦးမည်။

■





မိသစ်သည် အံ့သြလွန်းသဖြင့် ရင်ခွင်ထဲမှ နှလုံးသားသည် လည်မြို မှာလာ၍တစ်နေသလို ခံစားရသည်။

ပြောပြသူက ကိုယ့်ညီမတစ်ဝမ်းကွဲမို့သာ ယုံလိုက်ရသည်။ တစ်ခြား တစ်ယောက်ယောက်ကသာ ပြောလျှင် မိသစ် ရယ်နေလိုက်မိမှာ သေချာ သည်။

'ကော်ရစ်တာမှာ လိုက်တာကတော့ မီးငယ်ကိုယ်တိုင်တွေ့တာ မမ၊ ကားမှတ်တိုင်က လိုက်လာတာတော့ မီးငယ်ရဲ့ သူငယ်ချင်းတွေက တွေ့ တာ'

'အဲဒီ စပါယ်ရှံဆိုတာ တော်တော်ချောလား'

'ချောတယ် မမ၊ မီးငယ်တို့ တာဝါမှာတော့ နာမည်ကြီးပဲ၊ ဘူ့လောက် ချောတဲ့သူ တစ်ယောက်မှမရှိဘူး'

'လက်ဖက်ရည်ဆိုင်ကိစ္စကို ပြန်ပြောဦး'

'ကိုခိုင်မင်းရယ် မမတစ်ယောက်ရယ်၊ နောက် အစ်ကိုတစ်ယောက် ရယ် ထိုင်နေကြတယ်။ ပြီးမှ စပါယ်ရှံသူငယ်ချင်းတွေ ဝင်လာတာ။ ကိုခိုင် မင်းက စပါယ်ရှံကို စာပေးပေးပါဆိုပြီး ဆိုင်ကစာရွက်တောင်းပြီး ရေးပေး



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ပြီးတော့ အဲဒီမမတွေ စားထားတာကို ရှင်းပေးလိုက်ရတယ်၊ အဲဒါကတော့ မီးငယ်ကိုယ်တွေ့ပဲ'

'ဒီအဆင့်ထိတွေတောင် ရောက်ကုန်ပြီကိုး'

'ဖြည်းဖြည်းစဉ်းစားပြီး လုပ်ပေါ့မမရယ်၊ ဒီလိုကိစ္စတွေဆိုတာက လောလို့ရတာမှ မဟုတ်တာ'

'အေးပါ... မမနားလည်ပါတယ်'

မီးငယ်ပြန်သွားတော့ မိသစ်သည် ဆံပင်ကိုဖြီးလိုက် ဘီးကို ပြန်ချထားလိုက်၊ ရွှေဆွဲကြိုးကို နေရာရွှေ့လိုက်၊ အင်္ကျီကို ဆွဲချလိုက်နှင့် ဂနာမငြိမ်ဖြစ်၍နေသည်။ 'ယက်ဖက်ရည်ဆိုင်မှာ မမတစ်ယောက်လည်း ပါသည်' ဆိုတာကတော့ နီးပဲဖြစ်ဖို့များသည်။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စတွေကို မီးငယ်ထက် နီးက ပိုသိဖို့များသည်။

မိသစ် ရင်တွေပူနေပြီ။ စိတ်ကလည်း မတည်ငြိမ်တော့ နာရီကိုကြည့်တော့ သုံးနာရီနှင့် ငါးမိနစ်၊ မီသေးသည်။

မိသစ် ရွှေဆိုင်ကို ချက်ချင်းပိတ်ပစ်လိုက်သည်။

■





မိသစ်အခန်းထဲကို ဝင်လိုက်သည်နှင့် နူတ်ဆက်သံ စသံ နောက်သံတွေ ဆူညံ၍သွားသည်။ ခိုင်မင်းကတော့ တစ်ချက်မော့ကြည့်ပြီး သူ့အလုပ်သူဆက်လုပ်နေသည်။ အရင်တုန်းကတော့ ဒါဟာ သူ့ရဲ့ ပင်ကိုယ်စရိုက်ပဲဟု သူမြင်ခဲ့သည်။ အခုတော့ အဲဒီလို မမြင်တော့ သူ့အပေါ် အေးစက်နေသည်ဟုသာ မြင်တော့သည်။

မြတ်နိုးက မိသစ်လက်ကို ခင်မင်စွာဆုပ်ကိုင်သည်။ မိသစ်ကလည်း မြတ်နိုးလက်ကို ပြန်လည်ဆုပ်ကိုင်ထားလိုက်၏။ အခုအချိန်မှာ သူ့အတွက် မရှိမဖြစ်လိုအပ်သော လူတစ်ယောက်မဟုတ်လား။

'မမသစ်က အရမ်းလှတာပဲ'

မြတ်နိုးက အပြုံးနှင့်ဆိုသည်။

'မြတ်နိုးလည်း လှတာပါပဲ မြတ်နိုးရယ်၊ မြတ်နိုးအားလားဟင်'

'အားတယ်မမ ဘာကိစ္စရှိလို့လဲဟင်'

'လက်ဖက်သုပ်သွားဝယ်ပြီး စားရင်ကောင်းမလားလို့'

မိသစ်စကားဆုံးသည်နှင့် ထောက်ခံသံတွေ ဆူညံ၍သွားသည်။

'ဒါကြောင့်မို့ ငါ မနက်က လျှာတွေလှုပ်နေတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင် အပိုတွေ ထွန်းကားမနေနဲ့ နှုတ်ခမ်းလှုပ်တာတို့၊ မျက်ခမ်းလှုပ်တာတို့ပဲ ကြားဖူးတယ် လျှာလှုပ်တာ မကြားဖူးဘူး'

'မကြားဖူးရင် မှတ်ထားပေါ့ ချစ်ဖွေးရာ'

'မိသစ်ရာ နင် နေ့တိုင်းလာစမ်းပါ။ နင်နေ့တိုင်းလာတော့ ငါတို့လည်း အူစိုတယ်၊ မဖြစ်သင့်တာတွေလည်း မဖြစ်တော့ဘူးပေါ့ဟာ'

စိုးမောင်စကားက တိုက်ရိုက်ကျသော်လည်း ခိုင်မင်းက လှဝင်းကို လှည့်ကြည့်တာ လုပ်လက်စအလုပ်တွေ ရပ်သွားတာမျိုးမရှိ။ အေးအေးပင် ရှိသည်။

'ဒါဆို နှီးရဲ့ ထမင်းချိုင့်ကို ဆေးလိုက်ဦးမယ်၊ အိပ်နဲ့ဝယ်ရင် ဆီတွေ နမ်းတွေက အိတ်မှာကပ်ကုန်ရော၊ ခဏပါ မမရဲ့'

'ဒါဆို မမပါ ကူဆေးမယ်လေ... လာ'

မိသစ်နှင့် နှီးတို့ နောက်ဖေးရေစင်ရှိရာကို ဝင်သွားကြသည်။

စိုးမောင်၊ လှဝင်းနှင့် ချစ်ဖွေးတို့ အချင်းချင်း ကြည့်လိုက်ကြသည်။ နှီးနှင့် မိသစ်သည် တစ်ယောက်လက်ကို တစ်ယောက်ကိုင်ပြီး ထွက်သွားကြလေသည်။

'ခိုင်မင်း မင်းခေါင်းကို ဆင်နင်းတယ်လို့ အိပ်မက်မမက်ဘူးလား'

'ဘာလဲ မင်းတို့က မိသစ်လာတာကို ပြဿနာလာရှာတာလို့ ထင်လို့လား'

'ထင်တာမဟုတ်ဘူး သိနေတာ၊ နှီးကို ခေါ်ထုတ်သွားတော့ ပိုသေချာသွားတာပေါ့'

ခိုင်မင်းက ဘာမှမပြောဘဲ ပြုံးရုံသာပြုံး၍ သူ့အလုပ်သူ ဆက်လုပ်နေသည်။ ခိုင်မင်းသည် သူလုပ်ခဲ့သော သူလုပ်နေသော အလုပ်တွေကို မှားသည်ဟု နည်းနည်းကလေးမှ မထင်ခဲ့ချေ။ သူ့ဆုံးဖြတ်ချက်သည် မမှန်ဘူးဆိုလျှင်ထားတော့ မှားတော့မမှားဟု သူယုံသည်။ ထို့ကြောင့် မိသစ်က ပြဿနာရှာမှာတို့ မေးမှာတို့ကို သူလုံးဝစိုးရိမ်ခြင်းမရှိပါ။

နာရီဝက်ခန့်ကြာသည်အထိ မိသစ်နှင့် နှီးတို့ ပြန်မလာကြသဖြင့် စိုးမောင်က နာရီကို ကြည့်ရင်း တမင်တကာ ပြောသည်။

'မိသစ်နဲ့ နှီးတို့ လက်ဖက်ကို မန္တလေးအထိ သွားဝယ်နေကြလား





မသိဘူး။ အဲဒီလိုမှန်းသိရင် ရာဘာသွားပို့တဲ့ ကိုဒွေးဝင်းကားနဲ့ ထည့်ပေးလိုက်ပါတယ်'

'စိုးမောင်ကလည်း ကိုယ်နဲ့ဆိုင်တဲ့ ရိုးရာနတ်တွေဘာတွေကို မေးချင်ပြချင်ရင် လက်ဖက်တင်ရတယ်မဟုတ်လား၊ ဒါက မိဆိုင်ဘဆိုင် ရိုးရာလက်ဖက်တင်ရမှာဆိုတော့ သေချာအောင် ဝယ်နေရတာ ကြာမှာပေါ့'

စိုးမောင်တို့ ဘယ်လိုပြောပြော ခိုင်မင်းကတော့ အေးအေးဆေးဆေးပင် ရှိသည်။ လေးဆယ့်ငါးမိနစ်လောက်ကြာတော့မှ မိသစ်နှင့် နှီးတို့ ပြန်ရောက်လာကြသည်။ မိသစ် မျက်နှာအမူအယာပြောင်းနေတာကို သတိထားမိကြသည်။ မိသစ်သည် တစ်ခုခုကို ထိန်းချုပ်ထားရသလိုမျိုး ဖြစ်နေသည်။ အရင်တုန်းက ပြုံးပြုံးနှင့် အေးအေးကလေးနေတတ်သော မိသစ်မျက်နှာသည် နည်းနည်းမာနေသည်။

လက်ဖက်စားကြတော့ ခိုင်မင်းက အေးအေးလူလူပင် လာဝင်စားသည်။ မိသစ်က ခိုင်မင်းအတွက် ကြက်သွန်ဖြူခွာပေးသည်။ ရေတ်သီးချိုးပေးသည်။ ချစ်ဖွေးနှင့် စိုးမောင်တို့က စကြသည်။ ရွှေဈေးနှင့် တိုက်ခန်းဈေးတွေအကြောင်း ရောက်သွားသည်။ တိုက်ခန်းဈေးတွေအကြောင်း ပြောနေရင်း စိုးမောင်က မေးခွန်းတစ်ခုကို ရုတ်တရက်မေးသည်။

'ခိုင်မင်း... မင်းတို့ ဘယ်တော့လက်ထပ်မှာလဲ'

စကားဝိုင်းသည် ခဏတိတ်၍သွား၏။

'လတော့ ရွေးပြီးသွားပြီ။ ရက်မရွေးရသေးဘူး'

'ဘယ်လလဲ'

'အောက်တိုဘာ'

'ဟင်... သိပ်မှမလိုတော့ဘဲ၊ မိဘအိမ်မှာနေမှာလား ခွဲနေမှာလား'

'အသေးစိတ်ကိစ္စတွေက ဘာမှမတိုင်ပင်ရသေးဘူး'

ဒီလိုနှင့်ပင် လက်ဖက်တွေ ကုန်သွားလေတော့သည်။

မိသစ်က နာရီသေးသေးကလေးကို ငုံ့ကြည့်သည်။ လေးနာရီနှင့် ဆယ့်ငါးမိနစ်၊ ခိုင်မင်းတို့ရုံးဆင်းချိန်သည် အတိအကျမရှိဆိုတာကို မိသစ် သိသည်။ မိသစ် သူ့နာရီသေးသေးကလေးကို ခဏခဏကြည့်နေတာကို လည်း လက်ဖက်စားသူအားလုံး သိကြသည်။ ခိုင်မင်းလည်း မြင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'နင် ဒီနေ့ ဘယ်အချိန်ရုံးဆင်းမှာလည်း နိုင်မင်း'

'ငါးနာရီခွဲမှာ ကားလေးစင်းဝင်မယ်၊ ပြီးတော့ နယ်အဝင်ကားတွေနဲ့ ချိတ်ပြီး ပွဲရုံတွေဆီ phone ဆက်ရဦးမယ်'

မိသစ် မျက်နှာပျက်သွားသည်။ ဒီအတိုင်းသာဆိုလျှင်ည (၈) နာရီလောက်မှ နိုင်မင်း အလုပ်တွေက ပြီးမည့်သဘောမှာရှိနေသည်။ ဒီတော့ စိုးမောင်က ကြားဝင်သည်။

'ကဲပါကွာ... ငါတို့က သူကျွေးတဲ့လက်ဖက်လည်းစားပြီးပြီဆိုတော့ သူ့ကို ကူညီရတော့မှာပေါ့။ ကားလေးစင်းအဝင်က ငါသိတယ်နိုင်မင်း၊ ပွဲရုံကိုချိတ်မယ့် ကိစ္စတွေကိုပဲ ငါ့ကိုပြခဲ့။ ငါနဲ့ ချစ်ဖွေးနဲ့ ထိုင်လိုက်မယ် ဟုတ်ပြီလား'

ဒီတော့လည်း နိုင်မင်းက ငြင်းဆန်တာမရှိ။ မင်းတို့နဲ့ မရဘူးတို့ ဘာတို့မရှိဘဲ စိုးမောင်ကို ပွဲရုံကိစ္စတွေ ပြသည်။ မိသစ်နှင့် နိုးတို့ကလည်း အနောက်ခန်းထဲကို ဝင်ပြန်သည်။ တီးတိုးစကားသံနှင့် ရယ်သံတစ်ခွန်းနှစ်ခွန်းကိုလည်း ကြားရသည်။ ဒီမှာလည်း နိုင်မင်းက စိုးမောင်ကို လိုအပ်တာတွေ အကုန်မှာပြီးနေပြီ ဖြစ်သည်။

'သွားမယ်နော် နောက်နေ့တွေကြမှ အေးအေးဆေးဆေးလာခဲ့ဦးမယ်'

'လက်ဖက်သုပ်စားရဦးမယ်ပေါ့'

'ဒီတစ်ခါ အိမ်ကသုပ်ပြီး ယူလာခဲ့မယ်'

နိုင်မင်းနှင့် မိသစ်တို့ ထွက်သွားကြတော့ စိုးမောင်တို့ မျက်လုံးခြောက်လုံးသည် နိုးအပေါ်သို့ ကျရောက်လေသည်။

'နိုး... နင်ဘာတွေပြောလိုက်လဲ'

'ဘာမှမပြောရဘူး၊ ဟုတ်တယ် မဟုတ်ဘူး။ သိတယ် မသိဘူးပဲ ဖြေရတာ၊ မမသစ်က အကုန်သိပြီးသား'

'ဟာ... ဘယ်ကနေဘယ်လို သိသွားတာလဲ'

'ဒီတာဝါမှာ သူ့ညီမဝမ်းကွဲလေးတစ်ယောက်ရှိတယ်တဲ့။ အဲဒီ ညီမဝမ်းကွဲကလေးက ရုံးလေးတို့ Section ကတစ်ယောက်နဲ့ သိလို့ ပြောမိရင် သိတာတဲ့'

'ဒါဆို နင် ဘာမှမပြောလိုက်ရဘူးပေါ့'





'နိုးတို့နဲ့အတူ လက်ဖက်ရည်သောက်ရင်း 'ခင်ဗျားကို ကျွန်တော်မချစ်ဘူး' လို့ရေးတာကိုတော့ ပြောပြလိုက်တယ်'

'သူက ယုံလား'

'သူက သူငယ်ချင်းတွေယုံအောင် တမင်လုပ်ပြတာလို့ပဲ ထင်တယ်တဲ့'

'သွားပြီ'

'ပြီးတော့ရော ဘာတွေမေးသေးလဲ'

'ဘာမှမမေးတော့ဘူး၊ ရုံးလေးကို လိုက်ပြပါဆိုလို့ လိုက်ပြလိုက်ရတယ်'

'တွေ့သွားလား'

'အင်း... တွေ့သွားတယ်'

'တွေ့ပြီးတော့ ဘာပြောလဲ'

'ဘာမှမပြောတော့ဘူး မမသစ် မျက်ရည်တွေဝဲနေတယ်'

မိသစ် မျက်ရည်တွေဝဲနေသည်။

အရင်တုန်းက သွေးအေးခဲ့သောမိသစ်သည် အခုတော့ ရင်ထဲမှာ ထူပူပြီး ဆူဝေလျက်ရှိနေမည်။ အခုမှပင် သူမသည် နိုင်မင်းကို ဘယ်လောက်ချစ်သလဲဆိုတာကို သေသေချာချာ သိသွားသည်။ ထိုအချစ်သည် ရင်ထဲကို ရောက်နေပါလျက်နှင့် ထိုစဉ်တုန်းက အသံမပေး အခု ပြိုင်ဘက်ကိုတွေ့ရတော့မှ အသံကုန်ဟစ်ကြွေးသောင်းကျန်းနေသည်။

သူ့ကို နိုးလိုက်ပြ၍ ရုံးလေးဆိုသော မိန်းကလေးကို တွေ့ခဲ့ပါသည်။ M.P.3 နှင့် သီချင်းနားထောင်နေသည်။ မိန်းကလေးချင်းပင် တစ်ချက်ကြည့်လိုက်ရုံဖြင့် အပြစ်ပြောစရာမရှိအောင် လှပသော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း သိသာသည်။ အပြန်တစ်ခေါက်ကျတော့ ကော်ရစ်တာမှာ ထွက်ရပ်နေသဖြင့် ကိုယ်လုံးကိုယ်ပေါက်ကိုပါ တွေ့ခွင့်ရ၏။ နိုင်မင်းသည် ဘာသားနှင့်ထုထားသော လူတစ်ယောက်ဖြစ်သနည်း။

'ငါ... အမှန်အတိုင်းပဲသိချင်တယ် နိုင်မင်း'

'အေး... ငါအမှန်အတိုင်းရှင်းပြတာကို ခုထိ ယုံတဲ့လူ တစ်ယောက်မှ မရှိသေးဘူး။ နင် သူ့ကို အခု မြင်ပြီးပြီဆိုရင် ပိုပြောလို့ကောင်းသွားပေါ့၊ သူ့အမူအယာ သူ့နေပုံထိုင်ပုံမှာ ယောကျ်ားလေးတွေက သူ့ကို ချစ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ထင်နေတဲ့မာန မပါဘူးလား'

'အဲဒီစိတ်က ဘယ်မိန်းကလေးမှာမဆို ရှိတယ်'

'ကောင်းပြီ... သူက သာမန်မိန်းကလေးတွေထက် လွန်ကဲနေတယ်၊ ငါ သူနဲ့ယှဉ်ပြီး လမ်းလျှောက်မိတယ်၊ နံဘေးနားက သူဆိုတာတောင် မသိဘူး။ အဲဒါ ငါ့ကို ဝိုင်းအရှက်ခွဲကြလို့ ငါ ဒီစာကိုပေးတယ်၊ ဒီစကား ကိုပြောတယ် ဒါပဲ'

မိသစ်က မျက်ရည်တွေ ဝဲနေရင်းက ပြုံးရင်း တစ်ချက်နှစ်ချက် ရယ်သည်။

'ရုံလေးလို မိန်းကလေးမျိုးဆီကို ရေးတဲ့စာက ချစ်တယ်ဆိုတဲ့စာပဲ ဖြစ်ရမယ်၊ ရာခိုင်နှုန်း ကိုးဆယ်က 'ချစ်ပါတယ်' ဆိုတဲ့စာပဲ ဖြစ်ရမယ်။ ဒါပေမယ့် ခိုင်မင်း ငါကျန်တဲ့ (၁၀) ရာခိုင်နှုန်းကို ယုံလိုက်မယ်။ အား ကိုးလိုက်မယ်'

'နင်နဲ့ ငါနဲ့က ငယ်ဖော်ပဲ မိသစ်၊ ငါ ဘယ်တုန်းက ဘာကိစ္စနဲ့ နင့်ကို လိမ်ခဲ့ဖူးလို့လဲ'

'သူငယ်ချင်းဘဝမှာတော့ ဟုတ်ပါတယ်။ အခုဟာက အချစ်ကိစ္စ၊ နှလုံးသားကိစ္စ၊ အိမ်ထောင်ရေးကိစ္စ ခိုင်မင်းရဲ့ ငါ့အတွက်အရေးကြီးတယ်'

မိသစ် ပြောရင်းပြောရင်း အသံက ကျယ်လာသည်။ ငိုသံပါလာသည်။ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။ ပြီးတော့ ခိုင်မင်းရဲ့ ရင်ခွင် ထဲကိုဝင်ကာ အားရပါးရ ငိုပစ်လိုက်သည်။

ခိုင်မင်းက အသာအယာ ထွေးပွေ့ထားပေး၏။

ထို့ကြောင့် မိသစ်သည် ပို၍ အားရပါးရ ငိုလေသည်။

အားနှင့်အင်နှင့်ရှာသောမိုးသည် ဖြည်းဖြည်းချင်းစဲသွားသလို အားရပါးရ ငိုချလိုက်သော မိသစ်၏ ငိုသံသည် တဖြည်းဖြည်း ပါးလျလာပြီး ရှိုက်သံ သာ ကျန်တော့သည်။

'ကဲ... ငိုမနေပါနဲ့တော့ မိသစ်ရာ၊ နင် ဘာဖြစ်ချင်သလဲပြော'

မိသစ်သည် ခိုင်မင်းရင်ခွင်ထဲမှာ ငြိမ်နေရင်းက စဉ်းစားသည်။ သူ ဘာလုပ်ရမလဲ၊ သူလိုချင်တာဘာလဲ၊ သူဖြစ်ချင်တာဘာလဲ။

'နင် သူ့ကို ချစ်လည်းမချစ်ဘူး၊ စိတ်လည်းမဝင်စားဘူးဆိုရင် သူ့နဲ့





မပတ်သက်ပါနဲ့တော့ ခိုင်မင်းရယ်နော်... '

ခိုင်မင်း တိတ်သွားသည်။ သူ့ရင်ခွင်ထဲမှာရှိနေသော မိသစ်၏ ဆံစလေး များကို ငြင်သာစွာ ပွတ်သပ်ပေးရင်း 'ငါ့မှာ အိမ်ထောင်ဖက်တစ်ယောက် ရှိနေပါလား' ဆိုသောအသိကို ညင်သာစွာ တွေးနေမိသည်။

'နင်က ဘာဖြစ်လို့ ချက်ချင်းအဖြေမပေးနိုင်တာလဲ ခိုင်မင်း'

'ငါ နင့်အကြောင်းကို တွေးနေလို့ပါ'

'စပါယ်ရုံက လှတယ်နော်'

'အဲဒါကြောင့်မို့ ငါ ဒီစာမျိုးကို ရေးတာပေါ့'

'မချစ်ဘူးဆိုရင် စာရေးစရာလည်းမလိုတော့ဘူး။ ဆက်ဆံစရာလည်း မလိုတော့ဘူးလေ။ ရုံလေးက မချစ်တဲ့သူတွေအများကြီးရှိတာပဲ၊ သူတို့က စာရေးပြီး မပြောကြပါဘူး။ ရုံလေးကို မဆက်ဆံရုံနဲ့ ဒီကိစ္စက အလိုလို ပြီးသွားတာပါပဲ။ နင်လည်း အဲဒီလိုပဲ နေလိုက်ပါ ခိုင်မင်းရယ်နော်'

'အေးပါ... ငါ သူ့ကို ထပ်မရေးတော့ပါဘူး'

'ထပ်မရေးတော့ပါဘူးဆိုတော့ ရေးထားတဲ့စာ ရှိတယ်ပေါ့'

'မနေ့ကပဲ စာတိုက်ကထည့်ထားတဲ့စာတော့ ရှိတယ်'

'ဒီလောက်ဆို သူလည်း သိလောက်ပါပြီ ခိုင်မင်းရယ်၊ ဆက်မရေးပါ နဲ့တော့နော်။ နင့်မှာ နင့်အပေါ် သိပ်သံယောဇဉ်ကြီးပြီး လက်ထပ်ဖို့ကို စောင့်နေတဲ့ မိန်းကလေးတစ်ယောက် ရှိတယ်ဆိုတာကို နင်မမေ့ပါနဲ့နော် ခိုင်မင်း'

'အေးပါဟာ'

'ပြီးတော့... ရုံလေးဆီကို ဒီစာတွေ မရေးတော့ပါဘူးဆိုတာရယ် ရုံလေးနောက်ကို မလိုက်တော့ဘူးဆိုတာရယ် နင် ငါ့ကို ကတိပေး'

မိသစ်က ခိုင်မင်းရင်ခွင်ထဲမှထွက်ပြီး မျက်နှာချင်းဆိုင်၍ ပြောသည်။ မိသစ်၏ မျက်ဝန်းတွေက မာနဖြင့် စူးရှတောက်ပြောင်နေသည်။ မျက်ရည် ဖြင့်ဆေးထားသဖြင့် မျက်လုံးတွေက ဝင်းပစူးရဲနေကြသည်။ ခိုင်မင်း သက် ပြင်းကို ချလိုက်သည်။

'အေးပါ... မိသစ်ရယ်... ငါ ကတိပေးပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

'အဲဒီတုန်းက ရုံလေး တော်တော်ဒုက္ခရောက်တာ မစိုးရဲ့ သိလား၊ သူ့အဖေက တပ်ထွက်အရာရှိကြီး စည်းကမ်းသိပ်ကြီးတာ၊ ဒုတိယဗိုလ်မှူးကြီးနဲ့ အငြိမ်းစားယူထားတာလေ'

'သြော်... သူကအငယ်ဆုံးပေါ့'

'ဟုတ်တယ် သူ့အထက်မှာ အစ်မ ၃ ယောက်ရှိတယ်၊ ၂ ယောက်က ဗိုလ်တွေနဲ့ချည်းပဲ အိမ်ထောင်ကျတယ်၊ တစ်ယောက်က ဆရာဝန်နဲ့ ကဲ... သူ့ကျမှ လူပေဖြစ်တာ။ ရုံလေး အဖြေမပေးမချင်း သူ့နှုတ်ခမ်းမွေးတွေ မုတ်ဆိတ်မွေးတွေ ဆံပင်တွေကို မရိတ်ဘူး မညှပ်ဘူးတဲ့လေ။ ဘယ်လောက်ဂျိုကျတဲ့ကောင်လဲ'

စကားဆုံးတော့ ရုံလေးက ပြောပြီးရယ်သည်။ နားထောင်နေသည့် မစိုးကတော့ ပြုံးရုံသာပြုံး၏။

'၁၀ တန်းအောင်တော့ သူ့အဖေက သူ့သားကို ဗိုလ်လောင်းပေါ့၊ သားကလည်း ဒီတစ်ယောက်တည်း ပါလာတာကိုး။ အဲဒါကို ကိုယ်တော်မြတ်က ရုံလေးဆီက အဖြေမရလို့ဆိုပြီး အိမ်ကို ဖွင့်ပြောပြတော့ သူ့အမေ





က ရုံလေးအမေကို လာညှိရော။ သူ့သားဗိုလ်လောင်းဖြစ်ဖို့အတွက် ရုံလေးက အဖြေပေးပေးဖို့တဲ့လေ'

'အဲဒီတော့ ရုံလေးက ဘယ်လိုလုပ်လိုက်လဲ'

'ဘယ်လိုလုပ်ရမလဲ မစိုးရဲ့ ရုံလေးမှ မကြိုက်တဲ့ဥစ္စာ။ ဘယ်ကူညီနိုင်ပါ့မလဲ'

'နောက်ဆုံးဘယ်လိုဖြစ်သွားလဲ'

'ရယ်တော့ရယ်ရတယ်။ ညဘက် သူအိပ်ပျော်နေတုန်း သူ့အဖေက လက်ကိုင်ပဝါမှာ မေ့ဆေးစွတ်၊ သူ့နှာခေါင်းမှာ အတင်းကပ် မေ့ဆေးပေးပြီး သူ့မုတ်ဆိတ်တွေ နှုတ်ခမ်းမွေးတွေကို ရိတ်ပစ်ရတယ်တဲ့'

'အင်း... ဒီလိုလူတွေလည်း ရှိသေးတယ်နော်'

'ရှိတာပေါ့ မစိုးရယ်၊ သူတို့ကိုစိတ်မဝင်စားဝင်စားအောင် ဇာတ်လမ်းဆင်ကြတာပေါ့။ အခု 'ခင်ဗျားကိုမချစ်ဘူး' ဆိုတဲ့ကောင်လည်း ဒီလိုပါပဲ၊ မချစ်ရင်နေပေါ့ မဟုတ်ဘူးလား ဒါပေမယ့် အရူးအမူးကို ဖြစ်နေကြတာ'

ထိုစဉ် အခန်းထဲကို ကေသီနှင့် ဥမ္မာ ဝင်လာကြသည်။ မျက်နှာတွေက ပုံမှန်မဟုတ်။ အထူးသဖြင့် အမြဲတမ်း ပြုံးနေလေ့ရှိသော ကေသီမျက်နှာက ပို၍ သိသာနေသည်။ ဥမ္မာက ထမင်းချိုင့်ကို စားပွဲပေါ်တင်ရင်း သက်ပြင်းကိုချ၍ ရေဘူးထဲက ရေကို သောက်သည်။ ပြီးတော့ ဘီစကစ်တစ်ချပ်ကို ထုတ်၍စား၏။

'ဖြူဖြူရော... ဥမ္မာ'

'မင်းအတွက် မေးစရာကျန်တာလေးတွေ ဆက်မေးရင်း ကျန်ခဲ့တယ်'

'ငါ့အတွက် မေးစရာကျန်တာ၊ ဘာမေးစရာလဲ'

'မချစ်ဘူးကောင်ကိစ္စပေါ့'

ထိုစဉ် စာလိုက်ဝေသော စာပို့သမားကောင်လေးတစ်ယောက် စာအိတ်တစ်အိတ်လာပေးသည်။

'မရုံလေးစာ မရုံလေးဆီ စာတွေ အရမ်းလာတယ်နော်၊ လက်ဖက်ရည်လေးဘာလေးတော့ တိုက်ဖို့သင့်ပြီဗျာ'

ရုံလေးက ဘာမှပြန်မပြောဘဲ ငါးရာတန်တစ်ရွက် ထုတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မစိုးမယုံရင်ကြည့် အဲဒါ မချစ်ဘူးကောင်ရဲ့စာပဲ'

ရုံလေးပုံစံက အရင်ကလို ဒေါသဖြစ်နေတာ စိတ်ပျက်နေတာ စိတ်ဆိုးနေတာ မရှိတော့။ သူ့ဆီကို ထိုစာတွေလာနေတာကို ဂုဏ်ယူတတ်လာပြီ။ ထိုသို့ သူ့ကို လူတစ်ယောက်က အရူးအမူးဖြစ်နေပြီး သူက ထိုသူ့ကို ဂရုလုံးဝမစိုက်ဘဲနေခြင်းသည် သာမန်မိန်းကလေးတွေမှာ မရနိုင်သော အခွင့်အရေးဟု ယူဆနေပြီဖြစ်သည်။

စာအိတ်ကို ဖွင့်လိုက်တော့ ရုံလေးပြောသည့်အတိုင်း 'ခင်ဗျားကို ကျွန်တော်မချစ်ဘူး' ဆိုသော စာများသာဖြစ်သည်။ ထူးခြားတာက ထိုစာတွေကိုချည်းပဲ ဖူးစကက်ဆိုဒ်စက္ကူ ၁၀ ရွက်ကို လက်ရေးနှင့်ချည်း ရေးထားခြင်းဖြစ်သည်။

'အင်း... တော်တော်ဖွဲ့ကောင်းပြီး တော်တော်အပင်ပန်းခံနိုင်တဲ့လူပဲ'

မစိုးကတော့ စာရွက်တွေတစ်ရွက်ချင်းစီကိုကြည့်၍ မှတ်ချက်ချသည်။ ရုံလေးရင်ထဲမှာ ပျော်နေသော်လည်း မျက်နှာပေါ်မှာတော့ စိတ်ညစ်ဟန်ဆောင်ထားရ၏။

'အရူးထတာပေါ့မစိုးရယ်... ကဲ... အဲဒီလို လူမျိုးကို ရုံလေးက ဘယ်လိုသွားပြောရမလဲ၊ မရေးပါနဲ့ရှင် အပင်ပန်းမခံပါနဲ့ဆိုရင် သူက တစ်ဆင့်တက်လာတော့မယ် မခက်ဘူးလား'

ရုံလေးနှင့် မစိုး စကားကောင်းနေစဉ် ဖြူဖြူမောင် ရောက်လာသည်။ ဥမ္မာ၊ ကေသီနှင့် ဖြူဖြူမောင်တို့သုံးဦး ခေါင်းချင်းဆိုင်ကြ၏။

'သေချာပြီလား ဖြူ'

'သေချာပြီ၊ နာမည်ပါ သိခဲ့တယ်။ ခင်မိုးသစ်တဲ့။ နိုင်းမင်းနဲ့ ငယ်ပေါင်း သူငယ်တန်းကတည်းက သူငယ်ချင်း၊ အောက်တိုဘာလမှာ လက်ထပ်တော့မှာ'

'ဟင်... အဲဒါဆို သူလုပ်တာကြီးက ဘယ်လိုကြီးလဲ။ ရုံလေးကို သက်သက်ဖွဲ့သလိုမျိုးကြီး ဖြစ်နေတာပေါ့'

ကေသီစကားကို ဥမ္မာက သေချာစဉ်းစားသည်။ 'ဒီမှာလိုက်တာကျန်တဲ့လူတွေကတော့ အေးဆေးပါပဲ' ဆိုသော ရုံလေး၏ စကားသံကို ဟိုဘက်ခုံက ကြားရသည်။ ဥမ္မာခေါင်းကို ကုတ်သည်။





'အဲဒီလိုပြောလို့လည်း မရသေးဘူးဟ၊ သူက လိုက်တာမှ မဟုတ်ဘဲ၊ မချစ်ဘူးလို့ လိုက်ပြောနေတာလေ'

'ဘာပဲဖြစ်ဖြစ် အဲဒါကို ရုံလေးစိတ်ဝင်စားနေပြီဆိုတာကို မင်း သိတယ် မဟုတ်လား'

ဖြူဖြူမောင့်စကားကြောင့် စကားဝိုင်းက ပြန်၍တိတ်သွားပြန်သည်။ သူငယ်ချင်းသုံးယောက်စလုံး၏ မျက်နှာပေါ်မှာ ရှုပ်ထွေးခြင်းကိုယ်စီ ရှိနေကြ၏။

'သူ ငါတို့ကို စုံစမ်းခိုင်းတဲ့အထဲမှာ မျှော်လင့်ချက်ပါတယ်ကွ၊ အဲဒီမျှော်လင့်ချက်က ဘာလဲဆိုတော့ နိုင်မင်းဟာ ဒီကိစ္စကို တမင်တကာ သူစိတ်ဝင်စားအောင် လုပ်နေတာလားဆိုတဲ့ မျှော်လင့်ချက်ပဲ'

'အဲဒီတော့...'

ဥမ္မာစကားကို ကေသီက ဝင်ထောက်ပေးသည်။

'ဒီတော့ အခု ဖြူဖြူသိလာတဲ့ ကိစ္စကို ငါတို့က သူ့ကို ဖွင့်ပြောသင့်မပြောသင့်ပေါ့ကွ၊ အဲဒါ အရေးကြီးတယ်နော့'

'ကေသီက ဖွင့်ပြောလိုက်စေချင်တယ်၊ ဒါမှ သူဆုံးဖြတ်ရတာ လွယ်သွားမယ်။ တော်တော်ကျွံပြီးမှ တစ်နေ့ရာရာကသိရင် ပိုဆိုးကုန်လိမ့်မယ်'

'ဘယ်တော့ ပြောမလဲ'

'ဒီနေ့ပဲပြောမယ်... မစိုးပြန်ရင်ပြောမယ်'

'အဲဒီလိုတော့ မလုပ်ပါနဲ့ဥမ္မာရယ် သူ ထမင်းတော့ ကောင်းကောင်းစားပါစေဦး၊ ထမင်းစားချိန်ပြီးတော့မှ ပြောကြတာပေါ့'

'Ok... ကေသီ'

■



www.burmeseclassic.com

www.burmeseclassic.com



မစိုးပြန်သွားသည်နှင့် ရုံလေးက ဥမ္မာတို့ဘက်သို့ လှည့်လာသည်။ ရုံလေးပုံစံက တော်တော်စိတ်ညစ်နေပုံကလေး လုပ်ထားသည်။

'ကဲ... မင်းတို့လူကတော့ လုပ်ချသွားပြန်ပြီ ဟောဒီမှာသာကြည့်တော့၊ အဓိပ္ပာယ်မရှိတဲ့ကိစ္စကို သူမို့ မပျင်းမရိ လုပ်နိုင်တာ ရုံလေးတော့ အံ့သြမိတယ်၊ တဖြည်းဖြည်းနဲ့ ချီးကျူးရတော့မလိုတောင် ဖြစ်နေပြီ'

'ခင်ဗျားကို ကျွန်တော်မချစ်ဘူး' ဟူသော စာသားတွေချည်းပဲ ၁၀ မျက်နှာတိတိ ရေးထားသော စာရွက် ၁၀ ရွက်ဖြစ်ပါသည်။ သူငယ်ချင်းသုံးယောက်က စာရွက်တွေကိုကြည့်ရင်း ဖြူဖြူမောင်က မေးသည်။

'လူတစ်ယောက်ကို ပိုက်ဆံပေးပြီး ရေးခိုင်းတာရော မဖြစ်နိုင်ဘူးလား၊ ဖြူတို့က သူ့လက်ရေးကိုမှ မသိတာ'

ဖြူဖြူ့စကားကြောင့် ရုံလေးတွေသွားသည်။ ရုံလေးသည် မျက်မှောင်ကျုံ့၍ တစ်နေရာတည်းသို့ စိုက်ကြည့်ရင်း စဉ်းစားနေသည်။

'အေးကွ... ဖြူပြောတာလည်း ဖြစ်နိုင်တာပဲ၊ ရုံတို့က သူ့လက်ရေးကိုမှ မသိတာကိုး၊ ရုံအဲဒါကို မစဉ်းစားမိဘူး။ ဒါကြောင့် မစိုးက ပြုံးသွားတာလားမသိဘူး'

ဖြူဖြူမောင်က ဥမ္မာနှင့် ကေသီတို့ကို ကြည့်လိုက်သည်။ ပြီးတော့





ရုံလေးဘက်သို့ တည်ကြည်သောမျက်နှာဖြင့် လှည့်လိုက်သည်။ ဥမ္မာတို့ သိလိုက်ပြီ။ ဖြူဖြူသည် ထမင်းစားပြီးသည်အထိ အခြေအနေကို စောင့်မနေတော့ဘဲ ပြောချလိုက်တော့မည် ဆိုတာကိုပဲ ဖြစ်သည်။

'ရုံလေး... ဖြူတို့ ဒီနေ့ ခိုင်မင်းနဲ့ ပတ်သက်လို့ သတင်းထူးတစ်ခု ရတယ်ရုံလေး'

'သတင်းထူး၊ ကဲ... ဆိုစမ်းပါဦး။ သူ့ဘက်က လက်မလျှော့ဘူး ဆိုပါတော့ ဟုတ်လား'

'အဲဒါလည်းပါတယ် ပြီးတော့ သူက မင်းကို ယောက်ျားလေးတိုင်း မချစ်ဘူးဆိုတာကို မင်းသိထားရအောင် အသိပေးတာတဲ့'

'အဲဒါ သူနဲ့ဘာဆိုင်လို့လဲ'

'ဟုတ်တယ်... သူနဲ့ ဘာမှမဆိုင်ဘူး။ မဆိုင်တာကို တာဝန်တစ်ခု အနေနဲ့ အမိုက်ခံပြီး သူက ဝင်လုပ်တာ၊ ဘာ့ဖြစ်လို့လဲဆိုတော့ သူ့မှာ စေ့စပ်ထားတဲ့ မိန်းကလေးရှိတယ်'

'ဘာ... '

ဖြူဖြူက ဒုတိယအကြိမ် ထပ်မပြောတော့ပါ။

'ဖြူ့ကို ဘယ်သူက ပြောတာလဲ'

'မြတ်နိုး'

'ဒါဆိုရင် ဒီကောင်က တမင်တကာ သက်သက်မဲ့ ရုံ့သိက္ခာနဲ့ မာနကို လာစော်ကားတာပဲ၊ ရုံ့ကို သက်သက်မဲ့ မိုက်ရိုင်းတာပဲ၊ မကျေနပ်ဘူးကွာ၊ မကျေနပ်ဘူး။ ဒါ... ရုံအစော်ကားခံရတာပဲ၊ အဲဒီကိစ္စကို ရုံရှင်းချင်တယ်'

ရုံလေး ခံပြင်းပြီး ဝုန်းဝုန်းဒိုင်းဒိုင်းတွေ လုပ်လာသည်။ အခန်းထဲကနေ ထွက်ဖို့လုပ်နေသော ရုံ့ကို ဥမ္မာက တားထားလိုက်ရသည်။

'ရုံလေး သတိတော့ တစ်ချက်ထားစေ့ချင်တယ်၊ သူက မင်းကို ရေးဟာရော ပြောတာရောက မချစ်ဘူးလို့ပဲ ရေးတာပြောတာနော်။ အဲဒါကို မင်း ဘယ်လိုသွားရှင်းမှာလဲ သူ့ကို မင်းတွေ့ရင် ဘာဆွဲချက်နဲ့ မင်းက ပြဿနာရှာမှာလဲ'

ဥမ္မာ့စကားကြောင့် ရုံလေးရန်းကန်နေရာမှ ငြိမ်သွားသည်။ ဒါ့သော



www.burmeseclassic.com

www.burmeseclassic.com



အရှိန်ကြောင့် ရုံလေး၏ရင်သည် နိမ့်လိုက် မြင့်လိုက်ဖြစ်နေသည်။ ခြေဖျား လက်ဖျားတွေ အေးစက်ပြီး တုန်ယင်၍နေသည်။

'ဒီကောင့်မှာ စေ့စပ်ထားတဲ့ မိန်းကလေးရှိတာ မှန်တယ်ဆိုရင် ဒီကောင် ယုတ်မာတာ၊ သစ္စာမရှိတာ၊ ရုံလေးကို စော်ကားတာပဲကွာ၊ အဲဒါ သေချာ တယ်၊ ရုံလေး အခုဒေါသအရှမ်းထွက်နေလို့ အဲဒါ ဘာကြောင့်ဆိုတာကို စဉ်းစားလို့မရသေးဘူး။ ဒါပေမယ့် ရုံလေးသိနေတယ် ဒေါသပြေသွားရင် ရုံလေး စဉ်းစားပြီးပြောမယ်'

'မင်းပြောချင်တာကို ငါတို့ နားလည်တယ် ရုံလေး။ ဒီကောင် မင်းကို မချစ်ဘူးစပြောတုန်းက မင်း သူ့ကို အံ့သြသွားခဲ့တယ် မဟုတ်လား'

ရုံလေးက ခဏစဉ်းစားသည်။

'ဟုတ်တယ် ပထမနားတောင်မလည်လို့ နောက်တစ်ခေါက် ထပ်မေး ရတယ်'

'ရုံလေးကို မချစ်ဘူးလို့ ပြောတာသေချာတော့ ရုံလေးဒေါသထွက် တယ်၊ ဒီကောင်က ဘယ်သူလဲဆိုတာ သိချင်လာတယ်၊ ဘာဖြစ်လို့ မချစ် ဘူးလို့ လိုက်ပြောနေရတာလဲဆိုတာ သိချင်လာတယ်၊ လူတစ်ယောက် ကိုချစ်လို့ပဲ သတိရရ မုန်းလို့ပဲသတိရရ သတိရတာကသာ မူရင်းပဲ၊ အခု ပြဿနာက မင်းသူ့ကို သတိရတာတွေ သိပ်များသွားတာပဲ ရုံလေး'

'အဲဒါတွေ ငါမသိဘူးဥမ္မာ၊ သူ့မှာ စေ့စပ်ထားတဲ့ မိန်းကလေးရှိရဲ့ သားနဲ့ ငါ့ကို ဘာဖြစ်လို့ စိတ်ဝင်စားလာအောင် လုပ်ရတာလဲဆိုတာကို ငါ မေးချင်တယ်၊ အဲဒီမေးခွန်းကို ငါမေးခွင့်ရှိတယ်'

ရုံလေးစကားကြောင့် သူငယ်ချင်းတွေအားလုံး စဉ်းစားကြသည်။ အခြေ အနေက မထင်မှတ်ထားဘဲ ရှုပ်ထွေးသွားသည်။ ရုံလေးက ခိုင်မင်းကို စိတ်ဝင်စားနေကြောင်း ထုတ်ဝန်ခံလိုက်သောကြောင့် ဖြစ်၏။ ရုံလေးတွင် လည်း စေ့စပ်ထားသောသူ ရှိနေသည်မဟုတ်လား။

အပျော်သဘောနှင့် စခဲ့ကြသော အဖြစ်အပျက်နောက်မှ စိတ်ခံစားမှု တွေက မထင်မှတ်သော အပြောင်းအလဲတွေကို ဖြစ်တတ်သည်ဆိုတာကို သူတို့ ယုံကြရတော့မလို ဖြစ်နေသည်။

'ခင်ဗျားကို ကျွန်တော်မချစ်ဘူး' ဆိုတဲ့ စကားဟာ ပထမပိုင်းကတော့





တစ်ကယ်ပြောတာပဲ၊ နောက်ပိုင်းကျတော့ ဆန့်ကျင်ဘက်အဓိပ္ပာယ်ဆိုတာ သူ့မျက်ဝန်းထဲမှာ ငါတွေ့ရတယ်၊ အဲဒါကို ငါမြင်တယ်၊ အဲဒီတော့ ငါ သူနဲ့တွေ့ပြီး တစ်ခွန်းတည်းသော စကားကိုပဲမေးမှာပါ။ ပြောခဲ့ ရေးခဲ့တဲ့ စကားဟာ အမှန်လားဆိုတာပါပဲ၊ မင်းတို့ ချိန်းမပေးရင် သူနဲ့ တွေ့ဖို့ ငါ ဘာသာသွားချိန်းမယ် ဒါပဲ'

■



www.burmeseclassic.com

www.burmeseclassic.com



နီးသည် သူ့ကိုယ်သူ လိပ်ပြာမလုံ ဖြစ်၍နေသည်။

ဖြူဖြူမောင်လာမေးကတည်းက ဒီစကားတွေအားလုံးသည် ရုံလေးအတွက်ဆိုတာ သေချာပါသည်။ နီးသည် သူတို့သုံးယောက်နှင့် စကားပြောတိုင်း ခိုင်မင်းအကြောင်းပါလာလျှင် အမြဲစကားကို ထိန်းလှေ့ရှိသည်။

ခိုင်မင်းနှင့် ပတ်သက်လာလျှင် သူအဖြစ်ချင်ဆုံးကတော့ သူနှင့် ခိုင်မင်း ချစ်သူတွေဖြစ်ချင်သည်။ သို့သော်... ထိုအချက်က မည်သို့မျှ မဖြစ်နိုင်တော့ဟု သူထင်သည်။ ဒုတိယအချက်က ခိုင်မင်းလည်း အိမ်ထောင်မကျ၊ သူလည်း အိမ်ထောင်မကျဘဲ အခုလို Company တစ်ခုတည်းမှာ သူ့ဂရုစိုက်မှုအောက်မှာ ခိုင်မင်း တစ်သက်လုံး ရှိသွားဖို့ဖြစ်သည်။

ဒီလိုမှ မဖြစ်နိုင်ဘူးဆိုလျှင်တော့ မေမြတ်နီးသည် ခိုင်မင်းကို ခင်မိုးသစ်ဆိုသော မမသစ်နှင့်သာ အိမ်ထောင်ကျစေချင်ပါသည်။ ထို့ကြောင့် အဲဒီနေ့က စပါယ်ရုံ၏ သူငယ်ချင်းတွေကို ခိုင်မင်းမှာ စေ့စပ်ထားသော မိန်းကလေးရှိကြောင်းကို စကားမရောက်ရောက်အောင် ခေါ်ပြီးပြောခဲ့ခြင်းဖြစ်သည်။

စပါယ်ရုံလို ကိုယ့်အလှမှာ ကိုယ်မာနထားပြီး ယောကျ်ားလေးတွေကို ဂရုမစိုက်သည့် မိန်းကလေးမျိုး၏ လက်ထဲမှာ ခိုင်မင်းကို ရှိမနေစေချင်ပါ။

ခိုင်မင်းသည် သူက ဘယ်လောက်ဂရုစိုက်စိုက်၊ အလေးထားထား သူ့ကို နှမကလေးတစ်ယောက်ထက် ပို၍မဆက်ဆံ၊ သူငယ်ချင်းတစ်ယောက်ထက် ပို၍မလိုက်ရော၊ မိတ်ဆွေတစ်ယောက်ထက်ပို၍ အရောမဝင်။





ထိုသို့ တည်ကြည်ဖြောင့်မတ်သော စိတ်ရှိသည့် ခိုင်မင်းကို နီးသည် တန်ဖိုးလည်းထားသည်။ လေးလည်း လေးစားသည်။ အထင်လည်းကြီးသည်။ ချစ်လည်းချစ်သည်။ သို့သော်... ခိုင်မင်းသည် သူနှင့် ၊ မမသစ်ထက် ရုံလေးကို ပို၍ စိတ်ဝင်စားနေကြောင်းကို မိန်းကလေးတို့၏ ရှိအပ်သောဉာဏ်ဖြင့် သိသည်။

အဲဒီနေ့က ခိုင်မင်းသည် စာရွက်လေးငါးရွက်နှင့် ဘာတွေကိုမှန်းမသိ ငုံ့၍ ရေးနေသည်။ နီးတို့ Company သည် စာရေးရသော Company မဟုတ်ပါ။ phone နှင့် စကားပြောရသော Company သာဖြစ်သည်။ နေ့လယ် လက်ဖက်ရည်ဆိုင်ထွက်ကြတော့ ခိုင်မင်းက သူငုံ့ရေးနေသော စာရွက်တွေကို သူ့ဗီရိုထဲထည့်သည်။ ကံကောင်းသဖြင့် သော့မခတ်။ နီးက အိမ်သာဝင်ပြီး လိုက်ခဲ့မည်ဟုပြောပြီး ချန်နေခဲ့ပြီးကြည့်တော့ ဖူးစကပ်စာရွက်နှင့် အပြည့် 'ခင်ဗျားကို ကျွန်တော်မချစ်ဘူး' ဟူသော စာတွေချည်းပဲ ရေးထားတာကို တွေ့ရသည်။

နီးသည် ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားသည်။

'ခင်ဗျားကို ကျွန်တော်မချစ်ဘူး' ဟူသော စာသားသည် ပြောင်းပြန်ဖြစ်သွားပြီဖြစ်ကြောင်းကို နီးသိသွားသောကြောင့် ဖြစ်သည်။

'မခင်မိုးသစ်ကလည်း ရုံလေးကို ခိုင်မင်းက အဲဒီစာတွေလိုက်ပေးတာ၊ စကားတွေလိုက်ပြောတာ သိပါတယ်။ ကိုခိုင်မင်းက အပျော်သဘောလုပ်နေတာဆိုတော့ ဘာမှမပြောပါဘူး။ မခင်မိုးသစ်က ငယ်ပေါင်းဆိုတော့ နားလည်မှုရှိတယ်လေ'

'စိတ်ဆိုးတာတို့ ဘာတို့ကော မရှိဘူးလား'

'အဲတာမျိုးတော့ နီးမကြုံဖူးဘူး။ စပါယ်ရုံကို ကြည့်ချင်တယ်လို့တော့ ပြောဘူးတယ်၊ ဒါပေမယ့် အသည်းအသန်တော့ မဟုတ်ဘူး။ ပြီးခဲ့တဲ့ တစ်ပတ်ကမှ အားရင်လိုက်ပြပါဆိုလို့ လိုက်ပြလိုက်တယ်'

'ဟင်... ဟုတ်လား၊ တွေ့သွားလား'

'အင်း... တွေ့သွားတာပေါ့၊ စပါယ်ရုံက M.P.3 နားထောင်နေတယ်။ ဖြူတို့က ပါမုန့်ကြက်ဥကြော်တွေယားမသိဘူး စားနေတယ် ပြီးခဲ့တဲ့ သောကြာနေ့ကလေ'



www.burmeseclassic.com

www.burmeseclassic.com



'သြော်… ဟုတ်ပြီ… ဟုတ်ပြီ၊ မခင်မိုးသစ်က ဘာပြောသွားသေးလဲ ဟင်'

'အမလေး မခင်မိုးကလေ စပါယ်ရှံက အရမ်းချောတာပဲတဲ့၊ မြန်မြန် ယူထားမှ ပါသွားဦးမယ်တဲ့'

နိုးနှင့်ဖြူတို့ ရယ်လိုက်ကြသည်။ ထိုရယ်သံနှစ်ခု၏ အဓိပ္ပာယ်မှာ မတူကြပါ။ နိုးတွင် အပြစ်ရှိမည်ဆိုလျှင် ထိုသို့စကားအပိုကလေးများ ပြော တတ်ယုံမှလွဲ၍ အပြစ်မရှိဟု သူ့ကိုယ်သူ ထင်ပါသည်။

●





BURMESE CLASSIC .com

## အခန်း (၉)

ပန်းတို့မည်သည် ပွင့်ရာတွင် ရာသီဥတုကိုစောင့်၍ ပွင့်ရသော ပန်း ရှိသလို၊ ရာသီဥတုကိုမစောင့်ဘဲ ပွင့်သောပန်းလည်းရှိသည်။ ရာသီဥတုကို ရော နေရာဒေသကိုပါ ရော၍ စောင့်၍ပွင့်ရသော ပန်းရှိသလို ရာသီဥတု ကိုရော နေရာဒေသကိုပါ ရွေးနေစရာမလိုဘဲ ပွင့်သော ပန်းလည်းရှိသည်။

ဤသို့ဆိုလျှင် သူနှင့် ခင်မိုးသစ်တို့အချစ်သည် ရာသီမရွေး နေရာ မရွေး ပေါက်ရောက်နေသောပန်းနှင့် တူသည်ဟု ခိုင်မင်းထင်သည်။ ပန်းများ ထဲတွင် နေရာမရွေး အခြေအနေ အချိန်အခါမရွေး ပေါက် တတ်သောပန်းကို တန်ဖိုးသိပ်မထားကြ။ ဒါပေမယ့် မပန်ဘူးလားဆို တော့လည်း ပန်ကြပါ သည်။

နေပူဒဏ်ကိုကျော့ကော့နေအောင် ခံကြရပြီး မိုးကလေး တဖြိုက် လောက်ရွာပြီးမှ ထပွင့်သော ပိတောက်ကို အလုအယက်ပန်သလိုတော့ မပန်ဆင်ကြ။

သူနှင့် ခင်မိုးသစ်သည် မိဘများသဘောတူသည့်အတိုင်း လက်မထပ် ဖြစ်ဘူးဆိုပါစို့။ ခိုင်မင်းရင်ထဲမှာ ဘယ်လိုခံစားရမလဲ။ ခိုင်မင်း အသေအချာ



www.burmeseclassic.com

www.burmeseclassic.com



ခံစားကြည့်သည်။ ကဲ… သူမသိသော လူတစ်ယောက်က မိသစ်ရဲ့ လက်ကလေးကိုကိုင်ထားပြီး မိသစ်ရဲ့ နဖူးကလေးကို ကြင်ကြင်နာနာ မြတ်မြတ်နိုးနိုးပဲ နမ်းနေပြီ၊ မိသစ်ကို တပ်မက်စွာ တင်းတင်းကြပ်ကြပ် ဖက်ထားပြီ။

ကဲ… ။

ခိုင်မင်း သက်ပြင်းချမိသည်။ သူ့ရင်ထဲမှာ ဘယ်လိုမှ မနေ။

သူသည် မိသစ်ကို တန်ဖိုးမထားသည်မဟုတ်။ မိသစ်ကို သူငယ်ချင်းမောင်နှမ၊ မိတ်စစ်ဆွေစစ် စိတ်ထက် မပိုကြောင်း ကြောက်မက်ဖွယ်ရာ သိလိုက်ရခြင်းပင် ဖြစ်သည်။ အိမ်က လက်ထပ်ပေးမည်ဆိုတုန်းက သူနှင့်မိသစ်တို့နှစ်ယောက်စလုံး တစ်ယောက်နှင့် တစ်ယောက် ချစ်ရဲ့လားဆိုသောကိစ္စကို စဉ်းစားခဲ့ကြဖို့ကောင်းသည်။

အခု ရုံလေးကိစ္စနှင့် ပတ်သက်တော့မှ မိသစ်ဘက်က သူ့အပေါ် ရင်ခုန်နေတာကို သူအံ့ဩထိတ်လန့်စွာ သွားတွေ့ရသည်။ သူ မိသစ်ကို သံယောဇဉ်ကြီးမိတာကိုတော့ ဝန်ခံပါသည်။ အနှစ် ၂၀ ကျော် ထုထည်ကြီးမားခဲ့သော သံယောဇဉ်သည် လှပ်ခနဲတစ်ချက် ရင်ခုန်သံကို လိုက်၍ မမီနိုင်ချေ။

သူ ထိုအကြောင်းကို စိုးမောင်နှင့် ပြောဖြစ်ကြသည်။

'သံယောဇဉ်ပါတဲ့အချစ်နဲ့ အချစ်ပါတဲ့သံယောဇဉ်ဆိုတာ မတူဘူး စိုးမောင်'

'ဘယ်ဟာက ပိုခက်လဲ'

'သံယောဇဉ်ကြီးပြီး ချစ်ဖို့က ပိုခက်တယ်'

'ဘာဖြစ်လို့လဲ'

'ကိုယ့်သိက္ခာကို ကိုယ်တန်ဖိုးထားတဲ့လူတိုင်းဆိုရင် သံယောဇဉ်ကြီးတာမှာတင်ပဲရပ်ပြီး အချစ်ဘက်ကိုကူးဖို့ ခဲယဉ်းသွားတတ်ကြတယ်၊ အရင်စချစ်တဲ့အခါကျတော့ ချစ်တဲ့စိတ်နဲ့အတူ သံယောဇဉ်က အလိုလိုပါလာတယ်၊ ငါနဲ့ မိသစ်အဖြစ်က ပထမအမျိုးအစားဖြစ်နေတယ်၊ ငါနဲ့ မိသစ်က ငယ်ပေါင်းဆိုတော့ သံယောဇဉ်အင်မတန်ကြီးကြတယ်။ ဒါပေမယ့် သူကလည်း သူ့စိတ်ကိုသူထိန်း၊ ငါကလည်း ငါ့စိတ်ကိုငါထိန်းဆိုတော့ တို့နှစ်ယောက်





ဟာ အချစ်ဘက်ကို ရောက်မလာကြဘူး။ ဖြစ်နေကြတယ်၊ အဲဒါကို လူကြီးတွေက နားမလည်ဘူး'

'မဟုတ်ဘူးခိုင်မင်း၊ မိသစ်က မင်းကိုချစ်တယ်၊ အဲဒါကို သံယောဇဉ်ကြီးတာနဲ့ သူမှားနေတာ'

စိုးမောင်၏ စကားကို ခိုင်မင်းက မကန့်ကွက်ပါ။ မိသစ် သူ့ကို ချစ်သည်ဆိုတာကို ရုံလေးနှင့် ကိစ္စမှာ သူ မျက်မြင်ကိုယ်တွေ့တွေ့ခဲ့ရပြီးပြီမဟုတ်လား။ မိန်းကလေးတစ်ယောက်ကို နားလည်ရခက်သည်ဆိုတာကို သူ အခုမှပင် နဖူးတွေ့ ဒူးတွေ့တွေ့ရတော့သည်။

သူသည်လည်း မပြတ်သားခြင်း၊ နေရာတကာတွေဝေခြင်း၊ ကိစ္စတစ်ခုခုကို လုပ်ချင်လျှင် မည်သူ့ကိုမှ မတိုင်ပင်ဘဲ ဇွတ်လုပ်လေ့ရှိခြင်း၊ ကိုယ်က မှန်သည်ဟုထင်လျှင် မည်သူကတားတား ဆက်လုပ်လေ့ရှိခြင်း။ စသော အားနည်းချက်များကြောင့် ပြဿနာတစ်ခုသည် ဖြေရှင်းမရတော့သည့်အချိန်ထိ ရောက်လာလေ့ရှိတတ်လေသည်။

နီးက သူ့ကို သံယောဇဉ်ရှိနေတာကို သူသိသည်။

တစ်ခါတစ်ရံ နီးကို သူမဆက်ဆံဘဲ ခပ်ဝေးဝေးနေတတ်သော်လည်း တစ်ခါတစ်တရံ နီးနှင့် စကားပြောခြင်း Canteen အတူထိုင်ခြင်း၊ ရုပ်ရှင်တွေဘာတွေကြည့်ခြင်းမျိုး လုပ်တတ်ပြန်သည်။ သူ့အတွေးက သူ့ဘက်က နီးအပေါ် ရိုးသားသည်ဟူသော အတွေးနှင့် အကြောင်းပြချက်ရှိသော်လည်း နီးကို မျှော်လင့်ချက်ပေးသလို ဖြစ်မနေဘူးလားဟု သူထည့်တွေးလေ့မရှိ။ သူငယ်ချင်းများက သတိပေးလျှင်လည်း သူ ဂရုမစိုက်တတ်။ ထို့ကြောင့် ခိုင်မင်းသည် ဆရာဝန်စကားနှင့်ဆိုရလျှင် ရောဂါကျွမ်းမှ ဆေးခန်းပြသူ တစ်ယောက်ဖြစ်လေသည်။

'အခု… မိသစ်နဲ့ ရုံလေးကိစ္စ မင်းဘယ်လိုလုပ်မှာလဲ ခိုင်မင်း'

'ငါရပ်လိုက်ပြီလေ၊ ငါ မိသစ်ကို ကတိပေးလိုက်ပြီ'

'မင်း… မိသစ်ကို လက်ထပ်မှာလား'

'ဟုတ်တယ်… ငါ လက်ထပ်ရလိမ့်မယ်'

'မင်း… မိသစ်ကို ချစ်ရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



'မိသစ်ဟာ ငါတန်ဖိုးအထားရဆုံးမိန်းကလေးပါ။ ချစ်သလား ဆိုတာတော့ ငါ့ကိုယ်ငါလဲ မေးနေတုန်းပါပဲ'

'မင်း အရင်တုန်းက မိသစ်ကိုကြည့်ပြီး ချစ်ချင်စိတ်တွေ ဘာတွေ မပေါ်ခဲ့ဖူးဘူးလား'

'ပွင့်ပွင့်လင်းလင်းပြောရရင် သူ့အထိအတွေ့အပေါ်မှာ ဆန့်ကျင်ဘက်ခံစားချက်အရသာယာတာတော့ ရှိခဲ့ဘူးတယ်၊ ဒါပေမယ့် ချစ်တဲ့စိတ်မျိုးနဲ့တော့မဟုတ်ဘူး၊ ဒါပေမယ့် အဲဒီလိုဖြစ်အောင် ငါတမင်လုပ်မယူဘူး၊ တောင်းလည်းမတောင်းဘူး'

စိုးမောင်က ခေါင်းကိုညိတ်သည်။ ခိုင်မင်းသည် အခွင့်အရေးယူတတ်သော လူတစ်ယောက်မဟုတ်ဆိုတာကို စိုးမောင်သိပါသည်။ လုပ်ချင်တာကို ဖွင့်လုပ်ခြင်းနှင့် အခွင့်အရေးယူခြင်းသည် တခြားစီပင်ဖြစ်သည်ဆိုတာ စိုးမောင်နားလည်ပါသည်။

ကစ်ခါတုန်းက စိုးမောင် ခိုင်မင်းအိမ်သို့သွားလည်သည်။

ခိုင်မင်းအမေက စိုးမောင် ကတ်တီးကတ်ဖဲ့နိုင်ပုံတွေကို သူ့ကို ပြောပြ၏။

'သူနဲ့ပေါင်းရင်တော့ သည်းခံပြီးတော့ ပေါင်းပေးကြပါသားတို့ရယ်၊ သူက ကန့်လန့်လုပ်တဲ့နေရာမှာတော့ ဘယ်သူနဲ့မှ တူတာမဟုတ်ဘူး။ အိပ်ရာကထရင် လူတိုင်းသွားတိုက်မျက်နှာသစ်နေကျဟာကို သူက မျက်နှာသစ်ပြီး အာလုပ်ပဲကျင်းတယ်၊ တစ်ခုခုစားပြီးတော့မှ သွားတိုက်တယ်။ အဲဒါ မေးကြည့်တော့ အိပ်ရာကထပြီး သွားတိုက်ပြီး မနက်စာစားတော့ စားကြွင်းစားကျန်တွေက တစ်နေ့လုံးသွားထဲမှာ ကျန်နေမယ်တဲ့၊ မနက်စာစားပြီးမှ သွားတိုက်တော့ စားကြွင်းစားကျန်တွေ မကျန်တော့ဘူးတဲ့၊ မင်းရဲ့သူငယ်ချင်းက အဲဒီလိုကောင်ပါကွယ်'

ပြီးတော့ ခိုင်မင်း၏ ဖွတ်လုပ်တတ်သော အပြုအမူကလေးတွေအကြောင်းကို ပြောပြသည်။ ရှေ့မဝတ်သည့်အကြောင်း နာရီမပတ်သည့်အကြောင်း Hand Phone မကိုင်သည့်အကြောင်းများ ဖြစ်သည်။

အခုလည်း ဘာများထူးသနည်း။ ဒီ 'ခင်ဗျားကို ကျွန်တော်မချစ်ဘူး' ဆိုသော စကားမှာ မပြောလည်းရသောစကားကို ဘာမှ အကြောင်းပြချက်





မရှိဘဲ သူလုပ်ချင်ရာသူ ဖွတ်လုပ်ပြီးပြောရင်း မလိုလားသော ပြဿနာတွေ ရောက်လာပြီဖြစ်သည်။

သူတို့နှစ်ဦး အတွေးကိုယ်စီနှင့် ငြိမ်သက်နေတုန်း မိုးက သည်းထန်စွာ ရွာချသည်။ ခိုင်မင်းက စားပွဲထိုးကောင်လေးကိုခေါ်ပြီး ပိုက်ဆံရှင်းသည်။

'ဟေ့ကောင့် ပြန်တော့မလို့လား'

'အေး... '

'မိုးတွေရွာနေတယ်လေကွာ'

'ငါ မိုးရေထဲလမ်းမလျှောက်ရတာကြာပြီ။ မိုးရေထဲ လမ်းလျှောက်ချင်လို့၊ နေပူထဲ လမ်းလျှောက်ရတာထက်စာရင် မိုးရေထဲလမ်းလျှောက်ရတာ ပျော်ဖို့ပိုကောင်းတယ်ကွ၊ မင်းရော လျှောက်ဦးမလား'

'အမလေး... ကိုယ်တော်... ကိုယ့်ဘာသာ ကြွချီတော်မူပါ'

■



www.burmeseclassic.com

www.burmeseclassic.com



ရုံလေးသည် ကားပေါ်မှာ သူ့သူငယ်ချင်းတွေအကြောင်းကို စဉ်းစားလာခဲ့သည်။ ခိုင်မင်းနှင့် ကိစ္စကို စုံစမ်းဖို့အတွက် သူ့ သူငယ်ချင်းသုံးယောက်စလုံးကို အကူအညီတောင်းခဲ့တာ မှန်ပါသည်။ အခု သူကိုယ်တိုင် ခိုင်မင်းနှင့် တွေ့ဖို့ကျတော့ သူငယ်ချင်းသုံးယောက်စလုံးကိုခေါ်လျှင် ကိုယ့်ဘက်က သိက္ခာကျတော့မည်။ ဒီတော့ သူ့သူငယ်ချင်းသုံးယောက်ထဲက တစ်ယောက်ကိုသာ သူ အကူအညီတောင်းချင်သည်။

ကေသီက ပြောရဲဆိုရဲဆိုတာတော့မှန်သည်။ သို့သော် နေရာတကာပါချင်သည်။ ပြီးတော့ နှုတ်လွယ်သည်။ မပြောပါနှင့်ဆိုသည့် စကားမျိုးကိုမှ ရွေးပြောချင်သည့် မိန်းကလေးမျိုး ကေသီနှင့် ဘာကိစ္စမှ လျှို့ဝှက်လုပ်လို့ မရနိုင် ထို့ကြောင့် ကေသီကို ပယ်လိုက်ရသည်။

ဥမ္မာကျတော့ရော... ။

ဥမ္မာက ဖြတ်ထိုးဉာဏ်ကောင်းသည်။ ကိစ္စတစ်ခုကို စိတ်ရှည်လက်ရှည် သည်းခံပြီး လုပ်တတ်သည်။ စကားပြောလည်း ကောင်းသည်။ သို့သော်... ဥမ္မာသည် ဆရာကြီးလုပ်တတ်သည်။ ဆရာကြီးလုပ်လိုက်ရမှ ကျေနပ်သူဖြစ်သည်။ သူပေးသည့် အကြံဉာဏ် သူပြောသည့် အစီအစဉ်အတိုင်းလုပ်မှ ဥမ္မာက ကျေနပ်တတ်သည်။ ဒီက ရုံလေးကလည်း ကိုယ်ထင်ရာကိုယ်လုပ်မှ ကျေနပ်တတ်တာဆိုတော့ မဖြစ်။

ဒီတော့ ဖြူဖြူမောင်တစ်ယောက်သာ ကျန်တော့၏။





ဖြူဖြူက စကားနည်းသည်။ အေးစက်စက်နိုင်သည်။ တစ်စုံတစ်ခုကို အကူအညီတောင်းလျှင် ထိုတစ်စုံတစ်ခုကလွဲ၍ တခြား ဘာကိုမှ ဉာဏ်ကွန့်မြူး၍ စဉ်းစားကာ အစဉ်ပြေအောင် ဖြတ်ထိုးဉာဏ်ကလေး ဘာလေးဖြင့် လုပ်လိမ့်မည်မဟုတ်၊ အခက်အခဲတစ်ခုခုဖြစ်လို့ ကူညီပါဦး ဖြူရဲ့ဆိုလို့လဲ ဘာသခ်နပ္ပတ္တိဉာဏ်မှ ထွက်လိမ့်မည်မဟုတ်။ ဖြူဖြူမောင်သည် အေးစက်စက်နိုင်သည်။ နှုတ်လုံသည်။ ဝင်မရှုပ်တတ်၊ ပြောလျှင် ပြောသည့်အတိုင်း အကူအညီပေးသည်။ ရုံလေးကလည်း ကိုယ့်နံဘေးမှာ ကိုယ်အတွက် အားရှိအောင် အဖော်တစ်ယောက်ပဲ လိုချင်တာမို့ ဖြူ့ကို ပဲ ရွေးလိုက်သည်။

'ဖြူ... ရုံလေးကို ကူညီနိုင်မယ်မဟုတ်လား'

'ဖြူ ကူညီနိုင်ပါတယ်၊ တစ်လျှောက်လုံးလည်း ဖြူကူညီလာတာပဲ၊ အခု ရုံလေးက ကိုခိုင်မင်းကို တွေ့ချင်တယ်ဆိုတာကို ဖြူက သွားပြောပေးရမယ် အဲဒီလိုလား'

'မဟုတ်ဘူးဖြူ၊ ပြောတာက ရုံလေးကိုယ်တိုင်ပြောမှာ ဖြူက ရုံလေးနဲ့ အဖော်လိုက်ပေးဖို့ပဲ၊ သွားတွေ့တဲ့အခါကျတော့လည်း ရုံလေးနဲ့ အဖော်လိုက်ပေးဖို့ပဲ'

'ဒါဆို ဖြူနားလည်ပါပြီ'

'ရုံလေး မင်းစဉ်းစားနော်၊ သူက မချစ်ဘူးလို့ရေးတာကို သူ့သူငယ်ချင်းတွေက သိကောင်းသိနေလိမ့်မယ်။ မင်းက သူ့ကို သွားချိန်းတယ်ဆိုရင် ကိုယ့်ဘက်က ၂ ခါရှုံးတယ်ဆိုတာကိုလည်း မင်းထည့်တွက်ဦး'

'သူနဲ့တွေ့လို့ ရှင်းတဲ့အခါကျရင် ဒီကိစ္စတွေက ရှင်းသွားမှာပါ။ သူနဲ့တွေ့ဖို့ချိန်းတာက 'မချစ်ဘူး' ရေးတဲ့ကိစ္စမှမဟုတ်ဘဲ၊ အဲဒီကိစ္စကို ရှင်းချင်ရင် အစောကြီးကတည်းက ရှင်းမှာပေါ့၊ အခု ရုံလေးရှင်းချင်တာက စေ့စပ်ထားတဲ့ မိန်းကလေးရှိရက်နဲ့ ရုံလေးကို ဘာဖြစ်လို့ စိတ်ဝင်စားအောင်လာလုပ်ရတာလဲဆိုတာပဲ'

ဥမ္မာက ခေါင်းကိုခါပြီး ကေသီက ပြုံးသည်။

'မင်းရှင်းတဲ့ချင်တဲ့ အချက်အလက်က မှန်တယ်ရုံလေး မင်းရှင်းဖို့ရွေးတဲ့ လူက မှားနေတာ'



www.burmeseclassic.com

www.burmeseclassic.com



ဥမ္မာက ရယ်ရင်းမောရင်း ပြောသည်။ ကေသီက ခေါင်းကိုညိတ်ရင်း...

'ဟုတ်တယ်ရုံလေး အဲဒီကိစ္စကို မင်းတကယ်ပြောရမှာက နိုင်မင်းနဲ့ စေ့စပ်ထားတဲ့ကောင်မလေးနဲ့ ပြောရမှာ... '

'အဲဒါမှ ငါ သိက္ခာကျမှာ၊ သူက ငါ့ကို ချစ်တယ်လို့ပြောတာမှ မဟုတ်ဘဲ၊ သူ့နဲ့ ရှင်းမှကိုရမှာ'

'အေးပါရုံလေးရယ် နင်လုပ်ချင်တာသာ လုပ်ပါတော့ နင်တို့ကိစ္စက နှစ်လုံးတည်းနဲ့ ရှုပ်နေတယ်ဆိုတာ အမှန်ပဲ'

နောက်ဆုံးတော့ သူငယ်ချင်းတွေ လက်လျှော့သွားကြပြီး ရုံလေးဆန္ဒကို မကန့်ကွက်ကြတော့ဘဲ သဘောတူသွားကြသည်။ သဘောတူပြီးသွားကြတော့ ရုံလေးလုပ်ချင်သည့်အပေါ်မှာ အကောင်းဆုံးဖြစ်အောင် အကြံဉာဏ်တွေပေးကြပါသည်။ မိန်းကလေးတစ်ယောက်အတွက် 'သူငယ်ချင်း' ဆိုသည်မှာ တစ်ခါတစ်ရံ မိဘထက်ပင် ပို၍ အားကိုးရတတ်သည်မဟုတ်လား။

'ပိတ်ရက်ချိန်းပေါ့ကွ၊ ပိတ်ရက်ချိန်းတော့ ငြင်းလို့မရဘူးပေါ့'

'ဟုတ်တယ်... အဲဒါကောင်းတယ်'

'ဟဲ့... နေဦး၊ သူတို့အလုပ်က နေ့တိုင်းဖွင့်တာ ဂျူတီနဲ့ပိတ်တာ၊ နိုင်မင်းတို့အဖွဲ့ ပိတ်ရက်ကို သိမှဖြစ်မှာ'

'အဲဒါက ရပါတယ်၊ ထမင်းစားချိန်ကျတော့ ဖြူ စုံစမ်းပေးမယ်လေ'

'မင်း ဘယ်နေ့ချိန်းမှာလဲ ရုံလေး'

'ဒီနေ့ပိတ်ရက်သိရင် ဒီနေ့ချိန်းမယ်လေ'

ကေသီက ဥမ္မာကို မျက်လုံးပြူးပြတာကို ရုံလေးမြင်သွားသည်။

'ဟုတ်တယ်... ရုံလေးက အလုပ်တစ်ခုကို လုပ်ရတော့မယ်ဆိုရင် ချက်ချင်းလုပ်လိုက်ရမှ ကျေနပ်တယ်၊ အဲဒီလုပ်ရမယ့် အလုပ်ကို စောင့်ပြီး တွေးနေရတာလောက် စိတ်ဆင်းရဲတာ မရှိဘူး။ ကိုယ်က ဒီကိစ္စကို မလွှဲမသွေလုပ်ရတော့မယ်ဆိုရင် အတတ်နိုင်ဆုံး အမြန်လုပ်ချင်တယ်။ ရုံလေး အမုန်းဆုံးက 'စောင့်' ရတဲ့အလုပ်ပဲ'

■





ရုံလေးသည် နိုင်မင်းတို့ရုံးခန်းနားသို့ ရောက်သောအခါ ထောင့်ချိုးလေးတွင် ခဏရပ်ပြီး ပေါင်ဒါများကိုထုတ်၍ ပေါင်ဒါအနည်းငယ်ရိုက်သည်။ နှုတ်ခမ်းနီညီစေရန် နှုတ်ခမ်းချင်းဖိ၍ အသာညှိသည်။ ရုံလေးကို ကြည့်ရသည်မှာ သူ့ကိုယ်သူ ယုံကြည်မှုရှိသည့်တိုင် စိတ်လှုပ်ရှားနေသည်ကိုလည်း သိသာနိုင်သည်။

'ဖြူ... ဟိုကြရင် အေးဆေးပဲပြောမယ်နော် သိလား၊ ပြောင်းချင်လည်း အခြေအနေအရ ပြောင်းမယ်'

'ဖြူနားလည်တယ် ရုံလေး မလောပါနဲ့'

ကော်ရစ်တာထောင့်ချိုးကလေးမှထွက်ပြီး နိုင်မင်းတို့ ရုံးခန်းထဲသို့ ဝင်လိုက်သည်။ အပြင်ခန်းမှာတော့ နိုင်မင်းကို မတွေ့ရ။ ရုံလေးကို မြင်လိုက်ရသဖြင့် အခန်းထဲကလူတွေအကုန်လုံး တော်တော်အံ့အားသင့်သွားကြသည်ဆိုတာကတော့ ယုံမှားနိုင်စရာမရှိပါ။

'ဒါ... ကိုနိုင်မင်းတို့ ရုံးခန်း ဟုတ်ပါတယ်နော်'

'ဟုတ်ပါတယ်ခင်ဗျာ'

စိုးမောင်က ဘောလုံးဂျာနယ်ဖတ်နေရာမှ ထရပ်ရင်းဖြေသည်။ စိုးမောင်၏ မျက်နှာမှာ စိတ်လှုပ်ရှားခြင်း၊ တစ်စုံတစ်ရာကို စိုးရိမ်ခြင်းပြည့်သည့်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စဆိုသည်ကို သိချင်ခြင်းစသော စိတ်လှုပ်ရှားမှုများကို ရုံလေး တွေ့လိုက်ရသည်။

'ကျွန်မ စပါယ်ရုံပါ ကိုခိုင်မင်းနဲ့ တွေ့ချင်လို့ပါ'

'အာ... ကိုခိုင်မင်းက ရုံးချုပ်ကို အစည်းဝေးသွားတက်တယ်ခင်ဗျ'

'သြော်... '

ထိုအချိန်တွင် အခန်းထဲမှ နီးထွက်လာသည်။ ရုံလေးကိုမြင်တော့ ပါးစပ်ကြီးပြဲသွားသည်။ ပြီးတော့ ဖြူ့ကိုမြင်တော့မှ ကမန်းကတန်း ပြုံးရသည်။

'ဘယ်တော့လောက် ပြန်လာမလဲဟင်'

'သူ ကျွန်တော်တို့ကို ပြောသွားပုံအရဆိုရင် အစည်းအဝေးပြီးရင် ဒီကို ပြန်မလာတော့ဘဲ သူ့အိမ်ကို တန်းပြန်မယ်ထင်တယ်'

'သြော်... '

ရုံနှင့်ဖြူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ပြီးတော့ ဖြူဖြူက နီးကိုကြည့်ပြီး တစ်ချက်ပြုံးပြသည်။

'မစံပါယ်ရုံတို့ အရေးကြီးတဲ့ကိစ္စရှိလို့လား၊ အရေးကြီးတယ်ဆိုရင် နီးရုံးဆင်းရင် ကိုခိုင်မင်းတို့အိမ်ကို သွားပြောပေးမယ်လေ'

'ဒီနေ့ကြီးပြောဖို့တော့ မလိုပါဘူးနီးရယ်၊ နီးတို့နားရက်က ဗုဒ္ဓဟူးနဲ့ ကြာသပတေးမဟုတ်လား'

'ဟုတ်တယ်ဖြူ'

'အဲဒါဆိုရင် ဗုဒ္ဓဟူးနေ့ နေ့လည် ၁၂ နာရီလောက်ကို အင်းလျားကန်ဘောင်ပေါ်က မယ်လိုဒီဆိုတဲ့ အအေးဆိုင်ကလေးမှာ ကိုခိုင်မင်းကို ရုံလေး တွေ့ချင်လို့ပါ၊ အဲဒါလေး မနက်ဖြန် ကိုခိုင်မင်းလာရင် ပြောပေးပါလား'

ရုံလေးစကားဆုံးတော့ နီးနှင့် စိုးမောင်တို့ နားကြားများလွဲသလားဟုပင် ထင်မိလိုက်ကြသည်။

'စိတ်ချပါ မစပါယ်ရုံ၊ နီးတို့ သေသေချာချာ ပြောပေးပါ့မယ်'

'ဒါဆို ကျေးဇူးပါပဲ၊ ခွင့်ပြုပါဦးနော်'

'ဟုတ်ကဲ့ရှင့်'

'နီး သွားပြီ... တာ့တာ'





' တာ့တာဖြူ... '

ရုံလေးနှင့် ဖြူထွက်သွားတော့ နီးနှင့် စိုးမောင်တို့ ကြောင်ပြီးငေးနေမိကြသည်။ တစ်ယောက်နှင့် တစ်ယောက် တစ်မိနစ်လောက် စကားမပြောဖြစ်ကြ။

'ပြဿနာကတော့ စပြီထင်တယ်နီး'

'ပြဿနာက စတာမဟုတ်ဘူး စိုးမောင်၊ တစ်ဝက်ကျိုးသွားပြီ၊ ပြဿနာရဲ့ အရှိန်အကောင်းဆုံးအချိန်ပဲ။ နီးသိသမျှနဲ့ စဉ်းစားကြည့်မယ်ဆိုရင်တော့ ခိုင်မင်းဘဝက ပြေးနိုင်မှလွတ်မယ်ဆိုတဲ့ ဘဝကို ရောက်သွားပြီ။ စပါယ်ရုံဆိုတဲ့ မိန်းကလေးဟာ သူတွေ့ခဲ့ဖူးတဲ့ မိန်းကလေးတွေလို မဟုတ်ဘူး၊ အထူးသဖြင့် မမသစ်လို မိန်းကလေးမဟုတ်ဘူး'

'ငါတို့ ဒီကိစ္စကို ဒီကောင့်ကို ပြောမလား၊ မပြောဘဲထားမလား'

'အာ... မပြောလို့မကောင်းဘူးလေ၊ ပြောပြပြီးတော့ မသွားအောင်တားဖို့ပဲလိုတာ၊ ပြောမပြဘဲနေရင် ပြဿနာက အလကားနေရင်း နီးတို့အပေါ် အဖျားခတ်သွားမှာပေါ့'

စိုးမောင်က ခေါင်းကိုကုတ်သည်။ စားပွဲခုံကို လက်ချောင်းကလေးများဖြင့် ခေါက်သည်။ စပါယ်ရုံကိုယ်တိုင်ရောက်လာပြီး ချိန်းတာကို စိုးမောင်သည် အံ့သြပြီးရင်း အံ့သြ၍နေသည်။

'စပါယ်ရုံက ခိုင်မင်းကို ဘာဖြစ်လို့ တွေ့ချင်တယ်လို့ နင်ထင်လဲနီး'

'စိတ်ဝင်စားလို့ပေါ့၊ ခိုင်မင်းရဲ့ 'ခင်ဗျားကို……' တွေကို သူ ပထမ ဒေါသဖြစ်တယ်၊ ဒါပေမယ့် တစ်ခွန်းတည်းသော စကားကိုပဲ အကြိမ်ပေါင်းများစွာ ကြားရတော့ စိတ်ဝင်စားလာတာပေါ့၊ နီးကတော့ ခိုင်မင်း ဒီလိုလုပ်နေတာတွေကို ရပ်ပစ်လိုက်စေချင်တယ်၊ ဆက်လုပ်ရင် ပြဿနာက သေးတော့မှာမဟုတ်ဘူး'

'ဟုတ်တယ်... ငါ ရုံးဆင်းရင် ဒီကောင့်အိမ်ဝင်ပြောပြရမလား'

'ဒီလောက်တော့ မလိုပါဘူး။ မနက်ဖြန်တစ်ရက်လုံးလုံး ရှိသေးတာပဲ၊ မနက်ဖြန် သူရုံးလာတော့မှ ပြောပြကြတာပေါ့'

စိုးမောင်က ခေါင်းညိတ်သည်။ ပြီးတော့ 'ခင်ဗျားကို ကျွန်တော်မချစ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး’ ဟု တိုးတိုးလေး ရွတ်ကြည့်သည်။ အင်း ရွတ်လို့တော့ အကောင်း သားပါလား။

■





‘ငါ သူ့ဆီကို ကြာသပတေးနေ့က စာတစ်စောင်ပို့လိုက်တယ်၊ သော ကြာနေ့မှာ မိသစ်ကို နောက်ဘယ်တော့မှ မရေးတော့ဘူးလို့ ငါကတိပေး ခဲ့တယ်၊ အဲဒါ နောက်ဆုံးပဲ’

‘နင် ရုံလေးကိုပေးတဲ့စာက လက်ရေးနဲ့ ‘ခင်ဗျားကို .......’တွေကို ရေးထားတဲ့စာမဟုတ်လား’

ခိုင်မင်းမျက်နှာပေါ်မှာ စိတ်ပျက်သွားသော အမူအယာကိုတွေ့ရသည်။ ခိုင်မင်းသည် စုတ်တစ်ချက်သပ်လိုက်ရင်း ခေါင်းကိုရမ်းသည်။

‘နိုး... လူတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာကို ဝင်စွက်ဖက်တယ်ဆို တာ လူကြီးလူကောင်းတွေရဲ့ အလုပ်မဟုတ်ဘူးဆိုတာကို နင် မှတ်ထား’

‘ငါက... ငါ့ကိုယ်ငါ လူကြီးလူကောင်းဖြစ်ရမယ်လို့ တစ်ခါမှ စိတ် မကူးဖူးဘူး၊ ဒါပေမယ့် နင် အဓိပ္ပာယ်မရှိတာတွေကို အပင်ပန်းခံနေတာ အကျိုးမဲ့တာတွေကို ဖွတ်လုပ်နေတာကို မဖြစ်စေချင်တဲ့ ဆန္ဒနဲ့ပါ၊ ဒါတော့ အမှန် နင် ငါ့ကို ကြိုက်သလိုသတ်မှတ်နိုင်တယ်’

ခိုင်မင်းက နိုးကို တစ်ချက်စိုက်ကြည့်ပြီး မျက်နှာလွှဲ၍သွားသည်။

‘မင်းကသာ ဒါပဲလုပ်နေ ဒီမှာ ပြဿနာက တစ်ခုခုတော့ တက်နေတော့ သေချာပြီ၊ အခု စံပါယ်ရုံကိုယ်တိုင်ကချိန်းတာ၊ ငါတို့မသိဘဲ မင်းဘာတွေ လုပ်ထားသေးလဲ’



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မင်းက ယဲ့ယဲ့ပြုံးသည်။

'စပါယ်ရှံနဲ့ ငါနဲ့ကြားမှာ ပတ်သက်တာဆိုလို့ အဲဒီစကားတစ်ခွန်းပဲ ရှိတယ်၊ အဲဒီစကားတစ်ခွန်းအပြင် ဘာမှမရှိဘူး'

'ငါကတော့ မင်းကို စပါယ်ရှံချိန်းတဲ့ဆီကို မသွားစေချင်ဘူး ခိုင်မင်း'

ခိုင်မင်းက ဘာမှပြန်မပြော၊ ကုလားထိုင်ပေါ်မှာ တစောင်းထိုင်နေရာမှ ကိုယ်ကို ပြန်၍တည့်ကာ အလုပ်စားပွဲကို မျက်နှာမူလိုက်သည်။

'ချစ်ဖွေး ငါ့ကို ပြီးခဲ့တဲ့ စနေနေ့က အတက်လမ်းကြောင်းစာရင်းနဲ့ ဗုဒ္ဓဟူးနေ့က အဆင်းလမ်းကြောင်းစာရင်းတွေ ရှာပေးကွာ'

ချစ်ဖွေးနှင့် နီးတို့ file တွေကို ပြန်လှန်ကြရသည်။ မြေပုံတစ်ချပ်ဖြင့် အလုပ် ရှုပ်နေသော ခိုင်မင်းအနားသို့ စိုးမောင်ရောက်လာသည်။

'ခိုင်မင်း မင်းဘာလုပ်မှာလဲ'

'ငါ... အလုပ်လုပ်နေတယ် စိုးမောင်'

'ခိုင်မင်း... ငါ မင်းဖြစ်နေတဲ့ကိစ္စနဲ့ ပါတ်သတ်ပြီး ဘေးကနေ နှစ်မျိုး စဉ်းစားမိတယ်'

'အလုပ်ရှုပ်ခံလို့ကွာ၊ မင်းဘာသာ အေးအေးဆေးဆေးနေစမ်းပါ'

'အေးကွာ chess ပွဲတစ်ပွဲကို ဘေးကနေ မနေနိုင်မထိုင်နိုင် ဝင်ကြည့်မိတဲ့ လူတစ်ယောက်လိုပဲ ဆိုကြပါစို့ကွာ၊ အခု မင်းအခြေအနေက တစ်ကယ့် လမ်းဆုံကို ရောက်နေတာကွ'

စိုးမောင်က ထိုင်ခုံကို ဆွဲယူပြီး ခိုင်မင်းအနားတွင် ထိုင်ရင်း လေးလေး နက်နက်ပြောသည်။ ခိုင်မင်း အလုပ်လုပ်ခြင်းမှာ ဒီလိုသူ့အကြောင်းကို တစ်ခုတ်တရ ဆွေးနွေးလာမှာကို ရှောင်ချင်သောကြောင့်သာ ဖြစ်သည်။

သို့သော် ဒီလူနှင့် ဒီအခြေအနေက ရှောင်၍မရ။

'အခု ရုံလေးလာချိန်းတဲ့ကိစ္စဟာ ပေါ့သေးသေးလစ်လျူရှုထားရမယ့် ကိစ္စမဟုတ်ဘူး ခိုင်မင်း'

'ငါသိတယ်၊ စိုးမောင်၊ သွားရင် အခြေအနေက တစ်မျိုး၊ မသွားရင် အခြေအနေက တစ်မျိုးဆိုတာကို ငါနားလည်တယ်'

'ဟုတ်တယ်... မင်း အခု သူချိန်းတာ ဘာ့ကြောင့်ချိန်းတယ်လို့ ထင်သလဲ'





စိုးမောင်၏ အမေးကြောင့် ခိုင်မင်း တစ်ချက်တွေ၍သွားသည်။

ဟုတ်သည်။ သူ့ကို ရုံလေးလာချိန်းတာကို သူဝမ်းသာအားရမဖြစ်၊ မြောက်မသွား၊ ဂုဏ်မယူဆိုတာတွေထားလိုက်တော့၊ ဘာ့ကြောင့် ရုံလေး လာချိန်းရတာလဲဆိုတာကို သူ မစဉ်းစားခဲ့တာ အမှန်ပင်ဖြစ်သည်။

'အေး... ငါ... အဲဒါကို မစဉ်းစားခဲ့တာ အမှန်ပဲစိုးမောင်၊ မင်းက ဘယ်လိုထင်လို့လဲ'

ခိုင်မင်းက စိတ်ဝင်စားစွာဖြင့် စိုးမောင်ကို မေးသည်။ စိုးမောင်၏ မျက်နှာတွင် သူ့စိတ်ထဲတွင် ယုံကြည်နေသည့်အတိုင်း ပြောချလိုက်တော့ မည်ဟု ဆုံးဖြတ်လိုက်သည့် မျက်ဝန်းများကို တွေ့ရသည်။

'သူ မင်းကိုချိန်းတာ မိသစ်ကိစ္စကြောင့် ဖြစ်လိမ့်မယ်'

'မိသစ်'

ခိုင်မင်းက မျက်မှောင်ကိုကျုတ်ပြီး အာမေဋိတ်သံပြုသည်။

'ဟုတ်တယ်၊ ပြီးခဲ့တဲ့အပတ်က မိသစ်လာတယ်မဟုတ်လား၊ လက်ဖက် သုပ်စားကြတဲ့နေ့လေကွာ'

'အေးလေ... ဘာဖြစ်လဲ'

'အဲဒီနေ့က မိသစ်က နီးကိုခေါ်ပြီး ရုံလေးကို လိုက်ပြပါဆိုလို့ နီးက လိုက်ပြလိုက်ရတယ်တဲ့၊ ပြယုံတင်ပါ။ ဒါပေမယ့် အဲဒါကို သူတို့ဘက်က သိသွားလားမသိဘူး'

ခိုင်မင်းက ခေါင်းကို တောက်တောက်ခါးခါးကို ခါသည်။

'သိသွားလဲ ဘာဖြစ်လဲကွ၊ ငါမှ သူ့ကိုမချစ်တာ၊ ငါပြောတာလည်း ခါကိုပဲ တစ်လျှောက်လုံးပြောခဲ့တာပဲ'

'ခိုင်မင်း... မင်းက သူ့အပေါ်ကို မချစ်ဘူးဆိုတဲ့ အားတစ်ခု သက် ရောက်တယ်၊ အေး... မင်းသက်ရောက်တာကို ခံရတဲ့အရာက ရုပ်ဝတ္ထု ပစ္စည်းမဟုတ်ဘူးကွ၊ သွေးနဲ့သားနဲ့ ခံစားချက်နဲ့ တည်ဆောက်ထားတဲ့ လူသားတစ်ယောက်ကွ၊ မင်းက သူ့ကို မချစ်ဘူးလို့ သက်ရောက်ပေမယ့် သူ့တန်ပြန်သက်ရောက်မှုက ချစ်တယ် ဖြစ်ချင်ဖြစ်နေမှာပေါ့၊ ကဲ'

ခိုင်မင်းက ပြုံးရင်း တစ်ချက်ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းလို စိတ်ကူးယဉ်တဲ့ထဲမှာ စံပယ်ရုံဆိုတဲ့ မိန်းကလေးမပါဘူး စိုးမောင်၊ မင်းပြောတာ ဝတ္ထုဆန်တယ်'

'ငါဆိုလိုတာက ဒီလိုပါ၊ မင်း သူကချိန်းလို့သွားရတာတော့ သိက္ခာမကျဘူးကွာ၊ ပြီးတော့ သူ့စိတ်ထဲမှာ ဘာတွေရှိတယ်ဆိုတာကို တို့သိရမယ်ကွာ၊ အဲဒါကို ရှောင်မလား ဆက်တိုးရမလားဆိုတာကို ဆုံးဖြတ်လို့ရတယ်ကွာ၊ မင်းသွားတွေ့ရင် အဲဒါတွေရမယ်'

'မတွေ့ရင်ကော'

'သူ့ဘက်က ပထမဦးဆုံးအကြိမ် လာကမ်းလှမ်းတာကိုမှ သွားမတွေ့ဘူးဆိုရင်တော့ မင်းသူနဲ့ ဘယ်တော့မှ မတွေ့နဲ့တော့ပေါ့'

စိုးမောင်က ထိုင်နေရာမှ ထသွားသည်။

ခိုင်မင်း အလုပ်ဆက်လုပ်သည်။ ဇယားတွေထဲမှာ ပြေးဆွဲခဲ့တဲ့ မြို့တွေ၊ ပွဲရုံတွေ၊ ကားနံပါတ်တွေ၊ ပစ္စည်းစာရင်းတွေ. . . . . . . . . . . . . . . .

မရ၊ အလုပ်လုပ်၍မရ၊ စိတ်မပါ။ မလုပ်ချင်။

'လှဝင်းလာကွာ လက်ဖက်ရည်သွားသောက်ရအောင်'

ဆိုင်ကိုရောက်တော့ လာချပေးသွားသော လက်ဖက်ရည်ခွက်ကို ယူမသောက်ဖြစ်ပဲ စိုက်၍ကြည့်နေမိသည်။ လှဝင်း၏ လက်ဖက်ရည်က ခွက်ထဲကနေ အစာအိမ်ထဲရောက်သွားပြီး လက်ဖက်ရည်ခွက်ပင် ရေနွေးကြမ်းခွက်ဖြစ်နေပြီဖြစ်သည်။ ခိုင်မင်း လက်ဖက်ရည်ခွက် အပေါ်ယံကြောတောင် တင်းမာနေပြီဖြစ်၏။

ခိုင်မင်း နာရီကိုကြည့်တော့ ဆယ့်နှစ်နာရီ ဆယ့်နှစ်မိနစ်။

'လှဝင်း .... ချိန်းတဲ့ဆီကို ငါသွားသင့်တယ်လို့ မင်းထင်သလား၊'

'ငါတော့ စိုးမောင်လို သက်ရောက်မှုတို့ ဘာတို့ညာတို့နဲ့ မပြောတတ်ဘူးကွာ၊ ယောကျ်ားပဲကွာ ကိုယ်လုပ်ထားတဲ့ကိစ္စ ကိုယ်ရှင်းရမယ်ဆိုတာ ရှင်းနေတာပဲ'

'ဟော့... ညီလေး... လာ... ပိုက်ဆံရှင်းမယ်'

■





ဆိုင်ကလေးထဲမှာ တိုးညှဉ်းညင်သာသော blueသီချင်းတစ်ပုဒ်က ဖွင့်လှစ်၍နေသည်။ ရုံလေးက ရှေ့တွင်ရှိနေသော ကော်ဖီအေးကို တစ်ငုံစာ ပထမဦးဆုံးအကြိမ် ယူသောက်လိုက်သည်။ ဖြူရှေ့က စတော်ဘယ်ရီမစ်ရှိတ်က ကုန်နေတာကြာပြီ။ ရှေ့မှာချထားသည့် ပန်းကန်ထဲက ဆင်းဒရစ်ချိစ်(စ)လေးတွေတောင်မှ မာစပြုနေပြီဖြစ်သည်။

ဆန္ဒစောသည်ဟုပြောလျှင်လည်း ရပါသည်။

ရုံလေးတို့ မယ်လိုဒီတီးဟောက်(စ)ကို ၁၁း၃၅ လောက်ကတည်းက ရောက်ခဲ့ကြခြင်းဖြစ်သည်။ အခု ရုံလေးလက်ထဲက နာရီသေးသေးလေးက ဆယ့်နှစ်နာရီခုနစ်မိနစ်ကို ပြနေ၏။ ရုံလေး သူ့နာရီကို ငုံ့ကြည့်ပြီးမော့တော့ သူ့ကို စိုက်ကြည့်နေသော ဖြူနှင့် မျက်ဝန်းခြင်းဆုံမိကြသည်။ ဖြူကြည့်သော အကြည့်သည် များစွာအဓိပ္ပာယ်ရှိသည်ဟု ရုံလေးထင်ပါသည်။

'တို့လက်ထဲကနာရီကတော့ ဆယ့်နှစ်နာရီထိုးပြီးသွားပြီဖြူ၊ ဒါပေမယ့် နာရီတွေက တစ်လုံးနဲ့တစ်လုံး မတူကြဘူး။ ပြီးတော့... ရုံလေးကိုယ်တိုင်က ချိန်းတာဆိုတော့ သူလာကိုလာမှာပါ။ သူက ကားငှားလာရမှာဆိုတော့ မီးပွိုင့်တွေရယ်၊ ကားအငှားဆရာတွေရယ်က လွယ်တာမဟုတ်ဘူးလေ'



www.burmeseclassic.com

www.burmeseclassic.com



'ဖြူက သူတို့ ကြိုရောက်နေမယ်လို့တောင်ထင်တာ'

ဖြူ့စကားကြောင့် ရုံလေး မျက်နှာပျက်သွားတာကို ဖြူမြင်ပါသည်။ သို့သော် ဖြူသည် ဒီလိုပင် အေးစက်စက်နေတတ် ပြောတတ်သည်ဆိုတာကို အားလုံးက သိပြီးသားဖြစ်သည်။

'ရုံလေးလည်း ဒီအတိုင်းပဲထင်ထားတာ၊ ကဲလေ... စောင့်လက်စနဲ့ ဆယ့်ငါးမိနစ်လောက်အထိတော့ စောင့်ကြတာပေါ့'

ရုံလေးပြောပြီးတော့ ကော်ဖီအေးခွက်ထဲက ရေခဲတုံးကလေးတွေကို ငေးကြည့်နေမိသည်။ ထိုစဉ် ဆိုင်ထဲကို အတွဲတစ်တွဲဝင်လာသည်။ ကောင်မလေးက သွယ်သွယ်လျလျ၊ မိတ်ကပ်ပါးပါးနှုတ်ခမ်းနီဖျော့ဖျော့ ဆိုးထားပြီး ဆံပင်ကို ဆေးဆိုး၍ ဖြောင့်ထားသည်။ ကောင်လေးက ပိန်ပိန်ပါးပါး အရပ်ခပ်ရှည်ရှည် ဆံပင်က လှိုင်းတွန့်ကလေးတွေနှင့် မညှပ်တာကြာပြီ ထင်ပါရဲ့၊ သေသေသပ်သပ်မရှိ။ အဝတ်အစားက သာမန်ရှပ်အင်္ကျီနှင့် သာမန်ဂျင်းဘောင်းဘီတစ်ထည်သာ ဖြစ်သည်။

သူတို့နှစ်ယောက်စလုံး ရုံလေးနှင့် မျက်နှာချင်းဆိုင်တွင်ထိုင်ပြီး ကော်ဖီနှင့် ဆလာမီနှစ်ပွဲကိုမှာသည်။ စားစရာမှာခြင်းပြုခြင်းအလုပ်ကို ကောင်မကလေးကသာ ဦးဆောင်သည်။ ပြီးတော့ ကောင်မလေးသည် ကောင်လေးကို ချစ်ခင်မြတ်နိုးသောအကြည့်နှင့် ပြုံးပြီး ငေး၍ကြည့်နေသည်။ ကောင်လေးက စကားတစ်ခွန်းပြောလိုက်တော့ နှစ်ယောက်စလုံး အားရပါးရ ရယ်ကြသည်။ ကောင်မလေးက တစ်ရှူးပေပါကလေးထုတ်ပြီး ကောင်လေးနဖူးပေါ်က ချွေးစကလေးတွေကို သုတ်ပေးနေသည်။ကောင်လေးသည် မချောပါ။ ကြည့်ကောင်းရုံ သာမန်ရုပ်ရည်သာရှိသော်လည်း ကောင်မလေးက ကောင်လေးကို တော်တော်လေး မြတ်နိုးစွာချစ်ခင်ပုံရသည်။

ကော်ဖီရောက်လာတော့ ကောင်မကလေးကပဲ ကော်ဖီကို စပ်ပြီးဖျော်၍ ပေးသည်။ ရုံလေးသည် ဘာကြောင့်မှန်းမသိ သူတို့အတွဲကိုကြည့်ပြီး ရင်ထဲမှာ ပထမခံစားချက်က ကြည်နူးသွားသည်။ ပြီးတော့... ဘာကိုမှန်းမသိ ဝမ်းနည်းသွား၏။ သူ့ဘဝမှာ အခုတွေ့နေရသော ကောင်မလေးက ကောင်လေးကို ချစ်သလို ချစ်ရမယ့်ချစ်သူမျိုး မတွေ့ခဲ့။ တွေ့ချင်လျှင်လည်း တွေ့ခဲ့လိမ့်မည်။ သို့သော် သူက မာန၊ သိက္ခာ၊ အဆင့်အတန်းတွေ၊





ပကာသနနှင့် ဂုဏ်တွေခံနေသဖြင့် ထိုသို့ချစ်ခွင့်မရခဲ့။

အခု သူတို့နှစ်ယောက်ကို ကြည့်ရသည်မှာ ဘယ်လောက် ကျက်သရေရှိလိုက်သနည်း။ ဘယ်လောက်ငြိမ်းချမ်းအေးဆေးလိုက်သနည်း။ ဘယ်လောက် ပျော်ရွှင်စရာကောင်းလိုက်သနည်း။

ရုံလေးသည် ထိုအတွဲကလေးကို မြင်တော့မှ သူ ဘာတွေကို ဆုံးရှုံးနေသည်ဆိုတာကို သူသတိရသွားသည်။ သိသွားသည်။

သူသည် ကိုယ်က ချစ်ရဖို့ကိုလည်း ဆုံးရှုံးနေသည်။ ကိုယ့်ကို အချစ်ခံရဖို့ကိုလည်း ဆုံးရှုံးနေသည်။

သူထားရှိသော အတ္တနှင့် မာနသည် ထိုအရာများနှင့် ဝေးအောင် သူ့ကို ကန့်ထုတ်ထားခဲ့သည်။ သူသည် အပျိုဖြန်းကလေးလည်း မဟုတ်တော့၊ အပျိုရင့်မကြီးလည်းမဟုတ်သေး။ သူ့ကို ငမ်းငမ်းတက်လိုချင်ကြသောယောကျ်ားလေးတွေကို သူက အထင်သေးသည်။ သူ့ကို ရိုးရိုးသားသား ချစ်ချင်ကြသော ယောကျ်ားတွေကို သူက သနားသည့်အကြည့်ဖြင့် ကြည့်တတ်သည်။ သူသည် ထိုအတ္တ၊ ထိုမာနဖြင့် သူ၏ ပကတိ ရိုးသားဖြူစင်သော သန့်ရှင်းစင်ကြယ်သော 'အချစ်' ကို ထောင်ချထားသည်။ ပိတ်လှောင်ထားသည်။ သူ့ဒီဘဝမှာ ဒီခန္ဓာကိုယ်နှင့် ရခဲ့သော အချစ်သည် ဖန်(လ်)ပေါင်းချောင်ထဲမှာ စိုက်ထားသော နှင်းပန်းပွင့်လို ဖြစ်၍နေသည်။ အလှမွေးငါးကန်ထဲမှာ အထည့်ခံထားရသော တစ်ကောင်တည်းသော ငါးလို ဖြစ်၍နေသည်။

ရုံလေးသည် တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်ကြင်နာနေကြသော ကောင်လေးနှင့် ကောင်မလေးထံမှ မျက်နှာကိုလွှဲ၍ ဖြူ့ကို ကြည့်လိုက်သည်။ သူက ဖြူ့ကိုကြည့်သောအခါ ဖြူက နာရီကိုကြည့်လေသည်။

နာရီက ၁၂း၂၀ ဆိုသော အချိန်ကိုပြနေသည်။ ရုံလေး တစ်ချက်စဉ်းစားရသည်။ အခုနေ ထပြန်သွားလို့ ကိုယ်ပြန်ပြီး ငါးမိနစ်လောက်မှာ သူက ရောက်လာလျှင် ဘာမှမဟုတ်ဘဲ ပြဿနာရှိနိုင်သည်။ စောင့်လက်စနှင့် မထူးတော့ပြီ။

'စောင့်လက်စနဲ့ ဆယ့်နှစ်ခွဲအထိ စောင့်လိုက်တော့မယ်ကွာ'

'ရပါတယ်၊ ဖြူက ရုံလေးကို သတိပေးတာပါ။ စောင့်တာက ရုံလေး



www.burmeseclassic.com

www.burmeseclassic.com

သဘောပါ။ ကြိုက်သလောက်သာစောင့်ပါ ရပါတယ်'

ဖြူပြောသည့်လေနှင့် သုံးစွဲသော စကားလုံးများကို ရုံလေးမကြိုက်ပါ။ အရင်တုန်းက မာနမျိုး၊ အတ္တမျိုးနှင့်သာဆိုလျှင် ရုံလေး ချက်ချင်းထပြန်လိုက်မိမှာ သေချာသည်။ အခုတော့ ကိုယ်နှင့်လည်းမသိ၊ တစ်ခါမှလည်း မမြင်ဘူးသော ကြည်နူးဖွယ်ချစ်သူအတွဲတစ်တွဲကြောင့် ရုံလေး၏ အတ္တနှင့်မာနသည် အတန်ငယ်ပျော့ပြောင်း၍နေသည်။

မောင်းနေသည့်ကားကို နှေးသည်ဟု ခိုင်မင်းထင်ချင်နေသည်။

နာရီကိုကြည့်လိုက်တော့ ဆယ့်နှစ်နာရီနှစ်ဆယ်ဖြစ်နေပြီ။ ရှိမရှိဆိုလျှင် မရှိ ဖို့ကများနေပြီ။ မိန်းကလေးများသည် ဘယ်တော့မှ ချိန်းထားသည့်အချိန်ထက် ပိုပြီးစောင့်လေ့စောင့်ထမရှိကြ။ အထူးသဖြင့် သူတို့ဘက်က ချိန်းသည်ဆိုလျှင် ပို၍ဆိုးသည်။

တွေ့ဖို့ အခွင့်အရေးနည်းပါးသွားပြီဆိုမှပင် ပို၍ တွေ့ချင်လာသည်။ စိုးမောင်ပြောသလို ချိန်းပြီး သူဘာပြောမှာလဲ ဆိုတာပို၍ သိချင်လာ၏။ သူ နည်းမျိုးစုံနဲ့ ရေးပို့ထားတဲ့ စာတစ်ကြောင်းက စပါယ်ရုံအပေါ် ဘယ်လိုသက်ရောက်မှုတွေ ရှိနေသလဲ။ မိသစ်အကြောင်းကို ပြောမယ်ဆိုတာရော ဟုတ်သလား။ မိသစ်အကြောင်း ရုံလေးဘက်က ဘာပြောစရာရှိလို့လဲ။ သူ့ကို ရုံလေးက ဘယ်အတိုင်းအတာအထိ စိတ်ဝင်စားတာလဲ၊ ဘာဖြစ်လို့ချိန်းတာလဲ။

'ကားဆရာ… ဒီထက်မြန်မြန်မောင်းလို့မရတော့ဘူးလား'

'ကိုယ့်ဆရာက နိုင်ငံခြားက Action ကားတွေ သိပ်ကြည့်တယ်ထင်တယ်၊ အဲဒီကားတွေထဲက ပုံစံမျိုးမောင်းရင် ကားလဲမှောက် ကျုပ်လည်း အထဲရောက်သွားမှာပေါ့။ ရှေ့ကကားမောင်းသလောက်ပဲ နောက်ကကားက လိုက်မောင်းလို့ရတာလေ၊ သည်းခံမှပေါ့'

'ချိန်းထားတာလေး ရှိလို့ပါဗျာ'

'နားလည်ပါတယ်ဗျာ၊ ကျွန်တော်တို့ကိုလည်း အချိန့်ဝယ်ချင်တဲ့လူတွေ၊ ပစ္စည်းပစ္စယ မသယ်နိုင်တဲ့လူတွေလောက်ပဲ စီးကြတော့တာပါ။ ကျွန်တဲ့လူတွေက မစီးကြတော့ဘူးခင်ဗျ'

ခိုင်မင်းကတော့ ကိုယ့်ကိုယ်ကိုပဲ ဒေါသဖြစ်နေသည်။ စိုးမောင်နှင့်





စကားရည်လုမနေဘဲနှင့် ထထွက်လာလျှင် ၁၂ နာရီမထိုးခင်ရောက်သည်။ အခုတော့ ၁၂ နာရီကျော်နေပြီဖြစ်၏။ နာရီကိုကြည့်တော့ ၁၂း၂၃ ဖြစ်နေပြီ။ လှည်းတန်းမီးပွိုင့်ကတော့ ထုံးစံအတိုင်းမိသည်။ ၃ မိနစ်ခန့်မိသောမီးပွိုင့်ကို ခိုင်မင်းစိတ်ထဲမှာ ၃ ကမ္ဘာလောက်ကြာသည်ဟုပင် ထင်မိသည်။

ကားတံခါးကိုဖွင့်ပြီး အင်းလျားကန်ဘောင်ပေါ်ကို အားရှိပါးရှိသာ ပြေးသွားလိုက်ချင်သည်။ ထိုအတွေး ထိုရင်ခုန်သံကို ခံစားရချိန်တွင် 'ဖျပ်' ခနဲ ခိုင်မင်းသတိရသည်။ မိသစ်နှင့် အနှစ် (၂၀) လုံးလုံး နေခဲ့သည့်ကာလများတွင် နောက်ကျတာတို့ မသွားဖြစ်တာတို့ ရှိခဲ့သော်လည်း အခုလို စိတ်ဇောအကြိမ်မျိုးမဖြစ်ခဲ့ဘူးခြင်းပင် ဖြစ်သည်။

မီးပွိုင့်လွှတ်တော့ ဒုတိယအကြိမ် ထပ်မမိပါစေနှင့်ဟု ဆုတောင်းနေမိသည်။ ရှေ့ကကားကိုကြည့်ရင်း ထိုင်ခုံပေါ်မှာ ဖင်တကြွကြွဖြစ်၍နေ၏။ လှည်းတန်းမီးပွိုင့်၏ ကဏန်းများကို လှမ်းမြင်နေရပြီ။

၁၄၊ ၁၃၊ ၁၂၊ ၁၁၊ ၉ ……။

နံပါတ် ၄ မှာ သူတို့ကားလေး ချိုးကွေ့ဖို့ အလယ်ဗဟိုကိုရောက်ပြီး နံပါတ်နှစ်မှာ ရန်ကုန်ပြည်လမ်းမဘက်သို့ ချိုးကွေ့ပြီးသား ဖြစ်နေတော့မှ သူ့နဖူးပေါ်တွင် ချွေးစေးများစို့နေသည်ကို လက်ဖြင့် စမ်းမိသည်။

ကန်ဘောင်ပေါ်သို့ ကားနှင့်အတက်ဂိတ်ဝမှာ ကားဝင်ခတောင်းသဖြင့် အကြွေမဆောင်တတ်သောကြောင့် တစ်ထောင်တန်ပေးမိသဖြင့် ပြန်အမ်းနေသည်မှာ နှေးကွေးလွန်းသောကြောင့် ခိုင်မင်း ကြုံး၍သာ အော်ပစ်လိုက်ချင်တော့သည်။

မယ်လိုဒီဆိုင်ရှေ့ရောက်တော့ ကားခပေးဖို့မေ့ပြီး ဆိုင်ထဲ ကမန်းကတမ်းပြေးဝင်ခဲ့သည်။

ရင်ထဲတွင် ဟာ၍သွား၏။

အကျိုးမဲ့၊ အချည်းအနှီး။ ဗလာ…။

နိုင်ငံခြားသားနှစ်ယောက် ဘီယာစုတ်နေသည်မှအပ မည်သူမှမရှိ။

နာရီကိုကြည့်တော့ ၁၂း၃၈ မိနစ်။

စပါယ်ရုံ လာပြီးပြန်သွားတာလား။ သူ့ကို တမင်လာခေါင်းမိုးသွားတာလားဆိုတာကို သူသိချင်သည်။ သို့သော် သူက နောက်ကျမှရောက်လာ


www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်သဖြင့် ထိုအဖြေကို သိခွင့်မရတော့ အမှန်က သူ ၁၂ နာရီထိုးဖို့ ၁၀ မိနစ်အလိုလောက်မှာ ဒီဆိုင်ကလေးထဲကိုသာ ရောက်နေလျှင် သူ ဒီအဖြေကို ကောင်းကောင်းသိနိုင်သည်။

သူ မချင့်မရဲစိတ်ဖြင့် ဆိုင်ထဲကိုကြည့်နေစဉ် သပ်ရပ်စွာ ဝတ်ဆင်ထားသော စားပွဲထိုးကလေးတစ်ယောက် ရောက်လာပြီး သူ့ကို မေးသည်။

'ဆရာ... ဘာများကူညီရမလဲခင်ဗျာ'

'အာ...'

စားပွဲထိုးကလေးမေးတော့မှ ခိုင်မင်း အကြံရသွားသည်။

'ဒီဆိုင် ဘယ်အချိန်မှာ ဖွင့်သလဲမသိဘူး'

'၉ နာရီခွဲဖွင့်ပါတယ်'

'ဖွင့်ကတည်းက ခုချိန်ထိလာတဲ့လူတွေ တော်တော်များလား'

'ကျွန်တော်တို့ဆိုင်က ညနေခင်းမှ လူစည်တာပါ။ မနက်ခင်းကတော့ ဖျောက်တောက်တောက်ပါပဲ။ ကန်ဘောင်က ညနေမှစည်တာဆိုတော့လေ'

'ဒါဆို မနက်ခင်းလာတဲ့လူတွေကို မှတ်မိမလားမသိဘူး ၁၁ နာရီနဲ့ ၁၂ နာရီကြားက လူတွေပေါ့'

'မဟုတ်ဘူး၊ ကျွန်တော် အကုန်မှတ်မိတယ်။ အတွဲနှစ်တွဲလာတယ်၊ ကောင်မလေးနှစ်ယောက်လာတယ်။ အခု တိုးရစ်နှစ်ယောက်လာတယ် ဆိုင်ဖွင့်ကတည်းက ဒါပဲရှိသေးတာ'

'ကောင်မလေးနှစ်ယောက်'

'ကောင်မလေးနှစ်ယောက်မှာ တစ်ယောက်က တော်တော်လေးကို ချောတယ်၊ ဆံပင်က လှိုင်းတွန့်နဲ့ ကျောလည်လောက်ရှိမယ်၊ မျက်လုံးအရမ်းလှတယ်။ နှုတ်ခမ်းလည်းအရမ်းလှတယ်။ နောက်တစ်ယောက်ကတော့ တရုပ်ကပြားပဲ မျက်ပေါက်ကျဉ်းကျဉ်းနဲ့ ရယ်လိုက်ရင် ပါးချိုင့်ပါတယ်'

'ဟုတ်တယ်၊ ဒါ...ရုံနဲ့ ဖြူပဲ၊ သူ...သူတို့ ဘယ်အချိန်လောက်ရောက်လဲဗျာ'

'ဆယ့်တစ်နာရီကျော်ကျော်လောက်ပဲဗျ၊ ကျွန်တော့်အထင်တော့'

စားပွဲထိုးကလေးက သူ့လက်ကနာရီငုံ့ကြည့်ရင်း...

'ဆယ့်တစ်နာရီခွဲပတ်ဝန်းကျင်လောက်ထင်တယ် အစ်ကို၊ ချောတဲ့





အစ်မက ကော်ဖီအေးမှာတယ်၊ သောက်တောင်မသောက်သွားဘူးလားမသိဘူး။ အစ်ကိုနဲ့ ချိန်းထားတယ်ဆိုရင်တော့ နာတာပဲ'

'ဘာဖြစ်လို့လဲ'

'အစ်ကိုနဲ့ အဝင်အထွက်မိုးလို့ သူတို့ ခုနကပဲ ပြန်သွားကြတာ၊ သူတို့မှာတဲ့ စားစရာတွေ ကောင်တာပေါ်မှာ သိမ်းတောင်မသိမ်းရသေးဘူး'

စားစရာများကို အသွင်းအထုတ်လုပ်သော မိုးကုတ်စက်ဝိုင်း ပုံသဏ္ဌာန် ကောင်တာကလေးပေါ်တွင် ကော်ဖီအေးခွက်အပြည့်နှင့် ကုန်သွားသော ဘာမုန့်မသိသည့် လည်ပင်းရှည်ဖန်ခွက်တစ်ခွက်ကို လှမ်းတွေ့ရသည်။

ခိုင်မင်း၏ မချင့်မရဲစိတ်သည် သွေးကြောထဲအနှံ့ စီးဝင်၍ သွားသည်။ ရင်ထဲမှာ ဟာနေသည်။ လက်သီးနှစ်ဖက်ကို ဘယ်လောက်ကျစ်ကျစ်ဆုပ်ထားဆုပ်ထား အားမရဖြစ်နေသည်။ ရုံလေးသည် သူ့ကို ၁၂း၃၀အထိ စောင့်သွားတာကို ပို၍ မချင့်မရဲဖြစ်မိသည်။ သူ စိုးမောင်နှင့် စကားပြောပြီး လှဝင်းနှင့် လက်ဖက်ရည်ဆိုင်မထိုင်ဘဲ ထွက်ခဲ့လျှင်တောင် မီသေးသည်။ ခုတော့...

စိုးမောင်ပြောသောစကားကို ခိုင်မင်းပြန်၍ကြားယောင်သည်။

'သူ့ဘက်က ပထမဦးဆုံး လာကမ်းလှမ်းတာကို သွားမတွေ့ဘူးဆိုရင်တော့ မင်း သူနဲ့ ဘယ်တော့မှ မတွေ့နဲ့တော့ပေါ့'

■



www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့လည်း မလာပြန်ဘူးဖြူ'

ဖြူသည် မျက်နှာပျက်မသွားပါ။ နိုးထံမှ အကြည့်ကိုလွှဲပြီး ခေါင်းတဆတ်ဆတ်သာ ညိတ်ပါသည်။ ရုံလေးဆိုလျှင်တော့ မျက်နှာပျက်သွားလိမ့်မည်ဟု နိုးတွေးနေမိသည်။

'လေးရက်တောင်ရှိပြီနော် နိုး'

'ဟုတ်တယ်ဖြူ လေးရက်ရှိနေပြီ'

'နေမကောင်းဖြစ်တာတို့ဘာတို့များလား၊ ဒါမှမဟုတ် ခရီးထွက်တာတို့ဘာတို့လေ'

'အဲဒါမျိုးဆို ခွင့်တိုင်ရမှာပေါ့။ နိုးတို့အလုပ်က ပျက်လို့မှမရတာ၊ ရုံးချုပ်ကတော့ အိမ်ကို သွားနိုင်းနေပါပြီ၊ မနက်ဖြန်ဆို ဆင်းရင်ဆင်း မဆင်းရင်လည်း အကျိုးအကြောင်းသိရမှာပါ'

'ကျေးဇူးပဲနော် နိုး ဒါဆို မနက်ဖြန်မှပဲ လာခဲ့တော့မယ်'

နိုးသည် သူ့ရှေ့မှထွက်သွားသော ဖြူဖြူကို ငေး၍ကြည့်နေမိသည်။ အခု သူပြောလိုက်သော စကားများသည် ရုံလေးထံသို့ ရောက်သွားတော့မှာ သေချာသည်။ သူသည် တတ်နိုင်သလောက် သူ့အသက်၊ သူ့ဝိညာဉ်၊ သူ့အချစ်ဖြင့် ခိုင်မင်း၏ ကောင်းရာကောင်းကျိုးကို ကာကွယ်ချင်ပါသည်။





သူ့နှလုံးသားသည် ခိုင်မင်းနှင့် ပတ်သက်လျှင် အမြဲတမ်း ပူနွေး၍နေခဲ့သည်။ ရှပ်ရှပ်ချွန်ချွန်လည်း ရှိခဲ့သည်။ ထိုပူနွေးသော နှလုံးသားသည် ခိုင်မင်းအနားသို့ ရောက်သွားလျှင် အေးစက်သော အရသာကို မခံနိုင်သူက အတင်းဓမ္မ ခိုင်းစေသမျှကို သူ့နှလုံးသားက လိုက်လုပ်နေရသော်လည်း သူတစ်ယောက်တည်း အိပ်မပျော်သော ညမျိုးဆိုလျှင် ပူနွေးနေသော သူ့နှလုံးသားသည် သူ့ကို ကျိန်စာတိုက်ထားသလို ထင်ရသည်။

သူ အိပ်၍မပျော်။

ဖြစ်နိုင်လျှင်တော့ သူသည် တိတ်တိတ်ဆိတ်ဆိတ် ချစ်သူတစ်ယောက်သာ ဖြစ်ချင်ပါသည်။

သို့သော်လည်း သူ တိတ်တိတ်ဆိတ်ဆိတ် ချစ်အောင်ကြိုးစားသမျှ ပတ်ဝန်းကျင်က သိကြသည်ကများသည်။ တစ်ဖက်သတ်ချစ်ရသည်ဆိုတာကလည်း အခက်သား။ ကိုယ်က ဒီလိုလုပ်မယ်လို့ စီစဉ်ထားသော်လည်း အခြေအနေအရ ဟိုလိုလုပ်လိုက်ရသည်ကလည်း ရှိသေးသည်။

ကိုယ်က ချစ်နေရသည့် သူ၏ တရားဝင် လူသိရှင်ကြား ချစ်သူရောက်လာသည့်အချိန်တွင် နေရထိုင်ရသည်မှာ အခက်ဆုံး၊ အသက်ရှူရအကြပ်ဆုံး၊ နှလုံးအသည်းပွတ်ကို အဖျစ်ညှစ်ခံရဆုံးအချိန်ပင် ဖြစ်သည်။ ကိုယ့် ချစ်သူ၏ ချစ်သူက ကိုယ့်ကိုခင်နေသည်။ ယုံနေသည်ဆိုတော့ လဲပြီးသေချိန် မရ၊ မတ်တတ်ရပ်ပဲ သေပစ်ဖို့ကောင်းပါသည်။

ခိုင်မင်းနှင့် ပတ်သက်၍ မခင်မိုးသစ်သည် အပြစ်ကင်းပါသည်။ သူသည် စပါယ်ရုံကိုသာ သူ့ချစ်သူကို လုယူမည့်သူဟု သတ်မှတ်သည်။ သူ့ကို ယုံကြည်စွာပင် အတွင်းရေးတွင်ပြောပြခဲ့သည်။ (အတွင်းရေးဆိုသည်မှာ ခိုင်မင်းက သူ့ကို အေးစက်စက်ဆက်ဆံခဲ့သော်လည်း သူကတော့ ခိုင်မင်းအပေါ် အပျိုဖြစ်ကာစကတည်းက စိတ်ပြောင်းခဲ့ကြောင်း စိတ်ဝင်စားပြီး ချစ်ခင်ခဲ့ကြောင်းသာ ဖြစ်ပါသည်။)

သူ့အတွင်းရေးတွေကို ယုံကြည်စွာပြောပြနေသော သူသည်လည်း ခိုင်မင်းကို ချစ်နေသူသာဖြစ်သည်ဟု ဆိုလျှင် မမသစ်သည် ထိုနေရာတွင်ပင် လဲကျသွားမလား၊ မီးတောက်ကလေးတစ်ခုလို အရည်ပျော်သွားမလား၊ ကြယ်စင်ကလေးတစ်ခုလို ကြွေကျသွားမလား၊ သူမတွေးချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူသည် မမသစ်ကိုလည်း မယှဉ်နိုင်ပါ။ ရုံလေးကိုလည်း မယှဉ်နိုင်ပါ။ နိုင်မင်းဆီက သူရသည်က ဒီကနေ့အထိ သစ္စာရှိသောမိတ်ဆွေ၊ ရိုးသားသောသူငယ်ချင်း၊ ခင်မင်ဖို့ကောင်းသော လူတစ်ယောက် 'ချစ်သူ' ဆိုသော အနားကို မရောက်သော်လည်း ကျေနပ်သင့်သည်ဟု သူက ထင်ပါသည်။

'နင်... ဘာပြောလိုက်လဲ နီး'

စိုးမောင်က နောက်ကနေ မေးသည်။

'ဒီနေ့လည်း မလာဘူးလို့ပဲ ပြောလိုက်တယ်'

'သူ ထွက်စာတင်ထားတာ နင်မသိဘူးလား'

'သိသားပဲ'

'အဲဒါ... ဘာလို့မပြောလိုက်တာလဲ'

●





## အခန်း (၁၀)

'အဲဒါဆိုရင် ကျွန်မ သူ့အလုပ်ထွက်စာကို ကြည့်ခွင့်ရမလား'

စိုးမောင် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ရုပ်ရည်ချောမောလှပသည့် မိန်းကလေးတစ်ယောက်၏ စကားကို ကိုယ်တွေ့ကြုံလိုက်ရသည့် အခါကျတော့မှ သူ နိုင်မင်းကို နင်းပြောခဲ့တာတွေကို အမှတ်ရသည်။

သူ နောက်တစ်ကြိမ် မျက်လုံးကို လှန်ကြည့်တော့ စပါယ်ရုံသည် ပြုံးလျက်ပင် သူ့ကို စိုက်ကြည့်နေတာကို တွေ့ရ၏။ သူ၏ ခြောက်သွေ့နေသော နှုတ်ခမ်းတွေကို လျှာဖြင့် တစ်ချက်သပ်လိုက်သည်။

'အလုပ်ထွက်စာက........အဲဒီစာက.........ထူးထူးခြားခြား မရှိပါဘူး........သူထွက်တယ်ပေါ့၊ ဒါပါပဲ'

'အဲဒါဆိုရင် ကြည့်ခွင့်ခဏပြုပေးပါလားရှင်'

'ခက်တယ်ဗျာ'

ထိုအချိန်တွင် ရုံလေးက စိုးမောင်ကို မကြည့်တော့ဘဲ နီးကို ပြုံး၍ ပြသဖြင့် နီးက ပြန်၍ပြုံးပြလိုက်ပါသည်။ နီး၏ အပြုံးဆုံးသည်နှင့် ရုံလေးက သူ့စလင်းဘက်(ခ)ထဲက စာရွက်ကလေးတစ်ရွက်ကို ထုတ်၍ နီးကို ပေးသည်။ နီးက သုံးခေါက်ချိုးထားသော ထိုစာရွက်ကလေးကို ဖြည်၍



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ကြည့်လိုက်သောအခါ ခိုင်မင်းကို ရုံလေးချိန်းပြီးသည့် နောက်နေ့မှ စ၍ ရုံလေး အလုပ်မှ စတင်နုတ်ထွက်ကြောင်း နုတ်ထွက်လွှာစာရွက် ဖြစ်နေသည်ကို တွေ့ရသည်။ ထိုနုတ်ထွက်လွှာကို နှိုးဖတ်ပြီး အံ့သြနေချိန်မှာပင် ရုံလေးက ထိုစာရွက်ကို အသာအယာပင် ဆွဲယူပြီး နှိုးကို ပြုံး၍ ပြောသည်။

'ဘယ်သူ့ကိုမှ မပြောနဲ့'

နှိုးခေါင်းကို ညိတ်ပြီး ရုံလေးကို ဝမ်းနည်းအားကျစွာ ငေးနေမိသည်။

ထိုဝမ်းနည်းအားကျမှုသည် ~~သူမ~~၏ တစ်ဘဝလုံးဖြစ်သည်ဆိုတာကိုလည်း သူမသိပါသည်။ စိုးမောင်သည် စာရွက်တစ်ရွက်ကိုကိုင်ရင်း ပြန်ရောက်လာ သည်။ ထိုစာရွက်မှာ ခိုင်မင်းကိုယ်တိုင်ရေးပြီး တင်ထားသော လျှောက်ထား သောအလုပ်မှထွက်စာ စာရွက်ဖြစ်၏။

စပါယ်ရုံက စာရွက်ကိုကြည့်လိုက်ပြီးကတည်းက 'ဩော်' ဟု အာမေဋိတ်သံကိုပြုပြီး သူ့စလင်းဘတ်(ခ)ကလေးထဲက စာရွက်ခေါက်တစ်ခုကို ထုတ်၍ ခိုင်မင်းလက်ရေးနှင့် ရေးထားသောထွက်စာနှင့် သူထုတ်သော စာရွက်ကို အသာယာကပ်၍ ကြည့်သည်။

နှိုးက Half ဒေါက်ဖိနပ်ကလေးကို အသာကလေး ခြေဖျားထောက်ယုံမျှနှင့် ရုံလေး ဘာလုပ်သည်ဆိုတာကို ခိုး၍ကြည့်လိုက်သောအခါ 'ခင်ဗျားကို ကျွန်တော်မချစ်ဘူး' ဟုရေးထားသော လက်ရေးများနှင့် နုတ်ထွက်စာတွင် ရေးထားသောလက်ရေးများ တူညီနေကြောင်းကို ရုံလေးက စစ်ကြည့်နေကြောင်းကို နှိုးတွေ့ရလေသည်။

လူဆိုသည်မှာ အပြင်ပန်းကိုသာ လိမ်၍ရမည်။

စိတ်ကိုလိမ်၍မရ၊ စိတ်မှဖြစ်သော အတွေး အရေးတို့ကို လိမ်၍မရ။ နုတ်ထွက်စာတွင် ခိုင်မင်းရေးထားသော '**ကျွန်တော်**' များသည် ရုံလေးကို ရေးပေးထားသော '**ကျွန်တော်**' များနှင့် တစ်ထပ်တည်းတူလျက်ရှိသည်။

'ကျွန်တော်သည် ယခုထွက်စာကို ရေးသားသည့်အချိန်မှစ၍ ဤအလုပ်ကို စိတ်မဝင်စားတော့ပါသဖြင့် ကျွန်တော့်ကို လူကြီးမင်းတို့၏ အလုပ်မှ နုတ်ထွက်ခွင့်ပြုပါရန် ကျွန်တော်ကိုယ်တိုင်က မည်သူ၏ တိုက်





တွန်းမှုမျှမပါဘဲ...'

'ကျေးဇူးတင်ပါတယ်ရှင်'

'ကျွန်တော်...'

'ရပါပြီ၊ ညီမလေး ကျေးဇူးနော်'

နှိုးသည် ဘာကြောင့်မှန်းမသိ ပြုံးဖြစ်သွားသည်။

နှိုး၏ဘဝတွင် ထိုအပြုံးကို ရင်နာ၍မဆုံးဖြစ်ရလေသည်။

'ဟုတ်ကဲ့ မစပါယ်ရုံ'

'နှိုး... တာ့တာ'

'တာ့တာ... ဖြူ'

စိုးမောင်နှင့် နှိုးတို့သည် ရုံလေးနှင့် ဖြူတို့ကို ငေး၍နေကြသည်။ ကော်ရစ်တာထောင့်ချိုးကို ချိုးပြီး သူတို့နှစ်ယောက်စလုံး ပျောက်ကွယ်သွားသည်အထိ။

ပြီးတော့... စိုးမောင်နှင့် နှိုးတို့ မျက်ဝန်းချင်းဆုံမိကြသည်။

'နှိုးတို့မှားတယ်ဆိုရင်လည်း အဲဒီအမှားဟာ စေတနာအမှားပဲ ဖြစ်လိမ့်မယ်ထင်တယ် စိုးမောင်'

'အေး... အဲဒီစကားကို နင်ဦးသွားတာ ငါဝမ်းသာတယ်၊ ငါ ဒီနေ့ ဒီကောင့်အိမ်ကို သွားမှကို ဖြစ်တော့မယ်။ နင် ပြောစရာဘာရှိသေးလဲ'

'ရှောင်မနေနဲ့ ရင်ဆိုင်လိုက်လို့ပြောလိုက်၊ ရှောင်နေရင် ပိုဆိုးသွားမယ်လို့'

'ဟာ... မလုပ်နဲ့နှိုး ရှောင်နေတာ ပိုကောင်းတယ်၊ ဒီကောင် ရုံလေးနဲ့ တွေ့လို့မဖြစ်ဘူး။ ဟိုနေ့က ချိန်းထားတာကို ဒီကောင် မသွားတာမှန်သွားတယ်၊ ရုံလေးနဲ့တွေ့သွားရင် မိသစ်ဘဝက ကြားထဲက အလကားနေရင်း သနားစရာကောင်းသွားလိမ့်မယ်။ အခု သူထွက်စာတင်တာကိုလည်း ရုံလေးက တွေ့သွားပြီပဲ။ ဒါဆို သူလည်း သိရောပေါ့။ ခိုင်မင်း ဘယ်ဘက်ကိုပါတယ်ဆိုတာကို'

'စိုးမောင် နင်တို့က ယောကျ်ားလေးဆိုတော့ အချစ်ဆိုတာကို ယောကျ်ားလေးလိုပဲ တွေးတတ်တာ သဘာဝကျပါတယ်၊ မိန်းကလေးဆိုတာ အမြဲတမ်း အချစ်ခံနေရတာမဟုတ်ဘူး။ ချစ်ချင်တာလည်း ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါ ရုံလေးကို နားလည်တယ်။ မမသစ်ကို သနားတယ်၊ ငါ့ကိုယ်ငါတော့ ရှုံးနေပြီလို့ပဲ ထင်တယ်'

နိုး၏ စကားများကိုကြားတော့ စိုးမောင်၏ မျက်လုံးကြီးတွေ ပြူး၍လာ၏။ သူသည် ရုံလေးနှင့် မခင်မိုးသစ်ကြားမှာပင် ရှုံးချင်နေသူတစ်ယောက် ဖြစ်သည်။ အခု နိုးကပင်ထပ်၍ပြောလျှင်...

'ပန်းဆိုတာ ဖြစ်ဖို့အတွက် ဖူးကာစမှာ မရဲတရဲပါ။ ရာသီဥတုကြောင့် အခြေအနေကြောင့် အကြောင်းအမျိုးမျိုးကြောင့် ပန်းဖူးတစ်ခုဟာ ကြွေသွားနိုင်တာပဲ။ ကဲ... အဲဒီပန်းအဖူးဟာ မကြွေဘူးပဲထားလိုက်တော့ သူ့မှာအရောင်အသွေးမရှိဘူးဆိုရင် အလကားပဲ။ ကဲ သူ့မှာ အသွေးလည်းရှိပြီ ထားလိုက်တော့ သူဟာ ပွင့်လိုက်ပြီ သူ့ကိုယ်သူ ရဲရဲရင့်ရင့် ပွင့်ချပစ်လိုက်ပြီ သူ ဘယ်သူ့ကို ရည်ညွှန်းသလဲ၊ ပျားကိုလား လိပ်ပြာကိုလား ပိတုန်းကိုလား'

'တော်တော့... နိုး'

နိုး အံ့သြသွားသည်။

ပြောလိုက်သောအသံက ခိုင်မင်းအသံဖြစ်သောကြောင့် ဖြစ်သည်။

'ဟင်... ခိုင်မင်း'

'စိုးမောင်... မင်းနဲ့ငါ အလုပ်တွေလွှဲကြရအောင်'

'ခိုင်မင်း မဟုတ်သေးဘူးလေကွာ၊ ဒီမှာ မင်းမရှိလို့မဖြစ်ဘူး'

'ငါ အဲဒီစကားကို လက်မခံဘူး။ လူတစ်ယောက်မရှိတော့ရင် အဲဒီနေရာကို နောက်ထပ်တော်တဲ့ လူတစ်ယောက်ရောက်လာစမြဲပါ။ ငါ့နေရာကို ငါ့ထက်တော်တဲ့လူတစ်ယောက် ရောက်လာပါလိမ့်မယ်။ စာရေးဆရာ၊ အဆိုတော်၊ အငြိမ့်၊ အဲဒီလောကတွေမှာ ဒီလိုပဲမဟုတ်လား'

'ရုပ်ရှင်ရော မပါဘူးလားကွ'

'ရုပ်ရှင်က နှစ်တော်တော်ကြာမှ ပေါ်တတ်လို့ကွ၊ ကဲ... လွှဲကြရအောင်၊ ဟိုကောင်မလေး fileတွေယူလာခဲ့။ Record fileနဲ့ နင်ပါတစ်ခါတည်းလာခဲ့၊ ဒီနေ့ အပြီးလွှဲမှ နောက်နေ့တွေ ငါမအားတော့ဘူး'

'ဟုတ်ကဲ့'

'နင့်ပုံစံက ဘာဖြစ်နေတာလဲ'

'ခိုင်မင်း နင့်ကိုငါ တစ်ခုတော့ပြောချင်တယ်၊ အရေးကြီးတယ်'





'ဘာလဲ'

'ငါ့အခန်းကို ခဏကလေးလိုက်နိုင်မလား'

နိုး၏စကားဆုံးသည်နှင့် ခိုင်မင်း၏အကြည့်က စိုးမောင်ထံ ရောက်၍သွားသည်။

'ရတယ်သူငယ်ချင်း၊ ငါ အားလုံးကို နားလည်တယ်၊ သူ မင်းကို ပြောချင်တဲ့ စကားကိုလည်း ငါသိတယ်၊ တို့တွေက မိသားစုတွေပါကွ'

ခိုင်မင်းသည် တစ်နေရာတည်းကိုတွေပြီး စိုက်ကြည့်နေသည်။ ပြီးတော့ သူအသာခေါင်းကိုညိတ်သည်။

'ကောင်းပြီ... နင်အရင်သွား'

ခိုင်မင်းစကားဆုံးသည်နှင့် နိုးသည် သူ့အခန်းထဲသို့ ဝင်၍သွားသည်။ နိုး သူ့အခန်းထဲသို့ ဝင်သွားသည်နှင့် ခိုင်မင်းက စိုးမောင်၏ ကော်လံကို ဆောင့်၍ဆွဲကာ သူ့မျက်နှာနားသို့ကပ်ရင်း မေးသည်။

'ရုံလေး... လာသွားလား'

'ဟုတ်တယ်၊ မင်းငါ့ကိုလွှတ်'

'ဘာမေးသွားလဲ'

'မင်းထွက်စာကို ဖတ်သွားတယ်'

ခိုင်မင်းသည် စိုးမောင်၏ ကော်လံကို ဖိဆွဲထားသောလက်ကို လွှတ်လိုက်ပြီး သူကိုယ်တိုင် မောဟိုက်နေသောစိတ်ကို အနိုင်နိုင်ဖြေ၍နေရသည်။ တကယ်ဆိုလျှင် သူ ရုံလေးကို သွားတွေ့ခဲ့ပြီး နောက်ကျ၍ မတွေ့ခဲ့သော အကြောင်းတွေကို ပြောပြသင့်သည်။ သို့သော် သူ့ အသိ မာနစိတ်၊ အတ္တမာနစိတ်၊ အစကတည်းက စိတ်မဝင်စားပါဘူးဟု ပေါ့ပေါ့ဆဆထားခဲ့သော ဘဝင်စိတ်တို့ကြောင့် ပြဿနာ၏ အလယ်ဗဟိုတွင် ထိုစကားလုံးများသည် သုံး၍မရနိုင်တော့သော အခြေအနေသို့ ရောက်နေပြီဖြစ်လေသည်။

သူ့ကို ကယ်ဖို့ နိုးတစ်ယောက်တော့ဖြင့် ကျန်သေးသည်ဟု သူယူဆပြီး ဒီကိုလာခဲ့ခြင်း ဖြစ်သည်။

သို့သော် သူ ဒီရောက်တော့ နိုးကလည်း သူ့ကို ချစ်နေသည်တဲ့။ သူသည် ဖတ်ခဲ့ဖူးသော ရာဇဝင်နှင့် အချစ်ဇာတ်လမ်းပေါင်းများစွာတွင် မချစ်၍ သတ်သေသည်ထက် ချစ်၍သတ်သေသည်က ပိုများသည်။



www.burmeseclassic.com

www.burmeseclassic.com



ရိုမီယိုနှင့် ဂျူးလီယက်၊ အက်စသာနှင့်ပေါ(လ်)၊ ရှင်မွေးလွန်းနှင့် မင်းနန္ဒာ အစရှိသည်ဖြင့်.........။

လူတွေသည် အမုန်း၏ ဒဏ်ကိုခံနိုင်ကြသည်။ အချစ်၏ ဒဏ်ကိုမခံနိုင်ကြ။ 'အချစ်' သည် တစ်စုံတစ်ရာတော့ အချစ်ခံရသူကိုရော ချစ်သူကိုရော စွမ်းအားပေးဟန်တူပါသည်။

ခိုင်မင်းအခန်းထဲသို့ လိုက်ဝင်သွားလိုက်သည်။ နိုးသည် အခန်းထဲတွင်ရှိသော ပြတင်းပေါက်မှနေ၍ အပြင်သို့ ငေးနေသည်။ သို့သော် ခိုင်မင်းဝင်လာသည်ကိုတော့ ကောင်းကောင်းသိပုံရသည်။

'ခိုင်မင်း... နင့်ကိုငါ တစ်ခုသတိပေးချင်တယ်၊ နင် တတ်နိုင်ရင် ရုံလေးနဲ့ သွားတွေ့လိုက်ပါ။ နင် ဘယ်နေ့တွေ့ချင်လည်း ငါချိန်းပေးမယ်။ ပြီးတော့ နင် ဒီအလုပ်ကနေ မထွက်ပါနဲ့'

'နင်ပြောတဲ့နှစ်ခုစလုံးက ငါမလုပ်ချင်တာတွေချည်းပဲ ဖြစ်နေတယ်နိုး၊ ဘာဖြစ်လို့ငါက စပါယ်ရုံနဲ့ သွားတွေ့ရမှာလဲ၊ ငါမှ သူ့ကို မချစ်တာ၊ ဘာမှတွေ့နေစရာမလိုဘူး'

ပြောသာပြောရသည် ခိုင်မင်း၏စိတ်က မလုံပါ။ ဒါပေမယ့် သူအားကိုတင်းပြီး 'ငါသူ့ကိုမချစ်ဘူး' 'ငါသူ့ကိုမချစ်ဘူး' ဟု စိတ်ထဲမှာ အော်ဟစ်နေမိသည်။

နိုးက ပြတင်းပေါက်ဘက်ကို မျက်နှာလှည့်ထားရာမှ ခိုင်မင်းဘက်ကို မျက်နှာလှည့်ရင်း ပြောသည်။

'သေသေချာချာစဉ်းစားပါဦး ခိုင်မင်း၊ နင် ပထမတုန်းကတော့ ဟုတ်ကောင်းဟုတ်လိမ့်မယ်၊ အခုနောက်ပိုင်း လုပ်တာတွေကျတော့ နင် ရုံလေးကို စိတ်မဝင်စားဘူးဆိုတာကို နင့်ကိုယ်နင် သေချာအောင် ကြောက်ကြောက်လန့်လန့်နဲ့ လုပ်နေသလို ဖြစ်နေတယ်'

'နင်စခဲ့တဲ့ကိစ္စကို ရုံလေးက ဒီလောက်နဲ့ပဲ ရပ်ထားလိမ့်မယ်လို့ နင်ထင်လားခိုင်မင်း'

'သူကဘာဆက်လုပ်နိုင်မှာမို့လည်း'

'သူ... နင့်နောက်ကိုလိုက်လာလိမ့်မယ်ခိုင်မင်း'

■





'ဟုတ်တယ်အစ်မ၊ ကိုခိုင်မင်း ဒီမှာလာမကစားတာ တစ်ပတ်လောက်ရှိသွားပြီ'

'ဒီမှာအပြင် သူ ဘယ်မှာကစားတတ်သေးလဲဟင် မောင်လေး'

'အာ... ကိုခိုင်မင်းက ဒီမှာပဲကစားတယ်ခင်ဗျ၊ ဘယ်မှာမှ မကစားဘူး၊ သူ့ကိုယ်ပိုင်ကျူကိုတောင် ကျွန်တော်တို့ဆီမှာပဲ အပ်ထားတာ၊ သူမအားလို့မလာတာဘဲ ဖြစ်ပါလိမ့်မယ် လာရင် ဘာမှာပေးရမလဲ မမ'

'သူလာကစားရင် မစပါယ်ရုံ လာရှာသွားပါတယ်လို့ ပြီးတော့ ဒီ phone နံပါတ်ကလေးကို ဆက်ပေးပါလို့ ပြောပေးပါနော် မောင်လေး'

'ဟုတ်ကဲ့ စိတ်ချပါခင်ဗျာ ပြောပေးပါ့မယ်'

ရုံလေးက သူ့မှတ်စုစာအုပ်ကလေးကို ထုတ်ပြီး 'Game City ဘီလီယက်' ဆိုသော နံပါတ် ၅ ကို ဖျက်ပစ်လိုက်သည်။

'ဒီကနေ ကန်တော်ကြီးကို သွားရင်ကောင်းမယ်၊ နီးလည်းနီးတယ်လေ၊ စိတ်သိပ်မငြိမ်တဲ့လူတွေက Concentration ကောင်းအောင် ဘီလီယက်ထိုးတာတို့ ငါးမျှားတာတို့ ဘာတို့ကို လုပ်လေ့ရှိတော့ ငါးမျှားတတ်တယ်ဆိုတဲ့ သူ့အကျင့်ရှိတဲ့ ကန်တော်ကြီးထဲ ခဏဝင်တာမမှားဘူးထင်တယ်'

ဖြူကတော့ ဘာမှမပြောဘဲ ပြုံး၍သာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါးမျှားတဲ့ဘက်က ဘယ်ဘက်မှာလဲမသိဘူး၊ မင်းသိလား ဖြူ'

'ဘယ့်နဲ့ ကြံကြီးစည်ရာ ဖြူက ငါး တစ်ခါမှ မမျှားဖူးဘူး။ ဒီလို မိန်းကလေးကို ငါးမျှားတဲ့နေရာ မေးရသလား ရုံရဲ့ ဒုက္ခပါပဲ'

'မဟုတ်ဘူးလေကွာ သွားရင်းလာရင်းများ တွေ့ဖူးသလားလို့ပါ'

'မတွေ့ဖူးပါဘူး။ ရုံလေး...ဒီမနက်မင်း သူရှိတဲ့နေရာတွေကို လိုက်ရှာနေတာ လေးနေရာရှိသွားပြီနော်၊ တစ်နေရာမှလည်း မရှိဘူး၊ မနေ့ကလည်း မတွေ့ဘူး'

ဖြူ့စကားကြောင့် ရုံလေးကပြုံးသည်။ ထိုအပြုံးသည် ဖြူလေး၏ စကားကြောင့် ပြုံးမိခြင်းဖြစ်သော်လည်း ဖြူလေးကို ပြုံးခြင်းမဟုတ်ပါ။ သူ့ကိုယ်သူ ပြုံးခြင်းသာ ဖြစ်ပါသည်။

'လိုက်တဲ့လူနဲ့ ပြေးတဲ့လူဆိုတာ ဒီလိုပဲလေဖြူလေးရာ ပြေးတဲ့လူက တယ်နံသာတာပေါ့၊ ဒါပေမယ့် လောကကြီးက ကျဉ်းကျဉ်းကလေးပါ။ ဖြူလေးက စိတ်ပျက်နေပြီလား'

'အာ...စိတ်တော့မပျက်ပါဘူး။ စိတ်ချ၊ ဖြူကလည်း ကိစ္စတစ်ခုလိုက်ပြီဆိုရင် ဆုံးခန်းတိုင်အောင်ရောက်မှ ကျေနပ်တတ်တဲ့လူစား'

ရုံလေးက ကျေနပ်စွာပြုံးရင်း ကန်တော်ကြီးထဲ ချိုးကွေ့လိုက်သည်။ ကားဝင်ခအခွန်ပေးရင်းနှင့် ရုံလေး စုံစမ်းရသည်။

'မောင်လေး... ဒီမှာငါးမျှားလို့ရတယ်မဟုတ်လား'

'ရတယ်အစ်မ၊ အစ်မတို့မျှားမှာလား။ ဒါဆိုရင် ငါးမျှားခအခွန်'

'မဟုတ်ဘူး အစ်မတို့ မမျှားပါဘူး။ ငါးမျှားတဲ့လူတစ်ယောက်ကို ရှာမလို့ပါ။ ငါးမျှားတဲ့လူတွေ ဘယ်နားမှာ ပိုများလဲဆိုတာ သိချင်လို့'

'မျှားတာကတော့ နေရာအစုံပဲ အစ်မ၊ ဒါပေမယ့် အများများဆုံးက တော့ အစ်မ ဒီကနေသွားပြီး လမ်းဆုံးရောက်ရင် ညာဘက်ကို ကွေ့လိုက် အဲဒီကနေ ဆက်သွားရင် မျှားနေတဲ့လူတွေကို တွေ့လိမ့်မယ်၊ အဲဒီနေရာက အများဆုံးမျှားကြတာပဲ'

'ကျေးဇူးပဲ'

ညွှန်လိုက်သည့်အတိုင်း သွားကြည့်တော့ ငါးမျှားနေသူတွေကို တွေ့ပါသည်။ ခိုင်မင်းကိုတော့ မတွေ့ရ။





'ခိုင်မင်းဆိုတဲ့လူက လူများလုပ်တာကို လိုက်လုပ်မယ့်လူစားမျိုး မဟုတ်ဘူးကွ၊ ဒီတော့ လူများတွေမမျှားတဲ့နေရာမျိုးမှာ မျှားမှာသေချာတယ်။ ဒီတော့ ဒီအပြင်နေရာတွေမှာ ရှာရအောင်ကွာ'

'မင်းအတွေးနဲ့ မင်းပုံစံနဲ့ကလည်း တစ်ထပ်တည်းကျပါတယ်။ အဲဒီတော့ ရှာသာရှာကွာ'

ကန်တော်ကြီးကို ၂ ပတ်ပတ်ပစ်လိုက်သည်။ အခြားနေရာတွေမှာ ငါးမျှားနေသူတွေကိုလည်း တွေ့ပါသည်။ သို့သော်...ခိုင်မင်းကိုတော့ မတွေ့။

အပြန် 'လောကနတ်' ပန်းချီပြပွဲကိုပင် ရောက်လိုက်သေးသည်။ ခိုင်မင်းသည် ပန်းချီဝါသနာပါပြီး ရံဖန်ရံခါ ပန်းချီပြခန်းတွေကို ဝင်ကြည့်လေ့ရှိသည်ဟု နိုးထံမှ သတင်းရ၍ ဖြစ်သည်။ သို့သော် မတွေ့ခဲ့ပါ။

ကားပေါ်ရောက်တော့ ဖြူက နည်းနည်းပင်ပန်းစ ပြုနေပြီဖြစ်သည်။

'ဖြူတော့ ရုံလေးကို ချီးကျူးရတော့မလိုလို ကဲ့ရဲ့ရတော့ မလိုလို ဖြစ်နေပြီရုံလေး'

'နှစ်ခုစလုံးက အဓိပ္ပာယ်အတူတူပါပဲကွာ၊ လူဆိုတာ ကိုယ်ခံရမယ့်အလှည့်ဆိုတာ ရောက်လာရစမြဲပဲ၊ မနက်ဖြန်ဆိုတော့ မင်းနားပါဖြူ ကိုယ်တစ်ယောက်တည်း အေးအေးဆေးဆေးပဲထွက်မယ်'

'မင်းဟာက မကုန်သေးဘူးလားဖြူရဲ့'

'နှစ်နေရာကျန်သေးဟယ်ဖြူ၊ သိမ်ဖြူက တင်းနစ်ကွင်းရယ်၊ အမျိုးသားရေကူးကန်မှာရှိတဲ့ chess အဖွဲ့ချုပ်ရယ်။ ခိုင်မင်းက ခန္ဓာကိုယ်ကျန်းမာရေးအတွက် တင်းနစ်ရိုက်ပြီး၊ ဦးနှောက်ကျန်းမာရေးအတွက် chess ထိုးတယ်တဲ့၊ ပြီးတော့ နိုးမပြောဘဲ ကိုယ်သိထားတဲ့ နေရာတစ်နေရာရှိယ်ပေါ့'

ဖြူက မျက်မှောင်ကိုကျုတ်သည်။

'နိုးမပြောဘဲသိတဲ့နေရာ၊ ဘယ်နေရာလဲ'

'မင်းကလည်းကွာ သူ့အိမ်ပေါ့ကွ၊ ခိုင်မင်းရဲ့အိမ်'

'မင်း သူ့အိမ်ကိုတော့ မသွားသင့်ဘူးလို့ ထင်တယ် ရုံလေး'

'အဲဒါဆို သူလည်း ငါ့ကို ဒီစာတွေအစကတည်းက ရေးဖို့မသင့်ဘူးပေါ့'

'မင်း သူ့အိမ်လိပ်စာကို သိလို့လား'



www.burmeseclassic.com

www.burmeseclassic.com



'အ,ပါ့ဖြူရာ ကိုယ် သူ့ထွက်စာကို တောင်းကြည့်တုန်းက ရုံလေးဆိုတဲ ကိုယ်က သူ့လက်ရေးကို ပထမကြည့်တယ်၊ သူရေးထားတဲ့ 'ခင်ဗျားကို ကျွန်တော်မချစ်ဘူး' ဆိုတဲ့ စာရွက် ၁၀ ရွက်ဟာ သူကိုယ်တိုင်ရေးတာ အစစ်ပဲ။ ပြီးတော့...သူ့ဆိုင်းအောက်က သူ့အိမ်လိပ်စာကို အလွတ်ကျက် ပစ်လိုက်တယ်၊ သူ့ထွက်စာကို မဖတ်ဘူး။ ဖတ်စရာလည်း မလိုဘူးလေ'

'ဪ... တော်တော်လည်တဲ့ လူလည်မကလေးပါလား'

ရုံလေးက တိတိကျကျကို ပြုံးလေသည်။

■





'သူ အလုပ်ထွက်ဖို့ကို သမီးကို အသိလည်းမပေး တိုင်လည်း မတိုင် ပင်တာ အမှန်ပဲ မေမေ၊ သူထွက်ပြီးမှ သမီးသိရတာ၊ သူက internet ကဖေးတစ်ခုလောက် ဖွင့်ချင်တယ်တဲ့ သူ့သူငယ်ချင်းတစ်ယောက်နဲ့ ရှယ်ယာ ဖွင့်ချင်တာတဲ့ မေမေ'

ခင်မိုးသစ်၏ စကားကြောင့် ခိုင်မင်း၏ မေမေ တော်တော်စိတ်ညစ် သွားသည်။ မိသစ်သည် ခိုင်မင်း၏ အမေကို ငယ်စဉ်ကတည်းက မေမေ ဟုသာ ခေါ်ပါသည်။

'အေး... သမီးကို မတိုင်ပင်သလို မေမေ့ကိုလည်း ဘာမှမတိုင်ပင်ပါ ဘူးကွယ်။ ဖအေတူသား ငယ်ငယ်လေးကတည်းက သူထင်ရာသူလုပ်တာ သမီးရဲ့၊ ရွဲ့ချင်စိတ်ကလည်း ယောကျ်ားလေးတန်မဲ့နဲ့ ရှိလိုက်သေး။ ကဲ ထားပါတော့ သမီးရယ်။ အခု သမီးလေး သူနဲ့ ရန်ဖြစ်လာသလား'

'ဟင့်အင်း... ရန်မဖြစ်ဘူး မေမေ။ သူက ဘယ်တော့မှ သမီးကို ရန်ဖြစ်တဲ့အခြေအနေကို ရောက်အောင် မလုပ်ဘူး။ အဲဒီနားရောက်ရင် ရအောင် ရှောင်ထွက်သွားတာချည်းပဲ'

'ဒါဆို သမီးလေးနဲ့ သား ဘာဖြစ်လဲ မေမေ့ကို အားမနာနဲ့ ပွင့်ပွင့် လင်းလင်းသာပြော'



www.burmeseclassic.com

www.burmeseclassic.com



နိုင်မင်း၏ မိခင်ဖြစ်သူ ဒေါ်သဇင်မင်းက ခင်မိုးသစ်ဟုခေါ်သော သူ့ချွေးမလောင်းကလေး၏ လက်ဖျားကလေးများကို ယုယစွာ ဆုပ်ကိုင်ထားရင်း မျက်ဝန်းချင်းဆိုင်၍ မေးခြင်းဖြစ်ပါသည်။

ဒေါ်သဇင်မင်း ဆိုင်ထားသော မျက်ဝန်းထဲတွင် မိသစ်ဖြစ်လိုရာ ဖြစ်စေရပါမည်။ သူ့သားတော်မောင်ကို မိသစ်နှင့်သာ သဘောတူပါသည်ဆိုသော အဓိပ္ပာယ်မှာ မည်သည့်သက်သေမျှမလိုဘဲ အတိုင်းသား ပေါ်လွင်လျက်ရှိ၏။

'သူက သူတို့အလုပ်ရှိတဲ့ တာဝါထဲက တခြား Company က ကောင်မလေးတစ်ယောက်ကို စကားလည်းလိုက်ပြောတယ်၊ စာတွေလည်း လိုက်ပေးတယ်တဲ့ မေမေ'

'ဘာ… အောင်မယ်… ဒင်းက…'

'မေမေ… ခဏလေး…'

ဒေါ်သဇင်မင်းက ဒေါသဖြင့် မိသစ်၏ လက်များကို ခပ်ဖွဖွဆုပ်ကိုင်ထားရာမှ အားနှင့်အင်နှင့် ညှစ်၍ချလိုက်သည်။ မိသစ် တော်တော်ကလေးလည်း နာသွားသည်။ သို့သော် နှလုံးသားကတော့ တော်တော်လေး ချို၍သွားပါသည်။

'ဒီမှာ မိဘနှစ်ဖက်စလုံး သဘောတူထားတာတောင် ဒင်းက'

'ခဏလေးမေမေ… သမီးစကားဆုံးပါရစေဦး'

ဒေါ်သဇင်မင်း၏ ရင်သည် ဖားဖိုကြီးတစ်ခုကဲ့သို့ နိမ့်ချည်မြင့်ချည်ဖြစ်၍နေသည်။ 'ဒီကောင် ဒါ့ကြောင့် မူပြောင်းနေတာ' ဟု ပြောလိုက်သေးသည်။ သို့သော် ဆုပ်ကိုင်ထားသော မိသစ်လက်များကိုမူ မလွှတ်။ ထိုကဲ့သို့ သူ့လက်များကို ဆုပ်ကိုင်ထားခြင်းကိုပင် မိသစ်ကလည်း ဝမ်းသာလှပါပြီ။ ပီတိဖြစ်လှပါပြီ။ ကိုယ်၊ စိတ်၊ နှလုံးသုံးပါး အားရကျေနပ်လှပါပြီ။

'မေမေ့သားက တော်တော်ထူးဆန်းတာပါ မေမေ။ သူ အဲဒီကောင်မကလေးကို လိုက်ပြောတဲ့စကားက 'ခင်ဗျားကို ကျွန်တော်မချစ်ဘူး' တဲ့'

'ဘာ…'

'ခင်ဗျားကို… ကျွန်တော်… မ… ချစ်… ဘူး… တဲ့'





'ဟဲ့…'

ဒေါ်သဇင်မင်းလည်း မိသစ်ကို ဆုပ်ကိုင်ထားသော လက်တွေကို ဆွဲခွာပြီး သူ့မျက်နှာကို တစ်ချက်သုတ်သည်။ ပြီးတော့ မိသစ်မျက်နှာပေါ်မှ အကြည့်ကိုခွာပြီး ဟိုဟိုဒီဒီကြည့်၏။ ပြီးတော့မှ မိသစ်မျက်နှာကို ကြည့်ပြီး…

'သမီး… မိသစ်…'

'ရှင်…'

'မေမေလည်း… ငယ်ရာကကြီးလာတာပဲ'

'အဟင့်… ဒါတော့… ဟုတ်တာပေါ့မေမေရဲ့၊ လူတိုင်းပဲဟာကို'

'မေမေဆို ငယ်ငယ်က ရည်းစားစကားအပြောခံခဲ့ရလှပေါ့'

'ဟုတ်ကဲ့… မေမေ'

'ရည်းစားစကားပြောတယ်ဆိုတာ မင်းကိုငါချစ်တယ်၊ ခင်ဗျားကို ကျွန်တော်ချစ်တယ်ဆိုတာပါကွယ်၊ သူက အဲဒီအတိုင်းပြောလို့ကတော့ ပြောစမ်းပါစေ၊ ငါ့သမီးကလေး အိမ်မှာပဲ သီချင်းကလေးနားထောင်ပြီး အိပ်နေလိုက်၊ မိန်းကလေးဆိုတာမျိုးက ကိုယ်ချစ်ပါတယ်ပြောတဲ့သူတောင် သိပ်ဂရုမစိုက်ချင်တာ မချစ်ပါဘူးပြောတဲ့ လူမျိုးကိုတော့…'

'မဟုတ်ဘူးမာမီ…'

ဒီတစ်ကြိမ်တော့ ဒေါ်သဇင်မင်း၏ လက်များကို မိသစ်က ဆုပ်ကိုင်ရသည့် အခြေအနေသို့ ရောက်သွားသည်။

'အမြဲတမ်း သူ့ကို ချစ်ပါတယ်လို့ ပြောတာကို ကြားနေရတဲ့ မိန်းကလေးက ခင်ဗျားကို ကျွန်တော်မချစ်ဘူးလို့ ပြောတဲ့ မေမေ့သားကို စိတ်ဝင်စားသွားတယ် မေမေ'

နောက်ဆုံး စကားလုံးများကို ပြောသည့်အချိန်တွင် မိသစ်သည် ဒေါ်သဇင်မင်း၏ လက်များကို အားရပါးရ ဆုပ်ကိုင်ထားမိသည်။ ဒေါ်သဇင်မင်းသည် ပါးစပ်ကြီးပြဲ၍ နေ၏။ မျက်လုံးကြီးလည်း ပြူး၍နေ၏။ သူ့၏အမြင်အာရုံသည် ခင်မိုးသစ်ဟူသော သူ့ချွေးမကလေးကို ကြည့်နေသော်လည်း သူ့အစ္ဈတ္တကား Flash Back မိုင်ပေါင်းများစွာသို့ ပြေးလျက်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'သမီး'

'ဟုတ်ကဲ့'

'သမီး... ဒါဆို... ဒီကောင် အလုပ်ထွက်တာ မရိုးသားဘူးပေါ့'

ညှိနှိုင်းခန်းသည် တိတ်၍သွားသည်။

အသီးသီး ဆုပ်ကိုင်၍ထားကြသော လက်များသည်လည်း ပြေလျော့၍ သွားကြ၏။ ဒေါ်သဇင်မင်းက သူ့ဆံပင်ကို အဓိကထား၍ ပြုပြင်ပြီး ခင်မိုးသစ်က အင်္ကျီအနေအထားကို အဓိကထားပြီး ပြုပြင်သည်။

ပြီးတော့ ချွေးတွေပြန်နေသော ရေသန့်ဘူးကလေးထဲက ရေကို မိသစ်က ငုံ၍သောက်သည်။ နှစ်ဦးစလုံး နေသားထိုင်သားတစ်ကျ ဖြစ်တော့မှ စကားကိုစသည်။

'သူ... ရိုးရိုးသားသားထွက်မယ်ဆိုရင် သမီးကိုဖြစ်ဖြစ် မေမေ့ကို ဖြစ်ဖြစ် တိုင်ပင်သင့်တယ်၊ အခု မတိုင်ပင်ဘဲ ဝုန်းခနဲထွက်တာမျိုးကျတော့ သမီးဟို ဘယ်လိုစဉ်းစားရမှန်းကို မသိဘူး။ သမီးက သူ့ရှိတယ်မှတ်လို့ သူ့အလုပ်ကိုသွားတော့ မြတ်နိုးဆိုတဲ့ ကောင်မလေးပြောတော့မှ သူအလုပ်ကထွက်စာတင်မှန်း သိရတာ။ မြတ်နိုးက သူကိုယ်တိုင် လက်ရေးနဲ့ ရေးတဲ့ ထွက်စာကိုလည်း သမီးကို ပြလိုက်ပြီးပြီ'

'လူမိုက်'

'မေမေ... ဒီကိစ္စတွေကို သမီးဆီကနေ သိတာလို့ မေမေ သူ့ကို သွားမပြောပါနဲ့နော်၊ ပြောရင်... သူနဲ့သမီး သတ်ရလိမ့်မယ်'

မိသစ်သည် သနားဖွယ်ရာအတိနှင့် ပြီးသောမျက်နှာဖြင့် ဒေါ်သဇင်မင်းကို ပြောရှာသည်။ ဒေါ်သဇင်မင်းရင်ထဲ နင့်၍သွား၏။

'စိတ်ချသမီး... သူ့အဆိုးဟာလည်း သူ့အဆိုးအတိုင်းရှိစေ။ သမီးအကောင်းဟာလည်း သမီးအကောင်းတိုင်းပဲရှိစေ။ မေမေ ဘယ်သူ့ကိုမှ ဖွမယူဘူး။ ဘယ်သူ့ဘက်မှလည်း မလိုက်ဘူးဆိုတာ စိတ်သာချ၊ ဆုံးဖြတ်ချက်ဟာ သမီးသည် သမီးအတိုင်း သူသည် သူ့အတိုင်းသာ ဖြစ်ရစေမယ်၊ အဲဒါကိုတော့ ယုံပါ'

'ကျေးဇူးပါပဲ မေမေရယ်'

သူတို့နှစ်ယောက်စလုံး ဆိုဖါပေါ်တွင် ခြေပစ်လက်ပစ် နားနေကြသည်။





မိနစ် တော်တော်များများ စကားမပြောကြဘဲ တစ်ကယ့်ကို ခြေပစ်လက်ပစ် နားနေခြင်းသာ ဖြစ်ပါသည်။

လူသည် ခန္ဓာကိုယ်ပင်ပန်းဆင်းရဲခြင်းထက် ဝိညာဉ်ပင်ပန်းဆင်းရဲခြင်းက ပိုသည်ဟု မြတ်စွာဘုရားရှင်က ဟောခဲ့ပြီးဖြစ်သည့်အတိုင်း ဝိညာဉ်ပင်ပန်းဆင်းရဲခဲ့သူနှစ်ဦး၊ တစ်ဦးနှင့်တစ်ဦး နားလည်စွာ နား၍နေကြလေသည်။

ပထမဦးဆုံး သတိဝင်သူက ဒေါ်သဇင်မင်းပင် ဖြစ်သည်။

'အဲဒီတော့ သမီး... သမီးက ဘာလုပ်ချင်တာလဲ သမီး'

'သမီးရဲ့ တစ်ကယ့်ဆန္ဒကို မေးတာလား မေမေ'

'အေးလေ...'

ညှိနှိုင်းခန်းသည် ဘယ်သူကမှ အမိန့်မပေးရပါဘဲ တိတ်၍သွား၏။

'ရန်ကုန်မြို့ရဲ့ ဘယ်နာမည်ကြီးဟော်တယ်တွေရဲ့ ရက်ချိန်းကိုမှ စောင့်မနေပါနဲ့တော့ မေမေ၊ နှစ်ဖက်မိဘနဲ့ တော်သင့်ယုံ ဆွေမျိုးနှစ်ဘက်က အသိအမှတ်ပြုပြီး သံဃာငါးပါးနဲ့တင် သမီးအတွက် ပြည့်စုံပါတယ်'

'သမီးရယ်'

'သမီး... သူ့ကို... ချစ်တယ်မေမေ'

'အေးပါကွယ်... အေးပါ... မေမေသိပါတယ်'

ဒေါ်သဇင်မင်းသည် ထိုင်နေရာမှထ၍ မိသစ်ထိုင်ခုံနံဘေးတွင် ထိုင်ပြီး တသိမ့်သိမ့်ရှိုက်၍ငိုနေသော မိသစ်အား ပခုံးနှင့် ခါးကိုဖေးမ၍ ဖက်ထားပေးခြင်းအားဖြင့် နှစ်သိမ့်စေသည်။

ငိုခြင်းသည်ဖြစ်စေ... ရယ်ခြင်းသည်ဖြစ်စေ... ချမ်းသာခြင်းသည်ဖြစ်စေ ဆင်းရဲခြင်းသည်ဖြစ်စေ... အစုံစုံသော တရားတို့သည် အစပိုင်းတွင် အားကောင်းသမျှ နောက်ပိုင်းတွင် တဖြည်းဖြည်း ပါးပါးလာသကဲ့သို့ အားနှင့်ပါးနှင့် ငိုနေသော မိသစ်၏ အငိုသည်လည်း သူ့အချိန်သို့ ရောက်သောအခါ ပါး၍ပါး၍ လာလေသည်။

'ကဲ... သမီး... သမီးပြောသမျှ မေမေ လက်ခံပြီ။ ဘယ်ဟော်တယ်ရဲ့ ရက်ချိန်းနဲ့မှ ငါ့သမီးကလေး ကို ငါ့သား လက်မအပ်ဘူး ဘယ်ဗေဒင်ဆရာရဲ့ အခါပေးနဲ့မှ ငါ့သမီးလေး ကို ငါ့သားရဲ့လက်ကိုမအပ်ဘူး။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မဟာယနရဲ့ အစွဲကလေးပဲ ထားလိုက်တော့ ရက်ရာဇာနဲ့ ပြဿဒါးကလေးပဲ ရွေးမယ် ရှေ့အပါတ်ထဲ က ရက်ရာဇာတစ်နေ့မှာ ငါ့သားနဲ့ ငါ့သမီးကို ငါကိုယ်တိုင်...'

ထိုအချိန်တွင် အိမ်ရှေ့တံခါးဝမှာ ဘဲလ်မြည်သံကို ကြားရသဖြင့် ဒေါ်သဇင်မင်းရော ခင်မိုးသစ်ပါ စကားပြောခြင်း စိတ်ဝင်စားခြင်းများကို ခဏရပ်ပြီး ဘဲလ်သံမြည်နေသော နေရာသို့ ကြည့်လိုက်ကြ၏။

'ဟဲ့... မိသော်... မိသော်'

အိမ်ဖော်ကောင်မကလေး မိသော် ပြေးထွက်လာသည်။

'နင် အိမ်ရှေ့တံခါးပိတ်ထားသလား'

'မေမေကြီးက ပိတ်ထားဆိုလို့ပိတ်ထား...'

'စကားမရှည်နဲ့ အခုသွားဖွင့်လိုက်'

'ဟုတ်ကဲ့ မေမေကြီး'

အိမ်ဖော်ကောင်မလေး ခင်ခင်သော် ပြေးထွက်သွားသည်။

'သမီးရယ် ခုနက စကားတောင် ဘယ်ရောက်သွားလဲမသိဘူး'

'သူမလာခင် မြန်မြန်ပြောလေ မေမေ၊ မေမေကိုယ်တိုင်က'

'အေးဟုတ်တယ် မေမေကိုယ်တိုင် ဘုန်းကြီးငါးပါးဆွမ်းကျွေးပြီး လက်ထပ်ပေးမယ်... ကဲ'

စကားဆုံးတော့ မိသစ်နှင့် ဒေါ်သဇင်မင်းတို့ မျက်ဝန်းခြင်းဆုံပြီး ပီတိပြုံးနေစဉ် အိမ်ဖော်ကောင်မလေး ခင်ခင်သော်က ပြန်ဝင်၍လာသည်။

'မေမေကြီး ဧည့်သည်တွေက သူတို့ကို ဝင်လာခွင့်ပြုရဲ့လားတဲ့'

'ဟဲ့... နင်တို့အစ်ကိုမဟုတ်ဘူးလား၊ ခင်ခင်သော်ရဲ့'

'မဟုတ်ဘူး မေမေကြီး မမနှစ်ယောက်'

'အေး... ဝင်လာခဲ့လို့ ပြောလိုက်ဟာ...'

အိမ်ဖော်ကောင်မလေး ပြန်ပြေးထွက်သွားသည်။ မိသစ်မျက်နှာမှာ အချစ်ဓာ၊ အရှက်ဓာ၊ ဂုဏ်သိက္ခာဓာတို့ဖြင့် မျက်နှာကလေး ဖွေးဖွေးဖြူ၍သွား၏. မေမေဟုပင် သူ့အမေအရင်းကို စိတ်ထဲကပင်တမိသည်။

'မေမေ'

'ပြော... သမီး'





'အဲဒါ... ဟိုကောင်မလေးတွေပဲနေမှာ'

'ဟုတ်လား... တွေ့ကြပြီပေါ့ကွယ်၊ နာမည်ဘယ်သူ'

မိသစ် တော်တော်ကလေးကို အားတတ်သွားသည်။ သူ၏ ယောက္ခမလောင်းကြီးက ဟိုတစ်ဖက်က ကောင်မလေး၏ နာမည်ကိုတောင်မှ မသိသေးဆိုတော့ သူ့အတွက် များစွာသော အခွင့်အရေးများ ရှိနိုင်ပါသေးသည်။

'စပါယ်ရုံ... မေမေ'

'ဘာ...'

'စပါယ်ရုံ'

'စပါယ်ရုံ... အေး... အေး... လာပေ့စေ'

ဧည့်ခန်းသည် တိတ်ဆိတ်၍နေ၏။

စပါယ်ရုံသည် ခိုင်မင်းနေသည့် အိမ်ကို အကြိမ်ပေါင်းများစွာ စိတ်ကူးယဉ်ခဲ့သော်လည်း အခုလို ခမ်းနားထည်ဝါသည့်တိုက်၊ နေရာ၊ မျိုးဟု မထင်ခဲ့သောစိတ်ရှိခဲ့သည်မှာ အမှန်ဖြစ်ပါသည်။

ခြံတံခါးဝမှ အိမ်အထိရောက်အောင် ပေရှစ်ဆယ်ခန့် လျှောက်ခဲ့ရသည်။ ပြီးတော့ ရေကန်၊ ဂေါ့(ဖ်)ကွင်း အသေးစားကလေး ကားဂိုထောင်၊ ပန်းဥယျာဉ်တစ်ခု၊ မြက်ခင်းစိမ်းစိမ်းကလေးထဲက ချစ်သူတွေသာထိုင်ဖို့ကောင်းသော ခုံတန်းကလေးများ ထိုမြင်ကွင်းများကို တွေ့လိုက်သည်နှင့် အထပ်သုံးထပ်ရှိသော တိုက်ကြီးကို ဘွားခနဲ မြင်ရမည်ဖြစ်လေသည်။ ထိုသို့မြင်ရသည့်အတွက် သူ့ကို ဖြူက လှည့်ကြည့်ပြုံးရင်းပြောသည်။

'ကိုခိုင်မင်းက သမင်လိုနေတဲ့ ခြသေ့ံပဲရုံလေး၊ ဒါပေမယ့် သူက ဖွက်ထားတာတွေကို မင်းအခုမှသိတာကလည်း ရိုးသားမှုတစ်ခုပါပဲ'

'ငါ... ဒီကိုလာတာ သူနဲ့တွေ့ဖို့ပါကွာ'

'အား... အစ်မတို့ ခဏလေးနော်၊ ဟဲ့... မေမေကြီးကို ဧည့်သည်တွေလာတယ်ပြောလိုက်၊ အစ်မတို့နော် နာမည်က ဘယ်လိုခေါ်သလဲ၊ ဒါက အပိုမဟုတ်ဘူးနော်၊ ဒီမှာနော် နာမည်မေးပြီးမှ ဝင်ရတယ်၊ လာနေကျနော် ဝင်ရတယ်'

အရေးထဲ ဂိတ်ပေါက်စောင့်ကုလားက အရစ်ရှည်နေပြန်သဖြင့် ရုံလေး



www.burmeseclassic.com

www.burmeseclassic.com



တော်တော်စိတ်ညစ်သွားသည်။

'မမနှစ်ယောက်လို့ပြောလိုက်'

'မမနှစ်ယောက်'

'ဟုတ်တယ်'

'နာမည်ကို ပြောပါ မမနှစ်ယောက်'

'မမ နှစ်ယောက်ဆိုရင် သူတို့သိတယ်ကွာ၊ မင်း ဒီမှာ အလုပ်ဆက်လုပ်ချင်တယ်ဆိုရင် ဒီအတိုင်းပဲပြောနိုင်းလိုက်၊ မင်းမလုပ်ချင်ဘူးဆိုရင် မင်းသဘောပဲ'

'ရုံလေး...

'မခေါ်နဲ့လေ... ဖြူရုံ'

'အဲဒါဆိုလည်း ဖြူလို့ မခေါ်နဲ့'

ထိုစကားများမှာ လေသံတိုးတိုးမို့ တခြားလူများ မကြားချေ။ သူတို့နှစ်ယောက် ခြေသံမှန်မှန်နှင့်ပင် လျှောက်လာရင်း အိမ်စေလူက ဖွင့်ပေးသည့် တံခါးကို လွန်မြောက်၍ ပထမအခန်းသို့ ဝင်လိုက်သောအခါ...

ထိုမျှလောက် ခမ်းနားသည့်ဧည့်ခန်းမျိုးကို မကြုံဖူးချေ။ သို့သော်လည်း သူတို့နှစ်ယောက်မှာ အကြောက်အလန့်ရှိသူများ မဟုတ်သည့်အတွက် အေးဆေးသက်သာစွာပင် လွတ်နေသော နှစ်ယောက်တွဲခုံပေါ်တွင် ဝင်ထိုင်လိုက်သည်။

'သားရဲ့ မိတ်ဆွေတွေလား'

'ဟုတ်ကဲ့ရှင့်၊ အဲဒီလိုပြောရင်လည်း ရနိုင်ပါတယ်'

'ဟုတ်မှာပေါ့၊ သားက မိတ်ဆွေသိပ်ပေါတာ၊ သူ့ကိုခင်တဲ့လူတွေက phone ရော၊ ကိုယ်တိုင်ရော၊ ဘာရေညာရေ ဒီခေတ်ကလေးတွေကို ထိန်းရတာ တော်တော်ခက်တယ်။ အန်တီက အခုဆို ၆၈ နှစ် အန်တီ ၁၆ နှစ်သမီးတုန်းကဆိုရင် လသာတဲ့ရက် လပြည့်ညလယ်ကျော် ၁ ရက် ၂ ရက် အထိ မိုင်းငင်ရတယ်။ လသာတဲ့ညတွေ ဆိုပါတော့။ အဲဒီညမှာ ရွာက လူငယ်တွေကလည်း လူပျိုလှည့်ကြတယ်။ ဝန်ခံရရင် အန်တီတို့ကလည်း လူပျိုလှည့်တာခံချင်လို့ လမင်းကြီးကို တမော့မော့နဲ့ပေါ့။ ခုတော့ ဒီလိုမဟုတ်တော့ဘူးနော်'





'ဟုတ်ပါတယ်အန်တီ၊ ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်လို့ အရင်တုန်းကတော့ တစ်ဖတ်သတ်သဘောပဲရှိခဲ့ပါတယ်။ ချောင်းတို့ မြစ်တို့မည်သည် ချစ်ခြင်းမေတ္တာရဲ့သဘောကို စောင့်ပါတယ်။ ဒီဘက်ကစီးရင် ဒီဘက်ကပဲ စီးပါတယ်၊ ယောကျ်ားကလေးကပဲ ချစ်ခြင်းမေတ္တာကို ထုတ်ဖော်ပြရမယ်လို့ ဘယ်ပညာရှိကများ ပြောခဲ့ပါသလဲအန်တီ'

ဧည့်ခန်းသည် တိတ်၍သွား၏။

ခင်မိုးသစ်နှင့် စပါယ်ရုံတို့ မျက်ဝန်းချင်းဆုံကြသည်။

ပြီးတော့ ပြိုင်တူပြုံးကြသည်။ ခင်မိုးသစ်အပြုံးထက် စပါယ်ရုံအပြုံးက ပို၍ စက္ကန့်ဝက်လောက်စောသည်ဟု ထင်ပါသည်။

'ချစ်တာရယ်၊ အိမ်ထောင်ပြုတာရယ်၊ ကိုယ်ကျင့်တရားရယ်၊ ငါကတော့ ဒါကိုပဲစိတ်ဝင်စားတယ်မိန်းကလေး'

'ကျွန်မ ကိုခိုင်မင်းကို ခင်ပါတယ်'

'အို... ခင်မင်တယ်ဆိုတာ ကောင်းတာပေါ့'

ဧည့်ခန်းသည် တိတ်ဆိတ်သွားပြန်၏။

'ဒါပေမယ့် သူက ကျွန်မခင်တာကို မယုံဘူး'

ဒေါ်သဇင်မင်းက ပြုံးယုံသာပြုံးသည်။ ပြီးတော့ အားရပါးရကြီးကို ရယ်ချပစ်လိုက်သည်။

ဒေါ်သဇင်မင်း ရယ်ချလိုက်သည်ကို အားလုံး ထိတ်လန့်တကြားငေး ၍ ကြည့်မိကြသည်။ ဒေါ်သဇင်မင်းသည် အားရအောင်ရယ်ပြီးသွားတော့မှ ရင်ကိုလက်ဖြင့်ဖိရင်း ခဏနားသည်။ အနားရပြီးတော့ ဧည့်သည်အားလုံး ကိုကြည့်ရင်း...

'ကောင်းပြီ... ငါ့သားက ငါကိုယ်တိုင်မွေးခဲ့တာ၊ ဒီတော့ ငါ့သားကို ငါက ချစ်လည်းချစ်တယ် ခင်လည်းခင်တာပေါ့။ ဒါပေမယ့် ငါ့သားက တစ်ခါတစ်လေမှာ ငါက သူ့ကို ချစ်တယ်ဆိုတာကို မယုံဘူး။ တစ်ခါတစ်လေမှာ ငါက သူ့ကို ခင်တယ်ဆိုတာကို မယုံဘူး။ သူက မိဘမေတ္တာကို မယုံတာမဟုတ်ဘူးနော်။ ဒီကိစ္စအတွက် သူ့ကို မေမေက မချစ်ဘူး၊ ဟိုကိစ္စအတွက် မေမေက သားကို မခင်ဘူးလို့ ပြောချင်တဲ့အကြောင်းမျိုး။ ခိုင်မင်းက မခင်တာ မချစ်တာနဲ့တော့ ဘာမှပြဿနာလို့ သဘောမထားကြ



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့ ခိုင်မင်းဆိုတဲ့ကောင်က ငါမွေးထားမိပါလားဆိုတာကို မနည်းသတိထားယူရတယ်'

ဒေါ်သဇင်မင်းသည် စကားကို ဆက်တိုက်ကြီး ပြောလိုက်ရသဖြင့် မောသွားဟန်တူပါသည်။ ရင်အစပ်ကို လက်ဖြင့် ဖိထားရ၏။ လိမ္မာကျွမ်းကျင်သော အိမ်ဖော်ကလေး ခင်ခင်သော်က ရေသန့်ဘူးကလေးကို လှမ်းယူပြီး ဒုတိယအိမ်ဖော်ကလေး နိုင်နိုင်ဝင်းက ရေခွက်ကလေးကို ကမ်းပေးကာ တတိယအိမ်ဖော်ကလေး အေးအေးမြိုင်က လူပျံတော်ပတ္တမြား သွေးဆေးပုလင်းကလေးကို ပေးတော့မှ ခင်ခင်သော်သည် ဒေါ်သဇင်မင်းသောက်နေကျ အချိုးအစားအတိုင်း လူပျံတော်ပတ္တမြားသွေးဆေးနှင့် သကြားကို ရောစပ်၍ ရေအေးအေးနှင့် တိုက်လေသည်။

ထိုဆေးကိုသောက်ပြီးသည်နှင့် ဒေါ်သဇင်မင်းသည် ခင်မိုးသစ်ကို ပြုံး၍ပြရင်း သူ့ကိုလာရောက်တွဲသော အစေခံမလေး နိုင်နိုင်ဝင်းနောက်သို့ အေးဆေးငြင်သာစွာ လိုက်၍သွားလေသည်။

ဧည့်ခန်းသည် ပြန်လည်၍ တိတ်ဆိတ်သွား၏။

ဒေါ်သဇင်မင်း နောက်သို့လိုက်ကြည့်နေသော မျက်ဝန်းများသည် ဒေါ်သဇင်မင်း လှေကားအပေါ်ဆုံးကို ရောက်သွားသည်နှင့် သူ့ဘက်ကိုယ့်ဘက် အချင်းချင်းဆုံမိကြလေသည်။

အံ့သြစရာကောင်းသည်မှာ မိသစ်နှင့် ရုံလေးတို့က မျက်ဝန်းချင်းဆုံမိကြပြီး ဖြူကေ မသော်ဆိုသော အစေခံမကလေးနှင့် မျက်ဝန်းချင်းဆုံမိခြင်းပင် ဖြစ်သည်။

'မခင်မိုးသစ် ထင်ပါတယ်'

စပါယ်ရုံက စကားစသည်။

'ဟုတ်တယ်'

'ဆက်သွယ်ဖို့ လိပ်စာပဲဖြစ်ဖြစ်၊ phone နံပါတ်ပဲဖြစ်ဖြစ်'

'မလိုဘူးထင်ပါတယ်'

'ကိုခိုင်မင်းအတွက်ပါ'

စပါယ်ရုံထံမှ ထိုစကားကို ကြားရသောအခါ မိသစ်သည် 'ဆတ်' ခနဲ တစ်ချက် လျှပ်စစ်ဓာတ်နှင့် အတို့ခံရသူလို ဖြစ်၍သွားသည်။





သူနှင့် ငယ်စဉ်ကတည်းက ပေါင်းလာသော ခိုင်မင်းအတွက် ဒီမိန်းကလေးက ဘာများ ကူညီနိုင်ဦးမည်နည်း။ နောက်ဆုံးထားလိုက်ပါဦးတော့ ခိုင်မင်းက သူ့ကိုကြိုက်သည်။ ချစ်သည်ဆိုလျှင်ပင် ကူညီမည့်သူသည် သူသာလျှင် ဖြစ်ရမည်။ ထို့ကြောင့် သူ၏ လိပ်စာကိုရော phone နံပါတ်ကိုရော ပေးစရာမလိုဟု သူထင်သည်။ ထို့ကြောင့်…

'ပိုပြီး… မလိုဘူးလို့ထင်ပါတယ်'

မိသစ်စကားဆုံးတော့ စပယ်ရုံကပြုံးလေသည်။

ဧည့်ခန်းသည် ပို၍တိတ်ဆိတ်သွား၏။

(အပြုံးတွေမှာ အသံမရှိဘူးဆိုလျှင် တိတ်ဆိတ်သည်ဟုသာ ဆိုရမည်ဖြစ်သည်။ စပါယ်ရုံကပြုံးတော့ ခင်မိုးသစ်ကလည်း ပြုံးပြန်သည်။ ထို့ကြောင့် ဧည့်ခန်းသည် အပြုံးသံတို့ဖြင့် ဆူညံလျက်ရှိသည်ဟု ကျွန်တော်စာရေးဆရာကဆိုသည်။)

'ကျွန်မဘဝမှာ ကိုခိုင်မင်းဟာ လူထူးဆန်းတစ်ယောက်၊ ကျွန်မ သူ့ကိုခင်ပါတယ်။ မခင်မိုးသစ်နဲ့ ကိုခိုင်မင်းတို့ အိမ်ထောင်ကျတဲ့အခါကျရင် ပျော်စရာလေးတစ်ခုအနေနဲ့ သူ့ကိုခင်ခဲ့တဲ့ မိန်းကလေးတစ်ယောက်ရှိခဲ့တဲ့ အကြောင်းပြောပြရုံနဲ့ ကျွန်မက ကျေနပ်နေမှာပါ'

'မင်း… အရမ်း… လောဘကြီးတယ်'

'ကျွန်မ… အနိုင်ရခဲ့တာတွေကို မုန်းနေပြီ မခင်မိုးသစ်'

မိသစ်နှင့် စံပါယ်ရုံတို့ မျက်ဝန်းချင်းဆုံကြသည်။ မိသစ်က လေးလေးနက်နက်ပင်ပြောသည်။

'ကျွန်မက ဘဝတစ်လျှောက်လုံး အရှုံးပေးလာခဲ့ရတာ၊ တစ်ခါမှ အနိုင်မရခဲ့ဖူးဘူး။ ဒီတစ်ခါတော့ အနိုင်ရချင်တယ် ကျွန်မကို ခွင့်လွှတ်ပါ'

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

'ဒါဆိုရင် မင်းက သူတို့ကို ကော်ဖီဖိုးလုံးဝမယူဘူးပေါ့'

'မဟုတ်ဘူး။ သူတို့ on line ပေါ်က Maker မတွေ့မချင်း ကော်ဖီဖိုးကော Internet ဖိုးကောမယူဘူး'

'တို့က အလကားပေးရမှာပေါ့'

'ဟုတ်တယ်... အဲဒီလောက်အထိတော့ လူများတွေနဲ့မတူတဲ့ အခွင့်အရေးကို သူတို့ကို ပေးရမယ်'

'ဘယ်သူတွေ လာကစားမှာလဲ'

'မသိဘူး'

'စိုင်းစိုင်းတို့၊ ဘာဘူတို့၊ သားစိုးတို့နဲ့ သိတယ်ဆို'

'အင်းလေ... '

'သူတို့ကို ဖိတ်ပါလား'

'သူတို့အလုပ်နဲ့ ကိုယ့်အလုပ် မရောချင်ဘူး။ သူတို့မှာလည်း သူတို့အလုပ်ရှိမှာပေါ့။ မင်းမလုပ်ချင်ဘူးဆိုရင်လည်း ရပ်လိုက်ကွာ။ ငါကတော့ အခုပြောတဲ့အတိုင်းပဲ'





စိုးမောင် ခေါင်းကိုခါသည်။

နိုင်မင်းကို ဒီ့ထက်ပို၍ ပြောမရမှန်းသူသိပါသည်။

ထိုအချိန်တွင် သူ့လူယုံတော်စာရေးကလေးက အချက်ပြသဖြင့် စိုးမောင်တို့ စာရေးကလေးအနားသို့ သွားရသည်။

'ဆရာ ကိုနိုင်မင်းနဲ့ တွေ့ချင်လို့တဲ့ ကောင်မလေးတစ်ယောက် ရောက်နေတယ်'

'နာမည်ဘယ်သူလဲ'

'မပြောဘူးဆရာ'

'ပြဿနာပဲ'

'ဆရာလိုက်ကြည့်လိုက်ပါလား'

'အေး... ခဏစောင့်လို့ ပြောထားလိုက်'

'ဟုတ်ကဲ့ဆရာ'

စိုးမောင်က ကွန်ပျူတာအခန်းထဲသို့ ပြန်၍ဝင်လာသည်။ နိုင်မင်းကတော့ သူလုပ်မည့် program ပေါ်တွင်သာ သဲကြီးမဲကြီး အာရုံစိုက်၍နေ၏။

'နိုင်မင်း'

'အေး... ငါတို့ ပထမအပတ် စထုတ်ကြည့်မယ်ကွာ၊ ဘယ်သူမှ ပိုက်ဆံမယူကြေး ဟုတ်ပြီလား'

'ဟုတ်ပါပြီ၊ မင်း ဂျာနယ်အတွက်ကို ငါတာဝန်ယူတယ်ကွာ၊ ရှေ့မှာ မင်းကိုတွေ့ချင်နေတဲ့ ကောင်မလေးက မင်းရဲ့ မဟေသီလောင်းကွ၊ မိသစ်သွားတွေ့လိုက်ပါဦးကွာ၊ Internet ကိစ္စတွေ ပြီးတော့မှရှင်းတာပေါ့'

'Ok'

နိုင်မင်းသည် ပေါ့ပေါ့ပါးပါးပင် ထိုင်နေရာမှ ထသွားခဲ့ပါသည်။

ညှော်ခန်းက ဒုတိယအထပ်ကို ယူထား၍ အနည်းငယ်ခေါင်းငုံ့၍ သွားရသည်။ ဒါကိုပင် မိသစ်က သူ့ကို အပြစ်ရှိသဖြင့် ရှိရှိကျိုးကျိုး နိုင်မင်းက လာသည်ဟု ထင်နေသည်။

'အိမ်ကို ရောက်ခဲ့ပြီးပြီလား'

နိုင်မင်း ဒီလိုမေးတာ သဘာဝကျပါသည်။ နိုင်မင်း ဒီမှာရှိသည်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကို အိမ်ကပဲသိသည့်အတွက်ကြောင့် ဖြစ်ပါသည်။

'ဟုတ်တယ်… ကျွန်မ အိမ်ကိုရောက်ခဲ့တယ်'

'မေမေနဲ့ တွေ့ခဲ့တယ်ဆိုပါတော့'

ခိုင်မင်းသည် သူထိုင်ရမည့်ခုံကို အသာအယာဆွဲရင်း စိတ်လက်ပေါ့ပါးစွာဖြင့် ပြောသော်လည်း မိသစ်က စကားကို ချက်ချင်းပြန်မပြော။ ခိုင်မင်းနေသားတကျဖြစ်သွားသည်အထိ စောင့်၍ကြည့်နေသည်။

ခိုင်မင်းက သူ့ထိုင်ခုံမှာ အေးအေးလူလူ ထိုင်ပြီး သူ့ကို ရိုးရှင်းသောမျက်နှာထားဖြင့် ရင်ဆိုင်သောအခါကျမှ မိသစ်က သူ့ရင်ထဲမှ စကားတွေကို မမှားရအောင် နှုတ်ခမ်းပေါ်သို့ တင်လေသည်။

သူသည် ဒီအချိန်အထိ ခိုင်မင်းက သူ့ကို ချစ်သည်ဆိုတာကို ယုံနေဆဲမိန်းကလေးတစ်ယောက်ဖြစ်ပါသည်။ သူ့ဘဝတွင် အကြီးမားဆုံးမျှော်လင့်ခြင်းကို ပြုပါဆိုလျှင်လည်း ထိုမျှော်လင့်ခြင်းကို ပြုစရာရှိပါသည်။ ထိုအတွေးတွေကြောင့် သူမ ခိုင်မင်း၏အမေးကို ချက်ခြင်းပြန်ဖြေခြင်းမရှိသည့်အတွက် ခိုင်မင်းက မျက်မှောင်တစ်ချက်ကျုံ့၍ သူ့ကိုမေးသည်။

'မေမေက ဒီကိုလမ်းညွှန်လိုက်တာလား'

'ဟုတ်တယ် ရှင့်မေမေက ကျွန်မအပြင် စပါယ်ရုံဆိုတဲ့ ကောင်မလေးကိုပါ လမ်းညွှန်လိုက်သေးတယ်'

'စပါယ်ရုံ'

'ရှင်သိမှာပါ'

'မင်း ငါ့ကို ရှင်လို့မပြောနဲ့'

'ပြောချိန်တန်လို့ပြောရတာလေ'

'မိသစ်'

စည့်ခန်းသည် ခဏတော့ တိတ်၍သွားသည်။ စိုးမောင်က နောက်ဘက် အခန်းထဲက ထွက်လာပြီး လက်ပြကာ အောက်ဘက်သို့ ဆင်း၍သွားသည်။ သူနှင့် မိသစ်နှစ်ယောက်သား လေးထပ်တိုက်၏ ထပ်ခိုးကလေးတွင် ရှိတော့သည်။

'စပါယ်ရုံနဲ့ တွေ့ခဲ့တယ်'

'ဟာ… ရှုပ်ကုန်ပြီ'





'သူပြောတာကတော့ ရှင်းပါတယ်'

'ဘယ်မှာတွေ့တာလဲ'

'ရှင့်အိမ်မှာ၊ ရှင့်ရဲ့အမေရှေ့မှာ၊ ကျွန်မက အရင်ရောက်ပြီး ရှင့်မေမေကို လက်ထပ်ဖို့ကိစ္စပြောနေတုန်း သူက ရောက်လာပြီးတော့ သူ့ရဲ့ အိပ်မက်ဟာ ရှင်ဖြစ်ကြောင်းကို ပြောသွားတာ'

'ငါမရှင်းဘူး'

ထိုစကားကို ခိုင်မင်းသည် သတ္တိရှိရှိပင် ပြောပစ်လိုက်ခြင်း ဖြစ်ပါသည်။

'သူခင်တယ်ဆိုတာကို ရှင်က မယုံဘူးတဲ့'

'ဒါဆို အဖြေက ရှင်းနေတာပဲ'

'ရှင် သူ့ကို မချစ်ဘူးလား'

'ငါ သူ့ကို မချစ်ဘူးလို့ပဲ ရေးခဲ့တာ'

'အဲဒါဆိုရင် သူက ဘာဖြစ်လို့ ရှင့်နောက်ကိုလိုက်နေရတာလဲ'

'ရှင်ဆိုတဲ့ အသုံးအနှုန်းကို ပြင်စေချင်တယ်'

'ကောင်းပါပြီ၊ ဒါဆိုရင် မောင့်နောက်ကို သူက ဘာဖြစ်လို့ လိုက်နေရတာလဲ'

ထိုစကားသို့ ရောက်သောအချိန်မှာ ခိုင်မင်း တော်တော်ကလေး စဉ်းစားရသည်။ သူသည် (ရုံလေး) ကို သတိလိုက်၏။

'ရုံလေးလား'

'ဟုတ်တယ်… သူ့ကို အိမ်မှာတွေ့ခဲ့တယ်'

'အိမ်မှာ…'

'ဟုတ်တယ်… ရှင့်မေမေရဲ့ရှေ့မှာပဲ'

'မေမေ့ရှေ့မှာ'

'ဟုတ်တယ်… ကျွန်မရော ပြီးတော့ ရှင်က မချစ်ဘူးလို့ ပြောထားရေးထားတဲ့ မစပါယ်ရုံရော အားလုံးပဲ'

'စပါယ်ရုံ သူနဲ့ ဘာဆိုင်လို့လဲ'

'မသိဘူးလေ၊ သူက ကျွန်မအိမ်ကိုရောက်ပြီး ရှင့်မေမေနဲ့ စကားပြောနေတုန်း ရောက်လာတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာကွာ... '

ခိုင်မင်းသည် ခေါင်းကိုခါရမ်းရင်း နောက်ဘက်ဆိုဖာပေါ်သို့ မှီကာချလိုက်သည်။ သူ့တွင် လိမ်စရာညာစရာလည်းမရှိပါ။ မိသစ် ညာပြောနေသည်ဟူ၍လည်း သူထင်စရာမရှိပါ။

'ရှင် သူ့ကိုမချစ်ဘူးဆိုရင် အဲဒီမချစ်ဘူးဆိုတာကိုပါ ရေးပေးနေစရာမလိုဘူး မဟုတ်လား'

'.........'

'ကိုခိုင်မင်း'

'ကောင်းပြီ'

ဧည့်ခန်းသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင်ပင် တိတ်ဆိတ်၍သွားသည်။

မိသစ်နှင့်ခိုင်မင်းတို့ မျက်ဝန်းချင်းဆုံကြသည်။

ရူးရှရဲရင့်သော ခိုင်မင်း၏မျက်ဝန်းများကို မိသစ်၏နှလုံးသားကို ရင်ခုန်သံနှင့်မ,၍ထားရသော မိန်းကလေးမျက်ဝန်းတွေက ရင်ဆိုင်၍မရပါ။

ယောကျ်ားလေးတွေက ရင်ခုန်သံကို မာနနှင့်မ,၍ထားနိုင်သည်။

မိန်းကလေးတွေက ရင်ခုန်သံကို အရှက်နှင့်သိက္ခာနှင့် မ,၍ထားရသည် မဟုတ်လား။

'ငါ သူ့ကိုရေးခဲ့တဲ့စာတွေအားလုံးဟာ သူ့ကိုမချစ်ဘူးဆိုတာချည်းပဲ'

'သူက အဲဒါကိုပဲသာယာနေတယ်ဆိုရင် ရှင်ဘာပြောမလဲ'

'ဟာကွာ'

အချိန်က စက္ကန့်တော်တော်များများ ဖြတ်ပြေးသွားသည်။ ခိုင်မင်းလည်း တော်တော်စိတ်ညစ်နေပြီ။ မိန်းကလေးတစ်ယောက်ကို ဘာမှမဟုတ်ဘဲ မချစ်ပါဘူးဟု ပြောမိသည့်စကားလေးတစ်ခွန်းက ဒီလောက်ပြဿနာတက်မည်မှန်း သူမသိခဲ့။ ဒီတော့ သူ့မာနနှင့်သူ့သိက္ခာကိုသာ ပြောဖို့ရှိတော့သည်။

'ကဲ... အဲဒီကောင်မလေးကို ငါမချစ်ဖူးဆိုတာ မိသစ် မင်းယုံသလား၊ မယုံဘူးလား'

'အဲဒါကတော့ ကိုယ်ကျင့်တရားအပေါ်မှာ မူတည်တာပေါ့'





'ကောင်းပြီ... မင်းကိုငါ မနက်ဖြန် တရားရုံးမှာ လက်ထပ်မယ်၊ မင်း မနက်ကိုးနာရီသာလာခဲ့'

'ကျွန်မက ကန့်စွန်းရွက်မဟုတ်ဘူး'

'ကောင်းပြီ...အဲဒါဆိုရင် မိဘတွေသဘောတူထားတဲ့အတိုင်းပဲ စောင့်လိုက်တော့၊ ခိုင်မင်းဆိုတဲ့ငါက စကားတစ်ခွန်းကို ငါ့နှုတ်ကထွက်ပြီးသွားရင် ဘယ်တော့မှ နောက်မဆုတ်ဘူးဆိုတာ မှတ်ထား'

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

နှင်းရေ့ကစာအုပ်ထဲမှာ မြို့တွေကို စာရင်းသွင်းရင်း ကားနံပါတ်တွေကို သူတို့ဖြတ်သန်းခဲ့သည် မြို့များ၊ ပွဲရုံများ ပစ္စည်းများ စာရင်းလုပ်ရင်းနှင့် လုပ်လက်စအလုပ်ကို ရပ်ပစ်လိုက်သည်။

ခိုင်မင်း အလုပ်ကထွက်သွားကတည်းက နှင်း ဒီအလုပ်မှာ မပျော်တော့ပါ။ ခိုင်မင်းရှိနေတော့ရော ခိုင်မင်းကို ပိုင်ဆိုင်ခွင့်ရအောင် ချစ်သူဖြစ်မှာ မဟုတ်သည့်တိုင် ကိုယ်ကချစ်နေရသူနှင့် အတူရှိနေသည့်အတွက် စိတ်ချမ်းသာမှုကလေး၊ သာယာမှုကလေးတော့ ရနေသေးသည်မဟုတ်လား။ ခိုင်မင်းနှင့် မချစ်ပေမယ့် ခင်မင်စွာနေခွင့်ရသေးသည် မဟုတ်လား။ ခိုင်မင်းက သူငယ်ချင်းလိုဆက်ဆံတာကို ချစ်သူလို သာယာပစ်လို့ရသေးသည် မဟုတ်လား။

အချိန်တန်လျှင် တစ်ပါးသူကို ပေးလိုက်ရတော့မည့် ကိုယ်အမြတ်နိုးဆုံးသော လူတစ်ယောက်ဖြစ်လင့်ကစား ကိုယ့်ရှေ့မှာရှိနေသေးလျှင် အနာဂါတ်ကို လိမ်လို့ရသေးသည်။ ကိုယ့်အိမ်မက်ကို ကိုယ်လိမ်၍ရသေးသည်။ စက္ကန့်တိုင်း စက္ကန့်တိုင်း ကိုယ့်ရှေ့သူရှိနေသဖြင့် သူ့ကိုကိုယ်က ပိုင်ဆိုင်ခွင့်ရနေသေးသည်။





အခုတော့ အဲဒီအခွင့်အရေးတွေ ဘာမှမရှိတော့၊ ခိုင်မင်း သူ့အနားမှ... ဒီအလုပ်မှထွက်ခွာသွားသည်နှင့် နှင်း၏ဘဝသည် ဘာမှ ရည်ရွယ်ချက်မရှိတော့သော အလုပ်တစ်ခုကို လုပ်နေရသူလိုဖြစ်လာသည်။

သူ ဘာ့ကြောင့် အိပ်နေရသနည်း။

သူ ဘာ့ကြောင့် လက်သည်းခြေသည်းတွေညှပ်ပြီး၊ ဆံပင်တွေဖြီးကာ အင်္ကျီတွေ ဝတ်နေရသနည်း။ အရင်တုန်းကလို 'နှင်းတို့ကတော့ အဖြူရောင်ဆိုသိပ်ကြိုက်' ဆိုတဲ့စကားတွေ ပြောမည့်လူမရှိတော့။ နင်က အထီးကျန်မဟုတ်ပါဘူးဟာ ကားအတက်အဆင်းမှာတော့ စပါယ်ယာက နင့်ခါးကလေးကို ကိုင်ပေးနေကျမဟုတ်ဘူးလား... ဟု ရယ်စရာလေးနှင့် ဆုံးမမယ့်လူ မရှိတော့။

သူရော ဘာ့အတွက်ကြောင့် ဒီအလုပ်မှာ ဆက်လုပ်နေရပါသနည်း။ သူ့မြို့နာမည်ရေးတာ မှားသွားသည်။ ထို့ကြောင့် Whitepen ကိုရှာပြီး အမှားကို ဖျက်ရသည်။ သူသာရှိလျှင် Whitepen ဆိုတာ အမှန်တရားလို့လည်းခေါ်တယ်။ အင်္ဂလိပ်စာတွေကို ဒီအတိုင်းပဲမကျက်နဲ့ ခံစားပြီးတော့ အဓိပ္ပါယ်ယူဦး ကောင်မလေးရဲ့ဟု ဆူသလိုသင်သလို ပြောတတ်သေးသည်။

အခုတော့ သူ... မရှိတော့။

'ငါပြောပြမယ် ပြဿနာက အဲဒါပဲ'

တံခါးကိုတွန်းဖွင့်ရင်း စိုးမောင်၏အသံကို ကြားရသည်။ အသံက ဒေါသအသံ၊ ချစ်ဖွေးကတော့ ထုံးစံအတိုင်း ကုတ်ကုတ်ကလေးနေ၏။ မနေတာက လှဝင်း။ ဗုဒ္ဓဟူးနေ့သမားများသည် စကားကိုများသည်။

'အဲဒါမဟုတ်ဘူး စိုးမောင်၊ ဒီကောင် ငါတို့ကို ညာသွားတာ၊ ဒီကောင်ရုံလေးကို 'မချစ်ဘူး' လို့ ပြောတယ်၊ ရေးတယ် ဆိုတဲ့အပေါ်မှာ ငါတို့က သာယာသွားတာ၊ ဘယ်နဲ့ကွာ ဒီလောက် ကြွကြွရွရွနဲ့လှနေတဲ့မိန်းမ မချစ်ဘူးလို့ ဘယ်သူကရေးမှာတဲ့လဲ'

'ဟုတ်တယ် လှဝင်း၊ မင်းပြောတာ ငါထောက်ခံတယ်၊ သူက မချစ်ဘူးပြောရင် ဟိုကောင်မလေးက ဘာမှ ပတ်သက်စရာမရှိဘူး၊ သူက ငါတို့ကို မချစ်ဘူးပြောပြီး ဟိုဘက်ကို ကြံထားတာ၊ ဒါကြောင့် ဟိုကောင်မလေးက လာပြီးချိန်းတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ ခိုင်မင်းအပေါ်မှာ အဆိုးမမြင်သောချစ်ဖွေးကပင် ခိုင်မင်းကို ဒီလိုပြောလာပြီဆိုတော့၊ လွမ်းလည်းလွမ်း ရင်ထဲကလည်း တမ်းတနေရသော တစ်ဖက်သက်ချစ်နေရသူအပေါ် ဒီထက်ပို၍ စော်ကားတာကို နီး မခံနိုင်ချေ။

'ချစ်ဖွေး နင်နဲ့ငါ လောင်းကြေးစားကြေး လုပ်မလား'

'ဘာလဲ'

ချစ်ဖွေးရဲ့မျက်လုံးတွေက ရိုင်းသည်။ မထီတထီရှိသည်။ နီးဆိုတဲ့ ကောင်မလေးဟာ ခိုင်မင်းနဲ့ပတ်သက်ရင် ခံနေကျပါပဲဟု ဆိုလိုချင်ပုံရသည်။ ဒီလို ထိပ်တိုက်တွေ့တဲ့ ပွဲမျိုးမှာ တစ်ဖက်ကလူက စပ်ဖြဲဖြဲဖြစ်နေတာမျိုး လောက် အခံရခက်သော စိန်ခေါ်မှုမျိုးမရှိဟု နီးထင်သည်။

'ခိုင်မင်းက နင်တို့ရဲ့ ရုံလေးကို လုံးဝမချစ်ဘူး'

'ဟာ…ဟုတ်လား၊ သြော်…ဒါဆိုရင် ကိုခိုင်မင်းက ဘယ်သူ့ကိုများ ချစ်တာပါသလဲခင်ဗျာ'

ချစ်ဖွေးက စပိန်လူမျိုးတွေ ဂါရဝပြုသလို ဘယ်ဘက်လက်အစုံကို စုပြီး ရင်အစပ်မှာကပ်၊ ညာဘက်လက်ကို လက်ချောင်းကလေးချည်းစု၍ နှုတ်ခမ်းတွင် 'ပြွတ်' ဟု စုတ်သပ်ရင်း လေထဲမှာ လေးငါးချက်ဝှေ့ရမ်းပြီး နဖူးကို စလံပေးရင်း နောက်သို့ ခြေတစ်လှမ်းဆုတ်သည်။

ချစ်ဖွေးက ကုလားစပ်မို့ ကြည့်နေသူတွေက အားရပါးရ ရယ်ကြသည်။

ချစ်ဖွေးသည် သူ ခိုင်မင်းကို တစ်ဖက်သတ်ချစ်နေကြောင်းကို သိပါသည်။ သူကလည်း ချစ်ဖွေးကို တစ်ခါတလေ ခိုင်မင်းနှင့်ပတ်သက်ပြီး ပြောပြထားရတာလေးတွေ ဘာတွေရှိပါသည်။ သို့သော် အရင်တုန်းက ချစ်ဖွေးသည် သူ့ဘက်က…။

အခုမှ ဘယ်လိုဖြစ်သွားသည် မသိ။ ထို့ကြောင့် သူ ချစ်ဖွေးကို ကြောင်၍ ငေးကြည့်နေမိသည်။ သူ့ကို ဒူးထောက်ရင်း သူ့လက်နှင့်သူ အာဘွားပေးနေသော ချစ်ဖွေး၏ တင်ပါးကို လှဝင်းက ပိတ်၍ကန်ပစ်လိုက်သည်။

ထို့ကြောင့် ချစ်ဖွေးသည် နီးရပ်နေသော ခြေထောက်သို့ မျက်နှာကြီး ရောက်၍လာသည်။ နီးရှောင်ချိန်မရလိုက်သဖြင့် နီး၏ခြေဖဝါးကို ချစ်ဖွေး





နမ်းရသလို ဖြစ်သွားတာကို စိုးမောင်နှင့်လှဝင်းတို့က ရယ်ကြသည်။

ငိုသံပင်ဖြစ်စေ… ရယ်သံပင်ဖြစ်စေ တစ်ချိန်တွင် အဆုံးသတ်ရလေ့ရှိသည်။ ထိုအဆုံးသတ်ကို မရောက်ခင်သာ ငို၍ရယ်၍ရသည်။

လူသည် အစကောင်းဖို့ မသေချာသော်လည်း အဆုံးသတ်ကောင်းရန် အတွက်တော့ သေချာအောင် ကြိုးစားနိုင်သူဖြစ်ပါသည်။ ထို့အတွက် မိမိ ဘဝကို မိမိစတေးလျှင် စတေးရဦးတော့ အဆုံးသတ်ဘဝကိုတော့ ကောင်း အောင် ကြိုးစားဖို့လိုမှန်း နီးက သိပါသည်။

သူသည် ဒီဘဝမှာကိုယ်ကချစ်ပြီး သူက ခင်ရုံသာခင်သော ယောကျ်ား တစ်ယောက်ကို တွေ့ခဲ့ရသည်။ သူ့သံသရာသည် ဘယ်မျှလည်းဆိုတာကို သူလည်းမသိ။ ထို့ကြောင့် ထိုကဲ့သို့ ဆိုးရွားသောကံ၊ ကံ၏စေစားရာကို ဒီဘဝတွင်သာ အပြတ်ဖြတ်၍လိုသည်။

ထို့ကြောင့် နီးသည် ချစ်ဖွေး၏ သူ့ကိုစော်ကားသောစကားများကို ထိုက်သင့်သော ဝဋ်ကြွေးဟုသာ သဘောထားပြီး ကြည်လင်ပြုံးရွှင်သော မျက်နှာထားဖြင့် ချစ်ဖွေးကို မေးနိုင်ခဲ့သည်။

'ချစ်ဖွေး နင် ခိုင်မင်းကိုချစ်လား'

ချစ်ဖွေးသည် နီး၏စကားအဆုံးတွင် တစ်စုံတစ်ခုနှင့်အတို့ခံလိုက်ရသလို ကြောင်၍သွားသည်။

ပြီးတော့ နီးကို ကြည့်၏။

နီးက သူ့ကိုပြုံး၍ပဲ ကြည့်နေသည်။ နီးက ချစ်ဖွေး၏ပခုံးကို ခင်မင် ယုယစွာပုတ်ရင်း စကားကိုဆိုသည်။

'ချစ်ဖွေး နင် ခိုင်မင်းကိုချစ်တယ်၊ ငါလည်း ခိုင်မင်းကိုချစ်တယ်၊ အဲဒီအချစ်ဟာ ခင်တာမဟုတ်သလို၊ သူ့မှာ စေ့စပ်ထားပြီးသားမိန်းကလေး ရှိရဲ့သားနဲ့ ငါချစ်တာကလည်း သူ့ကို လက်ထပ်ဖို့ မဟုတ်ပါဘူး။ နင်နဲ့ငါ အတူတူပါပဲ'

'ငါ…နားလည်ပြီ နီး'

'ကောင်းပြီ အခု ခိုင်မင်းပြဿနာတက်နေပြီ၊ ခိုင်မင်းက ရုံလေးကို မချစ်ဘူးလို့ပြောခဲ့တာ အမှန်ဆိုတာကို ငါယုံတယ်'

'နင်က ဘာကို ကြည့်ပြီးယုံတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'သူ့လက်ရေးနဲ့ 'ခင်ဗျားကို ကျွန်တော်မချစ်ဘူး'လို့ရေးထားတာ စာရွက် ခြောက်ရွက် ခုနစ်ရွက်လောက်ရှိမယ်၊ အဲဒါကို ငါတွေ့ဖူးတယ်'

'အေး သူကရေးပြီး ပေးရောပေးရဲ့လား'

စိုးမောင်၏စကားကိုတော့ နှိုး ပြန်၍မဖြေနိုင်။ နှိုး ခေါင်းကိုညိတ်သည်။

'ကောင်းပြီ အဲဒီအတွက် ငါဆုံးဖြတ်တာကတော့ ရုံလေးနဲ့မိသစ်ကို ဘယ်သူမှမပါဘဲ နှစ်ယောက်တည်း ပေးတွေ့လိုက်တာ အကောင်းဆုံးပဲ'

'ဟာ...'

စိုးမောင်က အလန့်တကြား အော်သည်။

'သူတို့နှစ်ယောက်တွေ့ပေးမှတော့ ပြဿနာတွေ ပိုကြီးသွားမှာပေါ့ နှိုးရဲ့၊ နှင်ဒီလောက်တောင်မှ မသိဘူးလား'

'မဟုတ်ဘူး။ ငါက ခိုင်မင်းကို ယုံတယ်၊ သူက မချစ်ဘူးဆိုရင် ချစ်ကိုမချစ်တဲ့လူမျိုး၊ သူကချစ်ပြီးတော့ မချစ်ဘူးရေးခဲ့ရင်လည်း အဲဒီလူကို မချစ်ဘူးလို့ပဲ တစ်သက်လုံးပြောမယ့်လူမျိုး၊ အဲဒါကြောင့် သူ့ကိုထား မိသစ်နဲ့ ရုံလေးကို ပေးတွေ့လိုက်စေချင်တာ၊ ငါမပါဘူးနော် နှင်တို့အားလုံးကို ငါဝန်ခံချင်တာတစ်ခုရှိတယ်၊ ငါ ခိုင်မင်းကို အလုပ်စဝင်တဲ့နေ့ကတည်းက ချစ်ခဲ့တယ်၊ ဒါပေမယ့် သူ့မှာ ချစ်သူကရှိနေပြီ၊ အခု ငါကချစ်ရတဲ့သူဟာ မတရားအပြောခံနေရတာကို ငါမကျေနပ်လို့ သူ့ကိုချစ်တဲ့လူနှစ်ယောက်ကို ပေးတွေ့တာပဲ'

'နှိုးရယ် နင့်ကို ငါတို့နားလည်ပါတယ်၊ ဒါပေမယ့် စံပါယ်နဲ့မိသစ်ကို တွေ့ပေးလိုက်ရင် ခိုင်မင်းအတွက် ပြဿနာပိုပြီးကြီးသွားလိမ့်မယ်လို့ ငါတို့ ထင်တယ်'

'သူတို့ ရှိးသားရင် ခိုင်မင်း ဘယ်သူ့ကိုချစ်တယ်ဆိုတာ သိနိုင်တယ် စိုးမောင်'

'နင်ကရော မျှော်လင့်သေးလား'

'တတိယမြောက်ပေါ့ဟာ'

■





နံနက်ခင်းသည် ဖြည်းဖြည်းကလေးမိုးလင်း၍ လင်း၍လာသည်။ စံပါယ်ရုံသည် အိပ်နေရာမှ ခြေထောက်တစ်ဖက်ကို ရွှေ့လိုက်ရင်းမှ အိပ်ရာမှ နိုးသွားသဖြင့် မနက်ခင်းကလေး ဖြည်းဖြည်းချင်းမိုးလင်း၍ လင်း၍လာသည်ကို တွေ့ရခြင်း (ခံစားရခြင်း) ဖြစ်ပါသည်။

စံပါယ်ရုံသည် နှစ်သက်စွာပင် ခန္ဓာကိုယ်ကို အိပ်ရာထဲတွင် နေသားတကျပြင်ဆင်ရင်း မနက်ခင်းကို ဇိမ်နှိပ်ကလေးဖြင့် ခံစား၍နေခဲ့သည်။ ဟိုး ခပ်ဝေးဝေး ဘုန်းကြီးကျောင်းက အုန်းမောင်းခေါက်သံကို ကြားရသည်။ ဘတ်(စ)ကားကြီးတွေ စက်နှိုးသံကို ကြားရသည်။ ဟော့... ဟောဒီ...က ပဲ...ဟဲဟဲ...ပြုတ်ဆိုသော အသံကိုကြားရသည်။ ကြက်ကလေး ငှက်ကလေးတွေ အော်သံပြုသံကို ကြားရသည်။ မနက်ခင်း လေနုအေးကလေးပြတင်းက ဝင်လာတာကို ခံစားရသည်။

အိမ်ရှေ့ စံပါယ်ရုံတွင်တော့မသိ၊ အိပ်ရာထဲက စံပါယ်ရုံကတော့ ပြန်၍အိပ်ပျော်သွားပါသည်။

စံပါယ်ရုံသည် ဘယ်လောက်အချိန်အထိ အိပ်ပျော်၍သွားမှန်းမသိ။ ထိုအိပ်စက်ခြင်းသည် မနက်ခင်းတွင်နိုးထပြီးမှ ပြီးပြည့်စုံသောအရသာနှင့်တွင် ငြိမ်းချမ်းစွာဖြင့် ပြည့်စုံသူတို့၏ ပြန်လည်အိပ်ပျော်ခြင်း (ဇိမ်နှပ်ကြီးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်းကို ရုံကလေး နေ့တိုင်းနေ့တိုင်း ခံစားရပါသည်။ အထူးသဖြင့် ခုလိုဆောင်းရာသီ မနက်ခင်းမျိုးမှာ ထိုဖိမ်နှပ်ကြီးကို ခံစားရလေ့ရှိ၏။

'မမလေး... မမလေး'

ဝိညာဉ်ထဲကို လက်မဲမဲကြီးတစ်ဖက် နှိုက်သွင်းလိုက်သလို အိမ်ဖော် ကောင်မလေး၏ ခေါ်သံနှင့်လှုပ်နှိုးသံက ပြင်းလွန်းသည်။

'ဟဲ့... ဘယ်လိုဖြစ်တာလဲ'

မေ့လျော့ထားသော အသိတရားသည် အဝေးသို့ သက်သက်သာသာ ပို့ထားရာမှ အာရုံကို ပါးစပ်ထဲအတင်းခွံ့သလို အခွံ့ခံရပြီးရောက်လာသည်။

'ဆ... ဆရာ... ရောက်နေတယ်'

'ဆရာ... ဘာဆရာလဲ'

'မမလေးရဲ့ဆရာပါ'

ရုံလေး နှုတ်ခမ်းတွေကို တစ်ချက်တည်း 'ကျွတ်' ဟု စုပ်လိုက်မိသည်။ သူ့ဆရာဆိုလျှင် ကိုဇော်မြင့်ဦး ဖြစ်ရမည်။ ကိုဇော်မြင့်ဦးဆိုလျှင် သူနှင့် ရှေ့နှစ်မှာ လက်ထပ်ဖို့ မိဘချင်းသဘောတူထားသော ဂျပန်ဘာသာကို ဂျပန်ရှုံးအောင်ပြောနိုင်သည့် မြန်မာတစ်ယောက်ဖြစ်ကြောင်းကိုပါ စံပါယ်ရုံ နားလည်လိုက်သည်။

'သူတစ်ယောက်တည်းလား၊ ကားပါသလား'

'သူတစ်ယောက်တည်း မမလေး၊ ကားလည်းပါတယ်'

'၁၀-မိနစ်လောက်စောင့် အပြင်မှာ မနက်စာစားမယ်လို့၊ ကန်တော်ကြီးပဲလို့ ပြော'

'ဟုတ်'

■





ကန်တော်ကြီးကိုရောက်တော့ ရေပြင်မှာနှင်းခိုးတွေအုပြီး အရာအားလုံးက မှိုင်းပြ၍နေသည်။

ရုံလေးသည် ယုန်မွေးဆွယ်တာအဖြူလေးကို ဆွဲချရင်း ခပ်ကွေးကွေးလေး နေလိုက်၏။ ပြီးတော့မှ သူ့ရှေ့က Nest ကို ခပ်ပူပူလေးမို့ တစ်ကြိုက်မော့သည်။

'အလုပ်ထွက်လိုက်ပါလား'

'ဘာဖြစ်လို့လဲ'

'ရုံလေးပင်ပန်းတာ မကြည့်ရက်လို့ပေါ့၊ လစာက ဘယ်လောက်မှ မဟုတ်တာ'

'လစာကြောင့် လုပ်နေတာမှ မဟုတ်ပဲ'

စကားက ပြတ်၍သွားပြီး စားပွဲထိုးကလေးက ဆလာမီနှစ်ပွဲလာချပေးတာကလည်း ပါပါသည်။ ရုံလေးသည် တဖက်သတ် အထက်စည်းက ပြောလာသောစကားများကို မုန်းလျက်ရှိသည်။

ဒါပေမယ့် သူ ကိုဇော်မြင့်ဦးကိုတော့ တတ်နိုင်သမျှနားလည်ပေးဖို့ အသင့်ပြင်ထားပါသည်။ သူ ဆလာမီကို နည်းနည်းစားပြီးချိန်မှာကိုဇော်မြင့်ဦးက စကားကို စ,သည်။



www.burmeseclassic.com

www.burmeseclassic.com



'အခု ရုံလေး လခက ဘယ်လောက်'

'တစ်ခွဲ'

'OK မနက်ဖြန် အဲဒီအလုပ်က ထွက်လိုက်တော့၊ ကိုဇော်က ရုံလေးကို တစ်လ တစ်ခွဲပေးမယ်၊ ပြီးတော့ တစ်ပတ်ကို ငါးရက် ဂျပန်မကလေး အာမိစံက ရုံလေးကို ငါးလ ဂျပန်စာလာသင်ပေးမယ်'

'ဘယ်လို ဘယ်လို၊ နားမလည်ဘူး'

ကိုဇော်မြင့်ဦးသည် သူ၏ရှေ့သို့ထွက်နေသော ဗိုက်ကို တစ်ချက်ပွတ်ရင်း စီးကရက်၏ မီးလောင်နေသော စီးကရက်အသားများကို လက်နှင့်မပွမလောင် တစ်ချက်သပ်၍ သူ့မျက်နှာပေါ်တွင် တည်ကြည်သော အလင်းတန်းဖြင့်ပြောသည်။

'မင်း အဲဒီအလုပ်ကထွက်ပြီး အိမ်မှာ ဂျပန်စာသင်၊ တစ်လကို ကိုယ်က တစ်သိန်းနဲ့ငါးသောင်းပေးမယ်၊ ဟုတ်ပြီလား'

'ဘာဖြစ်လို့လဲ'

ထိုစကားအဆုံးတွင်တော့ ရုံလေးသည် ကိုဇော်မြင့်ဦးနှင့် မျက်ဝန်းချင်းပါ ဆုံပါလေပြီ။

ထိုမျက်ဝန်းနှစ်ဆုံသည် အချိန်တော်တော်ကြာအောင် ဆုံကြသည်။

'မင်းကို လူတစ်ယောက် လိုက်နေတယ်လို့ကြားတယ်'

'ဘာတွေလာပြောနေတာလဲ၊ ကျွန်မ အပျိုဖြစ်ကတည်းက လိုက်တဲ့လူဆိုရင် တော်တော်များမယ် မမှတ်မိဘူး'

စံပါယ်ရုံ၏စကားဆုံးတော့ ကိုဇော်မြင့်ဦးက စံပါယ်ရုံကို တစ်ချက်စိုက်ကြည့်သည်။ ပြီးတော့ ရေသန့်ဘူးထဲကရေကို နည်းနည်းခပ်သောက်ပြီး ဆလာမီထဲက အသားပြားနှင့် အာလူးခြေထားသည်ကို အချဉ်ရည်နှင့်တို့ပြီး နှုတ်ခမ်းကိုဝိတ်၍ အရသာခံကာ ဝါးလေသည်။

'မင်းလုပ်တဲ့တာဝါမှာ ကိုယ့်တူမလေးရှိတယ်၊ ဘယ်သူလဲလို့ မမေးနဲ့၊ ဘယ်တော့မှ မပြောဘူး၊ သူ့ကို ကိုယ်သွင်းပေးထားတာကလည်း မင်းကို ကြည့်ဖို့ပဲ၊ သူပြောတဲ့စကားအရ မင်းကို ခိုင်မင်းဆိုတဲ့ကောင်က လိုက်တယ်။ မင်းက သူ့ကို စိတ်ဝင်စားတယ်၊ မင်းကြောင့် သူအလုပ်ထွက်သွားရတယ် ဒါပဲ'





'မဟုတ်ဘူး'

စံပါယ်ရုံသည် ကျားသစ်ပေါက်စမကလေးလို ရဲရင့်နေသည်။

ပထမဦးဆုံးသားကောင်ကို ရှာဖွေနေသော လင်းယုန်တစ်ကောင်၏ မျက်ဝန်းတွေလို စူးရှ၍နေသည်။

ဒါမှ မဟုတ်လျှင်တော့ ရင်ခုန်သံတွေထဲမှာ မျက်စေ့ကို စုံမှိတ်၍ လိုက်သွားသော စိတ်ထားပျော့ညံ့သည့် မိန်းကလေးတစ်ယောက်အဖြစ်သာ သူ့ကိုယ်သူမြင်တော့သည်။

'ဘာမဟုတ်တာလဲ စံပါယ်ရုံ'

'သူ...'

စံပါယ်ရုံသည် ကိုဇော်မြင့်ဦးကို ငေး၍ကြည့်နေရင်း ပြုံးသည်။

'သူ ကျွန်မကို မချစ်ဘူး'

'ဟား...'

အရာရာသည် တိတ်ဆိတ်၍သွား၏။

စံပါယ်ရုံသည် ခန္ဓာကိုယ်ကို သက်သက်သာသာဖြစ်အောင်နေရင်း ကိုဇော်မြင့်ဦးထံမှ လာမည့်စကားကို ခုခံရန်အတွက်သာ စိတ်ရှိတော့သည်။ ထိုအချိန်တွင် ဆလာမီကို ခပ်သွက်သွက်လေးစားရင်း စားပွဲထိုးကလေး ချပေးသွားသော နွားနို့ပူပူကလေးတစ်ခွက်ကို သောက်ရသည့်အတွက် ကိုဇော်မြင့်ဦး၏ အလိုက်သိမှုကို ကျေးဇူးတင်ရပါသည်။

'ကျွန်တော်တို့က နောက် (၂)နှစ်မှ လက်ထပ်ကြမှာနော်'

'ဟုတ်ပါတယ် ကိုဇော်'

'အဲဒီ Date ကို ရှေ့လကို ပြောင်းချင်တယ်ဗျာ'

'ဒါက ရှင် ကျွန်မရဲ့ဂုဏ်သိက္ခာကို စော်ကားတာပဲ၊ ကျွန်မက ရိုးရိုးသားသားပြောပြတဲ့အပေါ်မှာ ရှင့်ဘက်က အနိုင်ရဖို့ ကြိုးစားတာပဲ'

'မဟုတ်ဘူး စံပါယ်ရုံ၊ ကျွန်တော် စံပါယ်ကို တစ်ခြားလူတစ်ယောက်ဆီ ပါမသွားစေချင်လို့ဆိုတာ မစဉ်းစားဘူးလား'

'မစဉ်းစားဘူး၊ ကိုဇော်က ကျွန်မ အမှန်အတိုင်းပြောပြတာကိုမှ မယုံတာ'

ကိုဇော်မြင့်ဦးသည် စံပါယ်ရုံကိုကြည့်ပြီး ခန္ဓာကိုယ်ကို သိမ့်ခနဲသိမ့်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



နေရုံမျှလောက်သာရှိသော နူးညံ့သည့်ရယ်နည်းမျိုးနှင့်ရယ်ပါသည်။

'ကဲ စံပါယ်ရုံ၊ မင်းကိုယ်မင်း လှတယ်လို့ထင်သလား'

ထိုစကားမှာ မိန်းကလေးတစ်ယောက်အတွက် အလွန်တရာကြောက်စရာကောင်းပါသည်။ မိန်းကလေးဆိုသည်မှာ သူတို့ကိုယ်သူတို့ မလှဟုမည်သူမှ မထင်ကြပါ။ ဒီနေရာကလေးမှ မလှလျှင် ဟိုနေရာလေးတော့ လှသည်ထင်ကြသူများသာ ဖြစ်ပါသည်။

'ရှေးက ကံကံ၏အကျိုးကြောင့် ထိုက်သင့်သလောက်တော့ ရှိလိမ့်မယ်တော့ ထင်ပါတယ်'

'မဟုတ်ဘူး၊ မက လှတယ်၊ ချစ်ဖို့လည်း ကောင်းတယ်၊ ကိုယ်လုံးကိုယ်ပေါက်ရော၊ အသားအရည်ရော၊ မျက်နှာရော...'

'ဩော်'

'အဲဒီတော့ ဒီကအပြန် အန်တီကိုဝင်ခေါ်ပြီး တို့ တရားရုံးတစ်ခုခုမှာ လက်ထပ်လိုက်ကြပါစို့။ တရားရုံးမှာ သက်သေလိုက်ပေးမယ့် လူကြီးလူကောင်းတွေ ရှိမှာပါ'

'ကိုဇော်မြင့်ဦး ရှင့်ကို နောက် (၂) နှစ် နေ့၊ ရက်၊ လ အတိအကျနဲ့ ကျွန်မတို့ စေ့စပ်ထားတာလေ၊ အခု ဒီလိုလက်ထပ်လိုက်ရင် ကျွန်မဘက်က ဘာတွေနစ်နာဆုံးရှုံးမယ်ဆိုတာကို ရှင်သိရဲ့လား'

စံပယ်ရုံ၏စကားဆုံးသည်နှင့် ကိုဇော်မြင့်ဦးက မတ်တပ်ထ၍ရပ်သည်။ သူ့မျက်နှာပေါ်တွင် မာနနှင့် ရှက်ရွံ့ခြင်းကို အတိုင်းသားမြင်၍ရ၏။

'စံပယ်ရုံ မင်းအခု ငါ့ကိုလက်ထပ်ရင် ငါစိတ်သန့်တယ်၊ မင်းကိုလည်း ငါမြတ်နိုးတယ်၊ ငါတို့ အိမ်ထောင်ရေးလောကကိုလည်း သာယာအောင် တည်ဆောက်သွားနိုင်မယ်လို့ ငါမျှော်လင့်တယ်၊ မင်းဘာပြောချင်လဲ'

စံပါယ်ရုံသည် အံကို ကြိတ်၍နေသည်။ ပြီးတော့ အံကြိတ်တာ တစ်ဖြည်းဖြည်း ပြေ၍လာသည်။ အမှန်တော့ သူသည်လည်း ကိုဇော်မြင့်ဦးကြီးကို မချစ်ပါ။ ဒါပေမယ့် မိဘစကားကြောင့် သူ့ဘက်က ပျက်ကွက်တာမျိုးတော့ မဖြစ်စေရ။

'ကျွန်မကတော့ မိဘတွေနဲ့ သဘောတူထားတဲ့အတိုင်းပါပဲ'

ကိုဇော်မြင့်ဦးက စံပါယ်ရုံကိုကြည့်သည်။ စံပါယ်ရုံသည် မျက်လွှာကို





ချပြီး ငြိမ်းချမ်းစွာပင်နေလိုက်ပါသည်။ စိတ်ထဲမှာ စကားသံတစ်ခုတော့ ကြားနေသည်။ ခင်ဗျားကို...ကျွန်တော်...မချစ်ဘူး။

'အဲဒီ နှစ်နှစ်အတွင်းမှာ ခင်ဗျားကို မချစ်တဲ့ကောင်နဲ့ခင်ဗျား ဖြစ်ချင်တိုင်း ဖြစ်ပြီးမှတော့ ကျွန်တော် ခင်ဗျားကို လက်မထပ်နိုင်ဘူး၊ စေ့စပ်ထားတာကို ဖျက်တယ်ဗျာ'

ဒေါသစကားသည် တစ်ခွန်းချင်းပီသနေရအောင် သူတို့ နံနက်စာစားကြသော ဆိုင်ကလေးက တိတ်ဆိတ်၍ပေးနေသည်။ စားပွဲထိုးကလေးနှင့် ဆိုင်အလုပ်သမားကလေးတွေကလည်း သူတို့နှစ်ယောက်ကို ကြောက်မက်ဖွယ်ရာ ငေးကြည့်၍နေကြသည်။ ကိုဇော်မြင့်ဦးက လက်တစ်ဖက်ဝှေ့ရမ်းပြလိုက်ပြီး စာရွက်တစ်ရွက် ဖန်းတစ်ဖန်းနှင့် ရောက်လာသည်။

အားလုံးပြီးပြီ။

■



www.burmeseclassic.com

www.burmeseclassic.com



နိုးသည် ကိုယ့်ချစ်သူကို စောင့်ရသည်ထက် ပို၍ရင်ခုန်နေသည်။

သူ၏နံဘေးနားတွင် မခင်မိုးသစ်သည် လယ်သာပိုက်ဆံအိတ်အရှည်ကလေးတစ်အိတ် (Drave) မိန်းကလေးကိုင် ထီးတစ်ချောင်း၊ စိန်နားကပ်ကလေးတစ်ရံ၊ ၂ ကျပ်ခွဲသားခန့်ရှိသော ခပ်ကျစ်ကျစ် ဆွဲကြိုးတစ်ကုံး၊ စိန်ဟုထင်ရသော လက်စွပ်ကလေးတစ်ကွင်း၊ ရင်ဖုံးအင်္ကျီအညိုရောင်တွင် အဝါပွင့်ကလေးနှင့် ထဘီကို ဘီဘဲခပ်ပေါ့ပေါ့ကလေးဝတ်ပြီး မျက်လွှာကလေးချ၍ စောင့်နေပါသည်။

သူ့ကို လူမိုက်ဟုခေါ်လျှင် ရပါသည်။

သူသည် သူချစ်ရသော နိုင်မင်းကို ဒီဇာတ်လမ်းကြီးထဲမှာ လူကြမ်းလျှင်ပဲဖြစ်စေ၊ မင်းသားလျှင်ပဲဖြစ်စေ၊ လူယုတ်မာတော့ မဖြစ်စေချင်သောဆန္ဒဖြင့် အားလုံးက တားနေသည့်ကြားထဲကကို သူ့စိတ်အရင်းခံအတိုင်းပင် စံပယ်ရုံနှင့်ခင်မိုးသစ်ကို နှစ်ဦးတည်း လွတ်လပ်စွာတွေ့ပေးရန် သူချိန်းခဲ့သည်။

အခု သူ့နံဘေးမှာ မခင်မိုးသစ် ရောက်နေပါပြီ။

သူချစ်ရပါသော နိုင်မင်းနှင့် တရားဝင်စေ့စပ်ထားသော မိန်းကလေးဘယ်လောက်ကံကောင်းလိုက်သလဲ၊ အင်းလျားကန်ပေါ်က လေတွေကသူ့တစ်ယောက်တည်းကိုပဲ တိုက်နေကြသလား။

ဟော... ဟိုမှာ

စံပယ်ရုံ... ။

'သူလာပြီ မမသစ်'

'ရတယ်'

'နိုး မိတ်ဆက်ပေးပြီးတာနဲ့ သွားမယ်နော်၊ မမသစ်ရယ် ကိုယ်ကလက်ရှိပဲ၊ သူ့ကိုနည်းနည်းတော့ သည်းခံပြီး စကားပြောပါနော်၊ သူလည်း ကိုနိုင်မင်းကြောင့် စေ့စပ်ပွဲ ပျက်ထားတာကိုတော့ ကိုယ်ချင်းစာပေးပေါ့နော်'

'ရတယ် မခင်မြတ်နိုး'

မိသစ်၏စကားအဆုံးမှာ လူလုံးကွဲကာစ အနေအထားသို့ရောက်ပြီမို့ တစ်ဦးနှင့်တစ်ဦး စကားမပြောတော့ပဲ တည်ငြိမ်စွာနေလိုက်ကြသည်။





သုံးယောက် တစ်ဦးနှင့်တစ်ဦး လက်တစ်ကမ်းအကွာမှာပင် ဆုံမိကြလေသည်။ မြတ်နိုးက ခင်မိုးသစ်နှင့် စံပယ်ရုံကို မိတ်ဆက်ပေးရန် စ,သည်။

'မခင်မိုးသစ်... သူက...'

'ကျွန်မတို့ တွေ့ပြီးသားပါ မြတ်နိုး'

'ဟုတ်ပါတယ်၊ မိတ်ဆက်မနေပါနဲ့တော့၊ မခင်မိုးသစ်က ကျွန်မကို ဘာဖြစ်လို့ မြတ်နိုးနဲ့ချိန်းရတာလဲ'

'မဟုတ်ပါဘူး၊ မခင်မိုးသစ်က မချိန်းပါဘူး၊ မြတ်နိုးကပဲ မခင်မိုးသစ်နဲ့ မစံပယ်ရုံတို့ တွေ့ကြရင်အကောင်းဆုံးပဲဆိုပြီး ချိန်းပေးတာပါ'

'နိုင်မင်း ကိစ္စပေါ့'

'ဟုတ်ကဲ့'

နိုး၏ 'ဟုတ်ကဲ့' ဆိုသော စကားအဆုံးတွင် သုံးယောက်စလုံး စကားသံတိတ်၍သွား၏။

နိုးက ခေါင်းကိုငုံ့ထားပြီး ရုံလေးနှင့် မိသစ်က တစ်ဦးကိုတစ်ဦး မာနနှင့်အတိပြီးသော အကြည့်များနှင့် မျက်ဝန်းချင်းဆုံကြသည်။

'မင်းဘာဖြစ်လို့ သူ့နောက်ကို လိုက်နေရတာလဲ'

မိသစ်က မေးသည်။

အမေးခံရသော ရုံလေးက တစ်ချက်ပြုံးပြီး အကြည့်ကိုလွှဲသည်။ ပြီးတော့ 'ဟက်'ခနဲ တစ်ချက်ရယ်သည်။

'ဒါ ကိုယ်ရေးကိုယ်တာမို့ မေးစရာမလိုဘူး ထင်ပါတယ်'

ထိုစကားကိုကြားတော့ မိသစ်က ခေါင်းကို သုံးလေးခါညိတ်ရင်း ပြုံးသည်။ ပြီးတော့ သူ့ခေါင်းကို ဘယ်ဘက်သို့လှည့်ပြီး သူပြုံးတာကို လူမမြင်အောင်ပြုံးသည်။ ဒါပေမယ့် ထိုအပြုံးကို စံပယ်ရုံက ရအောင်မြင်ပါသည်။ ခင်မိုးသစ်ပြုံးသည့်အပြုံးက ကလေးတစ်ယောက် သကြားလုံးခိုးစားတာကို ခွင့်လွှတ်ပြီး မသိချင်ယောင်ဆောင်နေတဲ့ လူကြီးတစ်ယောက်ရဲ့ အပြုံးမျိုး... ။

'ကဲကွာ ရှည်ရှည်ဝေးဝေးတော့ မပြောချင်ဘူး၊ မင်း ဝင်မလုပါနဲ့ နောက်ဆုတ်ဖို့အချိန်ရှိတုန်းမှာ ဂုဏ်သိက္ခာရှိရှိ နောက်ဆုတ်လိုက်'

'မခင်မိုးသစ်'



www.burmeseclassic.com

www.burmeseclassic.com



နီးက ကြားဝင်၍ တားခြင်းဖြစ်သည်။ ဒီလို စကားကြမ်းကြမ်းမျိုးတွေ မိသစ်ကရော၊ ရုံလေးကပါ သုံးတာကို နီးမလိုချင်ပါ။ နီးအနေဖြင့် ခိုင်မင်း ဒီလိုရေး၊ ဒီလိုပြော...၊ ဟိုဘက်ကလည်း စိတ်မဝင်စား၊ ဒီဘက်ကလည်း ဒါကို လက်ခံပြီး ခိုင်မင်းသိက္ခာမကျဘဲ သူတို့နှစ်ယောက် ပြေလည်သွားဖို့ ကိုသာ ဦးတည်ပါသည်။

'ကျွန်မက ဘာကို နောက်ဆုတ်ရမှာလဲ'

'သူ ရှင့်ကို စာတွေပေးသလား'

'ပေးတယ်'

အင်းလျားကန်ဘောင်သည် တိတ်ဆိတ်၍သွားပြီး စက်ဘီးဖြတ်စီးသွားသော စက်ဘီးနှစ်စင်းနှင့် ရေခဲစိမ်သစ်တော်သီး လှည်းတစ်စင်းဖြတ်သွားသည်။

'အဲဒီစာထဲမှာ ဘာရေးထားလဲ'

မခင်မိုးသစ်က ခနဲ့ပြီး ပြုံးသောလေသံဖြင့် မေးခြင်းဖြစ်ပါသည်။ အဖြေမှန်ကို သိပြီးသားဆရာမသည် ကျောင်းသားကလေးကို သက်သက်မဲ့ ဆရာမမှန်းသိအောင် ပညာပြချင်သောသဘောနှင့် မေးမှန်းသိသာပါသည်။

'သူ ဘာရေးတာလဲဆိုတာထက် ကျွန်မက သူ့ရင်ထဲမှာ ဘာရှိနေလဲဆိုတာကိုပဲ ပိုစိတ်ဝင်စားတယ်၊ မခင်မိုးသစ်ကရော အဲဒီလိုမျိုး စိတ်မဝင်စားဘူးလား'

'မင်းနဲ့ငါတို့ အတူတူလာမနိုင်းနဲ့၊ ငါနဲ့ သူနဲ့က ငယ်သူချင်း မင်းကသာ အဆိပ်ခပ်ထားတဲ့မိန်းမ'

'ကြိုက်တယ်၊ အဲဒီအဆိပ်ဟာ သောက်မိသူကိုပါ သင့်မယ့်အဆိပ်လို့ ဆိုရင် ပိုကြိုက်တယ်'

'မဟုတ်ဘူးနော်၊ မခင်မိုးသစ်နဲ့ မစံပါယ်ရုံ ဖြစ်ခဲ့ကြတာကို အမှန်အတိုင်း ပြောကြဖို့ ကျွန်မက ချိန်းပေးတာပါ၊ ဒါမှလည်း ကိုခိုင်မင်းအတွက် ရိုးသားရာ ရောက်မှာပါ'

'ကဲ... ဒါဆိုရင်တော့ ဒီလိုဖြစ်ခဲ့ကြောင်းကို မင်းကပဲ ကြားထဲက ပြောပြလိုက်ပေတော့'

စကားဆုံးသည်နှင့် စံပါယ်ရုံက ထွက်သွားသည်။ မခင်မိုးသစ်က





လက်သီးကလေးနှစ်လုံးကို ကျစ်ကျစ်ကလေးဆုပ်ထားရင်း 'မိစ္ဆာမ' ဟု နှုတ်က တီးတိုးရေရွတ်သည်။

ပြီးတော့ သူ့ကားဆရာကြီးရှိရာသို့ ဣန္ဒြေရစွာပင် ငြိမ်းချမ်းစွာ လျှောက်လှမ်း၍သွားလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

စိုးမောင်သည် သူလွယ်ထားသော ကျောပိုးအိတ်ကို ဝုန်းခနဲ စားပွဲပေါ်သို့ပစ်ချလိုက်သဖြင့် လှဝင်းနှင့်ချစ်ဖွေးတို့ လန့်၍သွားကြသည်။

'မတော်မတဲ့တွေကွာ၊ တလွဲတွေချည်းပဲ။ ဟိုကောင်မလေး ဘယ်မှာလဲ။ မြတ်နိုးကိုပြောတာ မြတ်နိုး'

စိုးမောင်ဒေါသဖြစ်နေပုံကို လှဝင်းနှင့်ချစ်ဖွေးက ဘာရယ်မှန်းမသိ ငေး၍ကြည့်ရင်း ခေါင်းတွေကို ခါလိုက်ကြသည်။

'ဟိုကောင် အလုပ်ထွက်ပြီးသွားကတည်းက မြတ်နိုးက ဒီအချိန် ဘယ်တုန်းက လာခဲ့ဖူးလို့လဲ၊ အခုမှ ကိုးနာရီဆယ့်ငါးပဲရှိသေးတာ'

'အေး... ငါ့မှာတော့ သောကနဲ့ဆယ့်ငါးပေါ့ကွာ၊ ငါ ခိုင်မင်းဆီ ရောက်ခဲ့တယ်၊ ခိုင်မင်းနဲ့တော့ မတွေ့ဘူး၊ သူ့မိဘတွေနဲ့ တွေ့ခဲ့တယ်၊ ခိုင်မင်းနဲ့ ခင်မိုးသစ် စေ့စပ်ထားတာ ပျက်သွားပြီတဲ့'

'ဟာ...'

'ဘယ်လိုဖြစ်တာလဲ'

စိုးမောင်က သူ ဒေါသဖြစ်နေသော စိတ်တွေကိုလျှော့ပြီး၊ သူကြားခဲ့ရသမျှကို ပြန်၍ပြောပြသည်။





'ခင်မိုးသစ်က သူ့မိဘတွေနဲ့ ရောက်လာပြီး စံပါယ်ရဲ့အကြောင်းကို ပြောတယ်၊ ဟိုကောင်ကလည်း သူ ဒီလိုလုပ်တာကို ဝန်ခံပါတယ်တဲ့'

'ခင်မိုးသစ်က ဘယ်လိုသိသွားတာလဲ'

'အာ... နိုးပေါ့၊ သူက စံပါယ်ရဲ့နဲ့မိသစ်ကို တွေ့ပေးလိုက်တယ်တဲ့လေ'

'ဟာ... သွားပြီပေါ့'

'ဟိုကောင်က အမှန်အတိုင်း ဝန်ခံတယ်၊ ကျွန်တော် သူ့ကိုမချစ်ဘူးလို့ ရေးပါတယ်ဆိုတာကို သူ့မိဘတွေက လက်မခံသလို၊ ခင်မိုးသစ်ရဲ့ မိဘတွေကလည်း လက်မခံပဲ၊ အဲဒီစေ့စပ်ပွဲဟာ လူကြီးတွေရဲ့စကားမှာတော့ ပျက်သွားခဲ့တယ်၊ ဒါပေမယ့် မခင်မိုးသစ်က ခိုင်မင်းနဲ့တွေ့ပါရစေဆိုတဲ့ နောက်ဆုံး တောင်းဆိုမှုကလေးတော့ ရှိသေးတယ်'

'ဟာ... ဟိုကောင်မလေး နိုးကွာ'

'အဲဒါကြောင့် သူ့ကိုရှာနေတာ'

'ဒီနေ့ အလုပ်အားလုံး ပိတ်ထားလိုက်ကွာ၊ မနေ့က အခြေအနေအရဆို သူတို့လည်း on the way ပဲနေမှာပါ၊ (၃) နာရီလောက်မှ phone ကိုဖွင့် မန္တလေးတစ်ကောပဲရှိတာ'

'ရတယ်'

ချစ်ဖွေးက phone ကိုပိတ်ရင်း သူတို့ကိုဆက်ရမည့် phone နံပါတ်တွေသာလျှင် အသံမြည်အောင် memory cut သွင်းနေလိုက်သည်။

ခဏကလေးအကြာမှာပင် မခင်မြတ်နိုး ခေါ် နိုးသည် သူ၏ သုံးဆင့်စတီးလ်ချိုင့်ကလေးနှင့် အနီရောင် ယိုးဒယားမိတ် ခြင်းအလုံးလေးကို ကိုင်ပြီး ရုံး၏ ဧည့်ခန်းကိုဖြတ်ကာ သူ့အခန်းသို့ ရောက်သွားလေသည်။

အားလုံးက စိုးမောင်ကို လှမ်းကြည့်လိုက်ကြ၏။ စိုးမောင်ကလည်း လက်ကိုပြကာ ခေါင်းကိုညိတ်ရင်း နိုး အခန်းထဲမှပြန်ထွက်အလာကို စိတ်ရှည်လက်ရှည်စောင့်၍ နေလိုက်ပါသည်။

အချိန်တို့မည်သည် လူတစ်ယောက်ကို လိုအပ်သည်ထက်ပို၍ အခွင့်အရေးမပေးမှန်း အချိန်နှင့်အလုပ်လုပ်သူတိုင်း သိကြမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတိုင်းပင် မြတ်နိုးသည် သူ့အခန်းတွင်းသို့ဝင်သည့် အချိန်ကုန်သောအခါ ထွက်၍လာလေသည်။

'နိုး ဒီကို ခဏလာဦး'

စိုးမောင်၏ခေါ်သံက ခပ်ဆတ်ဆတ်နိုင်သည်။

ထို့ကြောင့် မြတ်နိုးသည် စိုးမောင်ပြသောခုံတွင် မထိုင်ဘဲ၊ သူ့ခုံတွင်ပင် သူဝင်ထိုင်သည်။

'မနေ့က နင် ခင်မိုးသစ်နဲ့ စံပါယ်ရုံကို တွေ့ပေးခဲ့တယ်ဆို'

'ဘယ်သူပြောလဲ'

'ငါ့ကိုပြောတဲ့သူနာမည် မမေးနဲ့၊ နင် သူတို့ကိုတွေ့ပေးခဲ့တာ ဟုတ်လား၊ မဟုတ်လားပဲပြော'

'ဟုတ်တယ်၊ နိုးတွေ့ပေးမှ ကြေလည်မယ်ထင်လို့ တွေ့ပေးခဲ့တယ်၊ ဒါပေမယ့် နှစ်ယောက်စလုံးက မာနတွေနဲ့ မပြေလည်ဘူး'

'အေး... အခု ခင်မိုးသစ်နဲ့ ခိုင်မင်း စေ့စပ်ပွဲပျက်သွားပြီ'

'ဟာ... '

မြတ်နိုး ပါးစပ်ကြီးပြဲသွားသည်။

သူ ခေါင်းတွေကိုခါသည်။

သူတစ်ကိုယ်လုံးကိုခါသည်။

သူ့နှလုံးသားကို ခါသည်။ သို့သော် သူ့ရှေ့က သူငယ်ချင်းတွေကတော့ သူ့ကို စိမ်းကားစွာပင် ဝိုင်း၍ကြည့်နေကြပါသည်။

'နင်ဘာဖြစ်လို့ အဲ့ဒါနေရတာလဲ မြတ်နိုး'

'သူတို့ စေ့စပ်ထားတာ ဘာဖြစ်လို့ ပျက်သွားရတာလဲ'

'အဲဒီလိုဖြစ်အောင် နင်က သူတို့နှစ်ယောက်ကို တွေ့ပေးခဲ့တာလေ'

စိုးမောင်၏စကားဆုံးတော့ မြတ်နိုး၏နှလုံးသားသည် သူ့လည်ချောင်းဝတွင် တစ်နေသည်ဟုသာ သူထင်ပါသည်။

ရုတ်တရက် စကားပြန်ပြော၍ မရ။

ထိုစကားပြန်ပြော၍မရသော မျက်ဝန်းများနှင့်သာ မြတ်နိုးသည် သူ့လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများကို ငေး၍ကြည့်သည်။ ပြီးတော့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ပင် ကျ၍လာ၏။





ထို့နောက် သူ့ကို အရှိန်တစ်ခုက တွန်းထိုးနေသဖြင့် ထိုနေရာမှ သူပြေးထွက်လာခဲ့သည်။

ဘယ်ကိုလည်းဆိုတာ မသိ။

သူ့ရင်ထဲက နှလုံးသားက တွန်းထားသည့်နေရာအထိ သူပြေးရလိမ့်မည် ဖြစ်ပါသည်။

နိုးသည် ထိုနေ့မှစ၍ ထိုအလုပ်သို့ ပြန်၍မလာတော့၊ မည်သည့်မိန်းကလေးမှ ကိုယ့်နှလုံးသားကို နားမလည်သောနေရာတွင် နေလေ့နေထမရှိဆိုတာ အမှန်ပင်ဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မင်း၏မေမေသည် ခင်မိုးသစ်နှင့် စေ့စပ်ထားသည့်ကိစ္စ ပျက်သွားကတည်းက ခိုင်မင်းကို စကားမပြောသည်မှာ ရက်သတ္တပတ် ခုနစ်ရက် ရှိပါပြီ။

ခိုင်မင်းသည် သူ့ရှေ့တွင်ရှိနေသော အိမ်ဖုန်းအနီရောင်ကလေးကို တစ္ဆေတစ်ကောင်လို ကြည့်နေမိသည်။ သူ့ဆီမှာ တစီစီမြည်နေသော phone နံပါတ်တစ်ခု ရှိပါသည်။ ထို phone နံပါတ်သည် ခင်မိုးသစ်၏ phone နံပါတ်မဟုတ်၊ သူ့အလုပ်က phone နံပါတ်မဟုတ်၊ သူနှင့် အလုပ်တူလုပ်မည့် စန်းမွန်အောင်၏ phone နံပါတ်မဟုတ်၊ ထို phone နံပါတ်သည် စံပါယ်ရုံ၏ phone နံပါတ်သာဖြစ်ပါသည်။

သူသည် သူ့အသိစိတ်တွေကို ကြိုးစားပြီး ချုပ်တည်းပါသည်။ သူ စံပါယ်ရုံကို ချစ်သည်ဆိုတာကို အခုနေပြောလိုက်လျှင် သူအရှုံးကြီး ရှုံးတော့မည်။

သူသည် ထိုစကားကို ပြောလိုက်သည်နှင့် သူငယ်ချင်းသုံးယောက်ကို ရှုံးမည်။ နီးနှင့်မိသစ်ကို ရှုံးမည်။ ပြီးတော့ ကြီးကြီးမားမား စံပါယ်ရုံကို ရှုံးမည်။

ထို့ထက် အကြီးမားဆုံးအရှုံးကတော့ သူ့ကိုသူပင်ဖြစ်သည်။ ထို့ကြောင့် သူသည် ကိုယ့်ကိုယ်ကိုယ် အသုံးရှုံးမခံရရေးအတွက် တယ်လီဖုန်း





လက်ကိုင်ကို မကိုင်မိရအောင် အလွတ်ရပြီး ခေါင်းထဲမှာပြေးနေသော ဂဏန်းတွေကို မနှိပ်မိရအောင် စိတ်ကိုထိန်း၍နေရသည်။

သူသည် အခုမှ စံပါယ်ရုံကို ချစ်သည်ဟုပြောလျှင် အားလုံးက မယုံမကြည် စွပ်စွဲကြသလို အထင်ခံရတော့မည်။ သူတန်ဖိုးထားခဲ့သော သိက္ခာ၊ မာန၊ ကိုယ်ကျင့်တရားအားလုံး သူနှင့်ရင်းနှီးသူတွေ၏ ခြေဖဝါးသို့ ရောက်ရတော့မည်။

ဒါပေမယ့် လူ့ဘဝမှာ လူဖြစ်တုန်းမှာလည်း ကိုယ်ချစ်တဲ့လူကို ချစ်တယ်လို့ ပြောခွင့်မရှိဘူးလား။

သူ phone ကို ကောက်ကိုင်လိုက်သည်။

နံပါတ်တွေကို အလိုလို နှိပ်မိသွား၏။

'ဟုတ်တယ်လေ... လူဖြစ်မှတော့ ကိုယ်ချစ်တဲ့လူကို ချစ်တယ်လို့ တစ်ခေါက်လောက်တော့ ပြောချင်တာပေါ့'

စံပါယ်ရုံသည် တစ်ချက်လန့်၍သွားသည်။ သူ့အတွေးကောင်းနေသဖြင့် ည ၁၀-နာရီကျော်သည်အထိ phone ကို ပိတ်ဖို့မေ့နေခြင်း ဖြစ်ပါသည်။ တွေးနေတာကလည်း ခိုင်မင်းအကြောင်းပဲဖြစ်သည်။ phone မြည်သံကြားတော့ လန့်ပြီး Sdend ခလုပ်ကို အကျင့်ပါ၍ နှိပ်လိုက်မိသည်။

'Hello... '

ရုံလေးကထူးသော်လည်း တစ်ဖက်မှ ပြန်ဖြေသံမကြားရဘဲ အသက်ရှူသံကိုသာ ကြားနေရပါသည်။ ဒါနှင့် ရုံလေး phone နံပါတ်ကို Hand phone ထဲမှာပြန်ကြည့်တော့မှ ထို phone သည် မြတ်နိုးပေးထားသော ခိုင်မင်းတို့ အိမ် phone ဖြစ်မှန်းသိရသည်။

ဒါဆိုရင် အဲဒီအသက်ရှူသံဟာ ခိုင်မင်းပေါ့။

'Hello ကိုခိုင်မင်းလား၊ စံပါယ်ရုံပါ၊ ရုံလေးပါ ပြောလေ ပြောစရာရှိတာကိုပြော'

တိတ်နေသော စံပါယ်ရုံ၏အိမ်ထဲတွင် အသံက ပဲ့တင်ထပ်၍သွား၏။ သို့သော် တစ်ဖက်မှအသံကိုမူ မကြားရ၊ အသက်ရှူသံတိုပဲ ကြားနေရသည်။

ခိုင်မင်း ဘာပြောရမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



phone ကိုကိုင်ရင်း အံကိုသာကြိတ်ထားမိသည်။ တစ်ဖက်ကအသံကို ကောင်းကောင်းကြားနေရသည်။ တစ်ဖက်က သူဆက်မှန်းလည်းသိနေပြီ။ သို့သော် သူဘာကိုမှ ဖွင့်ပြော၍မရ။

'ကိုခိုင်မင်း ပြောပါ၊ ရင်ထဲမှာရှိတာ တစ်ခုခုကိုသာ ပြောချလိုက်ပါ၊ ကျွန်မ စံပါယ်ရုံပါ၊ ရုံလေးပါ နားထောင်နေပါတယ်'

'ကိုခိုင်မင်း...'

ရှိုက်သံတစ်သံကို ကြားရသည်။

ခိုင်မင်း ချွေးတွေပြန်နေသည်။ တစ်ကိုယ်လုံး ပူလောင်၍လာ၏။ သူ့နှလုံးသားသည် တစ်စုံတစ်ခုကို တောင်းဆိုနေဟန်တူပါသည်။ ကိုယ့်ကိုယ်ကိုယ် နားလည်ပေးလိုက်သည်။ နှုတ်ခမ်းကိုပိတ်၊ အံကိုကြိတ်ပြီး phone ကို ချပစ်လိုက်သည်။

ပြီးပြီ။

သို့သော် မပြီး၊ ဒါက စိတ်ကူးယဉ်လိုက်တာဖြစ်သည်။ ဘယ်လိုလူမျိုးက ကိုယ့်နှလုံးသားကို ကိုယ်သတ်ရဲမှာလဲ။

'ရုံလေး'

'ပြော ကိုခိုင်မင်း၊ ရုံလေး နားထောင်နေတယ်'

'မနက်ဖြန်မနက် ကိုးနာရီ ကန်ဘောင်ရဲ့ပထမဦးဆုံးခုံမှာ ကျွန်တော်ရှိမယ်'

'ဟုတ်ကဲ့ ဟုတ်ကဲ့'

'လာခဲ့နော်'

■





ခိုင်မင်းသည် ကောင်းကင်ပြာကိုနောက်ခံထားပြီး ချာလည်လည်နေသော အနီရောင်စွန်ကလေးတစ်ကောင်ကို ငေး၍ကြည့်နေမိသည်။ ထိုအနီရောင်စွန်သည် အခုနကပဲ အစင်းကျားနှင့် ထိပ်ပိုင်းစွန်နှစ်ကောင်ကို ဖြတ်ချခဲ့ပြီးပြီ။

စွန်တစ်ကောင်က စွန်နှစ်ကောင်ကိုဖြတ်ချခဲ့တာ ဘာမှ မထူးဆန်းသော်လည်း ထိုစွန်ကိုလွှတ်နေသူ စွန်ပိုင်ရှင်က သရီးကွာတား ဂျင်းပန့်(န်)ကလေးကို ဝတ်ထားသော အသက် (၁၇) လောက်ရှိမည်ထင်ရသည့် ဖြူဖြူဖွေးဖွေး မိန်းကလေးတစ်ယောက်သာ ဖြစ်သည်။ ထို့ကြောင့် ခိုင်မင်းသည် ချာချာလည်နေသော အနီရောင်စွန်ကလေးကိုသာ ငေး၍ကြည့်မိနေခြင်းဖြစ်ပါသည်။

ခဏနေတော့ အနီရောင်စွန်ကလေးအနားကို အဖြူရောင်စွန်ကလေးတစ်ကောင် ရောက်၍လာသည်။ အနီသည် ယိမ်းသည်၊ နွဲ့သည်။ ထို့အတူ ထိုကောင်မလေးသည်လည်း ရှေ့သို့တက်သည်၊ နောက်သို့ဆုတ်သည်။

ခဏကြာတော့ အဖြူနှင့်အနီသည် ငြိလေသည်။

ဆွဲကြသည်။

လျှော့ကြသည်။

ပြိုင်တူလျှော့ပြီး ပြိုင်တူဆွဲကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်လှည့်ကလေးအတွင်းမှာပင်...

'ဟာ...'

အနီရောင်သည် လွတ်လပ်၍ သွားသည်။ ခိုင်မင်းကောင်မလေးကို လှမ်းကြည့်တော့ ကြိုးတွေကို ကန်ထဲကျပြီးရေမစိုအောင် ရစ်ဘီးကို အတင်းရစ်လျှက်ရှိ၏။ စိတ်မောမောနှင့် ကန်ဆေားကိုအငေးတွင် အဖြူရောင်ဝမ်းဆက်ကိုဝတ်ထားသော စံပါယ်ရုံကို တွေ့ရလေသည်။

လေက ပို၍တိုက်လာသည်။

ဆိုင်းကြိုးတွေ အသင့်တပ်ပြီးသားစွန်တွေကို စနစ်တကျ အိမ်မှသယ်လာသော သရီးကွာတား စွန်ဖြတ်မကလေး၏ အနီရောင်စွန်တစ်ကောင်က အတားအဆီးမရှိသော အင်းလျားကန်ဘောင်ပေါ်တွင် လွယ်လွယ်ကူကူပင် အပေါ်သို့တက်၍သွားသည်။

'ငါ့ကိုဖြတ်သွားတဲ့ကောင်ကိုပဲ ရအောင်ဖြတ်မယ်'

'Ok ဒီတစ်ခါ ငါတို့အလှည့်ပဲ'

စံပါယ်ရုံသည် သူ့ကို တိတ်တဆိတ်ငေးသည်။

သူနှင့်စံပါယ်ရုံ ဒေါသနှင့်မာန်မာနမပါဘဲ အေးဆေးစွာ မျက်ဝန်းချင်းဆုံကြသည်။

စံပါယ်ရုံ၏ နှုတ်ခမ်းထောင့်ကလေးသည် သုံးစက္ကန့်လောက် ပြုံးလိုက်သည်ဟု သူထင်ပါသည်။

'ထင်ပါသည်' ဟု ပြောရခြင်းမှာ ထိုအချိန်တွင် သူက မျက်ဝန်းတွေကိုသာ စိုက်ကြည့်ထားသောကြောင့် ဖြစ်သည်။

မိန်းကလေးတစ်ယောက်ကို တွေ့ပြီ။

သူ့နှလုံးသားထဲမှာ ဘာရှိမလဲဆိုတာကိုလည်း သိချင်ပြီဆိုရင်...

မျက်ဝန်းကို ကြည့်ရမလား၊ နှုတ်ခမ်းကို ကြည့်ရမလား ဆိုတာ ဆုံးဖြတ်ရတော်တော်လေး ခက်ပါသည်။ ထိုအချိန်တွင် လေက တော်တော်ကလေးကြမ်း၍လာသည်။ ကောင်းကင်သည် ကြည်လင်နေရာမှ ရုတ်တရက်မှောင်၍သွား၏။

'ဟော့ကောင် ငသော် မင်းစွန်ကို မြန်မြန်ချလိုက် မိုးရွာနေပြီ'

'ငြိခါနီးမှကွာ '





'ရစ် ရစ်'

အင်းလျားကန်ဘောင်သည် ချက်ချင်းရှင်း၍သွားသည်။ ကန်ရေပြင်သည် ဖြူဖွေးနေရာမှ စိမ်းမှောင်၍သွားသည်။ ကန်ဘောင်ပေါ်မှာ လူရှင်း၍သွားသည်။

သူနှင့်ကျွန်တော်ကတော့ ထိုနေရာက မရွှေ့ကြ။

'ကိုခိုင်မင်း'

'ဟုတ်ကဲ့'

'ရှင် ရုံလေးကို ဘာဖြစ်လို့ ချိန်းတာလဲ၊ ရှင်နဲ့phone ပြောပြီးကတည်းက ကျွန်မ အခုထိ မအိပ်ရသေးဘူးနော်'

အကြည့်သည်ဖျော့တော့၏။ ပြောသောစကားသံသည် ညင်သာပါသည်။ နှုတ်ခမ်းအစုံသည် စကားသံအဆုံးတွင် အပြုံးနှင့်ပြီးသည်။

'ကျွန်တော် မစံပါယ်ရုံကို စကားတစ်ခွန်းပြောချင်လို့ပါ'

သူ့စကားဆုံးသည်နှင့် စံပါယ်ရုံက ခေါင်းကို ငုံ့၍ပစ်လိုက်သည်။ သူ့ပုံစံက သူ့စကားကို ခေါင်းငုံ့ရင်းပဲ နားထောင်တော့မယ့်ပုံစံမျိုး။ ငုံ့ထားသော ဦးခေါင်းထဲတွင် ပြုံးထားသော နှုတ်ခမ်းတစ်စုံလည်း ရှိသည်ဆိုတာကို ခိုင်မင်းမမေ့ပါ။

ခိုင်မင်း၏ နှလုံးသားနှင့်အမှန်တရား၊ အချစ်နှင့်သစ္စာ စသည်တို့သည် ခိုင်မင်း၏ စိတ်မှာရော ကိုယ်မှာပါ တိုက်ခိုက်နေကြသဖြင့် ခိုင်မင်းသည် ပြောသင့်သည်။ အခုအချိန်အထိ ဘာတစ်ခွန်းမှ မပြောနိုင်သဖြင့် ခေါင်းငုံ့ပေးထားရသော စံပါယ်ရုံက နားမလည်သလို ခေါင်းမော့ရင်း မျက်ဝန်းချင်းဆုံကြသည်။

'ကိုခိုင်မင်း'

'ခင်ဗျားကို... ကျွန်တော် မချစ်ဘူး'

'ဘာ'

'ဟုတ်တယ်'

'ခင်ဗျားကို ကျွန်တော် မချစ်ဘူး'

အံကိုတစ်ချက်ကြိတ်လိုက်သည်။ ပြီးတော့... စံပါယ်ရုံ၏ ညာလက်တစ်ဖက် လေထဲသို့မြောက်တက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



စံပါယ်ရုံ့ နှလုံးသားကတော့ အောက်သို့ကျသွားပါသည်။ မိုးက သည်းသည်းမည်းမည်း ရွာနေသည်။ ခိုင်မင်းသည် တစ်ခါမျှအရိုက်မခံရဖူးသေးသော ပါးကလေးကို မိုးစက်တို့လက်ထဲသို့ ထပ်အထိုးနက်ခံရန်ပေးလိုက်ပြန်သည်။ ပါးပြင်သည် မိုးရေဖြင့် အေး၍သွား၏။

နှလုံးသားကတော့ ပူဆဲ။ ခုံပြာလေးမှာ ဝင်ထိုင်လိုက်သည်။

မိုးဖွဲကလေးတွေ စဲသွားသော်လည်း ကန်ရေပြင်သည် စိတ်ဆိုးနေသော မိန်းကလေးတစ်ယောက်မျက်နှာလို စိမ်းမှောင်နေတုန်းပင် ဖြစ်ပါသည်။

မင်းကို နိုးက နားလည်ပေးခဲ့တာ ကြာပါပြီကွာ။ သူမှာ ဘာတစ်ခုမှ မျှော်လင့်ချက်မရှိဘဲနဲ့ မင်းကို သူချစ်ခဲ့တာ။ မိသစ်ကိုသာ ငါတို့ကမခင်ဘူးဆိုရင် မင်းကို နိုးနဲ့ပဲ သဘောတူမှာ။ စံပါယ်ရုံဆိုတာကတော့ သူကြိုက်ကိုယ်ကြိုက်ပါကွာ။ ချောလွန်းတော့ လူတိုင်းကြိုက် ဖြစ်သွားတာပေါ့။ အမှုပါလီလိုလေ။

စိုးမောင်၊ ချစ်ဖွေးနှင့် လှဝင်းတို့ပြောသော စကားတွေကို သူပြန်ကြားပြီး ပြုံးနေလိုက်သည်။

မိုးသည် သူ့ရှေ့မှာပင် ရွာခဲ့ပြီး၊ သူ့ရှေ့မှာပင် တိတ်၍သွားပါသည်။

■





မိုးစဲကာစ ကန်ဘောင်ပေါ်သို့ နိုးပြေး၍တက်လာသည်။ အပြေးတက်လာသည့်အတွက် သူ့ခန္ဓာကိုယ်၏ နှလုံးကခုန်သည်။ ဆန္ဒဇောကများသည့်အတွက် သူ့ဝိညာဉ်ထဲက ခုန်သည့်ရင်ခုန်သံက တစ်မျိုးခုန်သည်။

မိုးတွေရွာလို့ အင်းလျားကန်ဘောင်ပေါ်ကိုအတက် မိုးအခိုမှာ မိုးစဲစပြေးဆင်းလာသော စံပါယ်ရုံကို မလဲယုံတမယ် နိုးတွေ့လိုက်ရသည်။

'ရုံလေး ဘယ်လိုဖြစ်တာလဲ'

'သူ'

'ဘာဖြစ်တာလဲ၊ ဘယ်သူလဲ'

'သူ… ခိုင်မင်း'

'အင်း… ဘာဖြစ်လဲ'

'သူ… ခင်ဗျားကို ကျွန်တော် မချစ်ဘူးတဲ့'

'ရှင်'

'သူ့ကို ခေါ်သွားလိုက်ပါ၊ အေးအေးဆေးဆေး နားပါစေဦး'

'မဟုတ်သေးပါဘူး၊ သူက ကျွန်မကိုလည်း ချိန်းထားတာ'

'အဲဒါတော့ မသိဘူး၊ သူ ကျွန်မကို ပြောတာတော့ 'ခင်ဗျားကို ကျွန်တော် မချစ်ဘူး' တဲ့ ဒါပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အဲ'

စကားဆုံးသည်နှင့် စံပါယ်ရုံသည် ပန်းကလေးကို ကျုံ့ရင်းပြေး၍ ဆင်းသွားသည်။ သူမကလည်း တားစရာမရှိပါ။ ဒီနေ့ ခိုင်မင်းသည် ရုံလေးကို ချိန်းသည်ဆိုတာကို သူမ အစမှပင် သိပါသည်။

သူမကိုတော့ စိုးမောင်မှတစ်ဆင့် ချိန်းခဲ့သည်။ သူမကို ခိုင်မင်းချိန်းတာက (၁၀:၃၀) ဖြစ်သည်။ အခု (၉:၄၈) ပဲ ရှိသေးသည်။

သို့သော် နိုးသည် အင်းလျားကန်ဘောင်ပေါ်သို့ တက်၍သွားသည်။ မိုးရွာပြီးကာစ ကန်ဘောင်သည် လူရှင်းလျှက်ရှိသည်။

သူသည် ခိုင်မင်းပြောထားသည့်အတိုင်းပင် ပထမဦးဆုံးခုံကလေးမှာထိုင်ဖို့ မိုးစက်ကလေးတွေကို လက်ကိုင်ပဝါကလေးကို ထုတ်ပြီး သုတ်ပစ်လိုက်သည်။

မိုးစက်ကလေးတွေရာ မိုးစက်ဆိုတော့ ဟိုးအဝေးကြီးကနေ မျှော်လင့်တကြီးကျလာရမှာ မဟုတ်လား၊ ခရီးတွေ များတယ်နော်။ ကိုယ်ကျရမယ့်နေရာက ဘယ်နေရာမှန်း မသိဘူး။ အခုလို ထိုင်ခုံပေါ်ကိုကျရတော့ ဘာမှ အကျိုးမရှိဘဲ မင်းတို့အသုတ်ခံရတာပေါ့။ စိတ်ချပါကွာ အဲဒီမိုးရေစက်တွေကို ငါမှတ်ထားပါ့မယ်။

ငါ့ဘဝကလည်း ဒီလိုပါပဲ။

မင်းတို့လိုပဲ။

မျှော်လင့်ချက်မရှိတဲ့ ချစ်သူတစ်ယောက်ကို ချစ်မိတာ။ သူနဲ့စေ့စပ်တဲ့သူကလည်းပျက်၊ သူချစ်တဲ့သူကလည်း သူကိုယ်တိုင်က မချစ်ဘူးပဲပြောကဲ ငါဟာ မင်းရင်ထဲကို တိတိကျကျကြီးကို ကျခွင့်ရတဲ့မိုးစက်ကလေးပါ။

နိုးသည် အတွေးနှင့် အဝေးကို ငေး၍နေသည်။

အင်းလျားကန်ဘောင်သည် မိုးရွာပြီးစ နေရောင်အသစ်ဖြင့် ပြန်လည်လှပလာသည်။ ကျောင်းကပြန်လာသည့် မိန်းကလေးတစ်ယောက် ရေချိုးပြီး အင်္ကျီအသစ်ကလေးဖြင့် အိမ်ရှေ့ထွက်ရပ်သလို အင်းလျားကန်သည် သစ်လွင်တောက်ပ၍နေသည်။

'နိုး'





နိုး၏နှလုံးသားသည် ရင်ဘတ်သို့ ခုန်တက်၍လာသည်။ သူ့အမြဲသာယာယစ်မူးရပါသော ခိုင်မင်း၏ခေါ်သံပါ။

နိုးသည် နှလုံးသား၏ ဆွဲအားက ကြီးလွန်းလှသဖြင့် ခေါင်းကို ငုံ့လိုက်ရသည်။

ခေါင်းငုံ့နေသော နိုး၏ပခုံးကလေးနှစ်ဖက်ကို ခိုင်မင်းက ငြင်သာစွာကိုင်ပြီး ပြောသည်။

'ခင်ဗျားကို...

ကျွန်တော်...

မချစ်ဘူး'

●

**11. June. 2009**

နီကိုရဲ



BURMESE CLASSIC .com

www.burmeseclassic.com